
ဘဏ္ဍာသိုက်
သွေးကတ်နီဝိုး
စာစဉ် (၁)

အခန်း(၁)

## မွေးနေ့လက်ဆောင်

မန်ချူးများ တရုတ်ပြည်ကို သိမ်းပိုက်ခဲ့ပြီ။ ဒုတိယမင်းဆက် ခန်းရှီးမင်း၏ မင်းဆက်လေးဆယ့်ငါးနှစ်မြောက် အုပ်ချုပ်စဉ်က ဖြစ်သည်။ မန်ချူးမင်းဆက်ဆယ့်သုံးဆက်ထဲတွင် ခန်းရှီးမှာ မင်းသက်တမ်း အရှည်ဆုံး(ခြောက်ဆယ့်တစ်နှစ်)အုပ်ချုပ်ခဲ့သည်။ ပြည်တွင်းကို တစုတရုံးတည်း သိမ်းပိုက်ထိန်းနိုင်ရုံမက ပြည်ပရန်သူမွန်ဂိုတပ်များကိုလည်း တွန်းလှန်နိုင်ခဲ့၏။ ထို့ကြောင့် တိုင်းပြည်တစ်ခုလုံးမှာ နေမင်းကြီးလို ထွန်းတောက်နေသောအချိန် ဖြစ်သည်။

တကယ်တော့ .... ထိုအချိန်တွင် မန်ချူးများ စိုးမိုးခဲ့သည်မှာ (၆)နှစ်ရှိပြီဖြစ်၍ အခြေခိုင်မြဲသွားလေပြီ။ မန်ချူးများကို တော်လှန်ပုန်ကန်ချင်သောသူရဲကောင်းသိုင်းသမားများမှာ တွင်းထဲတွင် ခိုအောင်းနေသော မြွေများကဲ့သို့ ပုန်းလျှိုးနေကြရပြီး အခွင့်အခါကို စောင့်နေကြ၏။

ထိုလူများထဲတွင် ဖုန်ကွမ်ချောင်ဆိုသော သိုင်းဆရာတစ်ဦးက

အသက်၃၀ဆယ်ကျော်ခန့်ကတည်းက သိုင်းလောကမှထွက်၍ မွေးရပ်ဌာနီ ပြန်လာပြီး သိုင်းလောကမှ မိတ်ဆွေများနှင့် အဆက်အသွယ်ဖြတ်လိုက်၏။ မိတ်ဆွေအပေါင်းအသင်းများက အံ့ဩ၍ မေးကြသော်လည်း သူက မဖြေပေ။ အရွယ်ကောင်းဖြစ်၍ အံ့ဩနေကြခြင်းဖြစ်သည်။

ယခုနှစ် ဖုန်ကွမ်ချောင် အသက်မှာ (၄၂)နှစ်ရှိနေ၏။ သူ၏သားဖုန်ရင်ရှို၏ဇနီး စွမ်လင့်ရှာမှာ မနှစ်တုန်းက အမြွာပူးမွေးဖွားခဲ့ရာ နှစ်ဦးစလုံးမှာ ကြွေရုပ်ကလေးကဲ့သို့ အလွန်မှချစ်စရာကောင်းလှသည်။ ဖုန်ကွမ်ချောင်မှာ ထိုမြေးမလေးနှစ်ဦးကို အသက်မကချစ်သည်။

ဒီနေ့က သူ့မြေးမလေးနှစ်ဦး၏တစ်နှစ်မြောက်မွေးနေ့ဖြစ်သည်။ သူက သူတို့ကျေးရွာ၏ထုံးစံအတိုင်း တစ်နှစ်မြောက်မွေးနေ့တွင် မြေးလေးနှစ်ဦးအတွက် မွေးနေ့မင်္ဂလာကျင်းပပေး၏။ ထို့ကြောင့် သူက အနီးအနားရှိ ဆွေမျိုးမိတ်သဟာများကို ဖိတ်ကြားလိုက်သည်။

ထိုအထဲတွင် စွမ်လင့်ရှာ၏အဖေ စွမ်ရင်လည်းပါ၏။

ဒီနေ့မိုးလင်းသည်နှင့် စွမ်ရင်က ရွာထိပ်မှ လျှောက်ဝင်လာ၏။ သူ၏လက်ထဲတွင် သူ့မြေးလေးနှစ်ဦးအတွက် လက်ဆောင်ပစ္စည်း ပါလာသေး၏။ ဖုန်ကွမ်ချောင်၏ အိမ်ဝင်းရှေ့သို့ ရောက်သောအခါတွင် သိုင်းလေ့ကျင့်သော ကွင်းထဲ၌ လူတစ်ယောက် ကွင်းလယ်၌ တစ်ခါတစ်ရံ ဂျင်လုံးကဲ့သို့ လှည့်ပတ်လိုက်၊ တစ်ခါတစ်ရံ မြေကြီးတွင် လိမ့်လိုက်၊ ဌမ်းထိုးလိုက်၊ လေထဲသို့ ခုန်ပျံသွားလိုက်နှင့် အလွန်မှကြည့်ကောင်းလှသည်။

စွမ်ရင်က စဉ်းစားလိုက်၏။

ဖုန်ကွမ်ချောင်ဟာ အမြဲတမ်း သူ့ရဲ့တပည့်သစ်လေးက ဘယ်လောက်တော်တယ်ဆိုတာပဲ ချီးမွမ်းနေတယ်။ အခု ဒီပုံကြည့်ရတာ



တော့ သူပြောတဲ့အတိုင်း ဖြစ်နေပြီ။ ဒါပေမဲ့ အခု ဒီလူငယ်ကစားနေတဲ့ သိုင်းကွက်က ဖုန်ကွမ်ချောင်ရဲ့ သိုင်းကွက်နဲ့ မတူသလိုဘဲ။

ဖုန်ကွမ်ချောင်တွင် တပည့်နှစ်ဦးရှိခဲ့ရာ တပည့်ကြီးမှာ ကိုဝမ်လင်ဖြစ်ပြီး သူက လွန်ခဲ့သောသုံးနှစ်က ဖုန်ကွမ်ချောင်ထံမှ ပညာစုံလင်စွာ တတ်မြောက်ခဲ့သဖြင့် ထွက်ခွာသွားခဲ့၏။ အခု ကိုဝမ်လင်မှာ နေပြည်တော်ရှိ အာမခံဌာနတွင် အလုပ်လုပ်နေ၏။

အခု ဒီသိုင်းကစားကွင်း၌ လေ့ကျင့်နေသူ လူငယ်မှာ ထန်ရှောင်လန်းဖြစ်၏။ သူက ဖုန်ကွမ်ချောင်၏ ဒုတိယမြောက်တပည့်ဖြစ်သည်။ သို့သော် ဒီထန်ရှောင်လန်း၏ ရာဇဝင်မှာ အနည်းငယ် ထူးဆန်း၏။ စွမ်ရင်ကိုယ်တိုင်တောင် သူ့ကို ဘယ်ရပ်ဘယ်ရွာကမှန်း မသိချေ။ မည်သည့်ဇာတိမှန်း မသိချေ။

တစ်နေ့တွင် သူက ဖုန်ကွမ်ချောင်ထံ လာရောက်စဉ် ထိုလူငယ်ကို တွေ့ခဲ့၍ မေးမြန်းကြည့်ရာမှ ဒီလူငယ်မှာ ဖုန်ကွမ်ချောင်၏ အသစ်လက်ခံထားသော တပည့်ဖြစ်ကြောင်း သိသွား၏။ သို့သော် ထိုလူငယ်၏ လေသံကို နားထောင်ကြည့်သောအခါ နယ်စပ်ဒေသလေသံမျိုး ထွက်နေ၏။ ရုပ်ရည်မှာ ချောမောခန့်ညား၏။ အသက်မှာ (၁၄-၅)နှစ်ခန့်သာ ရှိသေးဟန်တူသည်။

ဖုန်ကွမ်ချောင်က တစ်ခါမျှ နယ်စပ်ဒေသသို့ မသွားရောက်ခဲ့ဘူးဘဲနှင့် မည်ကဲ့သို့ နယ်စပ်ဒေသလေသံမျိုး ထွက်နေသော လူငယ်တစ်ယောက်ကို တပည့်အဖြစ် လက်ခံရသနည်း။ စွမ်ရင်မှာ စဉ်းစား၍ မရသဖြင့် ဖုန်ကွမ်ချောင်ကို တိတ်တဆိတ်မေးကြည့်၏။ သို့သော် ဖုန်ကွမ်ချောင်က မပြောချေ .... ။ သူ့အမူအရာကိုကြည့်ရသည်မှာ ပူပင်သောကရှိနေသလိုပင်။ ထို့ကြောင့် စွမ်ရင်က ဆက်၍မမေးတော့ချေ။

ယနေ့ မမျှော်လင့်ဘဲ ထန်ရှောင်လန်း သိုင်းကစားနေသည်ကို တွေ့လိုက်ရ၏။ စွမ်ရင်က သေချာကြည့်လိုက်သောအခါတွင် ပို၍တုန်လှုပ်သွားသည်။

ကွင်းလယ်တွင်ရှိသော ထန်ရှောင်လန်း၏လှုပ်ရှားမှုမှာ လျင်မြန်လှသဖြင့် သူ့ရဲ့မျက်နှာကိုပင် ထင်ရှားစွာမတွေ့ရတော့ချေ။

ထိုအချိန်တွင် ကွင်းတစ်ဘက်ထိပ်တွင်ရှိသော လိုင်ချီးပင်၏ သစ်ရွက်များသည် တစ်ရွက်ပြီးတစ်ရွက် ပြုတ်ကျလာသည်ကို တွေ့ရသည်။ စွမ်ရင်က သေချာကြည့်သော်လည်း မည်သည့်လျှို့ဝှက်လက်နက်ကိုမျှ မတွေ့ရချေ။ သို့သော် အခု သစ်ရွက်များကို ကြည့်ရသည်မှာ တစ်ရွက်ချင်း ဖြည်းညင်းစွာကျနေပြီးသွက်လက်သောလက်ချောင်းဖြင့် ခူးချသည့်အလား ထင်နေရ၏။

စွမ်ရင်မှာ သိုင်းသမားတစ်ဦးဖြစ်၍ ထိုအဖြစ်ကို သိရှိ၏။ ဒီသစ်ရွက်များမှာ အလွန်သေးငယ်သော လျှို့ဝှက်လက်နက်လေးဖြင့် ညှာတံကို ချိုးပစ်လိုက်၍သာ ပြုတ်ကျလာခြင်းဖြစ်သည်။ ထိုလျှို့ဝှက်လက်နက်များမှာ အပ်ချောင်းလေးများ ဖြစ်ပေသည်။

ထိုအချက်ကို စဉ်းစားလိုက်မိသောအခါတွင် သူ အတော်လေး တုန်လှုပ်သွား၏။ ထိုအပ်ချောင်းကို လျှို့ဝှက်လက်နက်မျိုးမှာ ပေါ့ပါး၍ အလွန်ချိန်ဆရခက်လှ၏။ အခု ထန်ရှောင်လန်းက ပေသုံးဆယ်အကွာတွင်ရှိ သစ်ရွက်၏ညှာတံကို ထိမှန်အောင် ပစ်ခတ်နိုင်သည်ကို တွေ့ရသောအခါ သူ၏လက်ကောက်ဝတ်အားနှင့် မျက်စိလျင်မြန်မှုမှာ သာမန်သိုင်းသမားများထက် အများကြီးသာလွန်နေကြောင်း သိနိုင်သည်။

ဖုန်ကွမ်ချောင်အနေဖြင့် မည်သည့်နည်းနှင့်မျှ တစ်နှစ်အတွင်း



ဤမျှမြင့်မားသော သိုင်းပညာမျိုးကို ဤလူငယ်အား သင်ကြားလေ့ကျင့်ပေးနိုင်မည်မဟုတ်။ ထို့ပြင် ဖုန်ကွမ်ချောင်သည် ဤအပ်ချောင်းကို လျှို့ဝှက်လက်နက်လေးလို အသုံးပြုတတ်ကြောင်းကိုလည်း တစ်ခါမျှ မကြားဘူးချေ။

ဤလူငယ်သည် ဖုန်ကွမ်ချောင်ထံသို့ ရောက်လာစဉ်ကတည်းက သိုင်းပညာတတ်ကျွမ်းပြီးဖြစ်ပေလိမ့်မည်။ ဆရာက မည်သူနည်း။ သူက သိုင်းပညာတတ်ကျွမ်းနေပါလျက် အဘယ်ကြောင့် ဤသို့သော ကျေးရွာသို့လာရောက်ပြီး ဖုန်ကွမ်ချောင်ထံတွင် တပည့်ခံနေရသနည်း။ ဖုန်ကွမ်ချောင်၏ သိုင်းပညာမှာ မဆိုးလှသော်လည်း မိမိကဲ့သို့ပင် သိုင်းလောကထဲ၌ ပထမတန်းစား သိုင်းသမားစာရင်းထဲသို့ မဝင်နိုင်သေးချေ။ ထို့ကြောင့် ဤလူငယ်၏ ယခင်ဆရာမှာ ဖုန်ကွမ်ချောင်ထက် အများကြီးတော်ပေမည်။

ထန်ရှောင်လန်းသည် အတန်ကြာလေ့ကျင့်ပြီးနောက် .... ရုတ်တရက်ရပ်လိုက်ပြီး ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သူက ဓားသိုင်းကို ဆက်၍လေ့ကျင့်လိုက်ပြန်၏။ ထိုအခါတွင် တစ်ကိုယ်လုံးတွင် ဓားရောင်များဖြင့် ဖုံးလွှမ်းသွားခဲ့၏။

စွမ်ရင်က ထိုအချင်းအရာကို တွေ့လိုက်သောအခါတွင် ပို၍ အံ့သြသွား၏။ ဖုန်ကွမ်ချောင်က လှံသိုင်းတွင် နာမည်ကြီးသူဖြစ်၍ အဘယ့်ကြောင့် သူ့တပည့်ကို ဓားသိုင်းသင်ပေးခဲ့သနည်း။ ထို့ပြင် ဤလူငယ်၏ ဓားသိုင်းမှာ အလွန်ပြင်းထန်ထက်မြက်လှ၍ ဤမျှလောက်ကောင်းသော ဓားသိုင်းကို မိမိ တစ်ခါမျှ မမြင်ဘူးချေ။ ဤလူငယ်အား ထိုဓားသိုင်းပညာ သင်ပေးသောလူမှာ ထိပ်သီးသိုင်းသမားတစ်ဦးဖြစ်မည်မှာ သေချာသည်။

စွမ်းရင်ကကြည့်လေ အံ့ဩလေဖြစ်၍နေစဉ် ရုတ်တရက် ထန်ရှောင်လန်းက ဓားကိုရုပ်လိုက်ပြီး ဓားကိုရင်ဝတွင်ကပ်ထားသော ဓားကိုင်၍ အရိုအသေတစ်ချက်ပေးလိုက်ပြီး ....

"ကျွန်တော်က ဓားသိုင်း စလေ့ကျင့်တဲ့လူဆိုတော့ .... အမှားအများကြီးရှိမှာပဲ .... ဦးကြီးက ကျွန်တော့်ကို ရယ်မှာသေချာတယ်၊ အခု ဦးကြီးက ကျွန်တော့်ဆရာကို တွေ့ဖို့လာတာလား ခင်ဗျာ"

စွမ်းရင်က ထိုစကားကို ကြားရသောအခါ ရင်ထဲ၌ ဒေါသထွက်သွားပြီး သူက စိတ်ထဲတွင် ....

"ဒီကောင်လေးက ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

သူက ထိုစကားကိုပြောရန် ဟန်ပြင်ရုံပဲရှိသေး၏။ ရုတ်တရက် လေချွန်သံတစ်ချက် ကြားလိုက်ရပြီး ကွင်းထဲသို့ လူတစ်ယောက် ရောက်လာသည်ကို တွေ့ရ၏။ မုတ်ဆိတ်မွေးနှင့်လူသည် လက်ထဲတွင် ယပ်တောင်ကို ကိုင်ထားသေး၏။ သူ့ကိုကြည့်ရသည်မှာ အသက်လေးငါးဆယ်ခန့်ရှိပေလိမ့်မည်။

သူ၏လှုပ်ရှားမှုမှာ လျှင်မြန်လွန်း၍ စွမ်းရင်သည် ဤလူ မည်ကဲ့သို့ ကွင်းလယ်ထဲသို့ ရောက်ရှိလာသည်ကိုပင် မသိတော့ချေ။

ထိုလူက ယပ်တောင်လေးကိုခပ်ရင်း ခပ်ပြုံးပြုံးပြောလေ၏။

"ဒီဓားသိုင်းကွက်ကိုသုံးတာ မတွေ့ရတာတောင် အတော်ကြာသွားပြီ .... မင်းအခု ဒီဓားသိုင်းကွက်ရဲ့ အနှစ်သာရ ဆယ်ပုံမှာ သုံးပုံလောက်ရနေပြီပဲ .... မဆိုးတော့ပါဘူး .... အခု မင်း ဒီဓားသိုင်းကွက်နဲ့ သိုင်းလောကမှာ နာမည်တစ်လုံး ရနိုင်တယ် .... ကဲ .... လာ .... လာ .... မင်းနဲ့ ငါ ကစားကြည့်ရအောင် .... "

သူကပြောရင်း ယပ်တောင်ကို ခေါက်၍ သိမ်းလိုက်ပြီး ထန်



ရှောင်လန်းကို လက်ယပ်ခေါ်လိုက်၏။

"ငါက မင်းနဲ့ လက်နက်ချင်း မပြိုင်ပါဘူး .... မင်း ရဲရဲတင်းတင်း မင်းရဲ့ ဓားသိုင်းကွက်ကိုသုံးပြီး ငါ့ကို တိုက်ခိုက်ပါ .... ငါ့ရဲ့အင်္ကျီစကို မင်း ထိနိုင်မလားဆိုတာ ငါကြည့်ချင်လို့ .... "

ထန်ရှောင်လန်းက အတန်ကြာ တွေဝေသွား၏။

ထိုလူက ရယ်၍ ....

"မင်း စိတ်ချစမ်းပါ .... မင်းဆရာက မင်းကို အပြစ်မတင်ပါဘူး .... "

ထန်ရှောင်လန်းက စွမ်းရင်ထံသို့လှည့်၍ ....

"ဦးကြီး .... ကျွန်တော့်ဆရာကို တဆိတ်လောက် သွားပြီး သတင်းပေးပေးပါလား .... ကျွန်တော် ဒီဦးကြီးဆီက ဓားသိုင်းပညာ သင်ယူမလို့ပါ ခင်ဗျာ .... "

ပြောရင်း သူက ချက်ခနဲ ဓားဖြင့် ထိုးလိုက်သည်။ ထိုလူမှာ ကိုယ်ကို တစ်ချက်ရမ်းလိုက်ရာ ဓားမှာ သူ့ကိုယ်ကို မထိတော့ဘဲ ဘေးသို့ ချော်သွား၏။ ထန်ရှောင်လန်းက ဓားချော်သွားသည်နှင့် ချက်ချင်း ကိုယ်ကိုလှည့်လိုက်ပြီး ဓားထိပ်ဖြင့် ထိုလူ၏လက်ကောက်ဝတ်ကို ခုတ်လိုက်ပြန်သည်။

ထိုလူက လက်နှစ်ဖက်ကို ရမ်းလိုက်ပြီး ရယ်၍ ....

"မြန်တော့မြန်ပါတယ် .... ဒါပေမဲ့ ချိန်ဆတဲ့နေရာမှာ လိုသေးတယ် .... "

သူက ရုတ်တရက် ခုန်တက်လိုက်ပြီး ခြေထောက်နှစ်ဖက်ဖြင့် ထန်ရှောင်လန်း၏ပခုံးကို နင်းချလိုက်၏။ ထန်ရှောင်လန်းသည် ကမန်းကတန်း ကိုယ်ကိုရှောင်တိမ်း၍ ဓားကို အပေါ်သို့ မြှောက်၍ထိုးလိုက်

၏။ သို့သော် ထိုလူ၏ခြေထောက်မှာ သူ့ပခုံးကို အသာလေးနင်း၍ သူ၏နောက်ကျောဘက်သို့ ခုန်ထွက်သွားလေ၏။

အကယ်၍ ထိုလူသာ် အားထုတ်၍ နင်းလိုက်လျှင်တော့ ထန်ရှောင်လန်း၏ပခုံးရိုးမှာ ကျိုးမည်မှာ သေချာသည်။ သို့သော် ထိုလူကြီးမှာ အတွင်းအားကို စိတ်တိုင်းကျ ထုတ်နိုင်သိမ်းနိုင်သော အဆင့်သို့ ရောက်နေပေပြီ။ ထို့ကြောင့် သူက လျင်မြန်စွာ ထန်ရှောင်လန်း၏ ကိုယ်ရေးသို့ ကျရောက်ခဲ့သော်လည်း ပခုံးပေါ်သို့ ခြေနင်းချလိုက်၏။ ကိုယ်ပေါ်သို့ ကျရောက်ခဲ့သော်လည်း ပခုံးပေါ်သို့ ခြေနင်းချလိုက်သောအခါတွင်မူ ဖြည်းညင်းပေါ့ပါးစွာ နင်းသွားခြင်းဖြစ်သည်။

စွမ်ရင်မှာ ထိုအချင်းအရာကို တွေ့ရသောအခါတွင် ထိုလူ၏ သိုင်းပညာမှာ မိမိထက် အများကြီးသာရုံမက ဖုန်ကွမ်ချောင်ထက်လည်း များစွာသာကြောင်း သိသွားသည်။ ထိုအခါ စွမ်ရင်က ဆက်၍ မကြည့်တော့ဘဲ ကမန်းကတန်း အိမ်ဘက်သို့ ပြေးသွားသည်။ သူပြေးသွားစဉ် ထိုလူကြီး၏ရယ်သံကို ကြားလိုက်ရ၏။

"အေး .... ဒီသုံးကွက်တော့ မဆိုးဘူး .... အတော်လေး တည်ငြိမ်သွားပြီ .... အချိန်အဆလည်းမှန်တယ် .... "

စွမ်ရင်မှာမူ နောက်ကိုပင် လှည့်မကြည့်နိုင်တော့ဘဲ တစ်ခါတည်း ဖုန်ကွမ်ချောင်၏ အိမ်ကြီးဆီသို့ ပြေးဝင်သွားလေတော့သည်။

ဖုန်ကွမ်ချောင်မှာမူ ဧည့်ခန်းထဲ၌ အေးအေးဆေးဆေးထိုင်၍ ဆေးလိပ်သောက်လျက်နေ၏။ သူက စွမ်ရင် အူယားဖားယား ပြေးဝင်လာသည်ကို တွေ့ရသောအခါ ရယ်၍ ....

"စွမ်းရင် .... မင်း ဘယ်လိုဖြစ်လာတာလဲ .... ကိုယ့်မြေးလေးကို လာကြည့်တာ ဒီလောက်တောင် အူယားဖားယားပြေးဖို့ မလိုပါ



ဘူးကွ .... မင်းမြေးဟာ မင်းမြေးပါပဲကွာ .... "

စွမ်ရင်က လက်ဖွဲ့ပစ္စည်းများကို ခုံပေါ်သို့ ကမန်းကတန်း ပစ်တင်လိုက်ပြီး ဖုန်ကွမ်ချောင်ကို လက်ဆွဲ၍ ပြေးထွက်ပြောသည်။

"ဖုန်ကွမ်ချောင် .... မင်းရဲ့တပည့်လေးက အပြင်မှာ လူတစ်ယောက်နဲ့ ယှဉ်ပြိုင်နေတယ် .... မင်း မြန်မြန်သွားကြည့်စမ်းပါ"

စွမ်ရင်က ထိုလူသည် ဖုန်ကွမ်ချောင်၏ ရန်သူဖြစ်၍ တမင်သက်သက် လာရောက်ရန်စခြင်း ဖြစ်သည်ဟု ထင်နေ၏။

ဖုန်ကွမ်ချောင်က ထိုစကားကို ကြားရသောအခါ သူ့အမူအရာမှာ လုံးဝတုန်လှုပ်ခြင်းမရှိချေ .... ။

"ဘယ်သူလဲ .... ထန်ရှောင်လန်းလား .... ဒီကောင်လေးက ကောတစ်ဖြုတ်လောက်တော့ ခံနိုင်ပါတယ် .... "

သိုင်းလေ့ကျင့်ကွင်းမှာ အိမ်ကြီးနှင့် ကိုက်နှစ်ဆယ်ခန့်သာ ကွာဝေးသဖြင့် မကြာခင်ပင် သူတို့ ရောက်ရှိသွားကြ၏။

ထိုအချိန်တွင် ကွင်းထဲရှိ သူတို့နှစ်ဦးမှာ အပြင်းအထန် တိုက်ခိုက်လျက် ရှိနေကြလေပြီ။ ရုတ်တရက် 'ရှီး'ခနဲ အသံတစ်ချက် ကြားလိုက်ရပြီး ထိုလူကြီးက ကွင်းလယ်မှ ခုန်ထွက်လိုက်၏။ လက်ထဲတွင် ထန်ရှောင်လန်း၏ဓား ပါသွားလေတော့သည်။

ထန်ရှောင်လန်းမှာ မြေကြီးပေါ်သို့ လဲကျသွားသည်။ စွမ်ရင်က ထိုအချင်းအရာကို တွေ့ရသောအခါ ခုန်တက်၍ ကယ်တင်ရန် ပြုလိုက်ရာ ဖုန်ကွမ်ချောင်က ရုတ်တရက် သူ့လက်မောင်းကို ဆွဲထားလိုက်၏။ ပြီးနောက် ပြုံး၍ပြောသည်။

"ငါက ဘယ်သူများလဲလို့ .... လက်စသတ်တော့ မင်းကိုး .... ငါ့တပည့်က ဘယ်လိုနေလဲ .... မင်းက ငါ့တပည့်လေးကို ဘာလက်

ဆောင်ပေးမလို့လဲ .... ”

ဖုန်ကွမ်ချောင်သည် တပည့်အလဲချခံရသည်ကိုပင် သူက လုံးဝ စိတ်မဆိုးဘဲ ရယ်လိုက်သေး၏။

ထိုလူကြီးက ရယ်၍ပြောသည်။

“မင်းနဲ့ မတွေ့တာ ဘယ်နှစ်နှစ်ရှိသွားပြီလဲ .... မင်းရဲ့တပည့်က ဒီလောက်တောင် တော်တာကိုး .... ငါ စစ်ဆေးကြည့်တာ မဆိုးပါဘူး .... ”

သူက ပြောရင်း အပေါ်အင်္ကျီစကို လှန်ပြလိုက်ရာ အင်္ကျီစ၏ အစွန်းတွင် ဓားဖြင့် တစ်စအဖြတ်ခံလိုက်ရသည်ကို တွေ့ရသည်။

ဖုန်ကွမ်ချောင်က လက်ခုပ်တီးရယ်လိုက်ပြီး ....

“ဒါက မင်းရဲ့အပြစ်ပဲ .... ဘယ်သူက .... မင်းလို လူကြီးက ကလေးကို အနိုင်ကျင့်ခိုင်းလို့လဲ .... ”

“ငါက စေတနာနဲ့ သူ့တပည့်ကို သင်ပေးရသေးတယ် .... အခု တော့ ကလေးကို အနိုင်ကျင့်တယ်လို့ဆိုတယ် .... ဟင်း .... ဒီလောက မှာ လူကောင်းလုပ်ဖို့ မလွယ်ပါလား .... ”

ထန်ရှောင်လန်းမှာ ထိုအချိန်တွင် မြေကြီးမှပြန်ထ,လာပြီးဖြစ်၍ သူက ရုတ်တရက် ထိုလူကြီး၏ရှေ့သို့ လျှောက်သွားပြီး ဒူးထောက်၍ အရိုအသေပေးလိုက်လေ၏။

ထို့နောက် ....

“ဘကြီး .... ကျွန်တော့် ဓားသိုင်းရဲ့ လိုအပ်ချက်ကို ပြုပြင်သင် ကြားပေးတာကို ကျွန်တော် အများကြီးကျေးဇူးတင်ပါတယ် ခင်ဗျာ”

ထိုလူကြီးက ထန်ရှောင်လန်းကို ဆွဲထူလိုက်ပြီး ....

“မင်းရဲ့ ဓားသိုင်းက ငါထင်တာထက်တောင် တော်နေသေး



တာ .... ငါ့အထင်က မင်း ငါ့ရဲ့အင်္ကျီကိုတောင် ထိမှာမဟုတ်ဘူးလို့၊ အခုတော့ မင်းက ငါ့ရဲ့အင်္ကျီကို စုတ်ပြဲအောင်ထိုးနိုင်သေးတယ်”

ထန်ရှောင်လန်းက မျက်နှာအောက်ချ၍ ပြောသည်။

“ဒါက .... ဘကြီး ကျွန်တော့်ကို သင်ကြားထောက်ပြပေးတဲ့ ကျေးဇူးကြောင့်ပါ .... ”

ထိုအခါကျမှ စွမ်ရင်က အလွန်ထူးဆန်းအံ့ဩသွား၏။ ဖုန်ကွမ် ချောင်တွင် ဤကဲ့သို့ သိုင်းပညာမြင့်မားလှသော သူငယ်ချင်းရှိသည်ကို တောင် သူ မသိ။

ထိုစဉ် ဖုန်ကွမ်ချောင်က ပြုံး၍ ....

“တပည့်လေး .... မင်းရဲ့ဘကြီးက မင်းကို လဲကျအောင်လုပ်ခဲ့ ပေမဲ့ မင်းလည်း အတော်လေး အကျိုးရသွားပြီ မဟုတ်လား .... သူက မင်းကို သင်ပေးခဲ့တာကွ .... ”

ထို့နောက် သူက စွမ်ရင်ဘက်သို့ လှည့်၍ပြောသည်။

“စွမ်ရင် .... ဒီက ဧည့်သည်ကြီးရဲ့နာမည်ကို ကြားဖူးမှာပေါ့။ သူက ဟူကျိဓားသိုင်းအဖွဲ့က ထိပ်သီးသိုင်းသမားတုန့်ဝမ်ထန်လေ”

စွမ်ရင် ထိတ်လန့်သွားလေ၏။

“ဩော် .... လက်စသတ်တော့ ဆရာကြီး တုန့်ဝမ်ထန်ကိုး၊ ဒါကြောင့် ဒီလောက်တော်နေတာကိုး .... ”

တုန့်ဝမ်ထန်မှာ သိုင်းလောကတွင် နာမည်ကြီး သိုင်းသမားကြီး တစ်ဦးဖြစ်သည်။ သို့သော် သူလည်း ဖုန်ကွမ်ချောင်ကဲ့သို့ လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်ကစပြီး ရုတ်တရက် ပျောက်ကွယ်သွားခဲ့၏။

ဖုန်ကွမ်ချောင်က အိမ်ဘက်သို့ ဆက်လျှောက်ရင်း ....

“မင်း လာမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ မင်းက ဒီလောက်

စောစောရောက်လာလိမ့်မယ်ဆိုတာတော့ ငါ မထင်မိဘူး .... "

တုန့်ဝမ်ထန်က ....

"အေး .... ဟုတ်တယ်လေ .... ၁' ်က် စောသွားတာပေါ့။ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက ချိန်းထားတာကို မင်းက ဒီလောက်သေသေချာချာ မှတ်မိသေးတာကိုး ....

ဖုန်ကွမ်ချောင်က ....

"မှတ်မိတာပေါ့ .... နောက်သုံးရက်ဆိုရင် ရှစ်လဆယ့်ငါးရက်ရောက်ပြီပဲ .... မင်းရောက်လာတာ အတော်ပဲ .... ငါ အခု အဘိုးဖြစ်နေပြီကွ .... ဒီနေ့ ငါ့မြေးမလေးနှစ်ဦးရဲ့ တစ်နှစ်မြောက်မွေးနေ့ပဲ၊ မင်းလည်း ဝင်ကြည့်ပါဦး .... "

တုန့်ဝမ်ထန်က ရယ်၍ပြောသည်။

"မင်းက တယ်ကုသိုလ်ကံကောင်းပါလား .... မြေးတွေတောင်ရနေပြီ .... "

သို့နှင့် သူတို့ သူငယ်ချင်းနှစ်ဦးမှာ ရယ်လိုက်မောလိုက်နှင့် အိမ်ထဲသို့ ဝင်သွားကြသည်။

ထို့နောက်တွင် ဖုန်ချောင်ကွမ်က သူ့သား ဖုန်ရင်ချီနှင့် ချွေးမစွမ်လင့်ရှာအား မြေးမလေး အမြွှာပူးနှစ်ယောက်ကို ချီထုတ်ခိုင်းလိုက်၏။

ထိုကလေးနှစ်ဦးမှာ အလွန်မှ ချစ်စရာကောင်းလှပြီး ဝိုင်းစက်သော မျက်လုံးလေးက ဟိုကြည့် သည်ကြည့်နှင့် သူတို့အမေရင်ခွင်ထဲ၌ မပီကလာ ပီကလာနှင့် ဘာတွေပြောနေမှန်း မသိချေ။ မျက်နှာပေါက်မှာ တစ်ပုံစံတည်းဖြစ်၍ ရယ်လည်း တစ်ပြိုင်နက်ရယ်၏။ ငိုလည်းတစ်ပြိုင်နက် ငိုကြ၏။



တုန့်ဝမ်ထန်က ကြည့်ရင်းနှင့် ငေးမောသွားသည်။ နောက်မှ ချီးကျူးအားကျသော လေသံဖြင့် ....

"ဖုန်ကွမ်ချောင် .... မင်းမှာ ဒီလိုမြေးလေးနှစ်ယောက်ရှိတော့ သေပျော်ပါပြီကွာ .... အားကျလိုက်တာ .... "

ဖုန်ကွမ်ချောင်က ပြုံး၍ ....

"ငါ့ရဲ့မြေးကလေးနှစ်ယောက်ရတာ တစ်ခုတော့ သိပ်ကောင်းပါတယ် .... ဒါပေမဲ့ မကောင်းတာလည်း တစ်ခုရှိတယ် .... "

စွမ်လင့်ရှာက ထိုစကားကို ကြားရသောအခါ ကမန်းကတန်းနှင့် မေးလိုက်၏။

"ဘိုးဘိုးက တစ်ခုမကောင်းဘူးဆိုတာ ဘာကိုပြောတာလဲ"

ဖုန်ကွမ်ချောင်က ပြုံး၍ ....

"ဘယ်တစ်ခုရှိဦးမှာလဲ .... သူတို့ မွေးလာတာ တစ်နှစ်တောင်ရှိသွားပြီ .... အခုထက်ထိတောင် ဘယ်သူက အစ်မ၊ ဘယ်သူက ညီမဆိုတာ မခွဲခြားတတ်သေးဘူး .... "

ဤအမြွှာပူးညီအစ်မကို အကြီးအား ဖုန်ရင်းဟုခေါ်၍ အငယ်ကိုဖုန်လင်းဟု မှည့်ထား၏။ သို့သော် အဘိုးလုပ်သူက ခွဲခြားရန်မလွယ်သဖြင့် ဒုက္ခတွေ့နေရသည်။ မည်သူက အကြီး၊ မည်သူက အငယ်ဟုမခွဲခြားတတ်ပေ။

ထိုစကားကို ကြားရသောအခါ စွမ်လင့်ရှာက ပြုံး၍ ....

"ခါတိုင်းအချိန်ဆိုရင် ကျွန်မလည်း မခွဲခြားနိုင်ဘူး .... သူတို့ကိုရယ်အောင်စ,ပြီးမှ ခွဲခြားလို့ရနိုင်တာ .... "

ဖုန်ကွမ်ချောင်က အံ့ဩသောလေသံဖြင့်မေးသည်။

"အင်း .... ဒီလိုလည်း ရှိသေးတယ် .... သူတို့ရယ်တာက ဘာ

များ ထူးခြားချက် ရှိနေသေးလို့လဲ .... "

ထိုအခါ စွမ်လင့်ရှာက ကလေးကို တစ်ဘက်တစ်ယောက်ချီ၍ မျက်နှာပြောင်ပြလိုက်ကာ အသံကိုးဂဏ်ဖြင့် ....

"လိမ္မာတယ်နော် .... ဘိုးဘိုးကို ရယ်ပြလိုက် .... ရယ်ပြလိုက်"

ကလေးနှစ်ယောက်က သူ့အမေ မျက်နှာပြောင်ပြတာကို တွေ့ရသောအခါ တခိခိနှင့် ရယ်ကြလေတော့သည်။ သူတို့နှစ်ဦးစလုံး၏ မျက်နှာတွင် ပါးချိုင့်ခိုယ်စီ ပါရှိနေသည်ကို တွေ့ရှိရသည်။

စွမ်လင့်ရှာက ....

"ဘိုးဘိုး တွေ့ပြီလား .... တစ်ယောက်ရဲ့ ပါးချိုင့်က ဘယ်ဘက်မှာ .... နောက်တစ်ယောက်က ညာဘက်မှာရှိတယ် .... "

ဖုန်ကွမ်ချောင်က သေချာကြည့်လိုက်သောအခါ တကယ်ပင်တွေ့လိုက်ရ၏။ စွမ်လင့်ရှာက ဆက်၍ပြောသည်။

"ဘယ်ဘက်ပါးမှာ ပါးချိုင့်ရှိတာက အကြီးမ၊ ညာဘက်ပါးမှာရှိတာက အငယ်မပဲ .... ဘိုးဘိုး သေချာမှတ်ထားနော် .... မမှားနဲ့ဦး"

မိတ်ဟောင်းနှင့်လည်း ပြန်ဆုံရ၊ မြေးလေး၏တစ်နှစ်မြောက်မွေးနေ့လည်း ကျင်းပရ၍ ဖုန်ကွမ်ချောင်မှာ အလွန်ဝမ်းသာနေ၏။ နေ့လယ်သို့ရောက်သောအခါတွင် စွမ်လင့်ရှာမှာ အားလုံးပြင်ဆင်ပြီးစီးပြီဖြစ်၍ အဘိုးဖြစ်သူအား ....

"ဖုန်ရင်းနဲ့ ဖုန်လင်းတို့နှစ်ယောက်ရဲ့ မွေးနေ့လက်ဆောင်ပွဲ စကြရအောင် .... "

သူတို့ ဟုန်နန်နယ်ရှိ ကျေးရွာများတွင် ဓလေ့ထုံးစံတစ်ခုရှိ၏။ ယင်းမှာ မြေးလေးများ တစ်နှစ်သားရောက်သောအခါတွင် အဖေ အမေဖြစ်သူက ပစ္စည်းလက်ဆောင်ပေါင်းစုံကို ပိတ်နီဖြင့်ခင်းထားသော



စားပွဲဝိုင်းတွင် တင်လိုက်ပြီး အဖေဖြစ်သူက ကလေးကိုချီ၍ စားပွဲဝိုင်းအလယ်တွင် ချထားလိုက်သည်။ ထို့နောက် ကလေးကို သူ့စိတ်ကြိုက်ပစ္စည်းကို ယူစေ၏။ သူတို့အဆိုအရ ထိုအချင်းအရာကို ကြည့်ခြင်းအားဖြင့် ကလေး၏နောင်ရေးကို ကြိုတင်ဟောပြောနိုင်သည်။ သာမန်ကလေးဆိုလျှင် ကလေးကစားစရာ သကြားလုံး၊ ပိုက်ဆံငွေဒင်္ဂါးများကိုသာ ဆွဲယူကြပေမည်။ ယောကျ်ားကလေးကသာ စာရွက်၊ ခဲတံ၊ စာအုပ်များကို ဆွဲယူခဲ့လျှင် ထိုယောကျ်ားကလေးကြီးလာလျှင် လူတော်ဖြစ်မည်။ မိန်းကလေးကလည်း ပေါင်ဒါ၊ မှန်ချပ်များကို ဆွဲယူလျှင် ထိုမိန်းကလေးလည်း လှတော်ဖြစ်ပေမည်။

တုန်ဝမ်ထန်က စိတ်ပါလက်ပါပြောသည်။

"ကောင်းပြီ .... ငါလည်း ကလေးအတွက် ပစ္စည်းနှစ်ခု ချပေးလိုက်မယ် .... တကယ်လို့ သူတို့သာ ဒီပစ္စည်းကို ဆွဲယူရင်တော့ သူတို့ကို ပေးလိုက်မယ် .... "

ပြောရင်း သူက ရင်ခွင်ထဲမှ ရွှေမှျင်သံချပ်ကာအကျႌကို ထုတ်လိုက်၏။ ထိုအကျႌမှာ တိဘက်ပြည်မှ ထူးဆန်းသော သတ္တဝါတစ်မျိုးဖြစ်သည့် ရွှေမျှင်လှုဝံ၏အမွေးဖြင့် ယက်လုပ်ထားသောအကျႌဖြစ်သည်။ လက်ဖြင့် ဆုပ်လိုက်သောအခါတွင် လက်တစ်ဆုပ်စာခန့်သာရှိ၏။ ကိုယ်ပေါ်တွင် ဝတ်လိုက်သောအခါတွင် သံချပ်ကာအကျႌလို ဓားပြီး၊ မျှားပြီး၊ တုတ်ပြီးသည်။

ဒီရွှေမျှင်သံချပ်ကာအကျႌမှာ သိုင်းလောကတွင် အလွန်အဖိုးတန်သော ရတနာပစ္စည်းတစ်ပါး အပါအဝင်ဖြစ်၏။ အခု ဖုန်ကွမ်ချောင်သည် တုန်ဝမ်ထန်က ထိုအကျႌအား ထုတ်လိုက်သည်ကို တွေ့ရသောအခါ အော်၍ တားမြစ်လေ၏။

"ဟာ .... ဒါ ဘယ်ဖြစ်မလဲ .... ဒီအကျီက မင်းတို့ဂိုဏ်း၏ အထွတ်အမြတ်ဆုံး ပစ္စည်းပဲ .... "

တုန့်ဝမ်ထန်က ....

"မင်းက ငါတို့ဂိုဏ်းကို အထင်သေးတာလား .... ငါတို့ဂိုဏ်း၏ ရတနာပစ္စည်းက ဒီတစ်ခုထဲမဟုတ်ပါဘူး .... "

သူက ပြောရင်း နောက် ဒုတိယပစ္စည်းကို ထုတ်လိုက်ပြန်၏ သူက ပြုံးရင်းပြောသည်။

"ဒီပစ္စည်းကတော့ ပထမပစ္စည်းလောက် တန်ဖိုးမရှိပေမဲ့ ငါ့ လက်စွဲ အချစ်တော်လေးပဲ .... "

သူဆွဲထုတ်လိုက်သောအခါ ထိုပစ္စည်းမှာ ငါးလက်မခန့်ရှိသော ဓားမြှောင်လေးဖြစ်နေလေသည်။ ထူးဆန်းသည်မှာ ထိုဓားမြှောင်လေး တစ်ခုလုံးမှာ မည်းနက်ပြောင်လက်လျက်ရှိနေ၏။ ဓားသွားမှာ အမည် ရောင်ထွက်နေ၏။

ထိုပစ္စည်းမှာ တုန့်ဝမ်ထန်၏ လက်စွဲတော် လျှို့ဝှက်လက်နက် ဖြစ်သည်။ ထိုဓားမြှောင်တွင် အလွန်ပြင်းထန်သော အဆိပ်ကျွေးထား သဖြင့် ထိမှန်သူမှာ လုံးဝကယ်ဆေးမရှိဘဲ မကြာခင် သေဆုံးရသည်

ဖုန်ကွမ်ရှောင်သည် ထိုလက်နက်လေးကို တွေ့ရသောအ နှုတ်ဆိတ်နေလိုက်၏။ သူ့စိတ်ထဲတွင် ဒီလို လျှို့ဝှက်လက်နက်မျိုးမှ အလွန်ရက်စက်ပြင်းထန်လွန်း၍ မိန်းကလေးများနှင့် မသင့်တော်ချေ သို့သော် သူ့သူငယ်ချင်းက စိတ်အားထက်သန်စွာနှင့် ပေးဆိုနေသည် ကို တွေ့ရသောအခါ သူက မငြင်းဆန်နိုင်တော့ပေ။

တုန့်ဝမ်ထန်က ဓားမြှောင်ကို သားရေစွပ်တွင် ထိုးထည့်လိုက် ပြီး ပြုံး၍ ....



"တကယ်လို့ ဒီဓားကို ဆွဲယူမိလို့ရှိရင် ငါက သူ့ကို ဒီလျှို့ဝှက် လက်နက်ပစ်နည်းကိုပါ သင်ပေးမယ် .... "

ထိုအချိန်တွင် ပစ္စည်းအမျိုးမျိုးကို ချထားပြီးပြီဖြစ်၍ စွမ်းလင့် ရှာသည် သမီးလေးနှစ်ယောက်ကိုချီ၍ စားပွဲဝိုင်းတွင် ချထားလိုက် တော့သည်။

အတော်လေးပင် ထူးဆန်းလှ၏။ ကလေးမနှစ်ယောက်စလုံး စားပွဲပေါ်သို့ ချလိုက်သည်နှင့် သစ်သားဓားကို တစ်ယောက်တစ် ချောင်းစီ ဆွဲယူ၍ လက်ထဲတွင် ကိုင်လိုက်ကြသည်။

တုန့်ဝမ်ထန်က ....

"တယ်ဟုတ်ပါလား .... မင်းရဲ့မြေးလေးနှစ်ယောက်စလုံး ဓား ပိုင်းသမား လုပ်ချင်ကြတာကိုး .... "

ကလေးတို့၏ အခြားလက်တစ်ဖက်မှာ လွတ်နေသေးသဖြင့် သူတို့က ဆက်၍ကြည့်နေကြ၏။ ထိုစဉ်အကြီးမဖုန်ရင်းက သူမ၏ ဖြူ ဖြူကျစ်လျစ်သော လက်လေးကို လှမ်း၍ ရွှေမှုင်သံချပ်ကာအကျီကို ဆွဲယူလိုက်၏။

ဖုန်ကွမ်ရှောင်က ....

"ဟာ .... ဒီကောင်မလေးက တယ်မျက်စိလျင်ပါလား .... ပုများရဲ့ အထွတ်အမြတ်ပစ္စည်းကိုမှ ရွေးယူသွားတယ် .... "

အငယ်မ ဖုန်လင်းမှာမူ ဝိုင်းစက်သော မျက်လုံးလေးဖြင့် ဟို ဒီကြည့်ကြည့်နှင့် လုပ်နေ၍ သူတို့က အံ့သြနေကြသည်။ ထိုစဉ် သူမက လက်တရက် တဝါးဝါးအော်ကာ ခုံပေါ်မှ ပစ္စည်းများကို ဘေးသို့ လက် နှင့် တွန်းခါပစ်လိုက်၏။

စွမ်းလင့်ရှာက ရယ်၍ကြိမ်းလိုက်၏။

"ကောင်မလေးက ဘာဒေါသထွက်နေတာလဲ .... "

ဖုန်လင်းက တဝါးဝါးအော်ရင်း ရုတ်တရက် စားပွဲအလယ်တည့်တည့်တွင် ချထားသော အဆိပ်ဓားကို ဆွဲယူလိုက်လေတော့သည်။

ဖုန်ကွမ်ချောင်က မျက်မှောင်ကုတ်၍ ကြည့်နေ၏။

တုန်ဝမ်ထန်က လက်ခုပ်တီး၍ ရယ်လိုက်၏။

"ဟာ .... ဒီကောင်မလေးက ငါ့ရဲ့ဒီပညာလေးကို သဘောကျနေတယ်ထင်တယ် .... ဖုန်ကွမ်ချောင် .... သူ ကြီးလာလို့ရှိရင် ငါ့ဆီကို ပို့လိုက်ပါ .... သူ့ကို တပည့်အဖြစ် လက်ခံပြီး သင်ပေးမယ် .... မင်း မပို့ဘဲမနေနဲ့နော် .... "

ဖုန်ကွမ်ချောင်က အားတင်းပြုံး၍ ....

"ဒီလိုဆိုရင် သိပ်ကောင်းတာပေါ့ .... ဒါပေမဲ့ ငါစိုးရိမ်တာက ဒီကောင်မလေးကြီးလာရင် သိပ်ဆိုးမလားလို့ပါ .... "

ဤသို့ဖြင့် မွေးနေ့လက်ဆောင်ပွဲ ကျင်းပပြီးဆုံးသွားလေတော့၏။



အခန်း(၂)

## မိတ်ဟောင်း ဆွေဟောင်း ဆရာကောင်း

အိမ်အပြင်မှ ခွေးဟောင်သံများ ဆူညံစွာထွက်ပေါ်လာသည်။

"ဖုန်ကွမ်ချောင် .... ငါသွားကြည့်လိုက်မယ် .... ဘယ်သူလာတာလဲလို့ .... "

စွမ်ရင်က ပြောလိုက်ပြီး ထွက်သွားသည်။

တံခါးအပြင်သို့ရောက်သည်နှင့် ရုတ်တရက် လေနှင့်အတူ သွေးနံ့မှာ သူ့နှာခေါင်းထဲသို့ တိုးဝင်လာ၏။ ထိုအချိန်တွင် လူတစ်ယောက်က အထုပ်တစ်ခုကို ထမ်း၍ ခြေလှမ်းကျဲကျဲနှင့် လျှောက်၍ ဝင်လာသည်ကို တွေ့လိုက်ရသည်။

စွမ်ရင်က ကမန်းကတန်း သူ့ကို တားလိုက်ပြီး ....

"ဘာကိစ္စရှိလို့လဲ .... ဘယ်သူ့ကို တွေ့ချင်လို့လဲ .... "

ထိုလူက အရေးမစိုက်ဘဲ လက်နှစ်ဘက်ကို ရမ်းလိုက်ရာ စွမ်ရင်မှာ ရုတ်တရက် အားလှိုင်းတစ်ခုက သူ့ကိုယ်ကို ပြေးဆောင့်လိုက်သည်ကို ခံစားလိုက်ရပြီး သူ့ကိုယ်မှာ အိမ်ထဲသို့ လွင့်စဉ်သွားလေတော့

သည်။ သူ ပြန်၍ လှည့်လဲထလိုက်သောအချိန်တွင် ထိုလူက အိမ်ခန်းထဲသို့ ပင်သွားပြီဖြစ်နေ၏။

ဖုန်ကွမ်ချောင်နှင့် တုန်ဝမ်ထန်တို့က ထိတ်လန့်တကြားအော်လိုက်ကြသည်။

"ဆရာကြီးချူချင်း ဘယ်လိုဖြစ်လာတာလဲ .... "

ထိုအချိန်တွင် ထိုလူသည် ဝုန်းခနဲ ဒူးထောက်လဲကျသွားသည်။ သူက လဲမကျမီ အော်လိုက်၏။

"ဒဏ်ရာထည့်တဲ့ဆေးနဲ့ အဆိပ်ဖြေဆေးယူခဲ့ .... "

သူ မေ့လဲသွားလေတော့သည်။ စွမ်ရင်မှာ ထိုနေရာ၌ ကြောင်နေ၏။ ဖုန်ကွမ်ချောင်က အော်၍ ....

"စွမ်ရင် .... တံခါးကို မြန်မြန်ပိတ်လိုက်ပါ .... "

စွမ်ရင်သည် အခြေအနေအရေးကြီးကြောင်း သိလိုက်၍ ချက်ချင်း တံခါးကို ပိတ်လိုက်၏။ သူ ပြန်ဝင်လာသောအခါတွင် ထိုလူကို တုန်ဝမ်ထန်က ခုတင်ပေါ်တင်ထားပြီး အင်္ကျီချွတ်ကာ ဒဏ်ရာကို စစ်ဆေးလျက်ရှိနေကြောင်းတွေ့ရ၏။ ထိုအခါကျမှ သူက ထိုလူကို အသေအချာ အကဲခတ်နိုင်ခဲ့သည်။ ထိုလူမှာ အသက်ငါးဆယ်ကျော်ခန့်ရှိမည်ထင်ရပြီး အပေါ်ပိုင်းရှိ အင်္ကျီမှာ သွေးများဖြင့် ပေကျံလျက်ရှိနေ၏။ သူ့ကိုကြည့်ရသည်မှာ လျှို့ဝှက်လက်နက်ထိမှန်ခံရဟန်တူ၏။

တုန်ဝမ်ထန်က ထိုလူ၏အင်္ကျီကို ချွတ်ကြည့်လိုက်သောအခါ မျက်နှာဖြူရော်သွား၏။ ဖုန်ကွမ်ချောင်က တုန်ယင်သောလေသံဖြင့် ပြောသည်။

"ဒါ ဘယ်လို လျှို့ဝှက်လက်နက်မျိုးလဲ .... "

စွမ်ရင်က ရှေ့သို့တက်၍ ကြည့်လိုက်၏။ ထိုလူ၏ရင်ဘတ်



တစ်ခုလုံးတွင် လက်သည်းဖြင့် ကုတ်ခြစ်ခံရလသို ဓားမြှောင်ဖြင့် ထိုးခြစ်ခံရသလို ဒဏ်ရာဆယ်ကြောင်းကျော်ခန့် တွေ့ရသည်။

သို့သော် ဒဏ်ရာမှာ ဆယ်ကြောင်းကျော်နေသဖြင့် လက်သည်းဖြင့် ဆွဲခြစ်ခံရသည်တော့ မဖြစ်နိုင်ပေ။ လက်နက်တစ်ခုခုဖြင့် ဆွဲခြစ်ခြင်းသာ ဖြစ်နိုင်သည်။ ထိုအချိန်တွင် ရုတ်တရက် ဖုန်ရင်ရှိုက အော်လိုက်၏။

"ဖေဖေ .... လူဦးခေါင်းကြီး .... "

ဖုန်ရင်ရှိုမှာ လူငယ်ဖြစ်၍ သူက နားမလည်ဘဲ ထိုလူ၏အထုပ်ကြီးကို ဖွင့်ကြည့်လိုက်ရာ လူခေါင်းတစ်လုံး ထွက်လာ၏။

ဖုန်ကွမ်ချောင်က သားဖြစ်သူအား ကြိမ်းမောင်းလိုက်သည်။

"မင်း တကယ်နားမလည်ပါလား .... ဘာဖြစ်လို့ သူများရဲ့ ပစ္စည်းကို လျှောက်ဖွင့်ကြည့်ရတာလဲ .... သူက ဘယ်သူလဲဆိုတာ မင်းသိသလား .... "

ဖုန်ရင်ရှိုသည် လူခေါင်းကို အထုပ်ထဲသို့ ပြန်ထည့်လိုက်၏။

တုန်ဝမ်ထန်မှာ ဆေးထည့်ပေးနေ၏။ ဖုန်ကွမ်ချောင်က ....

"ကယ်နိုင်ပါ့မလား .... "

တုန်ဝမ်ထန်က ....

"ဒီလို လျှို့ဝှက်လက်နက်မျိုးကို ငါ တစ်ခါမှ မမြင်ဖူးဘူး .... ဘယ်လိုအဆိပ်မျိုး ကျွေးထားတယ်ဆိုတာလည်း မပြောတတ်ဘူး .... အခု ငါကတော့ ငါ့ရဲ့အဆိပ်ဖြေဆေးနဲ့ပဲ ကုကြည့်လိုက်တယ် .... ဆရာရှူရဲ့ အတွင်းအားသိုင်းက သိပ်မြင့်မားတယ်ဆိုတော့ ပျောက်ချင်ပျောက်လိမ့်မယ် .... "

ထိုလူမှာ ဆေးထည့်ပြီးနောက် အသက်ရှူသံပြင်းလာ၏။ သို့

သော် သတိပြန်မရသေးချေ။

ဖုန်ကွမ်ချောင်က ဒူးထောက်၍ ရိုရိုသေသေနှင့် အင်္ကျီကို လဲဝတ်ပေးလိုက်၏။ ပြီးမှ သက်ပြင်းချ၍ ဖုန်ရင်ချိအား မေးလိုက်၏။

"သား .... သူက ဘယ်သူလဲဆိုတာ မင်းသိသလား .... သူက ငါ့ရဲ့ဆရာပေါ့ .... "

စွမ်ရင်က တူးဆန်းစွာနှင့် ....

"ဖုန်ကွမ်ချောင် .... မင်းရဲ့ဆရာက ခြောက်ကွက်လှံသိုင်းဆရာကြီး ရှိတားပန့် မဟုတ်ဘူးလား .... သူ ဆုံးသွားတာ အတော်ကြာပြီပဲ .... ဘယ်လိုလုပ် နောက်ထပ် ဆရာတစ်ယောက် ထွက်လာရပြန်တာလဲ .... "

ဖုန်ကွမ်ချောင်က မဲ့ပြုံးနှင့် ပြောလိုက်၏။

"တကယ်တော့ ငါက သူ့ရဲ့လက်ဖျားတပည့်ပါ .... တပည့်ရင်းအစစ်တော့ မဟုတ်ပါဘူး .... "

ထိုအချိန်တွင် ထန်ရှောင်လန်းက ဘေးတွင် ထိုင်ချကာ တရှုံ့ရှုံ့နှင့် ငိုလေတော့သည်။ ဖုန်ကွမ်ချောင်က သူ့ခေါင်းကို ပွတ်သပ်လိုက်ပြီး ....

"လူလေး .... ဒါကြောင့် မင်းရဲ့ဘကြီးချူက မင်းကို ချစ်တာပေါ့ .... "

စွမ်ရင်မှာ ဘေးနားတွင် နားထောင်ရင်း လုံးဝနားမလည်နိုင်အောင် ဖြစ်နေသည်။

ဤလူကြီး၏အသက်မှာ (၅၀)သာရှိပေမည်။ ဖုန်ကွမ်ချောင်နှင့် သိပ်မကွာလှ။ သို့သော် သူက ဖုန်ကွမ်ချောင်ရဲ့ဆရာတဲ့။ ဖုန်ရင်ချိက အရိုအသေပေးပြီး မတ်တတ်ရပ်လိုက်၏။



ဖုန်ကွမ်ချောင်က ....

"သူ့နာမည်က ချူချင်းတဲ့ .... သူက ထင်းဆန်းဂိုဏ်းရဲ့ ဓားသိုင်းဆရာကြီး လင်ဝေ့ဖုန်းရဲ့တပည့်ပဲ .... "

စွမ်းရင်မှာ တုန်လှုပ်သွား၏။ စိတ်ထဲတွင် စဉ်းစားလိုက်၏။

"ဒါကြောင့်မို့လို့ သူက ဒီလောက်တောင် တော်နေတာကိုး၊ ဒီလောက် ဒဏ်ရာအပြင်းအထန်ရနေတာတောင် လက်လေးတစ်ချက် ရမ်းလိုက်တာနဲ့ ငါ လွင့်ထွက်သွားတာပဲ .... "

ထိုစဉ် ဖုန်ကွမ်ချောင်က ဆက်၍ ....

"ခန်းရှီးဘုရင်တက်စ တုန်းက လင်ဝေ့ဖုန်းကို ဘုရင့်သိုင်းသမားတွေက ဖမ်းဆီးချုပ်တားကြတယ် .... အဲဒီတုန်းက ဆရာကြီးချူချင်းက မန်ချူးဘုရင်လက်အောက်က သိုင်းသမားတစ်ဦးပဲ .... ဒါပေမဲ့ နောက်ပိုင်းကျတော့ သူက လင်ဝေ့ဖုန်းကို လေးစားသွားပြီး တစ်ညမှာ သူက လင်ဝေ့ဖုန်းကို အချုပ်ကနေခိုးပြီး ထွက်ပြေးလာခဲ့တယ်၊ ဒါကြောင့် လင်ဝေ့ဖုန်းက သူ့ကို တပည့်အဖြစ် လက်ခံလိုက်တယ်"

ဖုန်ကွမ်ချောင်က လက်ဖက်ရည်ကြမ်းတစ်ခွက် သောက်လိုက်ပြီး စွမ်ရင်ဘက်သို့ လှည့်၍ပြောသည်။

"စွမ်ရင် .... ငါက မင်းကို ဖုံးဖိထားချင်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းဟာ သဘောရိုးသားတဲ့ လူတစ်ယောက်ဆိုတော့ ဒီကိစ္စသိရင် မင်းအတွက် စိတ်သောက ပူပန်မှာစိုးလို့ပါ .... လင်ဝေ့ဖုန်းက ထင်းဆန်းတောင်မှာနေတယ်ဆိုတော့ ဘုရင်ဘက်ကလူတွေက သူ့ကို ဘာမှမလုပ်နိုင်ဘူး .... ချူချင်းကတော့ ဘုရင့်တပ်က အနှစ်(၃၀)တိတိ လိုက်ဖမ်းနေတဲ့ တရားခံပြေးပဲ .... "

တုန်ဝမ်ထန်က ပြုံး၍ ....

"ချူချင်းက ဘုရင့်တပ်ကို ရှောင်ပြေးနေတယ် .... ငါကတော့ ငါ့ရဲ့ရန်သူတွေကို ရှောင်ပြေးနေတယ် .... ဒီ(၁၀)နှစ်အတွင်းမှာ ငါတို့ ပျင်းလို့သေတော့မယ် .... "

ဖုန်ကွမ်ချောင်က ....

"စွမ်ရင် .... ဒီညကိစ္စ မင်းလည်းတွေ့ရပြီပဲ၊ ငါ့အခု အကြောင်းစုံကိုလည်း မင်းကို ပြောပြပြီးပြီ .... အခု ဒီပုံကြည့်ရတာ ချူချင်းကို ထိပ်သီးဘုရင့်သိုင်းသမားတွေက ဝိုင်းဝန်းတိုက်ခိုက်လို့ ဒီလိုဖြစ်သွားတာ ဖြစ်လိမ့်မယ် .... သူတို့ နောက်က ဆက်လိုက်လာမှာ သေချာတယ် .... အခု ဒီမြေးမလေးနှစ်ယောက်ကို မင်းကို အပ်ထားလိုက်မယ် .... မင်း သူတို့ကိုခေါ်သွားတော့ .... မင်းက ရိုးသားအေးဆေးတဲ့ သိုင်းသမားတစ်ယောက်ဆိုတော့ ဘယ်သူကမှ မင်းကို သတိထားမှာ မဟုတ်ဘူး .... မန်ချူးစစ်တပ်ကလည်း မင်းကို သတိထားမှာ မဟုတ်ဘူး .... "

စွမ်ရင်က အားကျူမခံပြော၏။

"ဖုန်ကွမ်ချောင် .... ငါလည်း သွေးနဲ့ သားနဲ့ လူတစ်ယောက်ပါ၊ ဒုက္ခရှိရင် အားလုံးခံကြရမှာပေါ့ .... တကယ်လို့ သူတို့လိုက်လာလို့ရှိရင် တို့အားလုံး စုပေါင်းခုခံ ထွက်ပြေးကြတာပေါ့ .... "

ဖုန်ကွမ်ချောင်က ပြုံး၍ ....

"ဒီလိုခုခံထွက်ပြေးနိုင်ရင်တော့ ကောင်းတာပေါ့ .... ဒါပေမဲ့ အမှန်အတိုင်းပြောရရင် တို့ရဲ့ ဒီမဖြစ်စလောက် သိုင်းပညာလေးနဲ့တော့ ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး .... "

စွမ်ရင်က ချူချင်းတောင် ဒဏ်ရာရခဲ့သည်ကို တွေ့ရသောအခါ ဖုန်ကွမ်ချောင်၏စကားကို လက်ခံလိုက်သည်။ သူက သက်ပြင်းချ၍



"ဒီလိုဆိုရင် မိုးလင်းတာနဲ့ ငါ ကလေးမလေးနှစ်ယောက်ကို ခေါ်သွားမယ် .... "

ဖုန်ကွမ်ချောင်က ဆက်၍ပြောသည်။

"စွမ်ရင် .... ငါက လွန်ခဲ့တဲ့ (၁၀)နှစ်တုန်းက ရုတ်တရက် သိုင်းလောက,ကနေထွက်ပြီး ကိုယ့်ရွာကို ပြန်လာခဲ့တယ် .... အဲဒီတုန်းက သိုင်းလောက,က မိတ်ဆွေတွေအားလုံး အံ့ဩနေကြတယ်၊ မင်းတောင် ငါ့ကို မေးသေးတယ် မဟုတ်လား .... အဲဒီတုန်းက မပြောရဲဘူး .... ဒီနေ့တော့ ငါ မင်းကိုကု ပြောပြလို့ရပြီ .... အဲဒီတုန်းက ငါက ဆရာကြီးချူချင်းဆီကနေ မိုးကြိုးဓားသိုင်းကွက်ကို သင်ကြားတတ်ကျွမ်းခါစအချိန်ပဲ .... ဆရာကြီးချူချင်းက ငါ့ကို ရွာပြန်ပြီး ကိုယ်ယောင်ဖျောက်ခိုင်းတယ် .... "

ဖုန်ရင်ချီမှာ မျက်လုံးပြူးသွားသည်။

"ဖေဖေကြီးက .... ဓားသိုင်းကွက်တတ်ရဲ့သားနဲ့ ဘာဖြစ်လို့ ကျွန်တော့်ကို မသင်ပေးရတာလဲ .... ကျွန်တော့်ကိုကျတော့ ခြောက်ကွက်လှံသိုင်းပဲ သင်ပေးတယ် .... ညီလေး ထန်ရှောင်လန်း လေ့ကျင့်တဲ့ ဓားသိုင်းက မိုးကြိုးဓားသိုင်းကွက်လား .... "

ဖုန်ကွမ်ချောင်က ခေါင်းညိတ်လိုက်၏။ ဖုန်ရင်ချီ၏မျက်နှာမှာ ပုပ်သွား၏။ ဖခင်ကို စိတ်ဆိုးသွားသော်လည်း မပြောရဲပေ။

"ဖေဖေက ဘာဖြစ်လို့ ကိုယ့်သားကိုတော့ မသင်ဘဲ သူများကိုကျတော့ ဒီဓားသိုင်းကို သင်ပေးရတာလဲ .... "

ဖုန်ကွမ်ချောင်က ရုတ်တရက် ပြောပြလေ၏။

"မင်း ဘာနားလည်လို့လဲ .... ငါက မင်းကို ဒုက္ခမရောက်စေချင်လို့ မသင်ပေးတာ .... "

ဖုန်ကွမ်ချောင်က ဆက်၍ ....

"အဖေဟာ .... ဒီမိုးကြိုးဓားသိုင်းကွက်ကို တက်ရတာက မင်းညီလေးကြောင့်ပဲ .... ငါ မင်းကိုပြောပြမယ် .... ဒီတော့ မင်းနားလည်လာလိမ့်မယ် .... ငါက ဘာဖြစ်လို့ မင်းကို ဒီဓားသိုင်း မသင်ပေးရတာလဲဆိုတော့ .... "

ဖုန်ကွမ်ချောင်သည် ဇာတ်ကြောင်းလှန်ပြလေတော့၏။

"လွန်ခဲ့တဲ့ဆယ်နှစ်တုန်းက .... ငါက တီဘက်နယ်ဘက်ကို ရောက်ခဲ့တယ် .... တစ်နေ့တော့ ငါက တောလမ်းတစ်ခုထဲက ထွက်အလာမှာ အော်ဟစ်တိုက်ခိုက်သံကို ကြားလိုက်ရတယ် .... ဒါနဲ့ ငါက သစ်ပင်တစ်ပင်မှာကွယ်ပြီး ကြည့်လိုက်တော့ လူဆယ်ယောက်ကျော်က မိန်းမတစ်ယောက်ကို ဝိုင်းပြီး တိုက်ခိုက်နေကြတာကို တွေ့တယ်၊ ဒီမိန်းမရဲ့ ဓားသိုင်းကတော့ တကယ့်ကို ကောင်းတာပဲ .... လူဆိုးအချို့ဟာ ဒဏ်ရာရသွားကြတယ် .... မိန်းမရဲ့ညာလက်က ဓားကိုင်ထားပြီး၊ ဘယ်လက်ကျတော့ ခုနစ်နှစ် ရှစ်နှစ်လောက်ရှိတဲ့ ယောကျ်ားလေးတစ်ယောက်ကို ဆွဲထားတယ် .... သူမက ရန်သူကိုလည်း တိုက်ခိုက်ရ၊ ကလေးကိုလည်း စောင့်ရှောက်ရတော့ အတော်လေးပင်ပန်းတာပေါ့၊ လူဆိုးတွေက သူ့ကို နိုင်အောင်မချနိုင်မှန်းသိလာတော့ သူတို့က ယုတ်ယုတ်မာမာ ကလေးကိုပဲရွေးပြီး တိုက်ခိုက်တော့တာပဲ၊ ဒီတစ်ခါတော့ မိန်းမလေးက ကလေးကို ကာကွယ်စောင့်ရှောက်ရတော့ သူ့ကိုယ်ကို သူ မကာကွယ်နိုင်တော့ဘူး .... ဒါကြောင့် သူ ဒဏ်ရာရသွားတယ်၊ အဲဒီအချိန်မှာ ငါလည်း မနေနိုင်တော့ဘူး .... ငါသိတယ် .... ငါ့ရဲ့သိုင်းပညာက သူတို့နဲ့စာရင် ဘာမှယှဉ်လို့မရဘူး .... ဒါပေမဲ့ ငါက တဖွတ်ထိုး လုံနဲ့ ပြေးဝင်ထိုးလိုက်တာပဲ .... လူဆိုးတွေက ရုတ်တရက်ဆို



တော့ ကြောင်သွားကြလို့ သူတို့လူနှစ်ယောက်ကို ငါ အလဲထိုးချလိုက်တယ် .... မိန်းမက ငါ့ကိုတွေ့တော့ ကလေးကို မြင်းပေါ်ပစ်တင်ပြီး 'ကလေးကို ရှင့်လက်ထဲအပ်လိုက်ပြီ .... ရှင် လွတ်အောင်ပြေးပါတော့' ပြောရင်း သူက ဓားကို ဆွဲပြီး လူဆိုးတွေကို တိုက်ခိုက်လိုက်တော့တယ် .... ငါက ဘယ်ဘက်နဲ့ ကလေးကိုချီထားပြီး ညာလက်က လှံကို ဝှေ့ယမ်းထိုးရိုက်ကာ ဝိုင်းထဲကနေ ဖောက်ထွက်လာခဲ့ရတယ် .... အဲ့ဒီမိန်းကလေးက နောက်ကနေ ကာကွယ်စောင့်ရှောက်ပေးလို့ ငါတို့ နောက်ဆုံးကျတော့ ဝိုင်းထဲကနေ ထွက်လာနိုင်ခဲ့တယ် .... အဲဒီအချိန်မှာပဲ ဝူးဝါးအသံတစ်ချက် ကြားလိုက်ရပြီး ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်သွားတယ် .... မိန်းမလေးက လူဆိုးတွေရဲ့လက်ချက်နဲ့ သေဆုံးသွားတယ် .... ငါက ခေါင်းလှည့်ကြည့်လိုက်တဲ့အချိန်မှာ ရုတ်တရက်မြားတစ်စင်းက ရောက်လာပြီး ငါ့ရင်ဘတ်ကို ထိုးစိုက်သွားတယ် .... ငါနဲ့ ကလေးနှစ်ယောက်စလုံး မြင်းပေါ်ကနေ ကျသွားခဲ့တယ် .... လူဆိုးတွေက အော်ဟစ်ပြီး ငါတို့အနားကို ပြေးလာကြတယ် .... အဲဒီအချိန်မှာ ရုတ်တရက် လူတစ်ယောက်ရဲ့အော်သံကို ကြားရတယ်၊ 'ခွေးကောင်တွေ .... မင်းတို့ သေဖို့သာပြင်တော့ ....' လူတစ်ယောက်က တောင်ကုန်းပေါ်ကနေ ပြေးဆင်းလာတယ် .... ငါက မြေကြီးမှာ မှောက်လဲနေတော့ နားထဲမှာ ဓားချင်းရိုက်ခတ်သံကိုသာ ကြားနေရတယ် .... ဘယ်လောက်ကြာလဲ မသိဘူး .... အသံတွေအားလုံးတိတ်ဆိတ်သွားလို့ ငါက ကြိုးစားပြီး လှည့်ကြည့်လိုက်တော့ လူဆိုးတွေအားလုံး လဲနေတာတွေ့ရပြီး လူတစ်ယောက်က ငါတို့အနားကို လျှောက်လာတယ် .... သူက 'မိတ်ဆွေ ဒဏ်ရာအတော်ပြင်းသလား' ငါက သူ့ရဲ့သိုင်းပညာ ဒီလောက်တော်မှန်းတွေ့တော့ ဒဏ်ရာကိုတောင်

သတိမရတော့ဘဲ ငေးကြောင်သွားတယ် .... သူက ငါ့ကို မြားဆွဲထုတ်ပြီး ဆေးထည့်ပေးတယ် .... အဲဒီအချိန်မှာ ကလေးကထလာပြီး ဒီလူရဲ့ခြေထောက်ကိုဖက်၍ 'ဘကြီးချူ .... ကျွန်တော့်အမေကော' လို့ မေးလိုက်တယ် .... "

ဖုန်ကွမ်ချောင်က ထိုအကြောင်းအရာကို ပြောသောအခါ ဘေးတွင်ရှိနေသော ထန်ရှောင်လန်းမှာ မျက်ရည်များ ဝဲလာလေတော့သည်။

ဖုန်ကွမ်ချောင်က ထန်ရှောင်လန်းအား လက်ညှိုးထိုးပြလိုက်သည်။

"ဟိုကလေးက သူပဲပေါ့ .... "

သူက လက်ဖက်ရည်ကြမ်းတငုံသောက်လိုက်ပြီး ဆက်၍ ....

"ဟိုလူကတော့ ငါ့ရဲ့ ဒုတိယဆရာချူချင်းပဲ .... သူက ထန်ရှောင်လန်းရဲ့စကားကို ကြားလိုက်ရော ဆွေးမြေ့တဲ့အပြုံးနဲ့ ပြန်ပြောလိုက်တယ် .... 'လူလေး .... မင်းက ငါ့ကို မှတ်မိသေးတာကိုး .... ငါလာတာ နောက်ကျသွားပြီ .... ' သူက ကလေးရဲ့လက်ကိုဆွဲပြီး မိန်းကလေးရဲ့အလောင်းကို ရှာယူခဲ့တယ် .... သူက တုန်ယင်တဲ့အသံနဲ့ 'မင်းအမေက မင်းကို ကာကွယ်စောင့်ရှောက်လို့ သေဆုံးခဲ့ရတယ် .... ဒါပေမဲ့ ဒီလူဆိုးတွေကို ဘကြီး အားလုံးသတ်ပြီးပြီ .... မင်းသာ သားလိမ္မာတစ်ယောက်ဆိုရင် နောင်ကြီးလာရင် မင်းအမေအတွက် ကလဲ့စားချေရမယ် .... ထန်ရှောင်လန်းက ငိုပြီးမှ ချူချင်းရဲ့ပေါင်ကိုဖက်ပြီး 'ဘကြီး ကျွန်တော့်ကို သိုင်းပညာသင်ပေးရမယ်' ဒီတော့ ချူချင်းက 'မင်းသာ လိမ်လိမ်မာမာနဲ့နေရင် ဘကြီးသင်ပေးမှာပေါ့ .... ' လို့ပြောပြီး မျက်ရည်ကျလာတယ် .... နောက်တော့ သူက ထန်ရှောင်လန်း



အမေရဲ့အလောင်းကို မြှုပ်လိုက်ပြီး ငါ့ကို လှည့်ပြောလိုက်တယ် .... 'သူတို့လင်မယားက ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းတွေပဲ .... သူတို့ တစ်နေ့ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ငါသိတယ် .... ဒါကြောင့် ငါ လိုက်လာခဲ့တာ၊ ဒါပေမဲ့ ငါက နောက်ကျသွားခဲ့တယ်' လို့ ပြောတယ် .... ငါလည်း ဒဏ်ရာရနေတော့ မလှုပ်ရှားနိုင်ခဲ့ဘူး .... ဒါကြောင့် ဆရာချူချင်းက ငါ့ကို မြင်းပေါ်တင်ပြီး ကလေးကိုချီကာ ဒုန်းစိုင်းထွက်လာခဲ့တယ်၊ ဒုတိယနေ့ရောက်တော့ ငါတို့က ဘုရားကျောင်းတစ်ခုကို ရောက်လာတယ် .... အဲဒီဘုရားကျောင်းထဲက ဘုန်းကြီးက သူ့ရဲ့မိတ်ဆွေတဲ့၊ ဒါနဲ့ ငါလည်း ဘုရားကျောင်းမှာပဲ ဒဏ်ရာပျောက်အောင် အနားယူခဲ့ရတယ် .... ငါက သူ့ကို တပည့်အဖြစ် သတ်မှတ်ဖို့ပြောတယ်၊ ဒါနဲ့ ငါ့ကို ဒီမိုးကြိုးဓားသိုင်းကွက်နဲ့ အပ်ပျံလွှို့ဝှက်လက်နက်ပစ်နည်းကို သင်ပေးခဲ့တယ် .... သူပြောတယ် .... 'ဒီပညာနှစ်ခုကို အထင်မသေးနဲ့၊ ဒါက ထင်းဆန်းဂိုဏ်းက လင်ဇေ့ဖုန်းဆီက သင်လာခဲ့တာ .... မိုးကြိုးဓားသိုင်းက ထင်းဆန်းဂိုဏ်းရဲ့ ဓားသိုင်းကွက်ထဲမှာ အပြင်းထန်ဆုံးဓားသိုင်းကွက်ပဲ .... ဒီအပ်ပျံလွှို့ဝှက်လက်နက်လေးကလည်း ထင်းဆန်းနတ်ရောင်ခြည်အထဲကနေ ပုံစံပြောင်းထားတဲ့ လွှို့ဝှက်လက်နက်တစ်မျိုးပဲ .... ဒီပညာနှစ်မျိုးစလုံးကို ကောင်းကောင်းမွန်မွန် တတ်ကျွမ်းခဲ့လို့ရှိရင်တော့ သိုင်းလောကမှာ မင်းကို နိုင်နိုင်တဲ့လူ သိပ်မရှိတော့ဘူး .... ဒါပေမဲ့ ငါ မင်းကို တစ်ခုသေချာစွာ မှာထားမယ် .... ဒီပညာနဲ့ မကြွားဝါနဲ့ .... ဒီလိုလုပ်လို့ရှိရင် မင်းက မင်းသေမင်းကို ခေါ်နေသလိုပဲ .... နောက်ပြီး ငါ့ရဲ့ခွင့်ပြုချက်မရဘဲနဲ့ ဘယ်သူ့ကိုမှ ဒီပညာနှစ်မျိုးကို သင်ကြားမပေးရဘူး .... ကိုယ့်ရဲ့မိန်းမ၊ သားသမီးကိုတောင် သင်မပေးရဘူး .... မင်း ငါ့ကို ကတိပေးနိုင်မလားတဲ့ ....

ဒါနဲ့ ငါက ကတိပေးလိုက်တယ် .... ဆရာချူချင်းက ဆက်ပြီး ပြောတယ် .... ငါက ငါ့ပညာကို နှမြောနေတာ မဟုတ်ဘူး .... အကြောင်းရှိလို့ ဒီလိုလုပ်ရတာ .... ငါက ဘယ်သူဆိုတာ မင်းသိသလား .... ငါက လင်ဝေ့ဖုန်းရဲ့တပည့် ချူချင်းတဲ့ .... အခု ငါက ဘုရင့်ရဲ့တရားခံ ပြေးဖြစ်နေတယ် .... လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်တုန်းကတော့ ငါက ဘုရင့်ရဲ့ နန်းတွင်းသိုင်းသမားတစ်ဦးပဲ .... အခု ငါက သစ္စာဖောက်ခဲ့လို့ သူတို့က ငါ့ကိုလိုက်ရှာပြီး သတ်နေတာ .... နောက်ပြီး လင်ဝေ့ဖုန်းရဲ့ မိုးကြိုးဓားသိုင်းကွက်ကို မြေပြန့်သိုင်းသမားထဲမှာ ငါတစ်ယောက်ထဲပဲ တတ်တာ .... တကယ်လို့ ဒီဓားသိုင်းကွက်ကို သိုင်းလောကမှာ ထုတ်ပြလိုက်လို့ရှိရင် ဟိုနန်းတွင်းက အမဲလိုက်ခွေးတွေက ချက်ချင်း သတ်ပစ်လိုက်မှာ မင်း နားလည်သလား .... ' ဒါနဲ့ သူက ခုနစ်ရက် အတွင်း ငါ့ကို ဒီပညာနှစ်ရပ် သင်ပေးခဲ့တယ် .... "

ထိုအကြောင်းအရာများ ပြောဆိုနေကြစဉ် ရုတ်တရက် ခုတင်ပေါ်ရှိ ချူချင်းမှာ လှုပ်ရှားလာ၏။

တုန်ဝမ်ထန်က ပြုံး၍ပြောသည်။

"ငါလည်း ကိုယ်ယောင်ဖျောက်နေတုန်းမှာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်က ငါ့ရန်သူရဲ့ခြေရာကို တွေ့လာလို့ ငါက ဟိုနေရာမှာ ဆက်နေလို့မရမှန်းသိလို့ ငါ့ရဲ့အိမ်ရှင်ကို နှုတ်မဆက်ဘဲ ခွင့်တိုင်ပြီး မင်းဆီလာခဲ့ရတာပဲ .... "

ဖုန်ကွမ်ချောင်က အံ့ဩသောလေသံဖြင့် ....

"မင်းမှာ ဘယ့်နှယ်လို့ အိမ်ရှင်တွေဘာတွေရှိနေရတာလဲ"

တုန်ဝမ်ထန်က ....

"ဒီနှစ်နှစ်အတွင်းမှာ ငါသူများအိမ်မှာစာသင်ပေးနေတယ်လေ"



ဖုန်ကွမ်ချောင်က ....

"ဘယ်သူကများ မင်းလို ထိပ်သီးသိုင်းသမားတစ်ယောက်ကို စာသင်နိုင်းဖို့ ပြောနိုင်သလဲ၊ ဒီလူရဲ့မျက်နှာက တယ်ကြီးပါလား"

တုန်ဝမ်ထန်က ပြုံး၍ ....

"ငါသင်ပေးတဲ့ ကလေးက ဒီလောကမှာ အတော်ဆုံးကလေးပဲ .... သူ့အဖေကတော့ သိုင်းလောကနဲ့ ဘာမှမပတ်သက်ပါဘူး"

ဖုန်ကွမ်ချောင်က ထူးဆန်း၍ ဆက်မေးရန်ပြုစဉ် တုန်ဝမ်ထန်က ပြန်၍မေးလိုက်၏။

"ဒီလိုဆိုရင် ထန်ရှောင်လန်းကို ဒီဓားသိုင်း သင်ပေးဖို့ ဦးချူချင်းက မင်းကို မှာလိုက်တာပေါ့ .... "

ဖုန်ကွမ်ချောင်က ....

"ဟုတ်တယ် .... မနှစ်တုန်းက ဒီကလေးက ဆရာချူချင်းရဲ့စာကို ယူလာတယ် .... စာထဲမှာကတော့ ကလေးလည်းကြီးလာပြီ .... သူ့ကို သိုင်းလောကမှာ လျှောက်ခေါ်သွားလို့ မသင့်တော့ဘူး .... သူ့ရဲ့သိုင်းပညာကို နောင့်နှေးနိုင်တယ် .... ဒါကြောင့် သူ့ကို ငါ့ဆီမှာ လာပြီး မိုးကြိုးဓားသိုင်းကွက်နဲ့ အပ်ပျံလျှို့ဝှက်လက်နက်ပစ်နည်းကို သင်နိုင်းလိုက်တယ် .... "

ထိုသို့ပြောနေစဉ် .... ရုတ်တရက် ထန်ရှောင်လန်းက အလန့်တကြားအော်လေ၏။

"ဟင် .... ဘကြီးချူချင်း နိုးလာပြီ .... "

ဖုန်ကွမ်ချောင်က ကမန်းကတန်းကြည့်လိုက်ရာ တကယ်ပင် ချူချင်းက မျက်လုံးဖွင့်လျက် သူတို့အား လှည့်ပတ်ကြည့်ရှုလျက်ရှိနေသည်ကို တွေ့ရ၏။

သူ၏ စူးရှတောက်ပသော မျက်လုံးက တုန်ဝမ်ထန်ကို တစ်ချက်ကြည့်လိုက်ပြီး အသံတိုးဖြင့် ....

"တုန်ဝမ်ထန် .... ဒီတစ်ခါတော့ မင်းကို ကျေးဇူးတင်ရတော့မှာပေါ့ .... "

ဖုန်ကွမ်ရှောင်က ကမန်းကတန်းမေးသည်။

"ဆရာကြီး ဘယ်လိုနေသေးလဲ .... "

ချူချင်းက အမိန့်ပေးသည်။

"ငါ့ရဲ့အထုပ်ကို ယူလာခဲ့ .... "

ထန်ရှောင်လန်းက .... အထုပ်ကိုယူပေးလိုက်၏။ ချူချင်းက ထထိုင်လိုက်ပြီး သူ့အိတ်ထဲမှ ဆေးမှုန့်တချို့ကို ထုတ်၍ အထုပ်ထဲသို့ ခပ်ထည့်လိုက်၏။ အထုပ်ထဲတွင် လူခေါင်းနှစ်လုံးရှိရာ မကြာခင် အရည်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

သူက တဟားဟားရယ်လိုက်ပြီး ....

"အရင်းလည်းရ၊ အမြတ်လည်းရတယ်ဆိုတော့ ငါ သေပျော်ပါပြီ .... "

တုန်ဝမ်ထန်က ပြောလေ၏။

"ဆရာ့ရဲ့အတွင်းအားနဲ့ဆိုရင် နောက်ထပ်သုံးရက်လောက် ထိုင်ကျင့်လိုက်ရင် ဒဏ်ရာလုံးဝပျောက်သွားမှာပါ .... ဆရာက အတွင်းအားကောင်းတာပဲ .... "

ချူချင်းက ရယ်၍ ....

"ဘယ်ကလာ ဒီလောက်အချိန်ရှိမှာလဲ .... ငါ ခဏလေးထိုင်လိုက်ပြီး အားပြည့်လို့ရှိရင် ငါသွားမယ် .... ငါ ဒီမှာဆက်နေရင် မင်းတို့အတွက် ဒုက္ခပေးရာကျမှာ....ငါ့နောက်ကခွေးတွေလိုက်လာလိမ့်မယ်"



ဖုန်ကွမ်ရှောင်က ပြောသည်။

"ဆရာ့မှာ ဒုက္ခတွေ့နေလို့ရှိရင် ကျွန်တော်တို့က ကူညီရမှာပေါ့"

ချူချင်းက ....

"ငါတောင်မှ သူတို့ကိုမနိုင်ဘူး .... မင်းက ဘယ်နိုင်မှာလဲ"

တုန်ဝမ်ထန်က ....

"ဘယ်သူမို့လို့လဲ .... ဒီလောက်တောင် တော်နေပါလား"

တကယ်တော့ တုန်ဝမ်ထန်၏သိုင်းပညာမှာ ချူချင်းနှင့် မတိမ်းမယိမ်းပင်။

ချူချင်းက ဘာမှမပြောဘဲ သူ့ရင်ဘတ်ကို လက်ညှိုးထိုးပြလိုက်၏။

"မင်းတို့ ဒီဒဏ်ရာကို မြင်ပြီးပြီ မဟုတ်လား .... "

တုန်ဝမ်ထန်က ဒဏ်ရာအကြောင်းကို မေးရန်ပြင်စဉ် ချူချင်းက နောက်ပိုးအိတ်မှ အဝိုင်းသဏ္ဍာန် အရာတစ်ခု ထုတ်ပြလိုက်၏။

တုန်ဝမ်ထန်က ထိုပစ္စည်းကို သေချာစွာကြည့်လိုက်၏။ ထိုပစ္စည်းမှာ သံမဏိဖြင့်ပြုလုပ်ထားသော ဘောလုံးပုံနှင့် တူနေ၏။ အပြင်ဘက်မှကြည့်လျှင် ဘာမှထူးထူးခြားခြားမတွေ့ရ။ သို့သော် ချူချင်းက ထိုသံမဏိဘောလုံးကို ရုတ်တရက်လှည့်လိုက်သောအခါတွင် ဘောလုံးမှာ ပွင့်ဟလာပြီး အတွင်းဘက်မှ ဓားများ အချောင်းပေါင်း တစ်ဆယ်ကျော် ရှိနေသည်ကို တွေ့ရ၏။ တစ်ချောင်းလျှင် ငါးလက်မခန့်သာရှိ၏။ အလွန်ပါးလွှာ၏။ ဘောလုံးထဲရှိ စက်ဝိုင်းခြမ်းနှစ်ခြမ်းတွင် ညီညီညာညာစီထား၏။ ငှက်များ၏ အတောင်ပံကဲ့သို့ပင်။

ချူချင်းက ....

"ဒီတစ်ခါ သူတို့ နေပြည်တော်ကနေ ဒီအထိ လိုက်လာကြတာ

ပဲ .... ဒီတော့ ငါ ခံလိုက်ရတာပေါ့ .... ဒီလက်နက်ကြောင့် ငါခံလိုက်ရတာပဲ .... ငါက သူတို့ရဲ့လူနှစ်ယောက်ကိုသတ်တယ် .... ဒီလျှို့ဝှက်လက်နက်တစ်ခု လုလာခဲ့တယ် .... ဒါကြောင့် သူတို့က အနီးကပ်မလိုက်ရဲကြတာ .... "

တုန့်ဝမ်ထန်က ထိုလျှို့ဝှက်လက်နက်လေးကိုကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေ၏။

ချူချင်းက ....

"ဒီလျှို့ဝှက်လက်နက်ရဲ့နာမည်ကတော့ သွေးဦးထုပ်တဲ့ .... ငါလည်း ပထမဦးဆုံးအကြိမ် တွေ့ရတာပဲ .... ခလုတ်ကိုဖွင့်ပြီး ပစ်လိုက်လို့ရှိရင် ဘောလုံးကပွင့်သွားပြီး အထဲက ဓားလေးတွေက ဘီးလိုလည်ပတ်နေတယ် .... ခေါင်းပေါ်ကို စွပ်ကျလိုက်တာနဲ့ ဘောလုံးက အလိုလိုပြန်ပိတ်သွားတယ် .... လူခေါင်းလည်း တစ်ခါတည်း ပျောက်သွားတာပဲ .... နောက် ဘောလုံးထဲက ဓားလေးတွေက အဆိပ်ကျွေးထားတာချည်းပဲဆိုတော့ ခေါင်းကို လွတ်အောင် ရှောင်နိုင်သည့်တိုင် တခြားနေရာကိုထိလည်း အသက်ချမ်းသာနိုင်မှာ မဟုတ်ဘူး၊ ဒီတစ်ခါက သူတို့ တစ်ယောက်နှစ်ယောက်နဲ့ တိုက်ခိုက်ရတော့ သတိတစ်ချက် လွတ်တာနဲ့ ခံလိုက်ရတာပဲ .... မင်းတို့သာ သူတို့နဲ့ တစ်ယောက်ချင်းတိုက်ခိုက်လို့ရှိရင် ဒီသွေးဦးထုပ်ကို ကြောက်စရာမလိုပေမဲ့ ဝိုင်းဝန်းတိုက်ခိုက်ရင်တော့ သိပ်အန္တရာယ်များတယ် .... "

တုန့်ဝမ်ထန်က ....

"အခု ကျွန်တော်တို့က သူတို့ကို တိုက်ခိုက်လို့မရဘူးဆိုရင် တို့ဘာဖြစ်လို့ မထွက်ပြေးကြတာလဲ .... ဆရာနဲ့ ကျွန်တော် ထိုက်ဟန်တောင်ပေါ် သွားကြရအောင် .... ထိုက်ဟန်တောင်ပေါ်ရောက်လို့ရှိရင် သူတို့ကို ဘာမှကြောက်စရာ မလိုတော့ဘူး .... အခုအချိန်မှာ အနယ်နယ်အရပ်ရပ်က သိုင်းသမားတွေ ထိုက်ဟန်တောင်ပေါ်ကို လာကြပြီပဲ .... အစည်းအဝေးပွဲကြီး ကျင်းပမဲ့အချိန် နီးနေပြီ .... ဟို .... သွေးဦးထုပ်တွေကို ကျွန်တော်တို့ လုံးဝကြောက်စရာမလိုတော့ဘူး"



ချူချင်းက ....

"မင်းရဲ့ရန်သူကို မင်း မကြောက်တော့ဘူးလား .... "

တုန့်ဝမ်ထန်က ....

"ဒီအချိန်မှာ ဘာကြောက်စရာလိုတော့လဲ .... ခါတိုင်း သူတို့နဲ့ ရန်မဖြစ်ချင်လို့ .... အခု အသက်အန္တရာယ်ရှိလာတော့ .... သူတို့ကို ကြောက်နေလို့ မဖြစ်တော့ဘူး .... "

ချူချင်းက ခေါင်းခါလိုက်၏။ တုန့်ဝမ်ထန်က ....

"ဆရာသာ မသွားဘူးလုပ်နေရင် ကျွန်တော်က ထမ်းပြီးသွားရလိမ့်မယ် .... "

ချူချင်းက ရုတ်တရက် အိမ်ပေါ်မှ အောက်သို့ဆင်းသည်။ မြေကြီးတွင် နားကပ်၍ ထောင်လိုက်ပြီး ....

"အဝေးက မြင်းခွာသံတွေ ကြားရတယ် .... တို့ အခုအချိန် ထွက်သွားလို့ရှိရင် လမ်းမှာ တွေ့မှာသေချာတယ် .... "

တုန့်ဝမ်ထန်က တစ်အိမ်လုံးရှိ မီးများကို ငြိမ်းပစ်လိုက်သည်။

"တို့အားလုံး မလှုပ်ကြနဲ့ .... ငြိမ်ငြိမ်လေးနေကြ .... သူတို့က တကယ်ပဲ အိမ်ကို လာရှာတော့မှာ .... တို့ သူတို့နဲ့ တိုက်ခိုက်ကြမယ်"

အမှောင်ထဲတွင် ချူချင်းက သူ၏ဓားကို ဆွဲထုတ်လိုက်၏။ ဓားရောင်မှာ အမှောင်ထဲ၌ ဝင်းလက်သွား၏။ တုန့်ဝမ်ထန်က လေသံဖြင့်ပြောသည်။

"ဓားကို သိမ်းထားလိုက်ပါ .... ရန်သူရောက်လာမှ ဓားကို ဆွဲကုတ်ရင် အချိန်မီပါသေးတယ် .... "

ချူချင်းက ဓားကို ဓားအိမ်ထဲသို့ ပြန်ထိုးထည့်လိုက်ပြီး ထန်ရှောင်လန်းကို အနားသို့ခေါ်၍ အသံတိုးတိုးဖြင့် ....

"ဒီဓားကို မင်းကိုပေးလိုက်မယ် .... ဒါက မင်းဆရာ အဘိုးလင်ဝေ့ဖုန်း လက်ထက်ကနေ ဆက်ခံလာခဲ့တဲ့ဓားပဲ .... သူ့နာမည်က 'နဂါးနိုင်ဓား'တဲ့ .... "

တုန်ဝမ်ထန်မှာ တုန်လှုပ်သွား၏။ နဂါးနိုင်ဓားမှာ ထင်းဆန်းဂိုဏ်း၏ အထွတ်အမြတ်ရတနာတစ်ပါးဖြစ်၏။ အခု သူက ကလေးတစ်ယောက်ထံသို့ လွှဲပြောင်းလိုက်၍ ထန်ရှောင်လန်းအတွက် စိတ်ပူရသည်။ ထန်ရှောင်လန်းမှာ ပညာမစုံလင်သေးသဖြင့် ဓားကောင်းဓားမြတ်ကြီးကို ကိုင်ဆောင်ထားလျှင် အန္တရာယ်ကို ဖိတ်ခေါ်သလိုဖြစ်နေသည်။

အမှောင်ထဲတွင် ချူချင်းက တုန်ဝမ်ထန်၏လက်ကိုဆွဲ၍ သူ့အနားတွင်ကပ်ကာ ....

"သူငယ်ချင်း .... ဒီတစ်ခါတော့ တို့ နောက်ဆုံးတွေ့ချင်းပဲဖြစ်လိမ့်မယ် ထင်တယ် .... မင်း နောက်ဆုံးတစ်ခါက ဘယ်မှာသွားပုန်းနေခဲ့တာလဲ .... "

တုန်ဝမ်ထန်က ဖြေသည်။

"ကျွန်တော်က 'ချန်လို'ရွာမှာ စာသွားသင်နေတာ .... "

ချူချင်းက ရုတ်တရက် ပြန်မေးလေ၏။

"ဟို နင်မျိုးအိမ်မှာလား .... "

တုန်ဝမ်ထန်ကဖြေသည်။



"ဟုတ်တယ် .... "

ချူချင်းက ....

"မင်းသင်တဲ့တပည့်က သိပ်ကောင်းတယ် .... "

ထိုသို့ပြောပြီး မကြာမီ နှုတ်ခမ်းကို လက်ညှိုးပိတ်၍ ပြောသည်။

"လာပြီ လာပြီ .... အသံမထွက်နဲ့ .... "

ထိုအချိန်တွင် မြင်းခွာသံ တဖြည်းဖြည်းနီးကပ်လာသည်။

❀ ✪ ❀

## အခန်း(၃)

## သံသယ

၆

အမှောင်ထဲ၌ သူတို့အားလုံး လက်နက်ကိုယ်စီ ကိုင်ထားလိုက်ကြ၏။ မြင်းခွာသံမှာ တစ်ခုတည်းဖြစ်၍ သူတို့အားလုံး အံ့သြနေကြရပြန်သည်။ ထိုစဉ် အပြင်ဘက်မှ လူတစ်ယောက်၏အသံ ပေါ်လာလေ၏။

"ဆရာ .... ဆရာ .... "

ဖုန်ကွမ်ချောင်က သက်ပြင်းချလိုက်ပြီး ဝမ်းသာသောအသံဖြင့် ပြောလိုက်မိသည်။

"ဝမ်လင် .... ထန်ရှောင်လန်း .... မင်း တံခါးသွားဖွင့်လိုက်စမ်း .... မင်းရဲ့အစ်ကိုကြီး ပြန်လာပြီ .... "

ချူချင်းက ဖုန်ကွမ်ချောင်၏ အနားသို့ကပ်၍ အသံတိုးနှင့် ....

"နေပြည်တော်အာမခံဌာနမှာ အလုပ်လုပ်နေတဲ့တပည့်လား"

ဖုန်ကွမ်ချောင်က ခေါင်းညိတ်လိုက်၏။ ချူချင်းက ....

"မင်းက ငါ့တပည့်အဖြစ်ခံယူလိုက်တဲ့အကြောင်းသူ့ကိုမပြောနဲ့"

ဖုန်ကွမ်ချောင် တုန်လှုပ်သွားသည်။



"ဘာ မသင်္ကာစရာရှိလို့လဲ .... "

ချူချင်းက ....

"သတိဆိုတာ မပိုဘူးပေါ့ကွာ .... အစစအရာရာ ဂရုစိုက်ရတာပေါ့ .... "

တံခါးဖွင့်လိုက်ပြီး အခန်းထဲ၌ မီးထွန်းလိုက်၏။ ဝမ်လင်ဆိုသောတပည့်မှာ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး သူ အခန်းထဲသို့ ဝင်လာပြီး လူကြီးအားလုံးကို ခါးကိုင်း၍ အရိုအသေပေးလေ၏။

"ဆရာ .... ဒီနေ့ ဘာနေ့မို့လို့လဲ .... လူတွေစုံလှချည်လား"

ဖုန်ကွမ်ချောင်က ....

"မင်းအတွက် တူမလေးနှစ်ယောက် တိုးလာပြီကွ .... ဒီနေ့က သူတို့ရဲ့ တစ်နှစ်မြောက်မွေးနေ့ပဲ .... "

ဝမ်လင်က ချက်ချင်းပင် ဖုန်ရင်ချီအား ဝမ်းသာစကားပြောလိုက်လေသည်။

ဖုန်ကွမ်ချောင်က ဝမ်လင်အား ကျန်လူများနှင့် မိတ်ဆက်ပေးလိုက်သည်။ သူက တုန့်ဝမ်ထန်၏နာမည်ကို ကြားရသောအခါ အတော်လေး တုန်လှုပ်သွားခဲ့၏။ ချူချင်း၏နာမည်ကို ကြားရသောအခါ ပို၍ တုန်လှုပ်သွားခဲ့၏။

"မင်း လမ်းတစ်လျှောက်လုံးလာတဲ့အခါမှာ ဘယ်သူတွေ တွေ့ခဲ့သေးလဲ .... "

ဝမ်လင်က ....

"ရှေ့ရွာနားက ထမင်းဆိုင်မှာတော့ သိုင်းသမားဝတ်စုံလူဆယ်ယောက်ကျော်က အနောက်ဘက်ကိုမြင်းစီးထွက်သွားတာ တွေ့လိုက်တယ် .... သူတို့ကိုကြည့်ရတာ ကိစ္စတစ်ခုခု ဆောင်ရွက်မလို့ပုံမျိုးပဲ"

အကယ်၍ ဤလူများသာ နေပြည်တော်မှ ချူချင်းကို လိုက်ဖမ်းရန် လိုက်လာသော သွေးဦးထုပ်များဖြစ်ကြလျှင် သူတို့က ဝမ်လင်ထက် အရင်စော၍ ဤရွာသို့ ရောက်ရပေမည်။ ဖုန်ကွမ်ချောင်က စိတ်သက်သာသွား၏။ စိတ်ထဲတွင် ....

"ကေန္တ ဒီအမဲခွေးတွေ ဆရာချူချင်း ဒီကိုလာတာ မသိကြဘူးထင်တယ် .... "

ချူချင်းလည်း စိတ်သက်သာသွားသည်။

"သူတို့က မင်းကို ဘာများမေးသေးသလဲ .... "

ဝမ်လင်က ခေါင်းခါသည်။

"ဟင့်အင်း .... "

ချူချင်းက ဘာမျှမပြောတော့ချေ။

ထိုစဉ် စွမ်လင့်ရှာက ကလေးနှစ်ယောက်ကိုချီ၍ အတွင်းခန်းမှ ထွက်လာသည်။

ဝမ်လင်က ကလေးနှစ်ဦးကို ချစ်စနိုးမွှေးမွှေးပေးလိုက်၏။

ဖုန်ကွမ်ချောင်က ....

"မင်း နေပြည်တော်မှာ အလုပ်လုပ်တာ ကောင်းသားနဲ့ ဘာဖြစ်လို့ ပြန်လာရတာလဲ .... "

ဝမ်လင်က ....

"ဗွာနက ကျွန်တော့်ကို ကျန်ရန်မှာ ပစ္စည်းလက်ခံဖို့ လွှတ်လိုက်တာ လမ်းကြုံလို့ ဆရာ့ကို ဝင်လာကြည့်တာပါ .... "

ချူချင်းသည် အတွေးနက်နေရာမှ ထိုကလေးမနှစ်ဦးကို တွေ့ရသောအခါ မျက်လုံးလက်သွားပြီး သေချာကြည့်ရှုလိုက်၏။ ကလေးမနှစ်ဦး၏ ဦးခေါင်းနှင့် အရိုးများကို စမ်းသပ်ကိုင်တွယ်ကြည့်ပြီး ....



"ဒီကလေးမနှစ်ယောက် မွေးကတည်းက သိုင်းသမားဗီဇပါနေတယ် .... သူတို့ကြီးလာရင် ထိပ်သီးသိုင်းသမားဖြစ်မှာပဲ .... "

တုန့်ဝမ်ထန်က ရယ်၍ ....

"ချူချင်းက အင်္ဂဝိဇ္ဇာအတတ်နဲ့ ဟောတာထင်တယ် .... "

ချူချင်းက တည်ကြည်သော အမူအရာဖြင့် ....

"လူတစ်ယောက်ရဲ့ အရိုးပုံသဏ္ဍာန်ကိုကြည့်ရင် သူ့ရဲ့စိတ်နေသဘောထားကို သိနိုင်တယ် .... ငါ သိုင်းလောကမှာ ဒီလောက်ကြာကျက်စားလာခဲ့တာ ဒီလိုအရိုးပုံထူးဆန်းတဲ့ ကလေးသုံးယောက်ကို ငါ တွေ့ဖူးတယ် .... ဒီကလေးမလေးနှစ်ယောက်ရဲ့ စိတ်နေသဘောထားတော့ ငါ မပြောတတ်သေးဘူး .... ဒါပေမဲ့ နောက်တစ်ယောက်ကတော့ ငါ ပြောရဲတယ်၊ နောက်ဆယ်နှစ်ကျရင် သူက သူ့ရဲကောင်းကြီးမဟုတ်ရင်၊ လူဆိုးခေါင်းကြီးဖြစ်မှာပဲ တုန့်ဝမ်ထန် .... မင်း သတိထားနော် .... "

တုန့်ဝမ်ထန်က ထခုန်၍ ....

"ဆရာက ကျွန်တော့်တပည့်ကို ဆိုနေတာလား .... "

ချူချင်းက ....

"ဟုတ်တယ် .... မင်းတပည့်ကို ငါ တွေ့ဖူးတယ် .... အဲဒီတုန်းက ငါ့မှာ အရေးတကြီးကိစ္စရှိနေလို့ နို့မို့ရင် ငါ သူ့ကိုခေါ်သွားတာကြာပြီ .... "

တုန့်ဝမ်ထန်က တအံ့တသြပြောသည်။

"ဆရာ သူ့ကို တွေ့ဖူးတယ် .... ကျွန်တော် မသိပါလား"

ချူချင်းက ....

"အဲဒီတုန်းက မင်း မလာသေးပါဘူး .... သူက နင်ကျုလင်ရဲ့

သား နင်ကန်းရောင် မဟုတ်ဘူးလား .... "

တုန့်ဝမ်ထန်က ....

"ဒီကလေးက နည်းနည်းထူးဆန်းတယ် .... "

ချူချင်းက ....

"ငါလည်း ဒီသတင်းစကားကို ကြားမိလို့ ဟိုနှစ်တုန်းက ငါ ချန်လိုရွာကိုဖြတ်တော့ ဝင်ကြည့်လိုက်တယ် .... အဲဒီတုန်းက နင်ကန်းရောင်ရဲ့အဖေက ရွာသူကြီးကိုး .... ဒါကြောင့် ရွာထဲက စာပေဆရာကြီးသုံးယောက်ကိုခေါ်ပြီး သူ့သားကို စာသင်ခိုင်းတယ် .... ငါ ချောင်းကြည့်တုန်းက အဲဒီဆရာသုံးယောက်က သူ့ကို စာကျက်ပျင်းလို့ဆိုပြီး ကြိမ်းမောင်းနေတယ် .... သူက မျက်လုံးပြူးပြီး ဘာပြန်ပြောလဲဆိုတော့ 'ဆရာ .... အဲဒီစာပိုဒ် ကျွန်တော့်ကို တစ်ခေါက်လောက်ဖတ်ပြပါဦး .... ' ဒီတော့ ဆရာက .... 'ကောင်းပြီ၊ ငါ မင်းကို နောက်ထပ်တစ်ခေါက်ဖတ်ပြမယ်၊ တကယ်လို့ ဒီည မင်း ဒီစာပိုဒ်မတတ်သေးဘူးဆိုရင် ငါ မင်းကို ပေးမအိပ်တော့ဘူး' လို့ ပြောတယ် .... ဆရာကြီးက စိတ်ပျက်ပျက်နဲ့ နောက်တစ်ခေါက်ဖတ်ပြလိုက်တယ် .... အဲဒီအချိန်မှာ နင်ကန်းရောင်က တဟားဟားရယ်လိုက်ပြီး .... 'ဆရာ .... နားထောင်တော့' တဲ့ .... သူက ခါးလေးကိုထောက်ပြီး အသံကျယ်ကျယ်နဲ့ စောစောတုန်းက သူ့ဆရာဖတ်ပြတဲ့အပိုဒ်ကို အလွတ်ဆိုပြလိုက်တယ် .... တစ်လုံးတောင် မမှားဘူး .... ဆရာလုပ်သူ မျက်လုံးပြူးပြီး ကြောင်သွားတာပေါ့ .... အဲဒီအချိန်မှာ နင်ကန်းရောင်က 'စာဖတ်တာဘာများခက်လို့လဲ .... ကျုပ်က ခင်ဗျားရဲ့စာကို တမင်သက်သက် မဖတ်ချင်တာ .... ခင်ဗျားက ကျွန်တော့်ကို ဆုံးမချင်သေးတယ်' သူက ပြောရင်း ခုန်ထွက်လာပြီး သူ့ရဲ့လက်သီးလေးနဲ့ သူ့ဆရာကို လိုက်ထိုး



တော့တာပဲ .... သူက အသက်ခြောက်နှစ်ကျော်ကျော်သာရှိသေးပေမဲ့ အတော်အားရှိပုံရတယ် .... သူ့ဆရာက သူ့ရဲ့လက်သီးဒဏ်ကို မခံနိုင်လို့ တကြိုးတည်းလစ်ပြေးတော့တာပဲ .... ငါကြည့်ရတာ နောင်ဆို ဒီဆရာ ဘယ်တော့မှ သူ့ကို စာသင်ရဲတော့မှာ မဟုတ်ဘူး .... တုန့်ဝမ်ထန် .... မင်းလည်း သူ့ရဲ့လက်သီးစာကို ခံဖူးတယ် ထင်တယ်"

တုန့်ဝမ်ထန်က ....

"ဒီကလေးက ကျုပ်ကိုတော့ သိပ်လေးစားပါတယ် .... ကျုပ်သူ့ကို တစ်နှစ်တိတိဆုံးမတော့မှ သူက ကျုပ်ရဲ့စကားကို နားထောင်လာတာ .... "

သူက ဆက်၍ပြောရန်ပြင်နေစဉ် ရုတ်တရက် ချူချင်းက အမူအရာပြောင်းသွားသည်ကို တွေ့ရသောအခါ သူက ....

"ဘာအကြောင်းထူးရှိလို့လဲ .... "

ဟု မေးလိုက်၏။

ချူချင်းက မြေကြီးတွင်ကပ်၍ နားထောင်လိုက်ပြန်၏။ အတန်ကြာတော့မှ သူက ပြန်ထ၍ ....

"တို့ထင်တာ မှားနေပြီ .... ဟို .... သွေးဦးထုပ်တွေက တို့ရွာကို ဖြတ်သွားတာ မဟုတ်တော့ဘူး .... ဒီတစ်ခါ တကယ်လာနေပြီ"

တုန့်ဝမ်ထန်က အရေးတကြီးပြောလေ၏။

"ဒီလိုဆိုရင် မီးကို အမြန်ငြိမ်းလိုက် .... တို့·လက်နက်တွေပြင်လိုက်ကြ .... "

ချူချင်းက ....

"အိမ်ထဲမှာမနေနဲ့တော့ .... ရန်သူကငေ တောင်ဘက်ကလာနေတာဆိုတော့ တို့ မြောက်ဘက်ကို ပြေးကြတာပေါ့ .... "

သူက ပြောရင်း ချက်ချင်းပင် တံခါးဝမှ ခုန်ထွက်သွားလေသည်။ တုန်ဝမ်ထန်မှာ ရုတ်တရက် ကြောင်သွားပြီး သူ့နောက်သို့ ပြေးလိုက်သွားလေတော့သည်။

သူတို့သည် အပြင်ဘက်သို့ရောက်သောအခါ သိုင်းလေ့ကျင့်ကွင်းရှိ ကျောက်တုံးကြီးနောက်မှ ရုတ်တရက် လူတစ်ယောက် ထွက်လာသည်။ ချူချင်းက ထိုလူကို တွေ့ရသောအခါ အော်၍ပြောသည်။

"ဟိုရှင် .... မင်းလည်း မန်ချူးရဲ့ နောက်လိုက်ခွေး လုပ်လိုက်ပြီကိုး .... မင်းဆရာ ဟိုင်ရှင်ဆရာတော်ကြီးရဲ့ သိက္ခာတွေဟာ မင်းဒီသစ္စာဖောက်လုပ်ငန်းကြောင့် အားလုံးညှိုးနွမ်းကုန်ပြီ .... "

ဟိုရှင်မှာ ဟိုင်နန်းကျွန်းရှိ 'လက်ချောင်းတောင်'တွင် နေထိုင်၏။ သူ့ဆရာ ဟိုင်ရှင်ဆရာတော်မှာ ဟိုင်နန်ကျွန်းတွင် နာမည်ကြီးထိပ်သီးဓားသိုင်းသမားဖြစ်၏။ ဟိုရှင်မှာ သူ့ဆရာ၏ပညာကို အစုံတတ်မြောက်သွားသောအခါတွင် မန်ချူးဘုရင်လက်အောက်သို့ ခိုကပ်သွားလေတော့သည်။

ချူချင်းမှာ ခုန်အုပ်၍ တိုက်ခိုက်ရန်ပြုလိုက်စဉ် ရုတ်တရက် လက်ခနဲ ပစ္စည်းတစ်ခုက သူ့မျက်နှာဘက်သို့ ဦးတည်ရောက်ရှိလာလေသည်။ တုန်ဝမ်ထန်က ချက်ချင်းရှေ့သို့လှမ်း၍ ဓားဖြင့် ရိုက်ထုတ်လိုက်ရာ 'တန်း'ခနဲ မြားတိုလေးတစ်ချောင်းက ဘေးဘက်သို့ လွင့်ထွက်သွားသည်။

ထိုစဉ် လိုင်ချီးပင်ပေါ်မှ လူတစ်ယောက်က ခုန်ဆင်းလာ၏။ ထိုလူက ....

"ချူချင်း .... မင်း ပြေးလို့မလွတ်ပါဘူး .... အေးအေးဆေးဆေး နေပြည်တော်ကို ပြန်လိုက်ခဲ့ပါ .... "



ချူချင်းက ဒေါသတကြီးအော်သည်။

"ချောင်းမြောင်းပြီး ပစ်ခတ်တာ ယောကျ်ားအလုပ်မဟုတ်ဘူးကွ .... ကောင်းပြီ .... မင်းလည်း ငါ့ရဲ့လှို့ဝှက်လက်နက်ကို မြည်းကြည့်ပါဦး .... "

ပြောရင်း သူသည် လက်တစ်ဘက်ကို ဝှေ့ယမ်း၍ ပစ်လွှတ်လိုက်ရာ သံမဏိဘောလုံးတစ်လုံးက 'ဝူး'ခနဲ ပျံထွက်သွားလေသည်။

ထို့နောက် ထပ်ထွက်ပေါ်လာသောလူမှာ လွေ့ဟိုရင်းဖြစ်သည်။ သူသည် မန်ချူးဘုရင် ခန်းရှီး၏ စတုတ္ထသားတော်လက်အောက်တွင် အမှုထမ်းနေသူဖြစ်၏။

ချူချင်းသည် ဒီတစ်ခါ သွေးဦးထုပ်ဒဏ်ကို ခံလိုက်ရသည်မှာ လွေ့ဟိုရင်း ပစ်လွှတ်လိုက်သောကြောင့်ဖြစ်၏။ ထို့ကြောင့် အခု ချူချင်းက သူ့ကိုတွေ့သောအခါတွင် ဒေါသထောင်းခနဲထွက်ကာ လုယူရရှိထားသော သွေးဦးထုပ်လက်နက်ကို ပြန်ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။

လွေ့ဟိုင်ရင်းက ထိုသွေးဦးထုပ်၏ဝဲပျံသောအသံကို နားထောင်လိုက်သည်နှင့် အလွန်မှ အားပြင်းထန်ကြောင်း သိရှိ၍ လက်ဖြင့် မဖမ်းရဲတော့ဘဲ ရှောင်တိမ်းလိုက်၏။

လွေ့ဟိုင်ရင်းက အေးစက်စွာရယ်၍ ....

"ချူချင်း .... မင်းလည်း ဝါရင့်သိုင်းသမားတစ်ယောက်ပဲ .... မင်း အခု သွေးဦးထုပ်ရဲ့ဒဏ်ကို ခံရပြီ .... မင်း လောလောဆယ် အဆိပ်မတတ်အောင် အတွင်းအားနဲ့ ထိန်းထားပေမဲ့ ဆယ့်နှစ်နာရီကြာလို့ရှိရင် အဆိပ်တက်ပြီးသေမှာ သေချာတယ် .... မင်း ငါနဲ့ နေပြည်တော်ကို အေးအေးဆေးဆေး လိုက်ခဲ့စမ်း .... ငါ မင်းကို

ဖြေဆေးပေးပါ့မယ် .... ငါဟာ မင်းထင်သလောက် မရက်စက်ပါဘူး ကွာ .... "

ချူချင်းက အော်၍ပြောသည်။

"ငါက ပြန်မယ်ဆိုရင် လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကတည်းက ပြန်နေပြီ .... အခုမှ ငါက ဘာဖြစ်လို့ပြန်ရမှာလဲ .... "

လှေပဲ့ပိုင်ရှင်းမှာ ခုန်ထွက်လာသည်။

"ကောင်းပြီ .... မင်း မပြန်ချင်ဘူးဆိုရင် ဒီမှာပဲသေတော့"

လက်ထဲမှ ဓားဖြင့် ချူချင်း၏ခေါင်းကို ခုတ်ချလိုက်သည်။

ချူချင်းက ရှောင်လိုက်ပြီး ပြန်တိုက်ခိုက်မည်ပြုစဉ် ဟိုရှင်၏ တောင်ဝှေးက သူ့ခါးကို ပိုင်း၍ ရိုက်ချလိုက်၏။ ချူချင်းမှာ 'ယား'ခနဲ တစ်ချက်အော်၍ ခြေစုံခုန်လိုက်ရာ တောင်ဝှေးမှာ သူ့ခြေအောက်မှ ဖြတ်ကျော်သွား၏။ တစ်ချိန်တည်းမှာပင် ချူချင်း၏ ခြေနှစ်ဖက်က လှေပဲ့ပိုင်ရှင်းကို ကန်လိုက်လေသည်။

လှေပဲ့ပိုင်ရှင်းမှာ ရှောင်တိမ်းရန် အချိန်မမီတော့သဖြင့် လက်နှစ်ဘက်ကာလိုက်ရာ 'ဘုန်း'ခနဲ လှေပဲ့ပိုင်ရှင်းသည် နောက်သို့ လဲကျသွားလေ၏။ ဒဏ်ရာတော့ မရရှိပေ။

ထိုခဏတွင် ဟိုရှင်၏ တောင်ဝှေးက ရောက်ရှိလာပြန်၏။ ချူချင်းမှာ ကိုယ်ကိုလှည့်၍ ရှောင်ရှားရန်ပြုစဉ် တုန်ဝမ်ထန်က ဒေါသဖြင့် ဝင်ရောက်ခုခံကာကွယ်ပေးလိုက်၏။

ထိုအချိန်တွင် လှေပဲ့ပိုင်ရှင်းလည်း မတ်တတ်ပြန်ရပ်လိုက်၏။ သူက ဓားနှင့် ရင်ဘတ်ရှေ့တွင် ကာကွယ်ထားပြီး ရှေ့တိုး၍ မတိုက်ရဲချေ။ ချူချင်းသည် သွေးဦးထုပ်၏ အဆိပ်ဓားကို ထိထားမိတာတောင်မှ ဒီကောင် အားသာနေသေး၏။ ထို့ကြောင့် သူသည် လန့်ဖျပ်သွားခြင်း



ဖြစ်သည်။

ချူချင်းက ဆက်လက်၍ တိုက်ခိုက်ရန်ပြုစဉ် မြင်းခွာသံများ ဆူညံစွာကြားလိုက်ရပြီး ဖုန်ကွမ်ချောင်တို့ မိသားစုပင် ထွက်လာကြသည်။

ထိုအချိန်တွင် ရုတ်တရက် သွေးဦးထုပ်များသည် ဘေးပတ်ပတ်လည်မှ ထွက်ပေါ်လာကြပြီး သူတို့ကို ဝိုင်းရံလိုက်ကြသည်။

ဖုန်ရင်ချိုမှာ အငယ်မဖုန်လင်းကိုချီ၍ သူ့အဖေနှင့်အတူ အပြင်သို့ တိုးဖောက်ရန် ကြိုးစားလိုက်၏။ ထိုအချိန်တွင် ခေါင်းအထက်တွင် ထူးဆန်းသော အသံများ ထွက်ပေါ်လာပြီး မည်းနက်သော အရာဝတ္ထုက သူတို့ခေါင်းပေါ်သို့ ကျရောက်လာလေသည်။ သူသည် ကမန်းကတန်း ဖုန်လင်းကို ဖက်ထားလိုက်ပြီး ကိုယ်ကိုရှောင်တိမ်းလိုက်၏။

သို့သော် နားထဲတွင် သူ့အဖေက 'သတိထား' ဟု အော်သံတစ်ချက် ကြားလိုက်ရပြီး လည်ပင်းမှာ အေးခနဲတစ်ချက် ခံစားလိုက်ရ၏။ သွေးဦးထုပ်တစ်ခုမှာ သူ့ခေါင်းကို စွပ်လိုက်မိလေပြီ။

တုန်ဝမ်ထန်မှာ ချက်ချင်း ဟိုရှင်ထံမှ ခွာလိုက်ပြီး ဓားမြှောင်ဖြင့် စွမ်ရင်၏ခေါင်းပေါ်သို့ ကျရောက်မည့် သွေးဦးထုပ်ကို ပစ်ပေါက်ဖယ်ရှားလိုက်ရ၏။ တစ်ဆက်တည်းပင် သူသည် ဖုန်ရင်ချို၏ လက်ထဲမှ ဖုန်လင်းကို ဆွဲယူလိုက်လေသည်။ သနားစရာကောင်းသော ဖုန်ရင်ချိုမှာ ခေါင်းမရှိတော့ချေ။ ထိုအချိန်တွင် ဟိုရှင်နှင့် လှေပဲ့ပိုင်ရှင်းမှာ ချူချင်းကို ဝိုင်း၍ တိုက်ခိုက်လျက်ရှိနေ၏။ ချူချင်းက အော်၍ ....

"မင်းတို့ ငါ့ကို အရေးမစိုက်ကြနဲ့ .... လွတ်အောင်သာထွက်ပြေးကြ .... "

တုန်ဝမ်ထန်မှာ ဘယ်လက်တွင် ဖုန်လင်းကိုချီထား၍ညာလက်

မှာ ဓားဖြင့်ရမ်းကာ ထွက်ပေါက်ကို ရှာလေတော့၏။ သူက စွမ်းရင်အား ....

"ငါ့နောက်က ကပ်လိုက်ခဲ့ .... မှုက်လမ်းကို ငါရှာမယ်"

တုန်ဝမ်ထန်မှာ စွမ်းရင်သည် ရိုးသားဖြောင့်မတ်ပြီး သိုင်းပညာညံ့ကြောင်းသိ၍ သူ့နောက်မှ ကပ်လိုက်နိုင်းခြင်းဖြစ်သည်။

စွမ်းလင့်ရှာမှာ သူမယောကျ်ား အသတ်ခံရသည်ကို တွေ့ရသောအခါ အသည်းနှလုံး ကြေကွဲလုမတတ် ခံစားလိုက်ရ၏။ သူမမှာ ငိုတာတောင် အသံမထွက်နိုင်တော့။ ဝမ်လင်နှင့် ထန်ရှောင်လန်းမှာ သူမကို တစ်ဘက်တစ်ချက်မှနေ ကာကွယ်စောင့်ရှောက်ပေးရင်း အပြင်ဘက်သို့ ထိုးဖောက်ထွက်ကြ၏။

ထိုစဉ် သေ့ူးဦးထုပ်တစ်ခုက သူတို့ထံ ကျရောက်လာသဖြင့် ထန်ရှောင်လန်းက နဂါးနိုင်ဓားဖြင့် ခုတ်ပိုင်းလိုက်ရာ သွေးဦးထုပ်မှာ ထက်ပိုင်းပြတ်သွား၏။ နဂါးနိုင်ဓားမှာ ထက်မြက်လှသဖြင့် သွေးဦးထုပ်များသည် သူ့အနားသို့ မကပ်နိုင်ချေ။ ထို့အပြင် နောက်လိုက်ခွေးများက ထန်ရှောင်လန်းကို မတိုက်ခိုက်နိုင်ကြချေ။ ထို့ကြောင့် ထန်ရှောင်လန်းတို့မှာ ပေသုံးဆယ်ကျော်ခန့် ထိုးဖောက်ထွက်သွားခဲ့ကြသည်။

ထိုအခါ သွေးဦးထုပ်မရှိတော့သော ဘုရင့်သိုင်းသမားအချို့သည် ထန်ရှောင်လန်း၏ နဂါးနိုင်ဓားကို တွေ့ရသောအခါ အော်ဟစ်၍ ထန်ရှောင်လန်းကို ဝိုင်းဝန်းကြသည်။ ထန်ရှောင်လန်းမှာ သေမင်းနှုတ်ခမ်းတွင်း ရောက်ရှိနေပြီမှန်းသိ၍ တစ်ကိုယ်လုံးရှိ အစွမ်းအားကိုထုတ်၍ တိုက်ခိုက်လိုက်ရာ နောက်ထပ် ဘုရင့်သိုင်းသမားတစ်ယောက်မှာ ထုတ်ချင်းပေါက် ထိုးခံလိုက်ရလေသည်။

ထိုအချိန်တွင် နားထဲ၌ ဝမ်လင်၏ 'ဟင်'ခနဲ အံ့သြသောအော်



သံကို ကြားလိုက်ရ၏။

သို့သော် ....

အသက်လုနေရသောအချိန်ဖြစ်၍ သူက လှည့်မကြည့်အားချေ။

နောက်ထပ် ဘုရင့်သိုင်းသမားနှစ်ယောက်က ထန်ရှောင်လန်းကို ဝိုင်းဝန်းလိုက်ပြန်၏။ ဒီနှစ်ယောက်မှာ စောစောက တစ်ယောက်ထက် အများကြီးတော်နေ၏။ ထန်ရှောင်လန်းမှာ တိုက်ပွဲအတွေ့အကြုံမရှိသဖြင့် ပထမဦးဆုံးတိုက်ခိုက်ခြင်းဖြစ်ရာ ဤကဲ့သို့သော သိုင်းသမားအကျော်အမော်များနှင့် ရင်ဆိုင်မိသောအခါတွင် အတော်လေး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ခဲ့သည်။

ဝမ်လင်မှာ ထန်ရှောင်လန်း အန္တရာယ်နှင့် ကြုံတွေ့နေသည်ကို သိသော်လည်း လုံးဝအရေးမစိုက်ဘဲ စွမ်းလင့်ရှာကိုသာတွဲ၍ ရှေ့သို့ ဆက်ပြေးနေ၏။

ဖုန်ကွမ်ချောင်မှာလည်း မိုးကြိုးဓားသိုင်းကွက်ကို သုံးရလေပြီ။ ချက်ချင်း နှစ်ချက်ထိုးလိုက်ရာ ရန်သူနှစ်ယောက် လဲကျသွား၏။ သူက သူ့ချွေးမနှင့် တပည့်ကို သွားရောက်ကယ်တင်ရန်ပြင်နေစဉ် သူ့ခေါင်းပေါ်မှ လူနှစ်ယောက်က ခုန်ကျော်သွားလေသည်။

တစ်ယောက်မှာ ချူချင်းဖြစ်ပြီး နောက်တစ်ယောက်မှာ ဟိုရှင်ဖြစ်ပေသည်။ ထိုအခါ ဖုန်ကွမ်ချောင်က ဟိုရှင်ကို တိုက်ခိုက်တော့သည်။

ထန်ရှောင်လန်းမှာ အလွန်အရေးကြီးနေသောအချိန်တွင် ချူချင်းမှာ အချိန်မီရောက်လာသည်။ ရန်သူတစ်ဦးက ထန်ရှောင်လန်း၏ ဓားကို သံဒိုင်းဖြင့် ဖိထားလျက် နောက်တစ်ယောက်က ဓားဖြင့် ထန်ရှောင်လန်း၏ခါးကို ခုတ်ပိုင်းရန်ပြင်နေသောအချိန်ဖြစ်နေ၏။

ထန်ရှောင်လန်းမှာ ဘယ်လိုမှ ရှောင်တိမ်း၍ မရနိုင်သေးသော အခြေအနေသို့ ရောက်နေစဉ် ရုတ်တရက် ချူချင်းက အပေါ်ဘက်မှ ခုန်အုပ်ရောက်ရှိလာပြီး လက်ဝါးစောင်းဖြင့် ဓားနှင့် ခုတ်လိုက်သော လူငယ်လက်ကို တွန်းထုတ်လိုက်ပြီး အဝေးသို့လွှင့်ပစ်လိုက်၏။ ထိုလူမှာ စူးဝါးစွာ အော်လိုက်ပြီး အဝေးသို့လွင့်ကျသွားသည်။ ထိုလူ၏ပခုံးရိုးမှာ လုံးဝကြေမွသွားလေပြီ။

ထန်ရှောင်လန်းမှာ ချက်ချင်းပင် ဓားကို သံဒိုင်းအောက်မှ ဆွဲထုတ်လိုက်ပြီး ထိုလူ၏ရင်ဝကို ထိုးလိုက်၏။ ထိုလူက ကမန်းကတန်း သံဒိုင်းကို အပေါ်မြှောက်ကာလိုက်လေသည်။ သို့သော် ထိုအကွက်ကို ထန်ရှောင်လန်းက ဟန်ဆောင်တိုက်ခိုက်ခြင်းသာဖြစ်သည်။ ဓားသည် ရုပ်တရက် အပေါ်မှနေ အောက်ဘက်သို့ လွှဲခုတ်လိုက်ရာ ထိုလူမှာ စူးဝါးစွာ တစ်ချက်အော်လိုက်ပြီး ခြေထောက်နှစ်ဖက်စလုံးမှာ ဒူးခေါင်းမှ ပြတ်ထွက်သွားလေသည်။

ထိုအချိန်တွင် ဝမ်လင်နှင့် စွမ်လင့်ရှာမှာ ဆယ်ကိုက်အကွာတွင် ဘုရင့်သိုင်းသမားနှစ်ယောက်နှင့် တိုက်ခိုက်လျက်ရှိနေသည်။ ထန်ရှောင်လန်းက ရှေ့တက်၍ သွားရောက်ကူညီရန်ပြင်လိုက်စဉ် ချူချင်းက သူ့ကို လှမ်းဆွဲလိုက်သည်။

ထန်ရှောင်လန်းက ကြောင်နေစဉ် ချူချင်းက သူ့နားတွင်ကပ်၍ အသံတိုးဖြင့်ပြောသည်။

"မင်း .... ဟို ဝမ်လင်ဆိုတဲ့အကောင်ကို သတိထားနော် .... ငါ ဒီကောင့်ကို မယုံဘူး .... "

ထို့နောက် ....

နောက်သို့ခုန်ထွက်သွားလေတော့သည်။ ထန်ရှောင်လန်းမှာ



နားမလည်နိုင်အောင် ဖြစ်နေ၏။ သူက သေချာကြည့်လိုက်သောအခါ ဖုန်ကွမ်ချောင်မှာ ခြေလှမ်းများ ရှုပ်ထွေးနေသည်ကို တွေ့ရပြီး ယိမ်းယိုင်လျက်ရှိနေ၏။

ချူချင်းက သူ့ကို ကယ်တင်ရန် သွားခြင်း ဖြစ်၏။

ဝမ်လင်နှင့် စွမ်လင့်ရှာမှာ သူတို့အထဲတွင် သိုင်းပညာအညံ့ဆုံးဖြစ်၍ သူက ချူချင်း နောက်ဆုံးပြောသွားသော စကားကို မစဉ်းစားနိုင်တော့ဘဲ ဓားဆွဲ၍ သူတို့နှစ်ယောက်အား ကယ်တင်ရန် ခုန်ထွက်သွားလေသည်။

ချူချင်းက အဘယ်ကြောင့် ဝမ်လင်ကို မသင်္ကာဖြစ်ရသနည်း။ တကယ်တော့ ချူချင်းက သိုင်းလောကတွင် အလွန်ဝါရင့်နေသူဖြစ်၍ သူက မြေကြီးတွင် နားကပ်၍ထောင်သောပညာမှာ တစ်ခါမှ မမှားခဲ့ဖူးချေ။

စောစောတုန်းက ဖုန်ကွမ်ချောင်၏အိမ်တွင် သူက မြေကြီးကို နားကပ်၍ ထောင်ကြည့်ရာတွင် မြင်းခြေသံများမှာ တစ်ကောင်တည်း၏ခြေသံမဟုတ်မှန်း သိလျက်သားနှင့် တံခါးရှေ့သို့ရောက်သောအခါတွင် ဝမ်လင်တစ်ယောက်တည်းဖြစ်နေ၏။

ထို့ကြောင့် ....

သူက သင်္ကာမကင်းဖြစ်လာခဲ့၏။

ထို့ကြောင့် သူက အိမ်ထဲတွင် မနေရဲတော့ဘဲ အိမ်ပြင်သို့ ထိုးဖောက်ထွက်လာခြင်းဖြစ်၏။

အပြင်သို့ရောက်သောအခါတွင် ဟိုရှင်နှင့် လျှေဟိုင်ရင်းက ပုန်းဝပ်လျက်ရှိနေသည်ကို တွေ့ရသောအခါ သူက ပို၍ မသင်္ကာတော့ချေ။

သို့သော် ....

တိုလနှစ်ယောက်က ဝမ်လင်နောက်မှ တိတ်တဆိတ် လိုက်လာပြင်းလည်း ဖြစ်နိုင်သည်ဟု စဉ်းစားမိ၍ သူက ဝမ်လင်ကို မသတ်လိုက်ခြင်းဖြစ်သည်။ ဤသို့မဟုတ်ပါက ဝမ်လင် သေဆုံးသွားရမည်မှာ သေချာပေသည်။



အခန်း(၄)

## သူသေကိုယ်သေ

ဖုန်ကွမ်ချောင်မှာ ရန်သူများဝိုင်းရံထားခြင်း ခံနေရ၏။ သူက ဆယ်နှစ်တိတိ ကျင့်လာခဲ့သော မိုးကြိုးဓားသိုင်းကွက်ကိုထုတ်၍ တိုက်ခိုက်လိုက်သောအခါတွင် သွေးဦးထုပ်နှစ်ယောက်မှာ လဲကျသွားသည်။

သူက ထိုးဖောက်ထွက်ပြေးရန်ပြင်စဉ် ဟိုရှင်ရောက်ရှိလာ၍ သူက ဟိုရှင်နှင့် တိုက်ခိုက်လိုက်ရပြန်၏။ ဟိုရှင်မှာ တောင်ဝှေးကို ပန်ကာလို မွှတ်နေအောင် ဝှေ့ရမ်း၍ ဖုန်ကွမ်ချောင်အား တိုက်ခိုက်လိုက်သည်။

ထိုစဉ် 'တင်း တင်း' အသံများ အဆက်မပြတ်ကြားလိုက်ရသည်။ ဟိုရှင်မှာ ရုတ်တရက် ညာဘက်ပခုံး ထုံကျင်သွားသလို ပုရွတ်ဆိတ်သုံးလေးကောင်ခန့် ကိုက်ခံလိုက်ရသလို ခံစားလိုက်ရ၏။ သူက တုန်လှုပ်သွားသည်။ သူ ချက်ချင်းသိလိုက်၏။ သူ့ပခုံးတွင် ဖုန်ကွမ်ချောင် ပစ်လွှတ်လိုက်သော အပ်ချောင်းကဲ့သို့ လျှို့ဝှက်လက်နက်က ထိမှန်သွားခြင်းဖြစ်သည်။ သို့သော် သူ၏အတွင်းအားမှာ အလွန်ပြည့်ဝလှသဖြင့် သူက ချက်ချင်းထိမှန်ခံရသောနေရာကို အတွင်းအားဖြင့်

ထိန်းထားလိုက်ပြီး တုန်လှုပ်မှုကို ဟန့်တားလိုက်၏။ တစ်ချိန်တည်းမှာပင် သူက တောင်ဝှေးကို ရုတ်တရက် လက်မှပစ်လွှတ်လိုက်ရာ ဖုန်ကွမ်ချောင်က လုံးဝမမျှော်လင့်ဘဲခံရသဖြင့် တောင်ဝှေးနှင့် ဓား ထိမိသွားပြီး ဓားမှာ လက်ထဲမှ လွင့်ထွက်သွားသည်။

ထိုအချိန်တွင် ဟိုရှင်က ရုတ်တရက် ဖုန်ကွမ်ချောင်၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ပြီး နီရဲသော ဘယ်လက်လက်ဝါးက ဖုန်ကွမ်ချောင်၏ ပခုံးကို ဖိချလိုက်သည်။ ဖုန်ကွမ်ချောင်က ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း လက်ဝါးမှာ သူ့ပခုံးပေါ်သို့ ကျရောက်လာသည်။ သူက နောက်ဆုံးတော့ သူ့ပခုံးပေါ်သို့ ကျရောက်လာသည်။ သူက နောက်ဆုံးတော့ ပခုံးကိုကြုံ့၍ နောက်သို့ ရုန်းထွက်လိုက်ရာ အသည်းနှင့်အောင် နာကျင်စွာခံစားလိုက်ရပြီး ပခုံးတစ်ခုလုံး သွေးသံရဲသွားသည်။ ပခုံးတစ်ခုလုံး အသားရောအရေပါ စုတ်ထွက်သွားခဲ့၏။

အဖြစ်အပျက်မှာ အလွန်မြန်ဆန်လှသောကြောင့် ချူချင်းက ကယ်တင်ရန် မမီတော့ချေ။ သူ ပြန်ခုန်လာသောအခါတွင် ဖုန်ကွမ်ချောင်မှာ လဲကျလျက်ရှိနေလေပြီ။ ထိုအချိန်တွင် ဟိုရှင်က သူ့တောင်ဝှေးကို ပြန်ယူလိုက်ပြီး ချူချင်းနှင့် တိုက်ခိုက်လိုက်ပြန်၏။

စွမ်ရင်မှာ ထိုအချိန်တွင် တုန်ဝမ်ထန်နောက်မှလိုက်၍ ရန်သူ၏ဝိုင်းရံမှုကို ထိုးဖောက်ထွက်ပြေးရန် ကြိုးစားနေသည်။ သူက .... ရုတ်တရက် ဖုန်ကွမ်ချောင်ဘက်သို့ လှမ်းကြည့်လိုက်၏။ ဖုန်ကွမ်ချောင် လဲကျသွားပြီး ယိမ်းယိုင်စွာနှင့် ပြန်ထလာသည်ကိုတွေ့၍ သူက အော်ကာ ....

"ဖုန်ကွမ်ချောင် .... ဒဏ်ရာရသွားပြီ .... "

တုန်ဝမ်ထန်က အံကိုကြိတ်ထား၍ ခေါင်းကိုခါလိုက်၏။ ထိုအခါ



တွင် ဖုန်ကွမ်ချောင်က ကွဲအက်သော အသံဖြင့် အော်၍ ....

"မင်းတို့ မြန်မြန်ထွက်ပြေးကြ .... တစ်ယောက်လွတ်ရင် တစ်ယောက်တန်ဖိုးရှိတယ် .... "

လရောင်အောက်တွင် ဖုန်ကွမ်ချောင်မှာ ယိမ်းယိုင်လျက် ရှိနေရာမှ ရုတ်တရက် သူ့ခေါင်းပေါ်သို့ သွေးဦးထုပ်တစ်ခု ကျရောက်သွားခဲ့၏။ ဖုန်ကွမ်ချောင်မှာ စူးဝါးစွာ တစ်ချက်အော်လိုက်ပြီး ခေါင်းပျောက်သွားခဲ့၏။ တုန်ဝမ်ထန်နှင့် စွမ်ရင်မှာ ဒေါသလည်းထွက် တုန်လည်းတုန်လှုပ်ခဲ့၏။ ထိုစဉ် တုန်ဝမ်ထန်၏ ဘယ်လက်တွင် ချိတ်ထားသော အငယ်မ ဖုန်လင်းမှာ 'ဝါး'ခနဲ အော်လိုက်၏။

လရောင်အောက်တွင် ဖုန်လင်း၏ ပန်းသီးကဲ့သို့ မျက်နှာမှာ ပို၍ ချစ်စရာကောင်းနေ၏။ တုန်ဝမ်ထန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး စိတ်ပိုင်းဖြတ်လိုက်ကာ ....

"ကလေးအသက်ကို ကယ်ဖို့အရေးကြီးတယ် .... "

သူက ဖုန်လင်းကို စွမ်ရင်၏လက်ထဲသို့ အပ်လိုက်ပြီး ဘယ်ဘက်က အဆိပ်ဓား သုံးလေးချောင်း ကိုင်ထားပြီး စွမ်ရင်အား ပြောလိုက်သည်။

"ငါနောက်ကနေလိုက်ခဲ့ .... "

သူသည် အော်ပြောရင်း ရှေ့သို့ထိုးဖောက် တိုက်ခိုက်လိုက်သည်။

လွှေဟိုင်ရင်းက ခုန်အုပ်လာပြီး သူတို့ကို တားဆီးလိုက်၏။ တုန်ဝမ်ထန်က ရုတ်တရက် ကိုယ်ကိုရပ်လိုက်ပြီး ဓားကို ထိုးတွက်မလိုမတွက်မလို လုပ်လိုက်၏။

လွှေဟိုင်ရင်းမှာ ဝါရင့်သိုင်းသမားဖြစ်၍ သူက ထိုပုံကို တွေ့

သည်နှင့် ရုတ်တရက် ဝင်ရောက်မတိုက်ခိုက်ရဲချေ။ ထိုစဉ် ဘေးနားမှ ဘုရင့်သိုင်းသမားနှစ်ဦးက ဝင်ရောက်တိုက်ခိုက်လိုက်၏။

ထိုအခါ ဦးတုန်ဝမ်ထန်က တစ်ချက်အော်လိုက်ပြီး ဓားမှာ လက်ခနဲဖြစ်သွား၍ ဘယ်ဘက်ရှိ ရန်သူကို လျှပ်တစ်ပြက် ထိုးလိုက်၏။

ထိုသိုင်းသမားမှာ ကမန်းကတန်းနောက်သို့ခုန်ဆုတ်လိုက်ရ၏။ တုန်ဝမ်ထန်က ကိုယ်ကိုလှည့်၍ ဓားကို ညာဘက်မှ ရန်သူကို ထိုးချိန်လိုက်၏။

တကယ်တော့ ဒီတစ်ကွက်မှာ လှည့်ကွက်သာဖြစ်သည်။ ထိုဓားမှာ အောက်ဘက်မှနေ တုန်ဝမ်ထန်က ဘယ်လက်တွင်ကိုင်ထားသော အဆိပ်ဓားမြှောင်နှင့် ပစ်လွှတ်လိုက်သည်။

ဘုရင့်သိုင်းသမားမှာ ရုတ်တရက် ခါးတွင် ထုံကျင်သွားသလို ခံစားလိုက်ရပြီး ကြိုးစား၍ နှစ်လှမ်းသာ လျှောက်လိုက်ရသေး၏။ နောက်ဆုံး မဟန်နိုင်တော့ဘဲ မျက်စိမှာ မည်းနက်သွားပြီး လဲကျသွားလေတော့သည်။ လဲကျသွားသောအချိန်တွင် သူက အော်လိုက်လေ၏။

"ဓားမြှောင်မှာ …. အဆိပ် …. အဆိပ် …. "

တုန်ဝမ်ထန်က ဘယ်လက်ကို ဆက်တိုက်ရမ်းလိုက်ပြီး ဓားမြှောင်သုံးလက် ပစ်လွှတ်လိုက်ပြန်၏။

လွှေဟိုင်ရင်းက သတိထားလျက်ရှိနေသဖြင့် သူက တုန်ဝမ်ထန်လက်ရမ်းလိုက်သည်ကို တွေ့သည်နှင့် ဓားဖြင့်ကာလိုက်ရာ 'တန်း' ခနဲ ဓားမြှောင်တစ်ချောင်းက ဘေးသို့ လွင့်ထွက်သွား၏။ သို့သော် သူ့ဘေးနှစ်ဘက်ရှိ သိုင်းသမားနှစ်ဦးမှာမူ 'အား'ဟုအော်၍ နှစ်ဦးစလုံး



လဲကျသွားလေသည်။

လွှေဟိုင်ရင်းမှာ ထိုဓားမြှောင်၏အစွမ်းကို တွေ့လိုက်ရသောအခါ ဆက်၍ မလိုက်ရဲတော့ချေ။

သူ့အဖော်များအား အော်၍ ….

"သွေးဦးထုပ်တွေနဲ့ မြန်မြန်ပစ် …. "

သွေးဦးထုပ် လျှို့ဝှက်လက်နက်မှာ အဝေးတိုက်ရာတွင် ပို၍ အစွမ်းထက်၏။

တုန်ဝမ်ထန်တို့မှာ ကိုက်သုံးဆယ်ခန့်ရောက်ရှိလျက်ရှိနေစဉ် ရုတ်တရက် ခေါင်းပေါ်၌ ထူးဆန်းသော အသံများကို ကြားလိုက်ရ၍ မော့ကြည့်လိုက်ရာ သွေးဦးထုပ်များမှာ ဝဲပျံ၍ သူတို့ခေါင်းပေါ်သို့ ကျရောက်လာသည်ကို တွေ့ရသည်။ တုန်ဝမ်ထန်က ချက်ချင်း ဓားမြှောင်ကိုထုတ်၍ အဆက်မပြတ်ပစ်လိုက်ရာ သွေးဦးထုပ်များက ဘေးသို့လွင့်ထွက်သွားသည်။

တုန်ဝမ်ထန်မှာ အတော်လေးပင် တုန်လှုပ်သွားခဲ့၏။ အကယ်၍သာ သူတစ်ယောက်တည်းကို ဝိုင်း၍ ဒီသွေးဦးထုပ်နှင့် တိုက်ခိုက်လျှင်တော့ သူလည်း ရှောင်တိမ်း၍ လွတ်နိုင်မည် မဟုတ်ပေ။ သူက ခေါင်းမော့၍ ချူချင်းဘက်သို့ ကြည့်လိုက်၏။

ဦးချူချင်းမှာ ကျားရဲတစ်ကောင်ကဲ့သို့ပင် ခုန်ပျံတိုက်ခိုက်လျက်ရှိနေသည်ကို တွေ့ရသဖြင့် သူ အတော်လေး စိတ်အေးသွား၏။ ယခု ဘုရင့်သိုင်းသမားများမှာ တစ်ဝက်ခန့် ကျဆုံးသွားပြီဖြစ်၍ သွေးဦးထုပ်လက်နက်မှာလည်း အတော်များများ ပျက်စီးဆုံးရှုံးသွားလေပြီ။ ထို့ပြင် ချူချင်း၏ အပ်ပျံလျှို့ဝှက်လက်နက်မှာ သူ့ရဲ့အဆိပ်ဓားမြှောင်ထက် မညံ့ချေ။ ချူချင်းလည်း လွတ်မြောက်နိုင်ပေမည်။

တုန်ဝမ်ထန်မှာ သွားကူရန် စဉ်းစားနေစဉ် အဝေးမှ ချူချင်းက အော်သံကြားလိုက်ရ၏။

"တုန်ဝမ်ထန် .... မင်း ကလေးကိုခေါ်ပြီး အမြန်ဆုံးထွက်ပြေးတော့ .... မင်းရဲ့ ဟိုနင်ကန်းရောင်ဆိုတဲ့ တပည့်ကိုသတိထားပါ .... သူ့ရဲ့စိတ်နေသဘောထားက မမှန်တာတွေ့တာနဲ့ တစ်ခါတည်း သတ်ပစ်လိုက်ပါ .... မသနားနဲ့ .... မြွေပွေးခါးပိုက်ပိုက်သလို ဖြစ်နေမယ်၊ ငါလွတ်ရင် မင်းရဲ့စာသင်တဲ့ရွာကို လာရှာမယ် .... "

တုန်ဝမ်ထန်မှာ တုန်လှုပ်သွား၏။ ချူချင်းက ဤမျှလောက် အသက်အန္တရာယ်ရင်ဆိုင်နေသော အချိန်၌ပင် နင်ကန်းရောင်ကို သတိထားဖို့ ပြောသွားသေး၏။ ထိုချာတိတ်က တကယ်ပဲ ကြီးလာရင် လူဆိုးကြီးဖြစ်လာမှာမို့လား။

သို့သော် ဒီအချိန်တွင် သူက စဉ်းစားရန်အချိန်မရှိ။ သူက အဝေးမှအော်၍ ....

"ချူချင်း .... တို့ နောက်မှတွေ့ကြတာပေါ့ .... "

သူသည် ပြောရင်း သူက ဖုန်လင်းကိုချီ၍ ခွမ်ရင်၏လက်ကိုတွဲကာ အမှောင်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

ချူချင်းမှာ တုန်ဝမ်ထန်တို့ လွတ်မြောက်သွားသည်ကို တွေ့ရသောအခါ သက်ပြင်းချလိုက်၏။ သူက ထန်ရှောင်လန်းတို့ဘက်သို့ လှမ်းကြည့်လိုက်သည်။ ထန်ရှောင်လန်းနှင့် ခွမလင့်ရှာတို့မှာ ဘုရင့်သိုင်းသမားသုံးဦးနှင့် တိုက်ခိုက်လျက်ရှိသည်ကို တွေ့ရသည်။ ထိုဘုရင့်သိုင်းသမားသုံးဦးမှာ ထိပ်သီးသိုင်းသမားများ မဟုတ်၍ ထန်ရှောင်လန်းတို့က ကောင်းကောင်းခုခံနိုင်သည်။

ချူချင်းမှာ စိတ်အေးသွားပြီး .... သူက ရုတ်တရက် လက်ဝါး



စောင်းကို အပေါ်သို့မြှောက်၍ .... ဘုရင့်သိုင်းသမားတစ်ဦး၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်၏။ 'ဂျွတ်'ဟူသောအသံနှင့်အတူ ထိုသိုင်းသမား၏ လက်မှာ ကျိုးသွားလေတော့သည်။

ဟိုရှင်က တွေ့ရသောအခါ ဒေါသထွက်၍ တောင်ဝှေးဖြင့် လှမ်းရိုက်လိုက်၏။

ချူချင်းမှာ တကယ်တော့ သူ့ကိုယ်တွင်းရှိ အဆိပ်များ ပြန်တက်လာလေပြီ။ သို့သော် သူက အတင်းအောင့်ထား၏။ သူသိ၏။ သူ့အသက်ရှင်နိုင်စရာအကြောင်း မရှိတော့ချေ။ ထို့ကြောင့် သူက ဟိုရှင်၏ တောင်ဝှေးကို ရှောင်၍ ထန်ရှောင်လန်းတို့အနားသို့ ခုန်သွားလေသည်။

ထန်ရှောင်လန်းထံမှ ဝမ်းသာအားရနှင့် အော်သံထွက်လာသည်။

"ဘကြီးချူချင်း .... မြန်မြန်လာ .... ကျွန်တော်တို့ ထွက်ပြေးကြရအောင် .... "

ချူချင်းက စိတ်အားတက်လာပြီး ညာလက်ကို တစ်ချက်ရမ်းလိုက်ရာ ထန်ရှောင်လန်းအား ဝိုင်းရံတိုက်ခိုက်နေသော ရန်သူအချို့မှာ တစ်ချက်အော်၍ လဲကျသွားသည်။

အဘယ့်ကြောင့်ဆိုသော် သူ၏နောက်ကျောတွင် ချူချင်း ပစ်လွှတ်လိုက်သော အပ်ပျံသုံးခု စိုက်သွားသောကြောင့် ဖြစ်သည်။

ကျန်နှစ်ဦးမှာ ထိတ်လန့်သွားကြ၍ ရုတ်တရက် ကြောင်သွားကြ၏။

ထိုအခါ ထန်ရှောင်လန်း၏ဓားမှာ အခွင့်ကောင်းယူ၍ ထိုးလိုက်ရာတစ်ဦး၏ပခုံးတွင်ဒဏ်ရာရသွားပြီးခုန်ဆုတ်ထွက်ပြေးသွားလေသည်။

ကျန်တစ်ဦးမှာ စွမ်လင့်ရှာ၏ လက်ချက်ဖြင့် လက်တွင် ဒဏ်ရာရသွားလေသည်။

ထန်ရှောင်လန်းက ဝမ်းသာအားရစွာ ချူချင်းကိုခေါ်၍ အတူထွက်ပြေးမည်ပြုစဉ် ချူချင်းက ရုတ်တရက် အော်၍ ....

"မင်းတို့ မြန်မြန်ပြေးကြ .... ငါ့ကို မစောင့်ကြနဲ့ .... "

ထန်ရှောင်လန်းက တွန့်ဆုတ်နေသည်။ ချူချင်းက အော်၍ ထိုစဉ် ခေါင်းထက်၌ သွေးဦးထုပ် ဝတ်ကျလာသံကိုကြား၍ ထန်ရှောင်လန်းက နဂါးဓားဖြင့် ခုတ်ပိုင်းပစ်လိုက်ရ၏။

ချူချင်းက ....

"မြန်မြန်ပြေးကြ .... ပြေးကြ .... အပ်ပုံနဲ့ သူတို့ကိုပစ်"

ထိုအခါ ထန်ရှောင်လန်းမှာ တွန့်ဆုတ်မနေတော့ဘဲ ကိုဝမ်လင်နှင့် စွမ်လင့်ရှာတို့ကိုခေါ်၍ ထွက်ပြေးလေတော့၏။ သူတို့နောက်မှ ဘုရင့်သိုင်းသမားလေးဦးခန့် ပြေးလိုက်သွားသည်။

ချူချင်းမှာ ထန်ရှောင်လန်းတို့သုံးဦး ထွက်ပြေးသွားသည်ကို တွေ့ရသောအခါ ပို၍ စိတ်အားထက်သန်လာခဲ့၏။ မိမိမှာ လွတ်မြောက်နိုင်စရာအကြောင်းမရှိမှန်း သူသိ၏။ ထို့ကြောင့် သူမသေခင်တွင် ထန်ရှောင်လန်းတို့အတွက် ကာဆီးပေးထားရမည်။

ထိုအချိန်တွင် လှေပိုင်ရှင်း ရောက်ရှိလာခဲ့၏။ ချူချင်းမှာ ကျားရဲတစ်ကောင်လို ရုတ်တရက် ခုန်အုပ်တိုက်ခိုက်လိုက်၏။ လှေပိုင်ရှင်းမှာ ချူချင်း ဒီလိုအသက်စွန့်၍ တိုက်ခိုက်လိမ့်မည်ဟု မထင်မှတ်ခဲ့သဖြင့် နောက်သို့ ကမန်းကတန်းဆုတ်လိုက်သေး၏။ သို့သော် အချိန်မမီတော့ဘဲ သူ၏လက်ကောက်ဝတ်အရိုးမှာ ကြေမွသွားပြီး ဓားလည်း လွင့်ထွက်သွား၏။ လှေပိုင်ရှင်းမှာ နာကျင်လွန်း၍ မေ့မျောလဲကျသွား



လေသည်။

ဘေးနားရှိ ဘုရင့်သိုင်းသမားနှစ်ဦးမှာ ချူချင်း၏မာန်၊ သတ္တိကို တွေ့ရသောအခါ ကြောက်လန့်၍ လှည့်ပြေးလိုက်၏။

ဟိုရှင်က အော်၍ ....

"အသုံးမကျတဲ့ကောင်တွေ .... တားကိုက်ကြလေ .... "

တကယ်တော့ ဟိုရှင်မှာလည်း ချူချင်း၏ သွေးရူးသွေးတန်း အမူအရာကို တွေ့သောအခါ တုန်လှုပ်နေသည်။ ချူချင်းမှာ ထွက်ပြေးနိုင်ရက်သော်လည်း မထွက်ပြေးဘဲ လမ်းအလယ်တွင်ရပ်၍ ပိတ်ဆို့ထားလိုက်၏။

ဘုရင့်သိုင်းသမားတစ်ဦးက အော်လိုက်၏။

"တို့ သူ့ကိုအရေးမစိုက်နဲ့ .... ဟို ထွက်ပြေးတဲ့ကောက်နောက်ကိုပဲ လိုက်ကြရအောင် .... "

တကယ်တော့ သူတို့အားလုံးမှာ လန့်ဖျပ်နေကြလေပြီ။ ဤတစ်ပွဲတွင် သူတို့က ဖုန်ကွမ်ချောင်တို့သားအဖနှစ်ဦးကို သတ်ဖြတ်နိုင်ခဲ့သော်လည်း မိမိတို့ဘက်မှ ဘုရင့်သိုင်းသမားများမှာ တစ်ဝက်ခန့် ကျဆုံးခဲ့၏။ လှေပိုင်ရှင်းလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားလေပြီ။ အခုလက်ရှိတွင် ထန်ရှောင်လန်းတို့နောက်သို့ လိုက်သွားသော သုံးလေးဦးကလွဲရင် ဟိုရှင်အပါအဝင် နောက်ထပ်ငါးဦးသာ ကျန်တော့၏။

ဟိုရှင်မှာ ကြောက်လန့်လျက်ရှိသော်လည်း ချူချင်းကို သေချာအကဲခတ်ကြည့်ရှုလိုက်၏။ ထိုအခါ ချူချင်း၏ကိုယ်မှာ အနည်းငယ်ယိမ်းယိုင်လျက်ရှိနေသည်ကို တွေ့ရသည်။ ထိုအခါ သူ သိရှိသွား၏။ ချူချင်းမှာ နောက်ဆုံး အားကုန်သောအဆင့်သို့ ရောက်နေ၏။ ဒီတစ်ခါ

တော့ သူ့ကို ကောင်းစွာဖမ်းဆီးနိုင်ပေမည်။

ထိုဘုရင့်သိုင်းသမားများမှာ စတုတ္ထမင်းသား၏အသေခံသိုင်းသမားများ ဖြစ်ကြ၏။ အခု ဟိုရှင်က သူတို့ကို အသုံးမကျတဲ့ကောင်တွေဟု ဆဲဆိုလိုက်သောအခါ သူတို့က ဒေါသထွက်သွား၏။ ထို့ကြောင့် သူတို့က ဘာမှလှုပ်ရှားခြင်းမရှိတော့ဘဲ လက်ပိုက်ကြည့်နေလိုက်၏။

ဟိုရှင်မှာ တောင်ဝှေးကိုဆွဲ၍ ချူချင်းကို ခုန်အုပ်လိုက်လေသည်။

ထိုအခါ ချူချင်းမှာ လက်နှစ်ဖက်စလုံးကို ရမ်းလိုက်ရာ ဟိုရှင်မှာ မျက်စိရှေ့တွင် အရောင်တလက်လက် ဖြစ်ပေါ်လာသည်ကို တွေ့ရသဖြင့် တောင်ဝှေးကို ကမန်းကတန်း မွှတ်နေအောင် လှည့်ရမ်းလိုက်လေသည်။ ထိုအခါ 'တန်း' 'တန်း' အသံများ အဆက်မပြတ်ထွက်ပေါ်လာသည်။

ထိုစဉ် သူ၏ ဘက်ဘက်မျက်လုံးမှာ အပ်ပုံ့ထိသွားလေ၏။

တကယ်တော့ ချူချင်းမှာ မိမိ၏ဒဏ်ရာဟောင်းမှ အဆိပ်ပြန်တက်လာမှန်းသိ၍ နောက်ဆုံး အသက်စွန့်ကာ ရှိသမျှ အပ်ပုံ့လေးများကိုထုတ်၍ ပစ်လွှတ်လိုက်ခြင်း ဖြစ်လေသည်။

ဟိုရှင်မှာ ဘယ်ဘက်မျက်လုံး ကန်းသွားသဖြင့် အလွန်ပင်ဒေါသထွက်၍ တောင်ဝှေးကိုမြှောက်ကာ လူရော တောင်ဝှေးပါ ချူချင်းထံသို့ ခုန်အုပ်လိုက်၏။ ချူချင်းမှာလည်း နောက်ဆုံးရှိသမျှ အားထုတ်၍ တောင်ဝှေးကို ဆွဲဖမ်းလိုက်၏။ နှစ်ယောက်စလုံး တစ်ပြိုင်နက် အတွင်းအားထုတ်၍ တောင်ဝှေးကို ဆွဲလုလိုက်ရာ တောင်ဝှေးမှာ မခံနိုင်တော့ဘဲ အလယ်မှ ကျိုးပြတ်သွားလေတော့သည်။

ထိုအခါ ဟိုရှင်က မိမိလက်တွင်ရှိသော တောင်ဝှေးအကျိုးဖြင့်



ရုတ်တရက် ချူချင်း၏ ရင်ဝကို ပစ်ပေါက်လိုက်၏။ ချူချင်းကလည်း ရုတ်တရက် ခြေထောက်ဖြင့် ဟိုရှင် ရင်ဝကို ကန်လိုက်၏။ 'ဝုန်း'ခနဲ ဟိုရှင်မှာအဝေးသို့လွင့်ထွက်သွားပြီး ချူချင်းလည်း ရင်တွင် တောင်ဝှေး ထိုးစိုက်မိ၍ အသက်ထွက်သွားလေတော့သည်။

ဟိုရှင်မှာ ရင်ဝတစ်ခုလုံး အလွန်အမင်းနာကျင်၍ သွေးများဆက်တိုက် အန်ထွက်လာ၏။ သူသည် ကမန်းကတန်း အတွင်းအားဖြင့် သွေးများကို မအန်အောင် ထိန်းထားလိုက်ရ၏။ သူ၏ဒဏ်ရာမှာ လွန်စွာပြင်းထန်သည်။

ထိုစဉ် ဘေးဘက်မှ ဘုရင့်သိုင်းသမား တစ်ဦးက အော်ပြော၏။

"ချီးကျူးပါတယ် .... ချီးကျူးပါတယ် .... ဆရာ ဟိုရှင်က တရားခံပြေးကို သေအောင်တိုက်ခိုက်နိုင်ခဲ့တယ် .... "

ဟိုရှင်က ဒေါသဖြင့် ....

"ဟင် .... မင်းတို့ အသုံးမကျတဲ့ကောင်တွေ .... ရန်သူ သေတော့မှ ရှေ့တက်ရဲတော့တယ် .... "

ဘုရင့်သိုင်းသမားများမှာ အသံမထွက်ဘဲ ငြိမ်နေကြ၏။ အတန်ကြာတော့မှ တစ်ယောက်က ခပ်တိုးတိုးပြောသည်။

"ဟုတ်ပါတယ် .... ကျွန်တော်တို့ အသုံးမကျပါဘူး၊ ကျွန်တော်တို့တော့ ပြန်တော့မယ် .... ဆရာဟိုရှင်ပဲ ဒီချူချင်းရဲ့ ခေါင်းကို ဖြတ်ပြီး မင်းသားကို သွားပေးလိုက်ပေါ့ .... "

ပြောရင်း ငါးယောက်သား လှည့်ထွက်ရန် ဟန်ပြင်လိုက်ကြသည်။

ဟိုရှင်မှာ ဒဏ်ရာပြင်းထန်စွာ ရရှိနေ၏။

အကယ်၍ ဘေးနားမှာ စောင့်ရှောက်မည့်သူ မရှိလျှင် သူသေဆုံးရပေမည်။

ထို့ကြောင့် သူက ဘုရင့်ကိုင်းသားများ၏လေသံကို ကြားရသောအခါ လန့်ဖျပ်သွားပြီး ချက်ချင်းမျက်နှာချို သွေးလိုက်ရတော့သည်။

"အခု ဒီတရားခံပြေးကို အသေဖမ်းမိလိုက်တာဟာ အားလုံးရဲ့ ကြိုးစားအားထုတ်မှုကြောင့်ပဲ .... တို့အားလုံး အကျိုးခံစားရမှာပေါ့။ အားလုံး မင်းသားလေးကို သွားတွေ့ကြရမှာပေါ့ .... "

ထိုအခါကျမှ ဘုရင့်သိုင်းသမား စိတ်လျှော့လိုက်ကြသည်။ လွှေဟိုင်ရင်းကို ဆွဲထူပေးကြသည်။

ထိုအချိန်မှစ၍ ဟိုရှင်နှင့် ဘုရင့်သိုင်းသမားများသည် တစ်ဦးနှင့်တစ်ဦး ငြိုးသွားကြတော့သည်။

လွှေဟိုင်ရင်က သတိပြန်ရလာသောအခါ ....

"ဟို နဂါးဓားကို ကိုင်တဲ့လူငယ်ကော .... "

ဘေးဘက်ရှိ ဘုရင့်သိုင်းသမားက ဖြေလိုက်၏။

"ကျွန်တော်တို့ဘက်က လူသုံးလေးယောက် လိုက်သွားပြီ .... သူလည်း ပြေးလို့လွယ်မှာ မဟုတ်ပါဘူး .... "

လွှေဟိုင်ရင်းက 'ဟင်' ခနဲ ....

"သူတို့က သူ့ကို လိုက်ဖမ်းလို့ရမှာ မဟုတ်ပါဘူး .... "

သိုင်းသမားတစ်ဦးက ....

"သူက ဝမ်လင်နဲ့အတူ ထွက်ပြေးသွားတာပဲ .... "

လွှေဟိုင်ရင်း၏ အမူအရာမှာ သက်သာသွားပြီး ခေါင်းညိတ်၍ ....



"ဪ .... ဒီလိုဆိုရင် မျှော်လင့်ချက်ရှိသေးတယ် .... မင်းတို့လူနှစ်ယောက်ခွဲပြီး နောက်ရောက်လာမဲ့ ဘုရင့်သိုင်းသမားတွေကို အကြောင်းကြားလိုက် .... လမ်းခွဲပြီး ပိတ်ဆို့ပါလို့ .... "

တကယ်တော့ မန်ချူးဘုရင်ကြီး ခန်းရှီးတွင် သားတော် ဆယ့်ခြောက်ယောက်နှင့် သမီးတော် ခုနစ်ယောက်ရှိ၏။ ထိုသားတော်ထဲတွင် ဘုရင်ကြီးသည် ဆယ့်လေးယောက်မြောက်သားတော်ကို အချစ်ဆုံးဖြစ်သည်။

စတုတ္ထသားတော်မှာ အကြံအကြီးဆုံးနှင့် အကောက်ကျစ်ဆုံးသားတော်ဖြစ်၏။ သူက ဖခင်ဘုရင်ကြီးမှာ ဆယ့်လေးယောက်မြောက်ညီကို အလိုလိုက်မှန်းသိ၍ ဖခင်ကြီးက သူ့ကို ချစ်လာအောင် အဘက်ဘက်မှ ကြိုးစား၏။ တစ်နေ့ကျလျှင် ထီးနန်းကို လုယူရန်အတွက်လည်း တပည့်တပန်းများကို မွေးထားသေးသည်။

ယခုတစ်ကြိမ် သူက ပါးကွက်သားများကို လွှတ်၍ ချူချင်းကို လိုက်ဖမ်းဆီးခြင်းမှာ ရည်ရွယ်ချက်နှစ်ခုရှိ၏။ တစ်ခုမှာ ဘုရင်ကြီးခန်းရှီးသည် မိမိနန်းတွင်း၌ သစ္စာဖောက်ထွက်ခဲ့သည်ကို သိရှိရ၍ အလွန်အမင်း ဒေါသထွက်ခဲ့၏။ အကယ်၍ ဤသတင်းသာ ပေါက်ကြားသွားခဲ့လျှင် မည်မျှရှက်စရာကောင်းမည်နည်း။ မိမိ၏ ကိုယ်ရံတော်ကတောင် မိမိကို သစ္စာဖောက်ခဲ့သေး၏။ ထို့ကြောင့် ဘုရင်ကြီးက ချူချင်းကို မမိ,မိအောင် ဖမ်းဆီးချင်၏။ သူ့ကို အရှင်ဖမ်းဆီးမိပြီးနောက် နန်းတွင်းသိုင်းသမားအားလုံးရှေ့တွင် ချူချင်းကို ရက်ရက်စက်စက် သတ်ပြမည်။ သို့မှသာ နောက်တွင် ဘယ်သူမှ သူ့ကိုက သစ္စာမဖောက်ရဲတော့မည် မဟုတ်ချေ။

စတုတ္ထမင်းသား ကွမ်ကျင်းမှာ သူ့ခမည်းတော် ဘုရင်ကြီး၏

စိတ်ကို အလွန်သိရှိနားလည်သဖြင့် သူက သူမွေးထားသော လူယုံတော် သိုင်းသမားများကိုလွှတ်၍ အကြီးအကျယ် လိုက်လံဖမ်းဆီးလေတော့သည်။ သူသည် ဖခင်ကြီးရှေ့တွင် မိမိ၏အစွမ်းအစကို ထုတ်ဖော်ပြချင်သည်ကတစ်ကြောင်း၊ တခြားမင်းသားများကို ချိုးနှိမ်ချင်သည်ကတစ်ကြောင်း ထိုသို့ပြုလုပ်ခြင်းဖြစ်တော့သည်။ နောက် ရည်ရွယ်ချက်တစ်ခုမှာ ကွမ်ကျင်းမှာ အလွန်အကြံကြီးသူဖြစ်၍ သူက ထီးမွေကို ရရှိထားရေးအတွက် အားသွန်ကြိုးစားနေခြင်းဖြစ်သည်။ တစ်ဘက်တွင် မူးမတ်၊ မင်းညီ မင်းသားများကို သိမ်းသွင်းစည်းရုံးပြီး တစ်ဘက်တွင်လည်း ဖခင်ကြီးကို မျက်နှာချိုသွေး၍ အကြိုက်လိုက်လုပ်ပေးနေခြင်းဖြစ်သည်။

အကယ်၍ လိုအပ်လာလျှင် သူက ထီးနန်းသိမ်းပိုက်မည်ဖြစ်သည်။ မင်းသားများထဲတွင် သူ၏သိုင်းပညာမှာ အတော်ဆုံးဖြစ်ရုံမက တပည့်တပန်းလည်း လက်သပ်မွေးထားသောကြောင့် သိုင်းသမားများမှာ မနည်းချေ။ သို့သော် သူ့တွင် ဓားကောင်းတစ်လက်လိုနေသေး၏။ ထင်းဆန်းဂိုဏ်း၏ နဂါးဓားမှာ အလွန်ထက်ကြောင်း လူတိုင်းသိ၏။

ထို့ကြောင့် သူက နဂါးနိုင်ဓားကို မိမိကိုယ်ပိုင်အဖြစ် ရယူချင်၏။ လွှေဟိုင်ရင်းမှာ စတုတ္ထမင်းသား ကွမ်ကျင်း၏ကိုယ်ရံတော်လေးယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်၍ သူလည်း မင်းသား၏စိတ်ကို သိသည်။

သူသိ၏။ ချူချင်းကို အသေဖမ်းမိခဲ့၍ ခေါင်းဖြတ်ကာ ဘုရင်ကြီးကို ပြသနိုင်ခဲ့လျှင်လည်း ဘုရင်ကြီးမှာ ကျေနပ်မည်မဟုတ်။ ထို့ကြောင့် မင်းသားကွမ်ကျင်း၏ ပထမရည်ရွယ်ချက်မှာ တစ်ဝက်သာ အောင်မြင်သည်ဟု ဆိုနိုင်သည်။ ဒုတိယရည်ရွယ်ချက်ဖြစ်သော နဂါးနိုင်



ဓားကို လုယူရရှိရေးမှာလည်း ခုထက်ထိမအောင်မြင်သေး။ ထို့ကြောင့် လွှေဟိုင်ရင်းမှာ မျက်နှာသိပ်မရွှင်ချေ။

ဟိုရွှင်မှာလည်း သူ၏လက်သုံးတော်လက်နက် တောင်ဝှေးကျိုးခဲ့ရုံမက မျက်လုံးလည်းတစ်ဖက်ကန်းသွားခဲ့ရ၏။ အတွင်းဒဏ်လည်း ပြင်းထန်စွာရခဲ့၏။ သူ ဤမျှအနစ်နာခံရသည့်တိုင် လွှေဟိုင်ရင်းနှင့် ဘုရင့်သိုင်းသမားများက မကျေနပ်သေးချေ။ သူတို့အား လုံးဝချီးမွမ်းခြင်းမရှိခဲ့။ ထို့ကြောင့် သူတို့ကလည်း မကျေမနပ်ဖြစ်ခဲ့ရသည်။

ထိုအချိန်တွင် ထန်ရှောင်လန်းတို့မှာ ခြေကုန်သုတ်ထွက်ပြေးလျက်ရှိနေ၏။ သူတို့နောက်ဘက်မှ ဘုရင့်သိုင်းသမားလေးယောက်က လိုက်နေ၏။

ထန်ရှောင်လန်းမှာ ချူချင်း၏ သတိပေးမှုကြောင့် လက်ထဲတွင် အပ်ပုံးလျှို့ဝှက်လက်နက်တစ်ဆုပ်ခန့် ကိုင်ထားသဖြင့် နောက်မှကပ်၍ လိုက်နေသေး၏။

ထန်ရှောင်လန်းက ကိုဝမ်လင်အား ပြောလိုက်သည်။

"အစ်ကိုကြီး .... အစ်ကိုကြီးက အစ်မကို စောင့်ရှောက်ပြီး ရှေ့ကို အရင်သွားနှင့် .... ကျွန်တော်တို့က နောက်ကကောင်တွေကို အရင်ရှင်းပစ်လိုက်မယ် .... "

ကိုဝမ်လင်မှာ အလွန်သဘောကျသွားသည်။

"ကောင်းပြီ .... လာ စွမ်လင့်ရှာ .... တို့ အရင်သွားကြစို့"

သို့သော် စွမ်လင့်ရှာက မသွားဘဲ ....

"အခက်အခဲရှိရင် အားလုံးရင်ဆိုင်ရမှာပေါ့ .... ကဲ .... ကိုဝမ်လင် .... ကျွန်မရဲ့သမီးလေးကို ခဏရှီပေးပါ .... ကျွန်မ သူ့ကို ကူညီမယ် .... "

သူ ထန်ရှောင်လန်း ကူညီရန်အသင့်ဖြစ်သည်။

ကိုဝမ်လင်မှာ အတော်လေးရှက်သွား၏။

သူက ကလေးကို လက်ခံရကောင်းနိုး .... လက်မခံရကောင်းနိုးနှင့် အခက်တွေ့နေစဉ် .... ရုတ်တရက် ထန်ရှောင်လန်းကအော်၍ ....

"ကဲ .... သေပေတော့ .... "

လက်နှစ်ဖက်စလုံးရမ်းလိုက်ရာ အပ်ချောင်းများက ပျံထွက်သွားလေသည်။ ထိုအခါ လေးယောက်ထဲမှ နှစ်ယောက်မှာ လဲကျသွား၏။

ကျန်နှစ်ယောက်မှာလည်း ဒဏ်ရာရသွားဟန်တူ၏။ သူတို့ခြေလှမ်းမှာ နှေးကွေးသွားသည်။

ထန်ရှောင်လန်းက ချက်ချင်း ဓားကိုဆွဲထုတ်၍ 'ချက် .... ချက် ချက် .... 'တစ်ဆက်တည်း သုံးချက် ဆက်တိုက်ထိုးလိုက်၏။ ထိုဘုရင့်သိုင်းသမားများ သွေးရူးသွေးတန်းနှင့် ရှောင်တိမ်းလိုက်ရ၏။

ထိုအခါကျမှ ကိုဝမ်လင်က သူ့ရဲ့လုံ့ကိုဆွဲ၍ ပြောသည်။

"ညီလေး .... ငါ မင်းကို ဝိုင်းကူပေးမယ် .... "

သို့သော် ....

သူမထွက်သေးခင် ထိုဘုရင့်သိုင်းသမားနှစ်ယောက်မှာ ထန်ရှောင်လန်း၏ လက်ချက်ဖြင့် လဲကျ၍သွားလေပြီ။

ကိုဝမ်လင်က ချီးကျူးသော လေသံဖြင့် ....

"တကယ်ကောင်းတဲ့ ဓားသိုင်းကွက်ပါလား .... "

ပြောရင်း သူက မျက်လုံးကို ဝေ့လှည့်ကာ တစ်စုံတစ်ခုကို စဉ်းစားလိုက်ဟန်တူ၏။



ထန်ရှောင်လန်းမှာ ရန်သူများအားလုံးကို ရှင်းလင်းပြီးသောအခါ သူက ခေါင်းလှည့်၍ ကြည့်လိုက်၏။ စွမ်လင့်ရှာမှာ အကြီးမဖုန်ရင်းကိုဖက်၍ တရှုံ့ရှုံ့ ငိုလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

❀ ✿ ❀

အခန်း(၅)

## ရန်သူတော်ပေါင်း

ဖုန်ရင်းမှာ သူမအမေရင်ခွင်ထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိနေ၏။

စွမ်လင့်ရှာက ရှိုက်လျက်ရှိနေသေး၏။

ဝမ်လင်က ....

"ညီမလေး .... ကိစ္စက ဒီလိုဖြစ်လာတဲ့နောက်တော့ တရားနဲ့ပဲ ဖြေရတော့မှာပေါ့ .... ဒီလောက်လည်း စိတ်မထိခိုက်ပါနဲ့ .... တို့အခု အရေးအကြီးဆုံးက လွတ်အောင်ထွက်ပြေးဖို့ပဲ .... "

စွမ်လင့်ရှာမှာ ဖုန်ရင်း၏မျက်နှာကိုကြည့်ရင်း မျက်ရည်စက်လက်ဖြင့် ပြောသည်။

"သနားစရာကောင်းတဲ့ ကလေးမလေးတွေပဲ .... တစ်နှစ်အရွယ်ပဲရှိသေးတယ် .... အဖေနဲ့ မတွေ့နိုင်တော့ဘူး .... သူ့ညီမလေးနဲ့ဘယ်တော့မှ တွေ့နိုင်တော့မလဲ မသိတော့ပါဘူး .... "

ထန်ရှောင်လန်းက ....



"ဘကြီးတုန်ဝမ်ထန်က သိုင်းပညာ သိပ်တော်တာပဲဆိုတော့ ဖုန်ရင်းအတွက် စိတ်ပူစရာမလိုပါဘူး .... နောက်ပြီး သူကိုယ်တိုင်က ဖုန်ရင်းကို တပည့်အဖြစ် လက်ခံမယ်လို့ ပြောထားသေးတာပဲ .... အစ်မ စိတ်ဆင်းရဲမနေပါနဲ့တော့ .... "

စွမ်လင့်ရှာမှာ ယခုလို အဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရသဖြင့် ဘာမှမလုပ်တတ်တော့ချေ။

သူက ဆွေးမြေ့စွာနှင့် ....

"ကျွန်မတို့ အခု ဘယ်သွားကြမလဲ .... "

ကိုဝမ်လင်က ....

"တို့ရဲ့ရန်ကြွေးကို တို့ မသေမချင်း ပြန်ချေဆပ်လို့ရပါသေးတယ် .... အခုလောလောဆယ်တော့ မင်း ငါနဲ့ နေပြည်တော်ကိုလိုက်ခဲ့ပေါ့ .... နေပြည်တော်မှာ ငါ့အသိတွေများတယ် .... နောက်ပြီး နေပြည်တော်မှာ ဘုရင့်သိုင်းသမားတွေကလည်း တို့ကိုမှ မသိကြတာ၊ ဟိုရောက်ရင် မင်းနဲ့ မင်းသမီးလေးအတွက် ငါ နေရာကောင်းကောင်း စီစဉ်ပေးမှာပါ .... ငါက နေပြည်တော်က အာမခံဌာနက လူပဲ .... "

ထန်ရှောင်လန်းမှာ နားထောင်ရင်း အတွေးနက်နေ၏။ အတန်ကြာတော့မှ သူက ခေါင်းမော့၍ ....

"အစ်မ .... ကျွန်တော်တို့ အကောင်းဆုံးက ထိုက်ဟန်တောင်ကိုပဲ သွားကြရင်ကောင်းလိမ့်မယ် ထင်တယ် .... "

စွမ်လင့်ရှာက ....

"ဘာ .... ထိုက်ဟန်တောင်ကို .... "

ထန်ရှောင်လန်းက ....

"ဟုတ်တယ် .... ဆရာချူချင်းနဲ့ ဆရာကြီးတို့ နေ့လယ်က

စကားပြောတုန်းက ကျွန်တော် ကြားလိုက်တယ် .... အနယ်နယ်အရပ်ရပ်က သိုင်းသမားတွေ (၅)နှစ်တစ်ကြိမ် ထိုက်ဟန်တောင်မှာ စုဝေးနေကြတယ် .... ဒီနှစ် (၈)လ၊ (၁၅)ရက်က စုဝေးတဲ့ရက်တဲ့၊ ထိုက်ဟန်တောင်မှာပဲ .... "

ကိုဝမ်လင်က မလိုတမာပြောသည်။

"သူတို့သိုင်းသမားတွေ ထိုက်ဟန်တောင်မှာ စုဝေးကြတာ ငါတို့နဲ့ ဘာဆိုင်လို့လဲ .... ငါတို့နဲ့ အနေသာချည်းပါ .... "

ထန်ရှောင်လန်းက ....

"ကျွန်တော်က အသက်ငယ်လို့ အတွေ့အကြုံမရှိပေမဲ့ ဒီတစ်ခါ လှုပ်ရှားကြတာ ဒီတစ်ဖွဲ့တည်းရှိတာ မဟုတ်ဘူး .... နောက်အဖွဲ့တွေ ရှိဦးမယ်ဆိုတာတော့ ကျွန်တော် ပြောရဲတယ် .... ဒီကနေ နေပြည်တော်ကို သွားလို့ရှိရင် ခရီးလည်းဝေးတယ် .... အန္တရာယ်လည်းများတယ်၊ ဒါပေမဲ့ ဒီကနေ ထိုက်ဟန်တောင်ကို သွားရင်တော့ (၃-၄)ရက်ဆို ရောက်ပြီ .... လမ်းတစ်လျှောက်လုံးမှာလည်း ကျွန်တော်တို့ အမျိုးသားသိုင်းသမားတွေ တဖွဲဖွဲရှိနေကြမှာပဲ .... ဘုရင့်သိုင်းသမားတွေက ကျွန်တော်တို့ကို ဖမ်းချင်တာတောင် အနားမကပ်ရဲကြပါဘူး .... "

ကိုဝမ်လင်က ....

"ဟင် .... မင်းကိုကြည့်ရတာ သိုင်းလောက,က လူတွေနဲ့ အတော်များများသိနေသလိုပဲ .... သူတို့က ဘာကောင်မို့လို့ တို့ကို စောင့်ရှောက်နိုင်မှာလဲ .... "

ထန်ရှောင်လန်းက ဝမ်လင်၏စကားကို အရေးမစိုက်ဘဲ ဆက်၍ ....

"ကျွန်တော် သိတဲ့လူ မဟုတ်ပါဘူး ... ဒါပေမဲ့ သိုင်းလောက



မှာ အမျိုးသားသိုင်းသမားတွေက မတရားတာတွေ့ရင် ဆွေမျိုးရင်းချာ မဟုတ်လည်း ဓားဆွဲပြီး ကူညီတတ်ကြပါတယ် .... "

စွမ်လင့်ရှာက သူတို့နှစ်ယောက် ငြင်းခုံနေသည်ကို ကြည့်ပြီး မည်သို့ ဆုံးဖြတ်ရမည် မသိတော့ချေ။

ထိုစဉ် ကိုဝမ်လင်က ရုတ်တရက်မေးသည်။

"ညီလေး .... မင်းရဲ့ဓားသိုင်းကို ဘယ်သူသင်ပေးတာလဲ"

ထန်ရှောင်လန်းက လွှတ်ခနဲ ပြောလေ၏။

"ဆရာကြီး သင်ပေးတာပေါ့ .... "

ပြောပြီးမှ ရုတ်တရက် သံသယဝင်လာမိသည်။

ဝမ်လင်က ....

"မင်းရဲ့ဓားကို ငါ ခဏကြည့်လို့ရမလား .... "

ထန်ရှောင်လန်းက ဆရာချုပ်ချင်း၏ သတိပေးချက်ကို သတိရလာသည်။

မျက်နှာကို ဟန်မပျက်ပြုံးကာ ....

"ဒီဓားက ဆရာချုပ်ချင်း ကျွန်တော့်ကို ပေးထားတာ .... သူက ကျွန်တော့်ကို ဓားနဲ့ ကိုယ် ဘယ်တော့မှ မခွာရဘူးလို့ မှာထားတယ်၊ အစ်ကိုကြီး ကြည့်ချင်တာကို ကျွန်တော် ပေးကြည့်ချင်ပါတယ် .... ဒါပေမဲ့ ကျွန်တော် ဆရာချုပ်ချင်းရဲ့စကားကို အာမခံရဲဘူး .... "

ဝမ်လင်က 'ဟင်း'ခနဲ တစ်ချက်သက်ပြင်းချသည်။ သူက ဆက်မေးသည်။

"မင်းက ဘယ်နယ်ကလဲ .... "

ထန်ရှောင်လန်းက ....

"ကျွန်တော် ငယ်ငယ်ကတည်းက တစ်ကောင်ကြွက်ဖြစ်ခဲ့လို့

သိုင်းလောကမှာပဲ ကျက်စားနေတယ် .... ကိုယ့်ကိုယ်ကိုယ် ဘယ်နယ်ကမှန်းတောင် မသိတော့ဘူး .... ဆရာကလည်း ဘာမှမပြောခဲ့ဘူး"

ဝမ်လင်က စွမ်လင့်ရှာဘက်သို့လှည့်ပြီး ....

"ငါ ဆရာ့ဆီမှာ ဒီလောက်နှစ်ကြာအောင် သိုင်းပညာသင်ကြားခဲ့ပေမဲ့ ဆရာ့ဆွေမျိုးလို့ ဆိုတာကို တစ်ခါမှ မတွေ့ခဲ့ရဘူး .... အခု သူရောက်လာတာ တစ်နှစ်ပဲရှိသေးတယ် .... ဆရာက သူ့ကို ထိပ်တန်းဓားသိုင်းကွက်ကို သင်ပေးလိုက်တယ်တဲ့ .... ညီမလေးတို့ ငယ်ငယ်တည်းက တစ်ရွာကနေ ကြီးပြင်းလာကြတဲ့ လူတွေပဲ၊ တစ်ယောက်အကြောင်း တစ်ယောက်သိတယ် .... အခု သူက ရုတ်တရက် ဆရာဆီရောက်လာတော့ ဆရာက သူ့ကို ဒီလောက်တောင် အလေးပေးတယ်ဆိုတော့ သူဟာ ပေါ့သေးသေးလူ မဟုတ်နိုင်ဘူး .... ဒါပေမယ့် သူ ဆရာ့ဆီကို လာတာ တစ်နှစ်ပဲရှိသေးတယ် .... ဘုရင့်ပါးကွက်သားတွေက ဆရာတို့ကို ရန်ရှာလာတယ် .... သူက ဆရာ့ရဲ့အသက်ကို သေစေတဲ့ ပြိုဟ်ဆိုးကြီးပဲ .... "

ဝမ်လင်၏ စကားမှာ ထန်ရှောင်လန်းကို မယုံသင်္ကာသော အဓိပ္ပာယ်ပေါ်လွင်လျက်ရှိနေ၏။ ထို့ပြင် ဘုရင့်ပါးကွက်သားများမှာ ထန်ရှောင်လန်း ခေါ်လာခြင်းကြောင့် ရောက်လာခြင်းဖြစ်သည်ဟု သွယ်ဝိုက်၍ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ထန်ရှောင်လန်းက ထိုစကားကိုကြားရသောအခါ အကြီးအကျယ် ဒေါသထွက်ခဲ့၏။

သို့သော် အခုအချိန်တွင် အချင်းချင်း ခိုက်ရန်ဖြစ်ပွား၍ မသင့်ဟု သူသိ၏။

ထို့ကြောင့် သူက စွမ်လင့်ရှာ၏အမူအရာကို အကဲခတ်လိုက်



သည်။ အကယ်၍ စွမ်လင့်ရှာကလည်း သူ့ကိုမယုံသင်္ကာဖြစ်ခဲ့လျှင် သူက ဒီနေရာမှ ထွက်ခွာသွားပေတော့မည်။

စွမ်လင့်ရှာက အကြောင်းစုံသိ၏။

ဖုန်ကွမ်ရှောင်၏ အိမ်တွင် ထုန်ဝမ်ထန်နှင့် ထန်ရှောင်လန်း အကြောင်း ပြောစဉ်တုန်းက သူမဘေးတွင်ရှိနေ၏။ ထန်ရှောင်လန်းမှာ ချူချင်းကိုယ်တိုင် စာရေး၍ သူမ၏ ယောက္ခမကြီးထံတွင် ဓားသိုင်း ပညာသင်ရန် ပို့လိုက်ခြင်းဖြစ် ၏။

ထို့ကြောင့် သူမက ဝမ်လင်၏ မီးလောင်ရာလေပင့်သော စကားကို ကြားရသောအခါ မကျေနပ်ချေ။

ထို့ကြောင့် သူမက ....

"ထန်ရှောင်လန်း ပြောတာမှန်တယ် .... ကျွန်မတို့ အခု ထိုက်ဟန်တောင်ကို အရင်သွားကြမယ် .... "

ဝမ်လင်မှာ စွမ်လင့်ရှာ ထိုသို့ပြောလိမ့်မည်ဟု မမျှော်လင့်ခဲ့သောကြောင့် ကြောင်သွား၏။ စွမ်လင့်ရှာသည် ဖုန်ရှင်းကို လက်ညှိုးထိုးပြရင်း ....

"ကျွန်မတို့ သားအမိနှစ်ယောက်ဟာ ဝမ်လင်နဲ့ မောင်လေးတို့ နှစ်ယောက်ရဲ့ ကျေးဇူးကြောင့် အသက်ချမ်းသာရာရခဲ့တာပါ .... ကျွန်မ ဒီကျေးဇူးကို တစ်သက်လုံး မမေ့ပါဘူး .... အခုအချိန်မှာ ကျွန်မတို့သုံးယောက် စည်းစည်းရုံးရုံးနဲ့ နေကြရမှာပေါ့ .... "

ဝမ်လင်က စွမ်လင့်ရှာ၏လေသံကို ကြားရသောအခါ မိမိအပေါ် မယုံသင်္ကာဖြစ်လာမှန်းသိ၍ သူက ဆက်မပြောရဲတော့ချေ။

ထို့ကြောင့် သူက ....

"ညီမလေးတို့က ထိုက်ဟန်တောင်ကို သွားချင်တယ်ဆိုရင်

တော့ ငါလည်းလိုက်ရတာပေါ့ .... ”

ထိုက်ဟန်တောင်မှာ ဟိုပေနယ်၏ အနောက်မြောက်ဘက်၌ တည်ရှိ၏။

စွမ်လင့်ရှာက ရက်ကို တွက်ကြည့်လိုက်သောအခါတွင် ရှစ်လဆယ့်ခုနစ်ရက်နေ့လောက်မှ ဟိုကိုရောက်ပေမည်။ သိုင်းသမားများ ထိုက်ဟန်တောင်ပေါ်မှ ခွဲခွာကြဦးမည် မဟုတ်။

လမ်းတစ်လျှောက်လုံးတွင် ဝမ်လင်မှာ အမူအရာမတည်ငြိမ်ဘဲ ဖြစ်နေသည်ကို တွေ့ရ၏။ စွမ်လင့်ရှာမှာ ဝမ်လင်သည် ထန်ရှောင်လန်းနှင့် ငြင်းခုန်ခဲ့၍ စိတ်မရွှင်ဖြစ်နေသည်ဟု ထင်နေသည်။

နှစ်ရက်ခန့်ကြာသောအခါ သူတို့က လိုရန်မြို့ကို ရောက်လာ၏။

ထိုအခါ လမ်းတစ်လျှောက်လုံးတွင် မျိုးချစ်သိုင်းသမားများကို တွေ့ကြရတော့သည်။

ထန်ရှောင်လန်းမှာ တစ်ချိန်လုံး သတိနှင့် သွားလာ‌သည်။ သူတို့က တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်တည်းခိုစဉ် ဝမ်လင်က လူတစ်ဦးကို ခေါင်းညိတ်ပြသည်ကို တွေ့လိုက်ရ၏။ သူက မေးကြည့်သောအခါ ဝမ်လင်က ....

“ငါ့ရဲ့အသိတွေပါ .... အာမခံဌာနက လူတွေပါ .... ”

ထန်ရှောင်လန်းမှာ ထိုညတွင် မအိပ်ရဲချေ။ သူက သတိနှင့် မှေးနေ၏။

သို့သော် မည်သည့်ကိစ္စမှ မဖြစ်ပွားခဲ့ပေ။

တတိယနေ့တွင် သူတို့က မြို့လေးတစ်မြို့သို့ ရောက်ပြန်၏။ ထိုက်ဟန်တောင်နှင့် တဖြည်းဖြည်းနီးလာလေပြီ။



သူတို့က မြို့ထဲသို့ဝင်သောအချိန့်တွင် မြင်းလှည်းသုံးလေးစီးခန့်က မြို့ထဲမှ ထွက်လာကြသည်ကို တွေ့ရ၏။ သူတို့ကိုကြည့်နေသည်မှာ အရေးတကြီးဖြစ်နေကြသည်။ သူတို့မှာ သိုင်းလောကတွင် ကျက်စားသော သိုင်းသမားများ ဖြစ်ကြဟန်တူ၏။ ရှေ့ဆုံး၌ မြင်းဝါတစ်ကောင်ကိုစီး၍ လူတစ်ယောက်ပါ၏။ ထိုလူက ထန်ရှောင်လန်းတို့သုံးဦးအား တွေ့ရသောအခါ အံ့သြသောအမူအရာဖြင့် တစ်ချက်ကြည့်သည်။

ဘေးချင်းယှဉ်ဖြတ်သွားသောအခါတွင် သူက ရုတ်တရက်မေးလိုက်၏။

“မင်းတို့ ဘယ်သွားကြမှာလဲ .... ”

ဝမ်လင်က ဖြေသည်။

“ဖုန်ကျင်းမြို့မှာရှိတဲ့ ဆွေမျိုးအိမ်သွားမလို့ပါ .... ”

ထိုလူက ဝမ်လင်ကို စိုက်ကြည့်ပြီး ....

“ထိုက်ဟန်တောင်ကိုသွားတာ မဟုတ်ဘူးလား .... မင်းတို့ဦးတည်နေတာက ထိုက်ဟန်တောင်ပဲ .... ”

ဝမ်လင်က ကမန်းကတန်းနှင့် ....

“မဟုတ်ပါဘူး .... မဟုတ်ပါဘူး .... ”

ထိုလူက ဆက်မေးရန် ဟန်ပြင်နေစဉ်မှာပင် ဝမ်လင်သည် မြင်းကို အမြန်စီး၍ မြို့ထဲသို့ဝင်လိုက်လေ၏။ မြင်းလှည်းထဲမှ လူများကလည်း လောကဆော်ကြသည်။

“အစ်ကိုကြီး .... သိပ်မပြောနဲ့တော့ .... တို့ အချိန်လုပြီးသွားနေရတာ .... ”

ထိုလူမှာ ဆက်မပြောတော့ဘဲ မြင်းကို ဒုန်းစိုင်းထွက်သွားလေ

တော့သည်။

ထန်ရှောင်လန်းတို့ မြို့ထဲသို့ဝင်လာကြသောအခါတွင် .... ထန်ရှောင်လန်းက ဝမ်လင်ကို မေးလိုက်၏။

"အစ်ကိုကြီး .... ဟိုလူက ဘယ်သူလဲ .... "

ဝမ်လင်က ....

"သူက လူစီးနယ်က ထိပ်သီးသိုင်းသမား မုန်ကျက်ရွှန်ပဲ"

ထန်ရှောင်လန်းသည် ချူချင်းနှင့်နေစဉ်တုန်းက ချူချင်းက သူ့ကို သိုင်းလောကတွင်းရှိ နာမည်ကြီးသိုင်းသမားများအကြောင်း ပြောပြခဲ့ဖူး၍ သူက ဒီလူစီးနယ်မှ မုန်ကျက်ရွှန်နာမည်ကို ကြားဖူး၏။ ထိုမုန်ကျက်ရွှန်မှာ လူစီးနယ်ရှိ သိုင်းသမားများ၏ ခေါင်းဆောင်ဖြစ်လေသည်။

သူ့စိတ်ထဲတွင် အတော်လေး အံ့ဩသွား၏။ စိတ်ထဲတွင် ....

"အခုဆိုရင် ရှစ်လဆယ့်ငါးရက်ရှိနေပြီပဲ .... ထိုက်ဟန်တောင်မှာ အနယ်နယ်အရပ်ရပ်က မျိုးချစ်သိုင်းသမားတွေက အစည်းအဝေးလုပ်ကြမှာပဲ .... မုန်ကျက်ရွှန်လို ထိပ်သီးမျိုးက ဘာဖြစ်လို့ မသွားရတာလဲ .... ဘာဖြစ်လို့ ထိုက်ဟန်တောင်ဘက်ကနေ ပြန်လာရတာလဲ၊ နောက်ပြီး သူတို့ကိုကြည့်ရတာ သိပ်လောနေသလိုပဲ .... "

သို့နှင့် သူက ဝမ်လင်ကို ထပ်မေးလိုက်သည်။

"မုန်ကျက်ရွှန်က နာမည်ကြီးသိုင်းသမားတစ်ယောက်ပဲ .... အစ်ကိုကြီးက ဘာဖြစ်လို့ သူ့ကို အမှန်အတိုင်းမပြောဘဲ ညာလိုက်ရတာလဲ .... "

ဝမ်လင်က မျက်နှာတစ်ချက်ပျက်သွားပြီးမှ ချင်းချင်းပြန်တည်လိုက်ကာ ခနဲ့ပြုံးလေဖြင့် ပြုံးပြီးပြောသည်။



"ညီးလေး ...., မင်းက ငယ်သေးတယ်၊ ဒါကြောင့် သိုင်းလောကအတွေ့အကြုံမရင့်ဘူး .... လူစိတ်ဆိုတာ သိလို့ရတာ မဟုတ်ဘူး .... နောက်ပြီး တို့နှင့် မုန်ကျက်ရွှန်က ဘာမှသိကျွမ်းဖူးတာ မဟုတ်ဘူး၊ တို့က ဘယ်နှယ့်လို့ လူတွေ့တိုင်း ထိုက်ဟန်တောင်သွားမယ်လို့ ပြောနိုင်ပါ့မလဲ .... "

သူက ပြောရင်း စွမ်လင့်ရှာကို တစ်ချက်စောင်းကြည့်လိုက်၏။

စွမ်လင့်ရှာက ....

"အစ်ကိုဝမ်လင်ပြောတာမှန်တယ် .... တို့သိပ်သတိထားရမယ်၊ သတိဆိုတာ ပိုတယ်မရှိပါဘူး .... "

ထန်ရှောင်လန်းသည် ဝမ်လင်အပေါ် ပို၍ မယုံသင်္ကာဖြစ်လာမိ၏။

ထိုညတွင်လည်း သူက သတိကြီးစွာနှင့် အိပ်လေသည်။

သို့သော် မည်သည့်ကိစ္စမျှ မဖြစ်ခဲ့ချေ။

စတုတ္ထနေ့သို့ ရောက်သောအခါ သူတို့က မြို့လေးတစ်မြို့သို့ ရောက်ပြန်၏။

တဖြည်းဖြည်းနှင့် ထိုက်ဟန်တောင်သို့ နီးလာလေပြီ။ တစ်လမ်းလုံး ဝမ်လင်က သတိထားကြည့်လိုက်၏။ သိုင်းလောကမှ လူများအဆက်မပြတ် တွေ့နေရသည်။ ဝမ်လင်မှာ စိတ်ထဲတွင်ကျိတ်၍ ဝမ်းသာနေ၏။

ထန်ရှောင်လန်းလည်း ထိုအခြေအနေကို အကဲခတ်မိ၏။ ထိုအခြေအနေမှာမူ သိပ်မမှန်မှန်း သိလာသည်။ စွမ်လင့်ရှာမှာမူ သိုင်းလောကသို့ သွားလာဖူးခြင်းမရှိ၍ ဘာမှမသိချေ။

ထိုည သူတို့က တည်းခိုခန်းထဲသို့ ဝင်တည်းကြစဉ် ရုတ်တရက်

တစ်ဘက်ခန်းမှ ညည်းညူသံကို ကြားလိုက်ရ၏။ ထန်ရှောင်လန်းက တစ်ဘက်ခန်းသို့လျှောက်၍ အခန်းတွင်းသို့ ခေါင်းပြူကြည့်လိုက်မိသည်။

အခန်းထဲရှိ ခုတင်ပေါ်တွင် လူနာတစ်ဦး လဲနေပြီး ဘေးတွင် ယောကျ်ားနှစ်ဦးနှင့် မိန်းကလေးတစ်ဦးရှိ၏။ ထိုမိန်းကလေးမှာ အသက်ဆယ့်ငါးနှစ်ခန့်သာ ရှိဦးမည် ထင်ရ၏။ သူမက ထန်ရှောင်လန်း ခေါင်းပြူ၍ ကြည့်လိုက်သည်ကို တွေ့ရသောအခါ မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး နှုတ်ခမ်းမဲ့၍ ရန်တွေ့၏။

"ဟေ့ .... ဘာကြည့်တာလဲ .... "

ထိုအခါ ဘေးနားရှိ ယောကျ်ားနှစ်ဦးက ထ,လာပြီး အရိုအသေတစ်ချက်ပေးကာ ....

"ညီလေး .... ဝင်ပြီးထိုင်ဦးလေ .... "

ထန်ရှောင်လန်းသည် သူ့အား ဖိတ်ခေါ်နေသည်ကို တွေ့ရ၍ ဝင်သွားလိုက်သည်။

ခုတင်ပေါ်တွင် တကယ်ပင် လူနာတစ်ယောက်ရှိနေ၏။ စောင်တွင်လည်း သွေးများစွန်းလျက်ရှိနေသည်ကို တွေ့ရလေသည်။ ထန်ရှောင်လန်း ဝင်လာသောအခါတွင် ထိုခုတင်ပေါ်မှလူနာ ရုတ်တရက် ထ,ထိုင်လိုက်၏။

ထိုအခါကျမှ ထန်ရှောင်လန်းသည် သူ့ရဲ့မျက်နှာကို သေချာတွေ့လိုက်ရတော့သည်။ ထိုလူမှာ ပိန်လှီလှသော အဘိုးကြီးတစ်ဦးဖြစ်ပြီး မျက်နှာမှာ သွေးမရှိသို ထင်ရ၏။ သို့သော် သူ့မျက်လုံးကို ဖွင့်လိုက်သောအခါတွင် အရောင်တလက်လက်နှင့် အလွန်ရှုးရှလှ၏။

အဘိုးကြီးသည် ထန်ရှောင်လန်းအား အတန်ကြာကြည့်လိုက်ပြီးမှ ခေါင်းခါ၍ ....



"လူလေး .... မင်း ငါ့ကို မှန်မှန်ပြောစမ်း .... ထိုက်ဟန်တောင်ကို သွားမလို့လား .... "

ထန်ရှောင်လန်းက ထိုအဘိုးကြီး၏အကြောင်းကို လုံးဝမသိသဖြင့် တည့်တည့်မပြောဘဲ ပြန်မေးသည်။

"ဘကြီးတို့က ထိုက်ဟန်တောင်က လာကြတာလား .... "

ထိုအဘိုးကြီးက 'အင်း'ခနဲ ရုတ်တရက် လက်လှမ်း၍ထန်ရှောင်လန်း၏ပခုံးကို ဖိချလိုက်ရာ ထန်ရှောင်လန်းမှာ 'အားရီး' ဟု တစ်ချက်အော်၍ ကိုယ်မှာ အောက်သို့ငိုက်ကျသွားလေတော့သည်။

ထန်ရှောင်လန်းက ဒေါသထွက်၍ ပြန်အော်ရန်ဟန်ပြင်လိုက်၏။

အဘိုးကြီးက မိန်းကလေးဘက်သို့ကြည့်၍ ခေါင်းခါကာ ....

"သူက သိုင်းလောက,ကလူ မဟုတ်ဘူး .... "

ထန်ရှောင်လန်းမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်၍ ပြန်သွားသည်။ နောက်ဘက်၌ အဘိုးကြီး၏ရေရွတ်သံကို ကြားနေရသေး၏။

"ဒီကောင်လေး ထိုက်ဟန်တောင်ကိုသွားတာ မဟုတ်ပါစေနဲ့လို့ ငါ ဆုတောင်းပါတယ် .... သူလို ပညာနဲ့ ထိုက်ဟန်တောင်ကို သွားလို့ရှိရင် လူတစ်ရာရှိတောင် သေလို့လောက်မှာ မဟုတ်ဘူး"

ထန်ရှောင်လန်းသည် အခန်းထဲသို့ရောက်သောအခါတွင် ဒေါသထွက်ဆဲပင်။ သို့သော်က သူက အဘိုးကြီး၏ နောက်ဆုံးစကားကို ကြားရသောအခါတွင် သံသယစိတ်ဝင်လာသည်။ ထိုက်ဟန်တောင်ပေါ်တွင် တစ်ခုခုတော့ ဖြစ်နေလေပြီ။

ထိုညတွင် ထန်ရှောင်လန်း ပို၍ မအိပ်ရဲတော့ပေ။ သန်းခေါင်အချိန်သို့ ရောက်သောအခါ 'ဝုန်း'ခနဲ ကျယ်လောင်သော အသံတစ်ချက် ကြားလိုက်ရပြီး တည်းခိုခန်းတံခါးမကြီးမှာ ပြိုကျသွားလေတော့သည်။

ထန်ရှောင်လန်းက ချက်ချင်းထ,ခုန်လိုက်ပြီး အပြင်သို့ လှမ်းကြည့်လိုက်သည်။ ဆိုင်ထဲသို့ လူ(၁၀)ယောက်ကျော် ပြေးဝင်လာသည်ကို တွေ့ရ၏။

သူတို့သည် တည်းခိုခန်းသို့ ဝင်လာသည်နှင့် အခန်းတံခါးကို ဆောင့်ကန်၍ လူရှာကြလေတော့၏။

ထိုအခါတွင် ဘေးခန်းမှ တံခါးပွင့်လာပြီး .... အဘိုးကြီးကို မိန်းကလေးကတွဲ၍ လျှောက်ထွက်လာ၏။ အဘိုးကြီးကအော်၍ ....

"သံလက်ဝါး .... လေးဘုရင် ရန်ချုံချင်း ဒီမှာရှိပါတယ် .... တခြားမဆိုင်တဲ့လူတွေကို မနှောင့်ယှက်ပါနဲ့ .... "

ထိုလူအုပ်က အဘိုးကြီးကို တွေ့ရသောအခါ အော်၍ ဝိုင်းလာကြ၏။

ရုတ်တရက် ထူးဆန်းသောမြည်သံ ထွက်ပေါ်လာပြီး .... သံဘောလုံးသုံးလုံးသည် လျှပ်တစ်ပြက် အဘိုးကြီးဘက်သို့ ရောက်ရှိလာ၏။

ထန်ရှောင်လန်းသည် လွှတ်ခနဲ 'သွေးဦးထုပ်' ဟု အော်လိုက်မိလေသည်။

ထိုစဉ် သူ့ပခုံးကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်သည်ကို ခံစားလိုက်ရ၏။ ဝမ်လင်ဖြစ်နေသည်။ သူက ထန်ရှောင်လန်း၏ပခုံးကို ဖိထားလိုက်၏။



ထန်ရှောင်လန်းက အသံကိုနှိမ့်၍ မေးလိုက်၏။

"ဒါက ဘာလုပ်တာလဲ .... "

ဝမ်လင်က ....

"အရေးမလုပ်နဲ့ .... သူတို့ လူများတယ် .... တို့ကို သူတို့ မသိဘူး .... တို့ အသာလေးငြိမ်ငြိမ်နေလိုက်ပါ .... "

ထန်ရှောင်လန်းက 'အော်'ဟု တစ်ချက်အသံပြုလိုက်ပြီး ဝမ်လင်၏လက်ကို ပခုံးပေါ်မှ ပုတ်ချလိုက်သည်။ သူက အသာကလေး ငြိမ်၍ အခြေအနေကို ကြည့်လိုက်သည်။

ထိုစဉ် သွေးဦးထုပ်မှာ အဘိုးကြီး၏ခေါင်းနားသို့ ရောက်လာလေပြီ။

သို့သော် မည်ကဲ့သို့ လုပ်လိုက်သည်မသိ။ သွေးဦးထုပ်များသည် ပြန်၍ လည်ထွက်သွားလေ၏။

ထိုစဉ် မိန်းမပျိုလေးက လေးကိုင်းကြီးတစ်ခုကိုယူ၍ အဘိုးကြီးအား ပစ်ပေးလိုက်သည်။ လောက်စာလုံးများမှာပျားပိတုန်းကောင်အလား တဝှီဝှီနှင့် အဆက်မပြတ် ထွက်လာလေသည်။ ထိုလူအုပ်မှာ ရှုပ်ထွေးသွားကြပြီး အချို့ လဲကျသွားသည်။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်သည် မျောက်တစ်ကောင်အလား ခုန်ထွက်လာပြီး လက်နှစ်ဖက်စလုံး လက်အိတ်စွပ်ထား၏။ ခုန်ဆွ ခုန်ဆွနှင့် အဘိုးကြီး ပစ်လွှတ်လိုက်သော သံလောက်စာလုံးကလေးများကို ဖမ်းယူပြီး လက်ဖြင့် ပြန်ပစ်နေသည်။ အဘိုးကြီးက အော်၍ ....

"လေးဘုရင်ရဲ့ အစွမ်းတော့ပြပြီးပြီ .... အခု သံလက်ဝါးအစွမ်းကို ပြချင်သေးတယ် .... "

ရုတ်တရက် အဘိုးကြီးကို ခုန်အုပ်လိုက်သည်။ အဘိုးကြီးဘေးမှ ယောက်ျားနှစ်ယောက်က ဝင်၍တားလိုက်၏။ သို့သော် ထိုလူ၏လက်နှစ်ဖက်ကို ဘေးသို့တွန်းဖယ်လိုက်ရာထိုယောက်ျားနှစ်ယောက်စလုံး ဘေးသို့ ယိုင်ထွက်သွားလေတော့သည်။

ထိုစဉ် အဘိုးကြီးက လက်ဝါးစောင်းဖြင့် ရုတ်တရက် ခုန်လိုက်၏။

ထိုလူက လက်သီးနှစ်လုံး တစ်ပြိုင်နက်ထိုးကာ လက်ဝါးစောင်းကို ခုခံလိုက်၏။

သို့သော် ထိုအချိန်တွင် အဘိုးကြီး၏ ညာလက်ဝါးစောင်းက အောက်ဘက်မှဖြတ်၍ ထိုလူ၏ဓားကို ခုတ်လိုက်ရာ 'ဖတ်'ခနဲ အသံကျယ်တစ်ချက် ကြားလိုက်ရ၏။ ထိုလူမှာ နောက်သို့ သုံးလေးလှမ်းခန့် ယိုင်ထွက်သွား၏။

သို့သော် မလဲကျသွားချေ။

ကျန်လူများကိုအော်၍ ....

"သံလက်ဝါးကိုလည်း စမ်းပြီးပြီ .... အခု အားလုံးတက်ကြတော့ဟေ့ .... အဘိုးကြီးကို အရှင်ရအောင်ဖမ်းကြ .... "

ထန်ရှောင်လန်းမှာ ထိုတိုက်ပွဲကို တုန်လှုပ်စွာကြည့်နေလေသည်။

သူက အခုမှ အဘိုးကြီးကို သိတော့။ သံလက်ဝါးလေးဘုရင် ရန်ချုံရင်းမှာ မြောက်ပိုင်းသိုင်းလောကတွင် နာမည်အကြီးဆုံး သိုင်းသမားကြီး ဖြစ်လေသည်။ ချုချင်းက မိမိထက်တောင် တော်သေးသည်ဟု ချုချင်းကိုယ်တိုင် သူ့ကို ပြောပြဖူးသည်။

သို့သော် ယခု အဘယ့်ကြောင့် သူ ဒဏ်ရာရခဲ့သနည်း။ ထို့ပြင်



ယနေ့ည မျိုးချစ်သိုင်းသမားများ တိုက်ဟန်တောင်တွင် စုဝေး၍ အစည်းအဝေးကျင်းပမည့်ပွဲဖြစ်သည်။ သူက အဘယ့်ကြောင့် ဟိုမသွားဘဲ ဒီကိုရောက်နေရသနည်း။

သူ့လက်ဝါးစောင်းရိုက်ချက်ကို ခံလိုက်ရသော ထိုလူမှာ လဲမကျခဲ့သဖြင့် သူလည်း အတော်ပင် သိုင်းပညာမြင့်မားသည်မှာ သေချာ၏။

ထိုအချိန်တွင် တိုက်ပွဲမှာ ရှုပ်ထွေးလျက်ရှိနေ၏။ ရန်ချုံရင်းနှင့် တိုက်ခိုက်ခဲ့ဖူးသူက ရန်ချုံရင်းကို အဖော်များနှင့် ဝိုင်းဝန်းတိုက်ခိုက်လျက်ရှိနေ၏။

ရန်ချုံရင်းမှာ အတွင်းဒဏ်ရာ အတော်ပြင်းထန်စွာ ရထားခဲ့ဟန်တူ၏။

သူ့ခြေလှမ်းမှာ ရွေ့လျားခြင်းမရှိဘဲ မြေကြီးတွင်သာ ရပ်နေ၏။ သို့သော် သူ့လက်နှစ်ဖက်စလုံး တဟူးဟူးနှင့် လှိုင်းထရိုက် ခုတ်နေရာ သူ့အနားသို့ ရန်သူများ ကပ်မလာရဲကြချေ။

မိန်းမပျိုလေးမှာ ဓားတစ်ချောင်းဖြင့် အဘိုးကြီး၏ဘေးပတ်လည်၌သာ လှည့်ပတ်တိုက်ခိုက်ချက်ရှိနေ၏။ သူမ ဓားရေးမှာလည်း အတော်ပင်ကျွမ်းကျင်လှ၏။

အတန်ကြာသောအခါ ရန်ချုံရင်းက အော်၍ မေးလိုက်၏။

"မင်းက လက်ရှစ်ဘက်ဘီလူးရဲ့တပည့်လား .... "

"ခင်ဗျား ကျုပ်ဆရာရဲ့ လက်အောက်ကနေ ကံကောင်းလို့ လွတ်လာတာ .... အခုတော့ ကျုပ်နဲ့ ထပ်တိုးရပြန်ပြီ .... ခင်ဗျားရဲ့ သေနေ့စေ့ပြီ .... "

ရန်ချုံရင်းမှာ မျက်မှောင်ကုတ်လျက်ရှိနေ၏။ သူ၏သိုင်းပညာ

မှာ ထိုလူထက် မြင့်မားသော်လည်း အခုအချိန်တွင် သူက ခြေလှမ်းသိပ်မလှုပ်ရှမ်းနိုင်သောကြောင့် တပန်းရှုံး၍နေ၏။ သူက .... ထိုလူ၏နောက်ကိုလိုက်၍ တိုက်ခိုက်ခြင်း မပြုနိုင်ချေ။

သို့သော် သူက ဘယ်လက်ဝါးစောင်းဖြင့် ထိုလူအား ဟန်ပြ၍တစ်ချက်ခုတ်လိုက်ရာ ထိုလူက ဘေးသို့ခုန်ရှောင်လိုက်၏။ ထိုအချိန်တွင် ရန်ချုံရင်းက ရုတ်တရက် ရှေ့သို့တစ်လှမ်းတိုး၍ ညာလက်ဝါးစောင်းကို 'ဝူး'ခနဲ ခုတ်ထွက်လိုက်ရာ မိန်းမပျိုလေးကို ဝိုင်းဝန်းတိုက်ခိုက်နေသော ရန်သူတစ်ယောက်မှာ လွင့်ထွက်သွားပြီး ချက်ချင်းလဲကျသေဆုံးသွားသည်။

ထိုအချိန်တွင် ရန်ချုံရင်း ဘယ်ဘက်ပခုံးတွင် ထိုလူ၏လက်ဖြင့်ကုတ်ဆွဲခြင်းခံလိုက်ရ၏။ ပခုံးတစ်ခုလုံး သွေးဖြင့် နီရဲသွားသည်။ တော်သေး၏။

ထိုလူမှာ စောစောတုန်းက ရန်ချုံရင်း၏ လက်ဝါးစောင်းတစ်ချက် ရိုက်ခံလိုက်ရသောကြောင့် အတော်လေး အားယုတ်သွားသည်။ ဤသို့မဟုတ်ပါက ဤတစ်ချက်မှာ ရန်ချုံရင်း၏ပခုံးရိုးတောင် ကြေမွသွားနိုင်သည်။

မိန်းမပျိုလေးမှာ ထိုအချင်းအရာကို တွေ့ရသောအခါ အလန့်တကြားအော်လိုက်မိသည်။ သူမက သတိတစ်ချက်လွှန်သွားသဖြင့် ရန်သူတစ်ဦး၏ဓားမှာ သူမခေါင်းပေါ်သို့ ကျလာ၏။ သူမမှာ ရှောင်တိမ်းရန် အချိန်မမီတော့ချေ။ သူမနှင့်အတူ တိုက်ခိုက်နေသော ယောကျ်ားနှစ်ယောက်မှာလည်း ဝိုင်းရံထားခြင်းကိုခံရ၍ သူမကို လုံးဝမကူညီနိုင်ခဲ့ချေ။

ဓားမှာ ထိုမိန်းမပျို၏ခေါင်းသို့ ခုတ်ချလာတော့မည့်အချိန်တွင်



ရုတ်တရက် ထိုဓားကိုင်သောလူမှ 'အား'ဟု တစ်ချက်အော်လိုက်ပြီး ဓားလည်းလွတ်ကျသွားကြ၏။

အဘယ်ကြောင့်ဆိုသော် ထန်ရှောင်လန်းက တစ်ချိန်လုံး အကဲခတ်ကြည့်ရှုနေခဲ့ရာ နောက်ဆုံး ထိုအဘိုးကြီး ဒဏ်ရာရခဲ့ပြီး မိန်းမပျိုလေးမှာ ဓားချက်ဖြင့် သေဆုံးရတော့မည်ကို တွေ့ရသောအခါ လက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော အပ်ပျံကို ပစ်လွှတ်လိုက်တော့ကြောင်းတည်း။

အပ်ပျံမှာ ပေါ့ပါးပြီး ပစ်လွှတ်လိုက်သောအခါတွင် အပြင်းအထန်တိုက်ခိုက်နေသောကြောင့် ရုတ်တရက် သတိမထားနိုင်ကြချေ။ ထို့ကြောင့် ဘုရင့်ပါးကွက်သားများမှာ တချို့ ထိမှန်လဲကျသွားတော့၏။

ကျန်လူများက နောက်သို့ ရှဲခနဲ ခုန်ဆုတ်လိုက်ကြပြီး အော်၍
"ဘာကောင်လဲကွ .... ချောင်းပြီးပစ်တာလား .... "

ရန်ချုံရင်းနှင့် တိုက်ခိုက်နေသောလူမှာ ကျန်လူများထက် အများကြီး သိုင်းပညာတော်သဖြင့် သူ့နားမှာ အလွန်ပါး၏။ သူက လျှို့ဝှက်လက်နက်ပစ်လွှတ်လိုက်သောအသံကို ကြားလိုက်ရသဖြင့် ထန်ရှောင်လန်း၏ ပုန်း၍ပစ်လိုက်သောနေရာကို သိသွားသည်။

ထို့ကြောင့် သူက ရုတ်တရက် နောက်ပြန်ခုန်ထွက်လာပြီး ထန်ရှောင်လန်း ပုန်းနေသော တံခါးကွယ်သို့ ခုန်အုပ်လိုက်၏။ ဝမ်လင်မှာ ထိုအချင်းအရာကို တွေ့ရသောအခါ အခန်းထောင့်သို့ ဆုတ်သွား၏။ ထန်ရှောင်လန်းက ထိုလူခုန်အုပ်လာသည်ကို တွေ့ရသောအခါ နောက်ထပ်တစ်ဆုပ် ပစ်လွှတ်လိုက်ပြန်သည်။

ထိုလူက တဟားဟားရယ်၍ လက်တစ်ချက် ရမ်းလိုက်ရာ အပ်

ချောင်းများက ပြန်၍ကန်လာသည်။ ထန်ရှောင်လန်းမှာ ကမန်းကတန်း မြေကြီးသို့ ဝပ်ချလိုက်၏။ 'တင်း' 'တင်း'အသံများ အဆက်မပြတ် ကြားလိုက်ရသည်။

တစ်ဆက်တည်းမှာပင် ထိုလူ၏လက်ဝါးမှာ ထန်ရှောင်လန်း၏ ခေါင်းထက်သို့ ရောက်လာ၏။ ထန်ရှောင်လန်းမှာ ကြက်သီးများ ထသွားပြီး မြေကြီးတွင် ကိုယ်ကိုကပ်၍ လိမ့်ရှောင်ထွက်လိုက်ရသည်။

ထိုအချိန်တွင် အပြင်ဘက်မှ လူတစ်ယောက်၏အော်သံကို ကြားလိုက်ရသည်။

"မရှက်ဘူးလား၊ ကလေးတစ်ယောက်ကို အနိုင်ကျင့်ရသလား၊ လူကြီးက လူငယ်ကို အနိုင်မကျင့်ရဘူး .... "

နားထဲတွင် 'ဘုန်း .... ဘုန်း' အသံများကြားရပြီး လူများအော်သံလည်း အဆက်မပြတ်ကြားလိုက်ရ၏။ သို့သော် အသံများမှာ တိတ်ဆိတ်သွားပြန်၏။

ထန်ရှောင်လန်းမှာ မတ်တတ်ရပ်၍ ကြည့်လိုက်သည်။ အပြင်ဘက်မှ လူနှစ်ယောက် တိုးလာ၏။ တစ်ယောက်မှာ ပိန်ပိန်ရှည်ရှည်နှင့် နောက်တစ်ယောက်မှာ ပုပုပိန်ပိန်နှင့် အရပ်သုံးပေခန့်သာရှိ၏။

ထိုလူနှစ်ဦး လက်ခုပ်မပါဘဲ ရန်ချုံရင်းနှင့် တိုက်ခိုက်သောလူ ရှေ့တွင် ရပ်နေသည်။ မြေကြီးတွင် ဘုရင့်ပါးကွက်သားအားလုံး လဲလျောင်းလျက် ရှိနေ၏။

ထိုလူကအော်၍ ပြောသည်။

"မင်းတို့ ကွမ်တုံလေးဖော်လည်း ဒီအရှုပ်အရှင်းထဲ ပါကြတယ် ပေါ့ ဟုတ်လား .... ဒီလိုဆိုရင် မင်းတို့ရဲ့သေနေ့ ရောက်ပြီမှတ် .... "

ဂျပုကြီးက ရယ်၍ ....



"ငါတို့ ညီအစ်ကိုလေးယောက်က ဘယ်သူ့ကိုမှ မကြောက်ခဲ့ဘူးဆိုတာ မင်း သိသားပဲ တုန်ထိုက်ချင်း .... မင်းဆရာနဲ့ သူ့အဖော်တွေကို သွားခေါ်လိုက်စမ်းပါ .... မင်းနဲ့ ငါတို့နဲ့ မတန်ဘူး .... အရည်အချင်းချင်း မတူဘူး .... ငါတို့က တန်းတူမှ တိုက်ခိုက်ချင်တာ .... "

ထိုအခါကျမှ စောစောက ရန်ချုံရင်းနဲ့ တိုက်ခိုက်သောလူမှာ တုန်ထိုက်ချင်းဟုခေါ်မှန်း သိသွားသည်။ ထန်ရှောင်လန်းမှာ ဤနာမည်ကို တစ်ခါမှ မကြားဘူးပေ။ သို့သော် သူ့ရဲ့သိုင်းပညာမှာ ချူချင်းထက် မညံ့ချေ။

ယခု ဒီဂျပုနှင့် လောရှည်နှစ်ယောက်သည် သူ့ကို သူတို့နဲ့မတန် ဟု ပြောခဲ့၏။

ဤကဲ့သို့ဆိုပါက သူတို့နှစ်ဦး၏သိုင်းပညာသည် အလွန်မြင့်မားမည်မှာ သေချာ၏။ တုန်ထိုက်ချင်းက သူတို့နှစ်ဦးကို ကွမ်တုံလေးဖော်ဟု ခေါ်သံကြားလိုက်ရ၏။

ထို့ကြောင့် .... နောက်ထပ်နှစ်ဦး မရောက်ရှိသေးပေ။ နှစ်ဦး ရောက်လာရန် အကြောင်းရှိသည်။

တုန်ထိုက်ချင်းမှာ သူတို့နှစ်ဦး၏အော်သံကို ကြားရသော အခါ အလွန်အမင်းဒေါသထွက်၍ တစ်ကိုယ်လုံး တုန်ယင်လာ၏။ သို့သော် ထိုလူနှစ်ဦးအား အတော်ကြောက်ရွံ့ဟန်တူ၏။ ထို့ကြောင့် သူက အံကြိတ်၍ ဘာမှမပြောဘဲ ပြေးထွက်သွားလေတော့သည်။ တုန်ထိုက်ချင်းတို့ ရှုံးသွားလေပြီ။

ထိုအခါ ဂျပုကြီးက မြေကြီးတွင်လဲကျနေသော ဘုရင့်ပါးကွက်သားအားလုံးကို တစ်ယောက်ချင်းမ၍ အပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။

သိလက်ဝါးလေးဘုရင် ရန်ချုံရင်းမှာ ဒဏ်ရာရလျက်နှင့် ဆက်တိုက်ခိုက်နေသေးသဖြင့် ပခုံးတွင် နောက်ထပ် ဒဏ်ရာရလိုက်ပြန်ရာ သွေးမျက်နှာတစ်ခုလုံး ဖြူရော်လျက်ရှိနေပြီး ကိုယ်လုံးမှာ လဲကျလုမတတ် ဖြစ်နေပြီ။

သူက သက်ပြင်းသဲဖြင့် ....

"အစ်ကိုသုံး .... အစ်ကိုလေး .... ငါအသုံးမကျဘူး .... ငါ့အတွက်ကြောင့် မင်းတို့ ရန်သူတိုးသွားပြီ .... "

ဂျုပုကြီးက ရယ်၍ပြောသည်။

"ရန်ချုံရင်း .... မင်းနဲ့ တို့က မိတ်ဟောင်းတွေပဲ .... ဒီနေ့ တို့တစ်တွေ ပြန်တွေ့နိုင်တာ သိပ်ကံကောင်းပြီလို့ ဆိုရမယ် .... အစ်ကိုကြီးနဲ့ အစ်ကိုနှစ်တို့က သူတို့ကိုယ်စား ငါတို့ကို ပေးနိုင်းလိုက်သေးတယ် .... အခု သူတို့က ဖြေဆေးပေးလိုက်ပြီလို့ ပြောတယ်၊ တကယ်လို့ ဒီထိုက်ဟန်တောင် အစည်းအဝေးကြီးပြီးလို့ သူတို့ရဲ့အရိုး ထိုက်ဟန်တောင်ပေါ်မှာ မကျန်ခဲ့ရင်တော့ သူက မင်းဆီ လာလည်ဦးမယ်တဲ့"

ရန်ချုံရင်းက ....

"အစ်ကိုကြီးနဲ့ မင်းတို့အားလုံးရဲ့ စေတနာကို ကျေးဇူးတင်ပါတယ် .... ဒါပေမဲ့ မင်းတို့လည်း တကယ်သတိထားရမယ်နော်"

လောရှည်ကြီးက အရိုအသေတစ်ချက်ပေးလိုက်ပြီး ....

"ဟုတ်ပါတယ် .... ငါတို့ သတိထားမှာပါ .... မင်းတို့လည်း အမြန်ဆုံးသွားကြပါတော့ .... "

ထန်ရှောင်လန်းနှင့် ဝမ်လင်တို့က ငေး၍ကြည့်နေကြ၏။ ထိုစဉ် မိန်းမပျိုလေးက ထန်ရှောင်လန်းအား လက်တစ်ချက်ရမ်းပြပြီး နှုတ်ဆက်သည်။



"ဟော့ .... တို့ မင်းကို ကျေးဇူးတင်ပါတယ် .... "

ထို့ကြောင့် ရန်ချုံရင်းတို့လူသိုက်အားလုံး တည်းခိုခန်းမှ ထွက်ခွာသွားကြတော့သည်။

ထိုအခါကျမှ တည်းခိုခန်းအတွင်းရှိ အခန်းအသီးသီးမှ လူများက ခေါင်းပြူထွက်လာရဲကြတော့၏။ စွမ်လင့်ရှာက အတွင်းခန်းမှ အော်၍ ....

"အစ်ကိုဝမ်လင် .... မောင်လေး ထန်ရှောင်လန်း .... မြန်မြန်လာ .... "

ဝမ်လင်တို့က အတွင်းခန်းသို့ ဝင်သွားလိုက်သောအခါတွင် စွမ်လင့်ရှာက ဖုန့်ရင်းကိုချီ၍ ခုတင်ပေါ်၌ တုန်လှုပ်နေသည်။

ဝမ်လင်က ....

"ဘာဖြစ်လို့လဲ .... ဘာဖြစ်လို့လဲ .... "

စွမ်လင့်ရှာက စားပွဲမျက်နှာပြင်ကို ထိုးပြလိုက်ပြီး ....

"ဟိုမှာကြည့် .... "

စားပွဲပေါ်တွင် ဓားမြှောင်တစ်ချောင်း စိုက်နေသည်ကို တွေ့ရသည်။

ဓားမြှောင်ထိပ်တွင် စာရွက်တစ်ရွက်ပါ၏။

စာရွက်ပေါ်တွင် ....

"ပြန်လှည့်သွားပါ .... ထိုက်ဟန်တောင်ပေါ် မတက်ပါနဲ့"

ဟု ရေးသားထား၏။

ထန်ရှောင်လန်းက ....

"စာရေးပြီး ချထားခဲ့တဲ့လူက စေတနာနဲ့ပြောတာ ဖြစ်လိမ့်မယ် .... တကယ်လို့ သူကသာ ကျွန်တော်တို့ကို ဒုက္ခပေးချင်ရင်

ကျွန်တော်တို့ အခုအချိန်လောက်ဆို အသက်ရှိမှာတောင် မဟုတ်တော့ဘူး .... အစ်မ .... ဘာမှမကြောက်ပါနဲ့ .... "

စွမ်လင့်ရှာက ....

"ငါ့မှာ ယောကျာ်းသေသွားပြီပဲ .... ငါက ဘာများကြောက်စရာရှိသေးလို့လဲ .... ဒါပေမဲ့ ဒီကလေးအတွက် ငါ စိတ်ပူနေရတာပေါ့"

ဖုန်ရင်းမှာ အလွန်ပင် လိမ္မာလှသည်။ သူမမိခင်၏ ရင်ခွင်ထဲတွင် ငြိမ်သက်စွာနေရင်း .... ဝိုင်းစက်သော မျက်လုံးလေးဖြင့် အမေ့မျက်နှာကို ကြည့်နေ၏။

ထန်ရှောင်လန်းမှာ အတန်ကြာစဉ်းစားလိုက်ပြီး ပြောလေ၏။

"ဒီစာရွက်က စောစောကလူတွေ ချထားခဲ့တာ ဖြစ်လိမ့်မယ်၊ ကျွန်တော့်အနေနဲ့ ပြောရရင် ထိုက်ဟန်တောင်ပေါ်ကို မတက်နဲ့တော့"

ဝမ်လင်က ရုတ်တရက် အေးစက်သောလေသံဖြင့် ....

"ထိုက်ဟန်တောင်ပေါ်ကို တက်ဖို့ပြောတုန်းကလည်း မင်းပဲ၊ အခုတော့ တောင်ပေါ်မတက်ပြန်တော့ဘူး .... မင်းက အခုကိစ္စကို ကလေးကစားစရာများ မှတ်နေသလား .... "

ထန်ရှောင်လန်းသည် ခေါင်းကိုထိန်း၍ ....

"အစ်ကိုကြီး .... ဟိုဘက်ခန်းက အဘိုးကြီးက မြောက်ပိုင်းသိုင်းလောကမှာ နာမည်ကြီးသိုင်းဆရာကြီး သဲလက်ဝါးလေးဘုရင်ရန်ချုံရင်းတဲ့ .... "

ဝမ်လင်က မလိုတမာပြောသည်။

"သူက ရန်ချုံရင်းဖြစ်တော့ ဘာဖြစ်လဲ .... "

ထန်ရှောင်လန်းက ရှင်းပြလေ၏။

"မနေ့ည ရှစ်လဆယ့်ငါးရက်ဟာ မြောက်ပိုင်းမျိုးချစ်သိုင်းသမားတွေ ထိုက်ဟန်တောင်မှာ စုဝေးတဲ့နေ့ပဲ .... ရန်ချုံရင်းလိုလူမျိုး ခေါင်းဆောင်တစ်ယောက်လို ဖြစ်နေတဲ့လူက ဟိုကိုမသွားဘဲနဲ့ ဘာဖြစ်လို့ ဒီဘက်ကို ပြန်လှည့်လာရတာလဲ .... ဒီအတိုင်းဆိုရင် တောင်ပေါ်မှာ တစ်ခုခုဖြစ်နေပြီလို့ ပြောနိုင်တယ် .... "



ဝမ်လင်က မှုံမှုံရွှဲရွှဲဖြင့် ....

"ဒီစာရွက်က ရန်ချုံရင်း ချထားခဲ့တာလို့ မင်း ဘယ်လိုပြောနိုင်မလဲ .... မင်းက ဒီစာရွက်တွေ့တာနဲ့ ကြောက်နေပြီလား .... "

ထန်ရှောင်လန်းက ....

"စာရွက်က ရန်ချုံရင်း ချထားခဲ့တာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အတူတူပဲ .... နောက်ပြီး ဟိုနေ့တုန်းက တွေ့ခဲ့တဲ့ မုန်ကျက်ရွှန်လည်း ထိုက်ဟန်တောင်က ပြန်ပြေးလာတာပဲ .... ဒီကိစ္စနှစ်ခုကိုကြည့်ရင် တောင်ပေါ်မှာ တစ်ခုခုဖြစ်မှာ သေချာတယ် .... "

ဝမ်လင်သည် လက်နှစ်ဖက်ကိုပွတ်ရင်း ခနဲ့ပြုံးပြုံးလိုက်၏။

စွမ်လင့်ရှာက အမှုအရာကို သိပ်သဘောမကျချေ။ သူမက ဝမ်လင်အား ....

"အစ်ကိုဝမ်လင်က ဘာသဘောနဲ့ ရယ်နေတာလဲ .... "

ဝမ်လင်က ....

"ထန်ရှောင်လန်းက ဒီလောက်တောင် သတ္တိကြောင်နေတာ၊ ဒီလိုမှန်းသိရင် အစောကြီးကတည်းက ငါ့ရဲ့အကြံကို လက်ခံပြီး နေပြည်တော်ကို သွားရင်ပြီးတာပဲ .... အခုလို အလကားသတ်သတ်အပင်ပန်းခံပြီး ဒီလိုလာဖို့ မလိုဘူးပေါ့ .... "

စွမ်လင့်ရှာမှာ ဘာလုပ်ရမှန်းတောင် မသိတော့ဘဲ ဝမ်းနည်းစွာပြောသည်။

"ဘယ်နေရာသွားသွား ရန်သူတွေကြီးပဲဆိုတော့ တို့ ဘယ်လိုလုပ်ကြတော့မလဲ .... "

ထန်ရှောင်လန်းက ရုတ်တရက် သက်ပြင်းချလာ၏။ စိတ်ထဲတွင် တွေးလိုက်၏။

"တကယ်လို့သာ ထိုက်ဟာန်တောင်ပေါ် မတက်ရင်တော့ .... အစ်ကိုဝမ်လင်နဲ့ လိုက်ပြီး နေပြည်တော်ကိုသွားရမှာ သေချာတယ်၊ အစ်ကိုဝမ်လင်ရဲ့ စိတ်သဘောထား ယုတ်မာတယ်ဆိုတာ အခု သိရပြီပဲ .... ငါက အရေးမကြီးဘူး .... အစ်မက သူ့ထောင်ချောက်ထဲ ဝင်သွားမှာစိုးရတယ် .... ဒီတော့ မထူးဘူး .... ထိုက်ဟာန်တောင်ပေါ်ပဲ တက်သွားတော့မယ် .... သေသေရှင်ရှင်ပေါ့ .... "

ဝမ်လင်သည် ထန်ရှောင်လန်း နှုတ်ဆိတ်လျက်ရှိနေသောအခါ သူက ခနဲ့ပြုံးလေသံဖြင့် ....

"ဘယ်လိုလဲ .... ထိုက်ဟာန်တောင်ပေါ်ကို မတက်တော့ဘူးလား .... "

ထန်ရှောင်လန်းက ရုတ်တရက် ပြတ်သားစွာဖြင့် ....

"တောင်ပေါ်မှာ ဘာပဲဖြစ်နေပါစေ၊ ကျွန်တော်တို့ တက်ကြမယ် .... "

စွမ်လင့်ရှာမှာ အလိုလိုနေရင်း စိတ်ထဲတွင် ဝမ်လင်ကို သဘောမကျဖြစ်လာသည်။ အခု ထန်ရှောင်လန်းက ထိုက်ဟာန်တောင်ပေါ် တက်မည်ဟု ပြောသောအခါတွင် သူမက ချက်ချင်းခေါင်းညိတ်၍ သဘောတူလိုက်တော့သည်။

"ကောင်းပြီ .... တက်ကြမယ် .... သေတစ်နေ့ မွေးတစ်နေ့ပဲ .... "



နောက်တစ်နေ့ နေ့လယ်လောက်တွင် သူတို့ ထိုက်ဟာန်တောင်ခြေသို့ ရောက်လာကြသည်။ သူတို တောင်ခြေသို့ ရောက်သောအခါတွင် လူရိပ်လုံးဝမတွေ့ရချေ။ ထန်ရှောင်လန်းစိတ်ထဲတွင် ထူးဆန်းနေ၏။

"မြောက်ပိုင်းမျိုးချစ်သိုင်းသမားတွေ စုဝေးတဲ့နေရာပဲ .... လူလည်း တစ်ယောက်မှ မတွေ့ရပါလား .... "

ထိုက်ဟာန်တောင်မှာ မြင့်မားပြီး တောထူထပ်၏။ သူတို့က နေ့ဝက်ခန့် တက်မိကြသောအခါတွင် တောနက်ထဲသို့ ရောက်လာသည်။

လူသံ လုံးဝမကြားရချေ။

ထန်ရှောင်လန်းမှာ ခြေလှမ်းကိုရပ်လိုက်၏။

စွမ်လင့်ရှာက ....

"မောင်လေး .... တစ်ခုခုဖြစ်နေပြီထင်တယ် .... တို့ ဆက်တက်ဦးမလား .... "

စကားမဆုံးခင် ရုတ်တရက် ကိုက်နှစ်ဆယ်အကွာခန့်မှ တရှဲရှဲနှင့် သစ်ရွက်နင်းသံ ကြားလိုက်ရ၏။

ထန်ရှောင်လန်းက ချက်ချင်းပင် စွမ်လင့်ရှာကို တွဲ၍ ချုံပုတ်တွင် ပုန်းဝပ်လိုက်၏။ ချုံပုတ်ကြားမှ အပြင်သို့ကြည့်လိုက်ရာ မကြာခင် လူတချို့ သူတို့အနီးသို့ ပြေးလွှားရောက်ရှိလာသည်ကို တွေ့ရသည်။

ထိုလူများကိုတွေ့ရသောအခါ .... ထန်ရှောင်လန်းမှာ အကြီးအကျယ် တုန်လှုပ်သွား၏။ ခေါင်းဆောင်လုပ်သူမှာ လက်ထဲတွင် တောင်ဝှေးတစ်ချောင်း ကိုင်ထား၏။ ထိုသူမှာ ဟိုရွှင်ဖြစ်နေသည်။

ထိုအချိန်တွင် ဝမ်လင်က တစ်ချက်လှုပ်လိုက်၏။ သို့သော် ထန်ရှောင်လန်း၏ညာဘက်က ချက်ချင်း သူ၏ပခုံးသို့ တင်လိုက်ပြီး လက်ချောင်းများက သူ၏ပခုံးနှင့် ရင်ဘတ်ဆက်သောနေရာကို ကိုင်ထားလိုက်၏။

သူက အသံတိုးဖြင့် ....

"အစ်ကိုဝမ်လင် .... အရမ်းမလှုပ်နဲ့ .... "

ဝမ်လင်မှာ မတ်ထဲတွင် အကြီးအကျယ် တုန်လှုပ်သွားလေသည်။

ထိုအရိုး ကျိုးသွားခဲ့လျှင် သူ တစ်သက်လုံး သိုင်းကစားနိုင်မည် မဟုတ်တော့ချေ။

သူက အမူအရာပျက်သွားပြီး ....

"ညီလေး .... မင်း ဘာလာလုပ်တာလဲ .... "

ထန်ရှောင်လန်းက ....

"အစ်ကို ပြန်ဝပ်ချလိုက်ပါ .... အစ်ကိုက ရန်သူကို တမင်သက်သက် မြင်အောင်လုပ်နေတာတော့ မဟုတ်ပါဘူးနော် .... "

ဝမ်လင်က ချုံပုတ်တွင် ပြန်ဝပ်ချလိုက်ပြီး မလှုပ်ရဲတော့ပေ။

ထန်ရှောင်လန်းက ချုံပုတ်ကြားမှ အပြင်သို့ချောင်းကြည့်လိုက်သည်။

ဟိုရှင်မှာ တစ်လုံးတည်းသောမျက်လုံးဖြင့် ဘေးဘက်ကို ရှာဖွေကြည့်ရှု၍ သူ့အဖော်အား ....

"ငါ စောစောတုန်းက လွှသံကြားလိုက်သလားပဲ .... အခု ဘယ်နှယ့်လို့ မတွေ့ရတော့တာလဲ .... "

ကျန်လူများမှာ လက်ထဲတွင် ဓားကိုင်ထားပြီး .... ခါးတွင်



သံဘောလုံး နှစ်လုံးစီ ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ ထိုလူများမှာ ဘုရင့်ပါးကွက်သားများ ဖြစ်ကြသည်။

တကယ်တော့ ဟိုရှင်မှာ လမ်းတစ်လျှောက်လုံး သူ့ဒဏ်ရာကို ပျောက်ကင်းအောင်ကုရင်း ထန်ရှောင်လန်းတို့ကို လိုက်ရှာနေကြသည်။ သို့သော် လမ်းလွဲသွားပြီး သူတို့က ထိုက်ဟန်တောင်ပေါ်သို့ အရင်ရောက်ရှိသွားသည်။ သူတို့ .... တောင်ပေါ်သို့ရောက်သောအခါတွင် စတုတ္ထမင်းသား ကွမ်ကျင်း စေလွှတ်လိုက်သော ပါးကွက်သားများမှာ တောင်ပေါ်တွင် ရှိနေသေး၏။ သူနှင့် လွှေဟိုင်ရင်းက သူတို့ ခေါင်းဆောင်ကြီးဖြစ်သူ "ဘီလူး"ကြီးနှစ်ကောင်အား သွားရောက်သတင်းပို့သည်။ လွှေဟိုင်ရင်းမှာ ကိစ္စဆောင်ရွက်ရန် ချန်ထားခဲ့ပြီး ဟိုရှင်မှာ ပါးကွက်သားခုနှစ်ယောက်ကို ဦးဆောင်ကာ တစ်တောင်လုံး လိုက်လံရှာဖွေစစ်ဆေးနေခြင်းဖြစ်သည်။

ထိုစဉ် ဟိုရှင်က အော်ဟစ်အမိန့်ပေး၏။

"ဟေ့ .... မင်းတို့ ဘာလုပ်နေကြတာလဲ .... လိုက်ရှာကြည့်လေ .... "

ထိုအခါ ဘုရင့်ပါးကွက်သားများက ချုံပုတ်များကို လိုက်လံရှာဖွေကြသည်။ ထန်ရှောင်လန်းမှာ တစ်ကိုယ်လုံး ချွေးများပြန်လျက်ရှိနေ၏။ သူက လက်ထဲတွင် အပ်ပုံလက်နက်လေးတစ်ဆုပ်ခန့် ဆုပ်ကိုင်ထားသည်။ နောက်ဆုံး မတတ်နိုင်လျှင်တော့ သူက စတင်တိုက်ခိုက်ရပေမည်။

သူသေကိုယ်သေတိုက်ပွဲပဲပေါ့။

ထိုစဉ် ဟိုရှင်က ရုတ်တရက် အရှေ့အရပ်သို့ လက်ညှိုးထိုး၍

"ဟော .... ဟိုမှာ ရန်သူလာနေပြီ .... "

ကျွန်ဘုရင့်ပါးကွက်သားများက ချက်ချင်း ထိုလူ့အနားသို့ စုရုပ်လိုက်ကြ၏။ ချုံပုတ်များကို လိုက်မရှာတော့ပေ။

ထန်ရှောင်လန်းမှာ ထိုအခါကျမှ သက်ပြင်းချနိုင်တော့သည်။ သူက ဟိုရှင်ထိုးပြသောအရပ်သို့ ကြည့်လိုက်ရာ တကာယ်ပင် လူရိပ်နှစ်ခုက သူတို့အနားသို့ ရောက်ရှိလာသည်ကို တွေ့ရလေတော့သည်။

❀✪❀



အခန်း(၆)

## သွေးခြေကျထိုက်ဟန်တောင်

အနက်ရောင်အဝတ်အစားနှင့် ရသေ့တစ်ဦး ဘယ်လက်တွင် တောင်ဝှေး၊ ညာလက်တွင် ဓားရှည်ကိုင်ထား၏။ မျက်စိမှာ အိပ်ငိုက်နေသလိုပင်။ နောက်တစ်ဦးမှာ ဝဖိုင့်သော ဘုန်းကြီးတစ်ပါးဖြစ်ပြီး လက်နှစ်ဖက်စလုံးတွင် ဘာလက်နက်မှ ကိုင်မထားချေ။ ခါးတွင်တော့ ခရားတစ်လုံး ချိတ်ဆွဲထားလေ၏။

ဟိုရှင်က သူတို့နှစ်ဦးကို တွေ့ရသောအခါ အော်၍မေး၏။

"မင်းတို့က မင်းသားကွမ်ကျင်းလွှတ်လိုက်တဲ့ လူတွေလား။ ဒါမှ မဟုတ် အစည်းအဝေးကိုလာတဲ့ လူတွေလား ...."

အကြီးနက်ရသေ့က ရယ်၍ ....

"သြော် .... မင်းလေသံအရဆိုရင် မင်းက မင်းသားကွမ်ကျင်း လွှတ်ထားတဲ့လူတွေပေါ့ ဟုတ်လား .... ဟာ .... အတော်ပဲ .... ငါတို့က မင်းတို့ကိုရှာနေတာ ...."

ပြောရင်း တောင်ဝှေးကို တစ်ချက်ရိုက်လိုက်ပြီး ဓားကို ချက်ခနဲ

ထိုးတွက်လိုက်သည်။ ဟိုရှင်က ကမန်းကတန်း တောင်ဝှေးဖြင့် ကာလိုက်ရ အားလွန်ပြီး နောက်သို့ ယိုင်သွားသည်။

အကျီနက်ရသေ့က ရယ်ပြီး ....

"မင်းက မဆိုးဘူးဘဲ .... "

ပြောရင်း ဓားမှာ ရုတ်တရက် 'ချက် .... ချက်'နှင့် ဘေးသို့ ရမ်းလိုက်ရာ ဘေးနားရှိ ပါးကွက်သားနှစ်ယောက်၏နားရွက်နှစ်ဘက်စလုံး ပြတ်ကျသွားသည်။

ငိုဘိုက်ကွက်မှာ လွန်စွာတုန်လှုပ်စရာကောင်းလွန်းလှ၏။ ဟိုရှင်မှာ ဤမျှလောက်လျှင်မြန်သော ဓားသိုင်းကို မတွေ့ဘူးချေ။ သူက ကမန်းကတန်းအော်၍ ....

"သွေးဦးထုပ်နဲ့ ပစ်ကြ .... "

ချက်ချင်းပင် ခေါင်းထက်၌ ထူးဆန်းသော မြည်သံများ ကြားလိုက်ရပြီး သွေးဦးထုပ်ငါးခုခန့်က လေထဲတွင် ဝဲ၍ ကျလာသည်။

အကျီနက်ရသေ့က ရယ်၍ ....

"ကလေးကစားစရာတွေများ ထုတ်ပြချင်သေးတယ် .... "

ပြောရင်း တောင်ဝှေးဖြင့် သွေးဦးထုပ်တစ်ခုကို ထိုးလိုက်ရာ ထိုသွေးဦးထုပ်က ဘေးသို့လွင့်ထွက်သွားပြီး အခြား သွေးဦးထုပ်နှင့် တိုက်မိ၍ နှစ်ခုစလုံး ကွဲအက်သွားသည်။ ထိုနည်းအတိုင်းလုပ်လိုက်ရာ မကြာခင် သွေးဦးထုပ်အားလုံး ပျက်စီးသွားသည်။

ဟိုရှင်မှာ မျက်နှာပျက်သွားပြီး ချက်ချင်းလှည့်၍ ထွက်ပြေးတော့သည်။

အကျီနက်ရသေ့က အော်၍ ....

"ဘယ်သွားမလို့လဲ .... "



ပြောရင်း လျှပ်တစ်ပြက် ခုန်ထွက်လိုက်ပြီး ဓားဖြင့် လှမ်းထိုးလိုက်သည်။

ဟိုရှင်မှာ သိုင်းပညာတော်သူတစ်ယောက်ဖြစ်၍ သူက ကမန်းကတန်း ကိုယ်ကိုရှောင်ရန် အတင်းခုန်ထွက်လိုက်သည်။ ထိုစဉ် နားတစ်ဖက်မှာ အေးခနဲ ခံစားလိုက်ရသည်။

နောက်ဘက်ရှိ အကျီနက်ရသေ့မှာ တဟားဟားရယ်ရင်း ....

"မင်းက ငါ့ရဲ့ဓားချက်တစ်ဝက်ကို ရှောင်နိုင်တယ်ဆိုတော့ မဆိုးလှပါဘူး .... မင်းသွားနိုင်ပါပြီ .... "

တကယ်တော့ အကျီနက်ရသေ့က ဟိုရှင်၏ နားရွက်နှစ်ဘက်စလုံးဖြတ်ရန် ကြိုးစားလိုက်ခြင်းဖြစ်၏။ သို့သော် ဟိုရှင်၏ ကိုယ်ဖော့ပညာသိုင်းပညာမှာ အတော်လေးထူးချွန်လှသဖြင့် လွတ်အောင်ပြေးထွက်နိုင်ခြင်းဖြစ်သည်။

ကျန်ဘုရင့်ပါးကွက်သားများက .... ဟိုရှင် ထွက်ပြေးသည်ကို တွေ့ရသောအခါ သူတို့လည်း ထွက်ပြေးကြ၏။

ထိုစဉ် ဝဖိုင့်သော ဘုန်းကြီးက ရုတ်တရက် ခုန်အုပ်၍ သူတို့ရှေ့တွင် တားလိုက်သည်။ ဘုရင့်ပါးကွက်သားများ ခြေလှမ်းတုန့်ခနဲဖြစ်သွားကြ၏။

သူတို့က ခေါင်းမော့ကြည့်လိုက်သောအခါတွင် ဘုန်းကြီးက တဟဲဟဲနှင့်ရယ်၍ လက်တစ်ဖက်တွင် အရက်ကရားကို ကိုင်ကာ ရပ်နေ၏။

သူက ပြောလေ၏။

"ဘာဖြစ်လို့ ဒီလောက်ဒေါသ ပြန့်ဖို့ လောကြီးနေကြတာလဲ၊ ငါ မင်းတို့ကို အရက်သောက်ဖို့ ဖိတ်ခေါ်ပါတယ် .... "

ပြောရင်း အရက်ကရားကိုမြှောက်၍ အရက်ကို ပါးစပ်ထဲသို့ သွန်ချလိုက်၏

ဘုရင့်ပါးကွက်သားများမှာ အခွင့်ကောင်းယူက ရုတ်တရက် ခုန်၍ ထွက်ပြေးကြလေတော့သည်။

သို့သော် ထိုအချိန်တွင် ဘုန်းကြီးက ရုတ်တရက် ပါးစပ်ဟလိုက်ပြီး 'ဖူး'ခနဲ အရက်များကို မှုတ်ထုတ်လိုက်ရာ ဘုရင့်ပါးကွက်သားများမှာ မျက်စိရှေ့တွင် ဖြူဖွေးသော အရက်စက်များ လွင့်ပျံလျက်ရှိသည်ကို မြင်လိုက်ရပြီး မျက်လုံးများမှာ အလွန်တရာ နာကျင်စွာ ခံစားလိုက်ကြရသည်။

သူတို့မျက်စိများမှာ အရာဝတ္ထုများကို မမြင်နိုင်တော့ဘဲ ပတ်ဝန်းကျင်တစ်ခုလုံး မဲမှောင်သွားတော့၏။ သူတို့နားထဲတွင် ဘုန်းကြီး၏ရယ်သံကိုသာ ကြားနေကြရတော့သည်။

ထိုအခါ သူတို့မှာ အကြီးအကျယ် တုန်လှုပ်သွားကြ၏။ သူတို့အားလုံး မမြင်မကန်းနှင့် လျှောက်ပြေးကြရာ အားလုံး တောင်ကုန်းပေါ်မှ ဒလိမ့်ကောက်ကွေး ကျသွားလေတော့သည်။ .

ဝမ်လင်မှာ ထိုအချင်းအရာကို မြင်သောအခါ အကြီးအကျယ် တုန်လှုပ်သွား၏။

စောစောတုန်းက ထန်ရှောင်လန်း မိမိကိုတားထား၍ မိမိက မထွက်လာခဲ့ခြင်းဖြစ်၏။ သူထွက်သွားမိလျှင် ဤကဲ့သို့ပင် ခံရပေလိမ့်မည်။

ထန်ရှောင်လန်းလည်း .... ထိုတိုက်ပွဲကို တွေ့မြင်ရသောအခါ အတော်လေး ရင်ခုန်ခဲ့ရ၏။ အခု ဒီဘုန်းကြီးနှင့် ရသေ့မှာ ပညာတစ်မျိုးစီ ထူးချွန်နေကြ၏။



သူက ရုတ်တရက် တစ်ခုစဉ်းစားလိုက်၏။ လက်စသတ်တော့ ဒီနှစ်ရက်အတွင်း မိမိက ကွမ်ဆုံလေးဖော်ဟု နာမည်ကျော်ကြားနေသော ထိပ်သီးသိုင်းသမားလေးယောက်နှင့် တွေ့ဆုံခဲ့ရသည်။

ဦးဆုံးတစ်ယောက်မှာ အကျီနက်ရသေ့ပင်ဖြစ်၏။ သူ့နာမည်မှာ ရှင်ဖုန်းဖြစ်၏။

သူက ဘယ်လက်တောင်ဝှေး ညာလက်ဓားကိုင်၏။

သူ့ဓားသိုင်းမှာ ထင်းဆန်းဂိုဏ်း၏ မိုးကြိုးဓားသိုင်းလိုပင် အလွန်ထက်မြက်လှ၏။ ချူချင်းမှာ ရှင်ဖုန်းနှင့် အလွန်မှ ခင်မင်ရင်းနှီး၏။

သူတို့ နှစ်ယောက်မှာ မကြာခဏ ဓားသိုင်းပညာကို ဆွေးနွေးဖလှယ်လေ့ရှိကြသည်။

ချူချင်းမှာ သူ့ဆရာလင်ဝှေဖုန်းက ပြီးလျှင် ဒီရှင်ဖုန်းရသေ့ကို အလွန်ချီးကျူးလေးစားခဲ့၏။

ဒုတိယတစ်ဦးမှာ ဝဖိုင့်သောဘုန်းကြီးဖြစ်သည်။ သူ့နာမည်မှာ လန်ရက်ဆရာတော်ဖြစ်၏။ သူသည် ဗီဇကိုက ပျော်ပျော်နေတတ်၍ အရက်ကြိုက်၏။

သူ၏ သီးခြားလျှို့ဝှက်သိုင်းပညာတစ်ခုမှာ အရက်ကို လျှို့ဝှက်လက်နက်အနေဖြင့် တိုက်ခိုက်တတ်ခြင်းပင်။ သူသည် ရန်သူ၏ မျက်စိကိုသာ အရက်ဖြင့် မှုတ်လေ့ရှိ၏။ သူမှုတ်ထုတ်လိုက်သောအရက်များမှာ သံလုံးလေးများကဲ့သို့ ပြင်းထန်လှသည်။

တတိယတစ်ဦးမှာ ထန်ရှောင်လန်းတို့ တည်းခိုခန်း၌ တွေ့ရသော လောရှည်ကြီးဖြစ်သည်။ သူ့နာမည်မှာ ကျိုရှင်းခန်းဖြစ်သည်။ သူ၏ ကိုယ်ဖော့သိုင်းပညာမှာ သိုင်းလောကတွင် ပြိုင်စံရှားဟု ဆိုရ

မလောက်အောင် ကောင်းမွန်၏။ သူ၏လက်နက်မှာ သံလက်စွပ်ကွင်းများ ဖြစ်သည်။

ထိုသံလက်စွပ်ကွင်းများကို သူလက်ဆယ်ချောင်းတွင် အမြဲတမ်း စွပ်ထားပြီး တိုက်ခိုက်သောအခါတွင် ထိုလက်စွပ်များကို ခါထုတ်၍ ရန်သူအကြောကို ပစ်ခတ်တတ်သည်။

နောက်ဆုံးတစ်ဦးမှာ .... တည်းခိုခန်းတွင်တွေ့ရသော ဂျပုဖြစ်သည်။

သူ့နာမည်မှာ ချန်ရှင်ပါးဖြစ်သည်။ သူက အတွင်းအားသိုင်းကျင့်သူမဟုတ်ဘဲ အပြင်အားသိုင်းကို ကျင့်သူ ဖြစ်သည်။ သူ၏လက်များမှာ ကျောက်ခဲကဲ့သို့ မာကျောအောင် ကျင့်ထားသည်။ သူလက်ဝါးသည် ကျောက်တုံးကြီးတစ်တုံးကို တစ်ချက်ထဲနှင့် ကြေမွအောင် ရိုက်နိုင်စွမ်းရှိသည်။

ထို့ပြင် သူ၏အစွမ်းအထက်ဆုံး သိုင်းပညာတစ်ရပ်မှာ သူ့လက်ထဲ အဖမ်းခံလိုက်ရလျှင် မြက်ခြောက်တစ်ပင်ဖြစ်သွားမည်သာ။

ထန်ရှောင်လန်းက အခု သူတို့နှစ်ဦး၏မြင့်မားသော သိုင်းပညာကို တွေ့ရသောအခါ ကွမ်တုံလေးဖော်မှန်း သိရ၍ အလွန်ဝမ်းသာသွားသည်။

သူက ထွက်ပြီး နွတ်ဆက်ရန်ပြင်စဉ် ရုတ်တရက် အကျီနက်ရသေ့ကြီးက ဘုန်းကြီးအား ....

"လန်ရက် .... ဟိုဘီလူးနှစ်ကောင် အခုထက်ထိ မထွက်လာသေးဘူး .... ညီသုံးနဲ့ ညီလေးတို့ကို ဒီနေ့ ဒီတောင်ပေါ်မှာ တွေ့ဖို့ချိန်းထားတာ အခုထက်ထိ မပေါ်လာသေးဘူး .... ငါစိုးရိမ်တာက သူတို့နှစ်ယောက် ဟိုဘီလူးနှစ်ကောင်နဲ့ အရင်တိုးမိရင် ဒုက္ခပဲ .... မင်းအခု



တောင်ဘက်ကိုသွားရှာ .... ငါက မြောက်ဘက်ကို သွားရှာမယ် .... တော်ကြာမှ ဒီမှာ ထပ်ဆုံကြတာပေါ့ .... "

လန်ရက်ဘုန်းကြီးက ခေါင်းညိတ်သဘောတူသည်။

"ကောင်းတယ် .... "

ချက်ချင်းပင် သူတို့နှစ်ဦးက အမှောင်ထဲသို့ လျှပ်တစ်ပြက် ခုန်ဝင်ပျောက်ကွယ်သွားကြသည်။ ထန်ရှောင်လန်းက ထွက်၍ခေါ်ရန်တောင် မမီတော့ချေ။

ဝမ်လင်က ရှူးခနဲ သက်ပြင်းချလိုက်ပြီး တီးတိုးပြောလေ၏။

"တကယ်ကြောက်စရာကောင်းတဲ့လူတွေပဲ .... "

ထန်ရှောင်လန်းက ....

"ဟိုအကျီနက်ရသေ့ကြီးက ဘကြီးချူချင်းရဲ့ အခင်ဆုံးသူငယ်ချင်းပဲ .... "

သူစကားမဆုံးခင် အဝေးဘက်မှ လေချွန်သံနှစ်ချက်ကို ကြားလိုက်ရသည်။

ထန်ရှောင်လန်းက ကမန်းကတန်း ဝမ်လင်ကိုဆွဲ၍ ဝပ်ချလိုက်ပြန်သည်။

ရုတ်တရက် စောစောတုန်းက တိုက်ပွဲဖြစ်သောနေရာတွင် လူနှစ်ယောက် ရောက်လာပြန်သည်။

ထိုလူနှစ်ယောက်မှာ အဘိုးကြီးများဖြစ်ကြသည်။ မျက်နှာများမှာ ရှုံ့ခြောက်နေပြီး အလွန်ဝိန်လို့လှသည်။ တစ်ယောက်မှာ ဘယ်ခြေထောက်ဖြစ်နေပြီးနောက်တစ်ယောက်မှာ ညာခြေထောက်နဲ့ ဖြစ်နေသည်။ ပြီးသော် သူတို့၏မျက်စိအရောင်မှာ တဖိတ်ဖိတ်တောက်လျက် အလွန်ကြောက်စရာကောင်းလှ၏။ သူတို့၏ နားထင်ကြောများမှာ ဖောင်း

ကားလျက်ရှိနေသည်။ ထိုအချင်းအရာကို ကြည့်ခြင်းဖြင့် သူတို့၏ အတွင်းအားသိုင်းပညာမှာ အလွန်မြင့်မား နက်နဲကြောင်း သိနိုင်သည်။

သူတို့နှစ်ဦးက စောစောကနေရာ၌ တစ်ပတ်ခန့်လျှောက်၍ စစ်ဆေးကြည့်ရှုလိုက်၏။ အတန်ကြာတော့မှ ဘယ်ဘက်မှ အဘိုးကြီး ပြောသည်။

"ဟင် .... ဟိုကွမ်တုံက မသာလေးကောင်ရဲ့ လက်ချက်ပဲဖြစ်ရမယ် .... "

ညာဘက်မှတစ်ယောက်က ....

"တို့ အခု သူတို့ကို သွားရှာရမလား .... "

ဘယ်ဘက်အဘိုးကြီးက ....

"မလိုဘူး .... ငါတို့ ဒီကနေ လေချွန်သံပေးလိုက်လို့ရှိရင် သူတို့ ရောက်လာမှာပဲ .... "

သူတို့က လေချွန်ရန်ပြင်စဉ် ရုတ်တရက် လူနှစ်ယောက်သည် သူတို့ရှိရာသို့ ပြေးလာသည်ကို တွေ့ရှိရ၏။ ထန်ရှောင်လန်းက ကွမ်တုံလေးဖော်တို့ ရောက်လာပြီဟု ထင်မိသည်။ သို့သော် အနားရောက်၍ အသေအချာကြည့်လိုက်သောအခါတွင် လွှေဟိုင်ရင်းနှင့် ဘုရင့်သိုင်းသမားတစ်ဦးဖြစ်နေသည်ကို တွေ့ကြရသည်။

ထိုအခါ အဘိုးကြီးနှစ်ယောက်က အုံ့ဩသောအမူအရာဖြင့် ....

"လွှေဟိုင်ရင်း .... မင်းကို စခန်းမှာ စောင့်နေဖို့ပြောထားတာ မင်းက ဘာဖြစ်လို့ ဒီကို လိုက်လာရတာလဲ .... "

"စခန်းဖျက်ဆီးခံလိုက်ရပြီ .... "

အဘိုးကြီးတစ်ဦးက ဒေါသဖြင့်အော်၍ ထခုန်လိုက်ပြီး ....

"ဘာပြောတယ် .... ဖျက်ဆီးခံရတယ် .... ဟိုကွမ်တုံက မသာတွေလား .... "



လွှေဟိုင်ရင်းက ....

"ကွမ်တုံလေးဖော်လားတော့ မသိဘူး .... အရင်ဆုံးလာတာကတော့ လောရှည်နဲ့ ဂျူပု နှစ်ယောက်ပဲ .... လောရှည်ကြီးက လက်ချောင်းမှာ သံလက်စွပ်ဆယ်ကွင်း စွပ်ထားတယ် .... နောက်ပြီး ကိုယ်ဖော့သိုင်း သိပ်ကောင်းတယ် .... ပြေးလိုက်ရင် လေလိုမြန်တာ .... ဂျူပုကျတော့ ပိုတောင်ဆိုးသေးတယ် .... ကျွန်တော်တို့ရဲ့ လူတွေကို သူက နောက်ကျောကနေကိုင်ပြီး တောင်အောက်ကို လွှင့်ပစ်လိုက်တယ် .... "

ညာဘက်အဘိုးကြီးက ခေါင်းညိတ်ပြီး ....

"သြော် .... ဟုတ်ပြီ .... ဒီနှစ်ယောက်က ကွမ်တုံလေးဖော်မှ နံပါတ်သုံးနဲ့ နံပါတ်လေးပဲ .... "

လွှေဟိုင်ရင်းက ဆက်၍ ....

"ကျွန်တော်တို့ အသက်လုပြီး ထွက်ပြေးလာခဲ့ရတာ .... လမ်းမှာ နောက်ထပ်ပိုပြီး ကြောက်စရာကောင်းတဲ့ လူနှစ်ယောက်နဲ့ တိုးရပြန်တယ် .... တစ်ယောက်က အကျီနက်နဲ့ရသေ့ကြီး .... နောက်တစ်ယောက်က ဘုန်းကြီး .... ရသေ့ကြီးက ဘယ်လက်မှာ တောင်ဝှေး၊ ညာလက်မှာ ဓားကိုင်ထားတယ် .... သူက ဓားနဲ့ တစ်ချက်ခုတ်လိုက်တော့ ကျွန်တော်က တောင်ကုန်းပေါ်ကနေလိမ့်ပြီး ထွက်ပြေးလာခဲ့ရတာ .... ကံကောင်းလို့ သူက ဆက်ပြီး ဓားနဲ့ မခုတ်တာ .... "

ဘယ်ဘက်အဘိုးကြီးက ခေါင်းညိတ်ပြီး ....

"ဒီလိုဆိုရင် မင်း ဒဏ်ရာတစ်ခုတော့ ရမှာပေါ့ .... ဟုတ်သားပဲ .... မင်းနားရွက်တစ်ဘက် ပြတ်နေတာကိုး .... "

လေ့ပဟိုင်ရင်းက မျက်နှာနီရဲသွား၏။ သူက ဘာမှမပြောရဲချေ။ ဆက်ပြောလျှင် သူသာ နာပေတော့မည်။

ထိုအခါ အဘိုးကြီးနှစ်ယောက်က ဘေးနားရှိ ဘုရင့်ပါးကွက်သားကိုကြည့်၍ ....

"မင်းကော .... မင်းရဲ့ ဘယ်ဘက်မျက်လုံးက ဟိုဘုန်းကြီးရဲ့ အရက်ကြောင့် ကန်းသွားတာ မဟုတ်လား .... "

ဘုရင့်ပါးကွက်သား၏ ဘယ်ဘက်မျက်လုံးမှာ သွေးများ ယိုစီးလျက်ရှိနေသေး၏။

သူက ပိတ်စဖြင့် မျက်စိကို စီးထားသည်။ သူက တုန်ယင်သော အသံဖြင့် ....

"ဆရာ .... အဲဒါ ကျွန်တော် အသုံးမကျလို့ ဖြစ်သွားခဲ့ရတာပါ"

ထိုအခါ အဘိုးကြီးနှစ်ယောက်မှာ စကားလုံးဝမပြောတော့ဘဲ ငြိမ်သက်နေကြ၏။ လေ့ပဟိုင်ရင်းမှာလည်း မလှုပ်ရဲဘဲ ငြိမ်သက်စွာ ရပ်နေသည်။

အတန်ကြာမှ ဘယ်ဘက်ရှိ အဘိုးကြီးက ....

"ဒီလိုပုံဆို ကြည့်ရတာ ကွမ်တုံလေးဖော်ရဲ့ သိုင်းပညာ မဆိုးဘူးဘဲ .... အတော်ဂရုစိုက်ရမယ် .... "

ညာဘက်အဘိုးကြီးက ဟင်ခနဲဖြင့် ....

"ဘီလူးနှစ်မြွာဆိုတဲ့ တို့နှစ်ယောက်ရဲ့နာမည်က ကွမ်တုံလေးဖော်ဆိုတဲ့ သူတို့နာမည်ထက် မသေးပါဘူး .... ဘာဖြစ်လို့ ကြောက်ရမှာလဲ အစ်ကိုကြီးရ .... "

ထန်ရှောင်လန်းက ထိုစကားကို ကြားရသောအခါတွင် အကြီးအကျယ် တုန်လှုပ်သွားသည်။ အလို .... ဤနှစ်ယောက်မှာ ချူချင်း



အမြဲတမ်း ပြောနေသော သိုင်းလောကတွင် အရက်စက်ဆုံး၊ အဆိုးဝါးဆုံး လူသတ်ကောင်ကြီးများ ဖြစ်နေကြသည်ကိုး။ ချူချင်းက သူ့ကို ပြောပြဖူးသည်။ ဒီဘီလူးနှစ်မြွာမှာ အမြွာပူးညီအစ်ကိုဖြစ်သည်။ အစ်ကိုကြီးမှာ စတင်းချက်၊ အငယ်မှာ စတင်းတုံး ဖြစ်သည်။ သိုင်းလောကမှ လူများက အစ်ကိုကြီးကို လက်ရှစ်ဖက်ဘီလူးဟု နာမည်ပေးထားပြီး အငယ်ကို သံမဏိဘီလူးဟု နာမည်ပေးထားသည်။

သူတို့နှစ်ယောက်စလုံး တရုတ်ပင်လယ်ရှိ ကြောင်သိန်းငှက်ကျွန်းတစ်ခုတွင် နေထိုင်ကြသည်။ သူတို့ကျွန်း၏ ဘေးနားတွင်ရှိ မြွေကျွန်းတွင်လည်း လူထူးဆန်းတစ်ယောက် နေထိုင်သည်။ ထိုကျွန်းနှစ်ကျွန်းမှာ လူသူလုံးဝမနေနိုင်အောင် ရေမြေအနေအထားမှာ အလွန်ကြမ်းတမ်းခက်ခဲလှသဖြင့် သိုင်းလောကမှလူများက ထိုကျွန်းနှစ်ကျွန်းကို လုံးဝမသွားရဲချေ။

မြွေကျွန်းတွင် မြွေပေါင်းထောင်ပေါင်းများစွာရှိသည်။ ထိုမြွေကျွန်း၏ ပတ်ဝန်းကျင်တစ်ခုလုံး အဆိပ်ငွေ့ဖြင့် အုံ့မှုန်းလျှက်ရှိသည်။

ကြောင်သိန်းငှက်ကျွန်းတွင် ကြောင်သံကဲ့သို့ အသံပြုနိုင်သော သိန်းငှက်တစ်မျိုးရှိသည်။ လက်သည်းများမှာ ကြောင်လက်သည်းနှင့် တူလှ၏။ထို့ကြောင့် သူတို့ကို ကြောင်သိန်းငှက်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ထို့ကြောင့် သိန်းငှက်များက အမြဲတမ်း မြွေကျွန်းသို့ လာရောက်ပြီး မြွေများနှင့် တိုက်ခိုက်လျှက်ရှိကြသည်။

ထိုမြွေကျွန်းတွင်နေထိုင်သော လူထူးဆန်းကို အဆိပ်ဘုရင်ဟု နာမည်ပေးထားသည်။ အဆိပ်ဘုရင်နှင့် ဘီလူးနှစ်မြွာတို့မှာ .... သိုင်းလောကသို့ ဝင်ရောက်လာကြလေပြီ။

သူတို့ သိုင်းလောကသို့ ခြေပြန်ချရခြင်းမှာ အကြောင်းရှိသည်။

အမိကအကြောင်းမှာ စတုတ္ထမင်းသား ကွမ်ကျင်းက ကျောက်မျက်ရတနာမျိုးစုံကို လက်ဆောင်ပေး၍ သူတို့နှစ်ဦးအား ဖိတ်ခေါ်ခဲ့ခြင်းကြောင့်ဖြစ်၏။ မင်းသားကွမ်ကျင်းက လှည့်လွှတ်၍ အရင်ဦးဆုံး မြို့ကျွန်းသို့သွားကာ အဆိပ်ဘုရင်အား သူ့ထံတွင် အမှုထမ်းရန် ဖိတ်ခေါ်၏။ သို့သော် အဆိပ်ဘုရင်က လုံးဝလက်မခံခဲ့ချေ။ ထို့နောက် သူတို့က ကြောင်သိန်းငှက်ကျွန်းသို့သွားပြီး ဘီလူးနှစ်မြွှာအား ဖိတ်ခေါ်ပြန်၏။ ဘီလူးနှစ်မြွှာ ကြောင်သိန်းငှက်ကျွန်းတွင် နှစ်ပေါင်းများစွာ နေထိုင်၍ သိုင်းပညာကို လေ့ကျင့်လာခဲ့ရာ သိုင်းပညာ အလွန်ထူးချွန်လာခဲ့၏။ ထို့ကြောင့် သူတို့နှစ်ဦးက သိုင်းလောကသို့သွား၍ ပညာပြချင်နေ၏။ စတုတ္ထမင်းသား ကွမ်ကျင်းက ဖိတ်ခေါ်သောအခါ သူတို့က အခွင့်ကောင်းယူကာ သိုင်းလောကသို့ ခြေချလေတော့သည်။

စတုတ္ထမင်းသား ကွမ်ကျင်း လက်အောက်တွင် လူတူးလူဆန်းသိုင်းသမားများစွာ ရှိလေ၏။ ယခုအခါ မြောက်ပိုင်းမှ မျိုးချစ်သိုင်းသမားများက ယခုနှစ်တွင် ထိုက်ဟန်တောင်ပေါ်၌ စုဝေးကြလိမ့်မည်ဟု သတင်းရရှိသောအခါ သူက တစ်ခါတည်း မျိုးချစ်သိုင်းသမားအားလုံးကို သုတ်သင်ရှင်းလင်းပစ်ရန် ရည်ရွယ်သည်။ သို့မှသာ ဖခင်ဘုရင်ကြီးက မိမိကို အထင်ကြီး သဘောကျသွားပေမည်။ မိမိအား ထီးမွေကို ပေးချင်စိတ်ရှိပေလိမ့်မည်။

ထို့ကြောင့် မင်းသားကွမ်ကျင်းက သူ၏ ပါးကွက်သားသုံးရာကျော်ကို စေလွှတ်လိုက်၏။ ချူချင်းတို့ နောက်ကို လိုက်သောအဖွဲ့မှာလည်း သူတို့အဖွဲ့ပင်ဖြစ်သည်။ ကျန်အဖွဲ့မှာ ဘီလူးနှစ်မြွှာထက်ဦးစွာ ထိုက်ဟန်တောင်သို့ ချီတက်လာခဲ့၏။ လမ်းတစ်လျှောက်လုံး ထိုက်ဟန်တောင်သို့ တက်လာသော မျိုးချစ်သိုင်းသမားများကို လိုက်



လံသတ်ဖြတ်သည်။ သို့နှင့် (၈)လပိုင်း (၁၄)ရက်ညတွင် ထိုက်ဟန်တောင်ပေါ်၌ မြောက်ပိုင်းမျိုးချစ်သိုင်းသမားများနှင့် တိုက်နိုက်လေတော့၏။

ရန်ချူရင်းမှာ ဘုရင့်ပါးကွက်သား (၂၀)ကျော်ခန့်ကို သတ်ဖြတ်ခဲ့ပြီး နောက်ဆုံးတော့ လက်ရှစ်ဖက်ဘီလူး စတင်းချက်၏ လက်ချက်ကို ခံလိုက်ရ၍ ဒဏ်ရာနှင့်အတူ တောင်အောက်သို့ ထွက်ပြေးခဲ့ရသည်။

ထိုတိုက်ပွဲတွင် မျိုးချစ်သိုင်းသမားများ ထက်ဝက်ခန့် ထိနိုက်ကျဆုံးခဲ့ရ၏။

ထန်ရှောင်လန်း ထိုက်ဟန်တောင်သို့လာစဉ်တုန်းက လမ်းတစ်လျှောက်တွင် တွေ့ခဲ့ရသော သိုင်းသမားများမှာ ထိုက်ဟန်တောင်ပေါ်မှ ထိုးဖောက်ထွက်ပြေး လွတ်မြောက်လာခဲ့ကြသော သိုင်းသမားများဖြစ်ကြသည်။

ယခု ဘီလူးနှစ်မြွှာက ကွမ်တုံလေးဖော်တို့ တောင်ပေါ်သို့ရောက်ရှိနေကြောင်း သိရှိသောအခါ စတင်းချက်က ....

"ဒီနေ့သာ တို့နှစ်ယောက်က ကွမ်တုံလေးဖော်ကို တစ်ခါတည်း ရှင်းပစ်နိုင်လို့ရှိရင်တော့ မြောက်ပိုင်းသိုင်းလောကမှာ ဘယ်သူ့ကိုမှ ကြောက်စရာမရှိတော့ဘူး .... ပြီးတော့မှ တို့နှစ်ယောက် တောင်ပိုင်းကိုသွားပြီး ကျန်နန်း(၇)ဖော်ကို သွားရှင်းကြတာပေါ့ .... "

သံမဏိဘီလူး စတင်းတုံးက ....

"ကောင်းတယ် .... တို့ ဒီကွမ်တုံလေးဖော်ကို အရင်ရှင်းပစ်ရမယ် .... "

ရုတ်တရက် သူတို့နှစ်ဦးက စူးရှကျယ်လောင်စွာ လေချွန်လိုက်၏။

ဘယ်သူကမှ မထင်မှတ်သဖြင့် ရုတ်တရက် ထိုစူးရှကျယ်လောင်နေသော လေချွန်သံကို ကြားလိုက်ရသောအခါ လန့်ဖျပ်၍ ထခုန်လိုက်မိ၏။

ထိုအခါ 'ဝါး'ခနဲ ကလေးငိုသံ ထွက်ပေါ်လာ၏။ လက်စသတ်တော့ စွမ်လင့်ရှာ၏ရင်ခွင်ထဲတွင် အိပ်ပျော်နေသော ဖုန်ရင်းမှာ ရုတ်တရက် စူးရှယ်ကျယ်လောင်သော လေချွန်သံကို ကြားရသောအခါ အိပ်ရာမှ လန့်နိုး၍ ငိုကြွေးခြင်းဖြစ်သည်။

ငိုသံကြားရသည်နှင့် စတင်းတုံးက အော်၍ ထခုန်လိုက်ရာ လေထဲသို့ ပျံတက်သော သိန်းငှက်ကဲ့သို့ ရုတ်တရက် ထန်ရှောင်လန်းတို့ ပုန်းခိုနေသောနေရာသို့ ခုန်အုပ်လိုက်လေ၏။

ထန်ရှောင်လန်းက လက်ထဲတွင် ကိုင်ထားသော အပ်ပျံကို ပစ်လွှတ်လိုက်၏။ သို့သော် အပ်ပျံများက သူ့ကိုယ်နားသို့ ရောက်သောအခါတွင် အလိုလိုနေရင်း ပြန်၍ ပြုတ်ကျသွားလေသည်။ ထန်ရှောင်လန်းမှာ လိပ်ပြာလွင့်ထွက်မတတ် တုန်လှုပ်သွားခဲ့၏။

ထိုစဉ် စတင်းတုံးက သူတို့ရှေ့တွင် ရပ်လျက်ရှိနေသော ထန်ရှောင်လန်းတို့သုံးဦးအား မျက်လုံးပြူးစိုက်ကြည့်ကာ

"မင်းတို့က ဘယ်သူတွေလဲ .... ထွက်လာခဲ့စမ်း .... "

ဖုန်ရင်းမှာ တဝါးဝါးနှင့် အော်နေ၏။ သူမက သူ့မမိခင်၏ ပခုံးပေါ်တွင် ငိုယိုနေသည်။ သူမက သံမဏိဘီလူးစတင်းတုံး၏မျက်နှာကို မကြည့်ရဲချေ။

စွမ်လင့်ရှာမှာ စောစောတုန်းက ကြောက်လန့်လွန်း၍ တစ်ကိုယ်လုံး ပျော့ခွေလျက်ရှိနေသော်လည်း အခုတော့ ရုတ်တရက် ဓားကိုဆွဲထုတ်ကာ ကလေးကို တင်းကျပ်စွာပွေ့ဖက်ရင်း အော်၍ ....



"ငါ့သမီးလေးကို မထိနဲ့ .... "

သူမ၏မျက်နှာမှာ ကြောက်ရွံ့သော အမူအရာမရှိတော့ဘဲ အလွန်မှ အားမာန်ပြည့်ဝလျက်ရှိနေသည်ကို တွေ့ရသည်။

စတင်းတုံးမှာ ရုတ်တရက် သူမ၏အမူအရာကြောင့် နောက်သို့ တစ်လှမ်းဆုတ်လိုက်မိ၏။

ထိုအချိန်တွင် ထန်ရှောင်လန်း၏ဓားမှာ လက်ခနဲ ဖြစ်သွားပြီး စတင်းတုံး၏မျက်နှာသို့ ကျရောက်လာ၏။ စတင်းချက်က 'ဟင်'တစ်ချက်မြည်သွားပြီး ကိုယ်ကို ရှောင်တိမ်းပေးလိုက်၏။ ထန်ရှောင်လန်းမှာ လက်ကောက်ဝတ်တွင် ရုတ်တရက် အလွန်နာကျင်စွာ ခံစားလိုက်ရပြီး သူ့လက်ထဲရှိ နဂါးနိုင်ဓားမှာ စတင်းတုံး၏ လက်ထဲသို့ ပါသွားသည်။ လက်ကိုလည်း စတင်းတုံး၏ အခြား လက်တစ်ဖက်ဖြင့် ချုပ်ကိုင်ထားခြင်းကို ခံလိုက်ရ၏။

စွမ်လင့်ရှာမှာ ဖုန်ရင်းကိုချီရင်း ထိုနေရာ၌ ဒေါကြောင်ပြီး ရပ်နေ၏။ ဖုန်ရင်း၏ ငိုသံမှာ ကျယ်လောင်နေ၏။ စွမ်လင့်ရှာမှာ ဓားကို ဓားအိမ်ထဲသို့ ပြန်ထိုးသွင်းလိုက်ပြီး လက်ဖြင့် အသာလေး ဖုန်ရင်း၏ ကျောပြင်ကိုပုတ်ကာ အသံတိုးလေးဖြင့် ....

"သမီးလေး .... မကြောက်နဲ့နော် .... ကောင်းကောင်းလေး အိပ်နော် .... မနက်ဖြန်ကျရင် မေမေ သကြားလုံးဝယ်ကျွေးမယ်လေ"

သူက အန္တရာယ်ရှေ့တွင် ဘာမှ မကြောက်ရွံ့ဘဲ ကလေးကို ချော့သိပ်လိုက်သေး၏။

လက်ရှစ်ဖက်ဘီလူးစတင်းချက်မှာ စိတ်မရှည်တော့သဖြင့် ခုန်အုပ်၍ လက်ဖြင့် ကလေးကို လုယူလိုက်သည်။

ပြီးနောက် သူက အော်၍ ....

"ကဲ .... ဒီလောက်တောင် ငိုချင်ဦး .... "

ဟု ပြောကာ ကလေးမကိုမြှောက်၍ ကျောက်ဆောင်တွင် ပစ် ဆောင့်ရန် မြှောက်လိုက်၏။

ဖုန်ရင်းမှာ ငိုရင်း မောပန်းလာသဖြင့် အသံအနည်းငယ် တိတ်သွား၏။ အခုအချိန်တွင် စတင်းချက်က သူမကို လေထဲတွင် မြှောက်ရန် ကိုင်လိုက်သောအခါတွင် သူမမှာ အလွန်သဘောကျ၍ အငိုတိတ်ကာ ဟီးဟီးဟု ရယ်လိုက်သည်။

စတင်းချက်က ကလေးကို လွှင့်ပစ်ရန် ပြင်လိုက်စဉ် သူမ၏ ပန်းသီးကဲ့သို့သော မျက်နှာလေးက ပြုံးရယ်နေသည်ကို တွေ့ရသော အခါ သူမကို ပေါက်သတ်ချင်သောစိတ်မှာ လုံးဝပျောက်ကွယ်သွားခဲ့ လေ၏။ လက်မှာလည်း မြှောက်ထားရာမှ တဖြည်းဖြည်း အောက်သို့ ပြန်ချလိုက်သည်။

ဖုန်ရင်းမှာ .... ရယ်လျက်ရှိနေလေ၏။ စတင်းချက်မှာ သိုင်း လောကတွင် လူသတ်သမားတစ်ဦးဖြစ်၍ မည်သည့်အခါမျှ သူ သတ် ချင်သောလူကို မသတ်ရက်ဟူသော စိတ်မျိုးမရှိခဲ့ချေ။ သို့သော် ယခု ကလေးမနှင့်ကျမှ သူသည် တကယ်ပင် မသတ်ရက်တော့ချေ။ သူက ကလေးမလေးကို ပခုံးပေါ်တွင် တင်ထားလိုက်သည်။

စတင်းချက်က အော်၍မေးလေ၏။

"မင်း ဘယ်သူလဲ .... "

စွမ်လင့်ရှာမှာ သူမ သမီးလေး ပါသွားသဖြင့် ဘာကိုမျှ အရေး မစိုက်နိုင်တော့ဘဲ စတင်းချက်ကို ခုန်အုပ်တိုက်ခိုက်လေတော့သည်။ သို့သော် စတင်းချက်က လက်ညှိုးဖြင့် တစ်ချက်ထိုးလိုက်ရာ စွမ်လင့် ရှာမှာ အကြောထိုးခံလိုက်ရ၍ မလှုပ်ရှားနိုင်တော့ချေ။



ထိုအချိန်တွင် ဝမ်လင်က ရုတ်တရက် ပြေးထွက်လာပြီး ....

"ဆရာကြီး .... ကျွန်တော့်မျက်နှာကိုထောက်ပြီး သူ့ကို ဘာမှ မလုပ်ပါနဲ့ .... "

စတင်းချက်က ဝမ်လင်ကို အနည်းငယ်မှတ်မိသလိုရှိနေ၏။ ထို စဉ် လွှေဟိုင်ရင်းက အနားသို့ကပ်၍ တောင်းပန်သည်။

"ဒီကောင်က ဝမ်လင်တဲ့ .... ကျွန်တော်တို့ဘက်က လွှတ်ထား တဲ့ ဖုန်ကွမ်ချောင်တို့ကို စုံစမ်းနိုင်းတဲ့ သူလျှိုပါ .... "

တကယ်တော့ ဝမ်လင်မှာ ဖုန်ကွမ်ချောင်ထံတွင် ပညာသင် ကြားရင်း ငယ်စဉ်ကပင် တစ်ရွာထဲနေ စွမ်လင့်ရှာနှင့် သိကျွမ်းခဲ့ရ၏။ သူက သူမအပေါ် မေတ္တာရှိခဲ့၏။ သို့သော် နောက်ဆုံးတော့ ဖုန်ရင်ရှိုနှင့် ထိမ်းမြားလက်ထပ်လိုက်၏။ ထို့ကြောင့် သူက ဖုန်ကွမ်ချောင်တို့အပေါ် မကျေမနပ်ဖြစ်ခဲ့သည်။

နောက်ဆုံး သူက ပညာစုံ၍ နေပြည်တော်သို့ သွားရောက် အလုပ်လုပ်ကိုင်ရန် ဘုရင့်သိုင်းသမားများ၏ သွေးဆောင်ချက်ကြောင့် စတုတ္ထမင်းသား ကွမ်ကျင်း၏လက်အောက် နောက်လိုက်ခွေး ဖြစ်သွား တော့သည်။ မင်းသား ကွမ်ကျင်းက မြောက်ပိုင်းမျိုးချစ်သိုင်းသမားများ ကို အလုံးအရင်းနှင့် သုတ်သင်ပစ်ရန် ဆောင်ရွက်သောအခါ ဝမ်လင်ကို သူလျှိုအဖြစ်နှင့် ဖုန်ကွမ်ချောင်၏အိမ်သို့ စေလွှတ်လိုက်ခြင်း ဖြစ်လေ သည်။ စတင်းချက်သည် အခုမှ ပြန်လည်သတိရကာ ....

"ဩော် .... မင်းကိုး .... "

ဝမ်လင်က ဒူးထောက်အရိုအသေပေးကာ ....

"ဆရာကြီး .... ဒီမိန်းကလေး ကျွန်တော့်ကို လက်ဆောင်ပေး ပါ ခင်ဗျာ .... "

"ကောင်းပြီ .... မင်းလိုချင်ရင် ယူသွား .... "

သူက လှေဟိုင်ရင်းဘက်သို့လှည့်၍ ....

"လှေဟိုင်ရင်း .... မင်းက ဝမ်လင်နဲ့ ဒီမိန်းမကို နေပြည်တော်ကို အရင်ခေါ်သွား .... ဒီမှာဆက်နေရင်လည်း အလုပ်ရှုပ်ရုံသက်သက်ဖြစ်မှာပဲ .... "

ထန်ရှောင်လန်းမှာ စတင်းတုံး၏ လက်ထဲတွင် အချုပ်ခံထားရ၍ မလှုပ်ရှားနိုင်သော်လည်း သူ စကားပြောနိုင်သေးသဖြင့် သူက ဝမ်လင်အား အော်ဆဲလေတော့၏။

စတင်းတုံးက သူ၏အကြောကို ထိုးလိုက်တော့မှ အသံတိတ်သွားသည်။

ထန်ရှောင်လန်း၏ အော်ဆဲသံကို ကြားရသောအခါကျမှ စွမ်လင့်ရှာမှာ သတိပြန်ဝင်လာ၏။ သူမမှာ အခုမှ ဝမ်လင်သည် သစ္စာဖောက်ဖြစ်မှန်း သိသွားတော့သည်။ ထို့ကြောင့် သူမက အော်ဟစ်လေတော့၏။

"ဝမ်လင် .... ငါ့ယောက်ျားနဲ့ ငါ့ယောက္ခမကြီးက မင်းအပေါ်ကို အစ်ကိုရင်း၊ သားရင်းတစ်ယောက်လို သဘောထားခဲ့တာ .... မင်းအခုကျတော့ ငါတို့ကို သစ္စာဖောက်တာပေါ့ .... မင်းက လူမဟုတ်ဘူး .... ခွေး .... ခွေး .... "

ဝမ်လင်သည် အနားသို့ကပ်သွားရာ စွမ်လင့်ရှာက ထွီခနဲ တစ်ချက်ထွေးလိုက်ရာ သူ့မျက်နှာတွင် တံတွေးများ ပေကျံသွားသည်။ ဝမ်လင်က လက်ဖြင့် သုတ်လိုက်ပြီး သူမ၏အနားသို့ကပ်ကာ အသံတိုးဖြင့် ....

"ညီမလေး .... အခု မင်းရဲ့သမီးလေးက ရန်သူ့လက်ထဲရောက်



နေတယ်ဆိုတော့ မင်းက အကြမ်းလုပ်လို့ မဖြစ်သေးဘူး .... အခု ဒီလို အခြေအနေရောက်နေတော့ မင်းက ငါနဲ့ သမီးလေးကို ကြိုးစားပြီး ကယ်ထုတ်ပေးမှာပေါ့ .... မင်း သေချာစဉ်းစားကြည့်ပါ .... ဒီလိုလုပ်တာ မှန်သလားဆိုတာ .... "

ထိုစကားကို ကြားရသောအခါ စွမ်လင့်ရှာမှာ ငြိမ်သက်သွား၏။

စတင်းချက်က သူမ၏အကြောကို ပြန်ဖြေပေးလိုက်ပြီး ဝမ်လင်လက်သို့ အပ်လိုက်သည်။

"ကဲ .... မင်း သူ့ကိုခေါ်သွားတော့ .... "

ပြီးနောက် သူက လှေဟိုင်းရင်းအား ....

"ဟိုင်ရင်း .... မင်း တုန်ဟိုက်ချင်းနဲ့တွေ့ရင် သူ့ကို နေပြည်တော်ပြန်ဖို့ ပြောလိုက်ပါ .... "

တုန်ထိုက်ချင်းမှာ တည်းခိုခန်းတွင် ရန်ချုံရင်းတို့ကို တိုက်ခိုက်ခဲ့သောလူ ဖြစ်သည်။ နောက်ဆုံး လောရှည်နှင့် ဂျူပုတို့ ရောက်လာတော့မှ သူက ထွက်သွားခဲ့သည်။

၎င်းမှာ စတင်းချက်တပည့်ဖြစ်သည်။

ထန်ရှောင်လန်းမှာ စွမ်လင့်ရှာကို ဝမ်လင်တို့ ခေါင်းဆောင်သွားသည်ကို တွေ့ရသောအခါ အံတကြိတ်ကြိတ်ဖြစ်နေ၏။ သို့သော် သူကကာမှ မတတ်နိုင်ခဲ့ချေ။ ကလေးမလေးဖုန်ရင်းမှာမူ ငိုခဲ့၍ မောမောပန်းပန်းနှင့် အိပ်ပျော်သွားလေပြီ။

စတင်းတုံးက ဖုန်ရင်းကိုကြည့်လိုက်ပြီး ရုတ်တရက် ထန်ရှောင်လန်းကို လွှတ်ချလိုက်ကာ ဖုန်ရင်း၏ခေါင်းကို ပွတ်သပ်လိုက်သည်။

စတင်းချက်က ....

"ဒီကလေးမက .... မွေးကတည်းက သိုင်းပညာကို ကောင်းကောင်းသင်နိုင်မဲ့ ကလေးမလေးပဲ .... "

သူက ထန်ရှောင်လန်းအား ဝိတ်ထားသောအကြောင်းကို ပြန်ဖြေလိုက်ပြီး ....

"လင်ဝေ့ဖုန်းက မင်းနဲ့ ဘာတော်သလဲ .... "

ထန်ရှောင်လန်းက ဝင့်ကြွားစွာပြောသည်။

"ခင်ဗျားက ကျွန်တော့်ရဲ့ ဆရာ့ဆရာအစွမ်းကို သိတာပေါ့ ဟုတ်လား .... "

စတင်းတုံးက ဒေါသဖြင့်အော်ကာ .... လက်နှစ်ဘက်ဖြင့် ထန်ရှောင်လန်း၏ပခုံးကို ကိုင်လိုက်၏။ သူက ထန်ရှောင်လန်း၏ပခုံးရိုးကို ချိုးပစ်ရန် ရည်ရွယ်လိုက်ခြင်းဖြစ်သည်။

သို့သော် ထိုအချိန်တွင် စတင်းချက်က ....

"မလုပ်နဲ့ .... "

လှမ်းတားလိုက်သည်။ သူ့အနားသို့ ရပ်လိုက်သည်။ သူက ထန်ရှောင်လန်းကို သေချာကြည့်ရှုလိုက်ပြီးမှ ....

"တို့မှာ တပည့်ကောင်းတစ်ယောက်လိုနေတယ် မဟုတ်လား"

ဘီလူးနှစ်ခြွာသည် ဒီအသက်အရွယ်ရောက်သည်အထိ တပည့်ကောင်းတစ်ယောက်မှ မတွေ့ခဲ့ချေ။ သူတို့ အခုလက်ရှိ တပည့်များမှာ သိုင်းပညာတွင် ပါရမီသိပ်မရှိကြ၍ သူတို့၏ နက်နဲခက်ခဲသော သိုင်းပညာကို ကောင်းစွာ လက်မခံနိုင်ကြချေ။ အခု စတင်းချက်က ထိုသို့ပြောလိုက်သောအခါတွင် စတင်းတုံးလည်း စိတ်လှုပ်ရှားသွားလေတော့၏။

ထို့ကြောင့် သူက နဂါးစားကို ထန်ရှောင်လန်းခါးတွင် ပြန်ချိတ်



ထားလိုက်ပြီး ချိုသာစွာဖြင့် ....

"မင်းရဲ့ ဆရာ့ဆရာကြီးကတော့ ထင်းဆန်းတောင်မှာ သေလောက်ပါပြီ .... သူမသေသေးလည်း ငါတို့ညီအစ်ကိုနှစ်ယောက်ကို မနိုင်နိုင်ပါဘူး .... ဒီတော့ မင်းက ငါတို့ရဲ့တပည့်လုပ်လိုက်ပေါ့ .... ငါတို့က မင်းကို သိုင်းလောကမှာ အကောင်းဆုံး သိုင်းသမားဖြစ်အောင် လုပ်ပေးလိုက်မယ် .... "

ထန်ရှောင်လန်းက ဒေါသဖြင့်အော်သည်။

"ကျွန်တော် သေတာတောင် ခင်ဗျားတို့ရဲ့တပည့် မဟုတ်ဘူးဗျ .... "

စတင်းတုံးမှာ မျက်နှာမဲသွားပြီး ထန်ရှောင်လန်းကို ရိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ရုတ်တရက် အဝေးမှ လေချွန်သံများ အဆက်မပြတ် ထွက်ပေါ်လာသည်ကို ကြားရသည်။

သူက ....

"ကွမ်တုံလေးဖော်ရောက်လာပြီ .... "

စတင်းချက်က ....

"ကဲ .... တပည့်လက်ခံတဲ့ကိစ္စကိုတော့ နောက်မှ ဆက်ပြောမယ် .... "

သူက ထန်ရှောင်လန်း၏ထုံကြောကို ထိုးလိုက်ပြီး ကျောက်တုံးနှစ်လုံးကြားတွင် ထည့်ထားလိုက်၏။

"မင်း ဒီမှာ ငြိမ်ငြိမ်လေးနေ .... ငါတို့ရဲ့ သိုင်းပညာ ဘယ်လောက်တော်တယ်ဆိုတာ မင်း ကိုယ်တွေ့မျက်မြင် ဖြစ်ပြီပေါ့ကွာ"

ကွမ်တုံလေးဖော်မှာ ဘီလူး၏လေချွန်သံကိုကြား၍ သူတို့က

ဒီဘက်သို့ ပြန်လိုက်လာခြင်း ဖြစ်သည်။

မကြာခင်ပင် ကွမ်တုံလေးဖော်မှာ ထိုနေရာသို့ ပြန်လည်ရောက်ရှိလာသည်။

သူတို့က ကြည့်လိုက်သောအခါ ပိန်လှီသော အဘိုးကြီးနှစ်ဦးအား တွေ့လိုက်ရ၏။

"မင်းတို့နှစ်ယောက်က ဘီလူးနှစ်မြွာဆိုတာ မဟုတ်လား"

ထိုအခါ လက်ရှစ်ဘက်ဘီလူးစတင်းချက်က အေးစက်စွာရယ်၍ ....

"ဟုတ်တယ်လေ .... မင်းတို့ကလည်း ကွမ်တုံလေးဖော်ဆိုတာ ငါသိတယ် .... မင်းတို့နဲ့ တွေ့ချင်နေတာကြာပြီ .... အခုမှပဲ တွေ့ရတော့တယ် .... "

ကွမ်တုံလေးဖော်တွင် နံပါတ်လေး ချန်ရှင်ပါးမှာ ဒေါသအကြီးဆုံးဖြစ်၍ သူက အော်ပြောသည်။

"မင်းတို့ ဘီလူးနှစ်ကောင် လျှာသိပ်ရှည်မနေနဲ့ .... ငါတို့ အခုလာတာ မင်းတို့နဲ့ စကားပြောဖို့ မဟုတ်ဘူး .... မင်းတို့နဲ့ ရန်ဖြစ်ဖို့လာတာကွ .... "

ဘီလူးနှစ်ကောင်မှာ အငယ်ကောင် စတင်းတုံးက တဟားဟားရယ်၍ ....

"ကောင်းပြီလေ .... မင်းက ဒီလောက်တောင် ရန်ဖြစ်ချင်တယ်ဆိုတော့ ငါက မင်းရဲ့ဆန္ဒကို ဖြည့်ပေးရတာပေါ့ .... "

ပြောရင်း သူက ရုတ်တရက်ခုန်၍ ချန်ရှင်ပါးအား လက်ဝါးကြီးဖြင့် ရိုက်ချလိုက်သည်။ စတင်းတုံးမှာ သံမဏိဘီလူးဟု နာမည်ကြီးသူဖြစ်၏။



တစ်ကိုယ်လုံးမှာ သံမဏိကဲ့သို့ မာကြော၏။ ချန်ရှင်ပါးမှာလည်းအပြင်သိုင်းအားပညာကိုအထွတ်အထိပ်ရောက်အောင် လေ့ကျင့်ခဲ့သူဖြစ်၍ သူ့ရဲ့လက်ဝါးမှာ ကျောက်ခဲကဲ့သို့ မာကြောသည်။

ထို့ကြောင့် စတင်းတုံးက လက်ဝါးဖြင့် ခုန်အုပ်ရိုက်လိုက်သည်ကို ချန်ရှင်ပါးက ရှောင်တိမ်းခြင်း မပြုဘဲ လက်ဝါးဖြင့် ပြန်ရိုက်လိုက်သည်။

'ဝုန်း'ခနဲ ကျယ်လောင်စွာ အသံမြည်သွားပြီး ချန်ရှင်ပါးမှာ နောက်သို့ နှစ်လှမ်းယိုင်ဆုတ်သွား၏။ စတင်းတုံးမှာမူ ကိုယ်ဟန်မပျက်ခဲ့ချေ။

ထိုအခြင်းအရာကို ကြည့်ရှုခြင်းဖြင့် စတင်းတုံးမှာ ချန်ရှင်ပါးထက် သိုင်းအားပိုမိုကြီးမားသန်စွမ်းကြောင်း သိနိုင်သည်။

ကွမ်တုံလေးဖော် နံပါတ်နှစ်ဖြစ်သူ လန်ရက် ဆရာတော်က ထိုအချင်းအရာကို တွေ့ရသောအခါ ရုတ်တရက် အရက်ကရားကိုယူ၍ အရက်တစ်ခွက် သောက်လိုက်၏။

ထိုစဉ် စတင်းတုံးက ချန်ရှင်ပါးကို အနည်းငယ် အသာရရှိသွား၍ တဟားဟားရယ်၍ ....

"ကွမ်တုံလေးဖော်ရဲ့ အစွမ်းအစက ဒီလောက်ပဲလားကွ"

ရုတ်တရက် 'ဖူး'ခနဲ လေမှုတ်သံတစ်ချက် ထွက်ပေါ်လာ၍ စတင်းချက်က စတင်းတုံးအား လှမ်း၍ အော်ဟစ်သတိပေးလိုက်၏။

"စတင်းတုံး .... မျက်စိသတိထား .... "

စတင်းတုံးက သတိဝင်လာပြီး ချက်ချင်းလက်ဖြင့် မျက်စိနှစ်ဖက်ကို ကာထားလိုက်၏။ ထိုအခါ အရက်စက်ကလေးများက သူ့ကိုယ်ပေါ်သို့ ကျရောက်လာလေသည်။ စတင်းတုံး၏ကိုယ်ပေါ်ရှိ အင်္ကျီ

တစ်ခုလုံးမှာ ဇကာပေါက်ကဲ့သို့ အပေါက်ကလေးများစွာ ဖြစ်သွားလေတော့သည်။

သို့သော် စတင်းတုံးမှာ တစ်ကိုယ်လုံးရှိ ကြွက်သားကို သံမဏိကဲ့သို့ မာကြောအောင် ကျင့်ထားခဲ့သဖြင့် ထိုအရိုက်စက်ကူလေးများက သူ့အသားကို ထိသော်လည်း လုံးဝဒဏ်ရာမရခဲ့ချေ။ ပုရွက်ဆိတ်ကိုက်သလိုသာ ထင်နေရ၏။

စတင်းတုံးမှာ အလွန်အမင်း ဒေါသထွက်သွားပြီး သူက လန်ရက်ဆရာတော်ထံသို့ ခုန်အုပ်လိုက်သည်။

ထိုအချိန်၌ပင် စတင်းချက်က ရှင်ဖုန်းရသေ့ကြီးအား ခုန်အုပ်တိုက်ခိုက်လေတော့သည်။ ရှင်ဖုန်းရသေ့က ဓားကို အဆက်မပြတ်လှုပ်ရမ်းတိုက်ခိုက်လိုက်သည်။ စတင်းချက်မှာ ရှင်ဖုန်းရသေ့၏ လှုပ်ရမ်းချက်အတိုင်း လေထဲတွင် လှုပ်ရမ်းနေသော မြက်ပင်ကဲ့သို့ ပေါ့ပါးစွာပင် ရှောင်တိမ်းပေးလိုက်လေ၏။

ရှင်ဖုန်းရသေ့၏ ပြင်းထန်သော တိုက်ကွက်နှစ်ကွက်စလုံးကို ဘိလူးကြီး စတင်းချက်က လွတ်အောင်ရှောင်တိမ်းနိုင်ခဲ့သည်။ ထိုအချိန်တွင် သူ့နောက်ကျောတွင်ရှိ အိတ်ထဲ၌ ချိတ်ထားသော ဖန်ရင်းမှာ အိပ်ရာမှ လန့်နိုးလာသဖြင့် 'ဝါး'ခနဲ အော်လေတော့သည်။

ထိုအချိန်တွင် စတင်းချက်က ရုတ်တရက် ခုန်အုပ်လိုက်ပြန်၏။ သူ၏လက်ချောင်းဆယ်ချောင်းမှာ သိန်းငှက်၏လက်သည်းကဲ့သို့ ရှင်ဖုန်း၏ခေါင်းကို ထိုးစိုက်ချလိုက်၏။

ရှင်ဖုန်းရသေ့မှာ ....၊ ကမန်းကတန်း ရှောင်တိမ်းပေးလိုက်၏။ သူက တောင်ဝှေးဖြင့် လှမ်းကာလိုက်သည်။

သို့သော် တောင်ဝှေးကို စတင်းချက်က ဖမ်းဆွဲထားလိုက်ပြီး



ရှေ့သို့ ဆောင့်ဆွဲလိုက်ရာ ရှင်ဖုန်းမှာ ရှေ့သို့ နှစ်လှမ်းယိုင်၍ ပါသွားသည်။

ထိုအချိန်တွင် စတင်းချက်၏ ညာလက်က ရှင်ဖုန်း၏မျက်နှာကို ဆွဲကုပ်လိုက်၏။ ရှင်ဖုန်းသည် ကမန်းကတန်း ခေါင်းကို နောက်သို့ ဆုတ်လိုက်ရသည်။

ထိုစဉ် လူရိပ်တစ်ခုက ရုတ်တရက် သူတို့ကြားသို့ ခုန်အုပ်လာ၏။ စတင်းချက်မှာ တစ်ချက်အော်၍ လက်နှစ်ဘက်စလုံး လွတ်လိုက်ရသည်။ ရှင်ဖုန်းလည်း ယိုင်ထွက်သွားတော့သည်။

အခန်း(၇)

## အသေအကြေတိုက်ပွဲ

ကွမ်တုံလေးဖော်၏ တတိယကျိုရှင်းခန်း ရုတ်တရက် ခုန်ဝင်လာ၏။

သူတို့အစ်ကိုကြီး၏ ပြင်းထန်သော ဓားသိုင်းကွက်က စတင်းချက်ကို မထိနိုက်နိုင်ရုံမက စတင်းချက်က ပြန်တောင်ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရသောအခါ အကြီးအကျယ် တုန်လှုပ်သွားခဲ့၏။

ထို့ကြောင့် သူက ချက်ချင်းခုန်အုပ်၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ထိုအခါ စတင်းချက်မှာ ရှင်ဖုန်းကို ဆက်လက်၍ မတိုက်နိုင်တော့ဘဲ ကျိုရှင်းခန်းအား လှည့်၍ တိုက်ခိုက်လေတော့သည်။ သူ၏ လက်ချောင်းဆယ်ချောင်းမှာ တစ်ပေခန့်ရှည်လျားသော လက်သည်းများ ထွက်ပေါ်လာသည်ကို တွေ့ရသည်။

ကျိုရှင်းခန်းမှာ တုန်လှုပ်သွားပြီး ချက်ချင်း နောက်ကျွမ်းထိုး၍ ခုန်ထွက်သွားသည်။



ရှင်ဖုန်းရသေ့ကလည်း နောက်မှနေ၍ ခုန်အုပ်တိုက်ခိုက်ပြန်လေသည်။

စတင်းချက်မှာ သိန်းငှက်တစ်ကောင်လိုပင် ခုန်ပျံရင်း လက်သည်းဆယ်ချောင်းဖြင့် ကုတ်ခွဲ၊ ထိုးဆိတ် တိုက်ခိုက်လေတော့သည်။

ဘီလူးနှစ်မြွာမှာ ကြောင်သိန်းငှက်ကျွန်းတွင် အနှစ်သုံးဆယ်ခန့် နေလာခဲ့ရာ သူတို့သည် ကြောင်သိန်းငှက်နှင့် မြွေများတို့၏ တိုက်ခိုက်သတ်ပုတ်ပုံများကို အမြဲတမ်းမြင်တွေ့နေရ၏။ သူတို့က သတ္တဝါနှစ်ကောင်တို့၏ သတ်ပုတ်မှုထဲမှ သိုင်းပညာအတော်များများကို သဘောပေါက်တတ်ကျွမ်းခဲ့သည်။

ထို့ကြောင့် သူတို့သည် သိန်းငှက်အလား ခုန်ပျံတိုက်ခိုက်လေ့ရှိကြ၏။

ထို့ပြင် စတင်းချက်က သီးခြားသိုင်းပညာတစ်မျိုးကို လေ့ကျင့်ခဲ့သေး၏။

ကြောင်သိန်းငှက် လက်သည်းသိုင်း ဖြစ်လေသည်။ သူက လက်ထဲကို လုံးဝမညှပ်ဘဲ ချန်ထား၏။ လက်သည်းတိုင်းမှာ တစ်ပေနီးပါးခန့် ရှည်လျားလျက်ရှိနေသည်။ ကျောက်ခဲကဲ့သို့ မာကျောသည်။ ခါတိုင်းအချိန်တွင် လက်သည်းများမှာ ထိပ်တွင် လိမ်ခွေလျက်ရှိနေ၍ အသုံးပြုတော့မည့်အချိန်ကျမှ လက်သည်းများက ဆန့်ထွက်လာသည်။ ထို့ပြင် လက်သည်းများအားလုံးကို မြွေဆိပ်ဖြင့် စိမ်ကျွေးထားသဖြင့် သူ့လက်သည်းကုတ်ခြစ်ခြင်း ခံလိုက်ရလျှင် အဆိပ်တက်၍ ဆယ့်နှစ်နာရီအတွင်း ဖြေဆေးမသောက်လျှင် သေဆုံးရသည်။ ထို့ကြောင့် သူ၏ လက်သည်းအောက်တွင် သေဆုံးခဲ့ရသော သိုင်းသမားများ မနည်းလှတော့ချေ။

ရှင်ဖုန်းရသေ့မှာ ဓားတစ်ဘက် .... ၊ တောင်ဝှေးတစ်ဘက်ဖြင့် စတင်းချက်အား အစွမ်းကုန် တိုက်ခိုက်လေတော့သည်။ ထိုအခါ ဓားရောင်မှာ တဝင်းဝင်း တလက်လက်နှင့် စကင်းချက်၏ တစ်ကိုယ်လုံးကို ဖုံးအုပ်ထားသည်။

ထိုကြားထဲတွင် တောင်ဝှေးက တစ်ခါတစ်ရံ ပြင်းထန်စွာ ရိုက်ခတ်လိုက်သေး၏။

သို့သော် စတင်းချက်မှာ ထိုပြင်းထန်သော တိုက်ကွက်များကြားမှ သူ၏ ကြောင်သိန်းငှက် တိုက်ခိုက်နည်းကို အသုံးပြုရန် ဓားနှင့် တောင်ဝှေးများကြားမှ ခုန်ပျံကျော်လွှားကာ လက်သည်းဆယ်ချောင်းဖြင့် ရှင်ဖုန်းကို ပြန်လည်တိုက်ခိုက်လေသည်။ သူ၏လှုပ်ရှားချက်မှာ အလွန်မြန်ဆန်သဖြင့် အဝေးမှကြည့်လျှင် ကကယ်ပင် လက်ရှစ်ဘက်ရှိသည့်အလား ထင်နေရ၏။ ရှင်ဖုန်းရသေ့မှာ တကယ်ပင် နာမည်နှင့်လိုက်အောင် အလွန်ပင် သိုင်းပညာမြင့်မားလှကြောင်း သူ သိရှိသွားခဲ့လေပြီ။

တကယ်တော့ စတင်းချက်မှာလည်း ရင်ထဲ၌ တုန်လှုပ်လျက်ရှိနေ၏။

ရှင်ဖုန်းရသေ့၏ ဓားသိုင်းကွက် အလွန်ကောင်းလှသည် မဟုတ်ပါလား။

သူတို့နှစ်ယောက်စလုံးမှာ အစွမ်းကုန် တိုက်ခိုက်နေ၍ အချိန်မရွေး အသက်သေဆုံးနိုင်စရာအကြောင်းရှိ၏။

ကျိုးရှင်းခန်းမှာ သူ့အစ်ကိုကြီး အန္တရာယ်ကြုံတွေ့နေသည်ကို တွေ့ရသောအခါ သူက သူ၏တူးချွန်သော ကိုယ်ဖော့သိုင်းပညာကို အားကိုး၍ ကြားမှနေကာ အကွက်ချောင်း၍ တစ်ချက် တစ်ချက် ဝင်



ရောက်တိုက်ခိုက်လေ့ရှိသည်။ စတင်းချက်က သူ့ကို လှည့်၍ ဆွဲကုတ်ရန် ပြုလိုက်သောအခါ သူက ချက်ချင်း ပြန်ခုန်ထွက်လာခဲ့၏။

ရှင်ဖုန်းရသေ့မှာ သူညီ၏ ဝင်ရောက်ကူညီတိုက်ခိုက်မှုကြောင့် အနည်းငယ် အသာစီးရနေသည်။

ထိုစဉ် ရုတ်တရက် သံမဏိဘီလူး စတင်းတုံးနှင့် ချန်ရှင်ပါးတို့၏ အော်သံကို ကြားလိုက်ရသည်။

တကယ်တော့ ဟိုဘက်တွင် လန်ရက်ဆရာတော်နှင့် ချန်ရှင်ပါးတို့နှစ်ဦးက သံမဏိဘီလူး စတင်းတုံးကို ဝိုင်းဝန်းတိုက်ခိုက်နေခြင်း ဖြစ်လေသည်။

လန်ရက်ဆရာတော်၏ အရက်ကြောင့် စတင်းတုံး၏ အင်္ကျီမှာ လုံးဝရစရာမရှိတော့ချေ။

စတင်းတုံးမှာ ဒေါသဖြင့်အော်၍ ကိုယ်လုံးကို လှုပ်ခါလိုက်ရာ အင်္ကျီမှာ အပိုင်းပိုင်းဖြစ်သွားပြီး လေထဲတွင် ပျံ့လွင့်သွားလေသည်။ သူက အော်၍ ....

“ကဲ .... မင့်ဘုန်းကြီးက ငါ့ကို ဘာများလာလုပ်နိုင်သေးသလဲဆိုတာ ကြည့်ကြသေးတာပေါ့ .... ”

သူက ပြောရင်း လက်ဦးနှစ်လုံးဖြင့် လန်ရက်ဆရာတော်၏ နားထင်ကို ထိုးချလိုက်၏။ လန်ရက်ဆရာတော်က ရယ်၍ နောက်သို့ ခုန်ဆုတ်လိုက်ပြီး ခါးတွင်စည်းထားသော ကျာပွတ်ဖြင့် လွှဲရိုက်လိုက်သည်။

ထိုအချိန်တွင် ချန်ရှင်ပါးမှာ စတင်းတုံး၏ နောက်ဘက်တွင် ရှိနေသဖြင့် သူကလည်း လက်ဝါးစောင်းနှစ်ဖက်ဖြင့် စဘင်းတုံး၏ နားထင်ကို ရိုက်ချလိုက်သည်။

စတင်းတုံးက ရုတ်တရက် နောက်တစ်လှမ်းဆုတ်၍ တံတောင်ဆစ်ဖြင့် ချန့်ရှင်ပါးကို ဆောင့်ထိုးလိုက်ရာ ချန့်ရှင်ပါးက နောက်သို့ တစ်လှမ်းဆုတ်ကာ ရှောင်ပေးလိုက်ရာ [illegible]က တစ်ချိန်တည်းမှာပင် ဘယ်လက်က စတင်းတုံး၏လက်သီးကို မကိုင်ထားလိုက်ပြီး၊ ညာလက်က စတင်းတုံး၏ တံတောင်ကွေးကို ဆုပ်ကိုင်ထားကာ လိမ်ချိုးလိုက်၏။

ဤသည်မှာ လူ၏အရိုးအကြော လိမ်ချိုးနည်းထဲမှ သိုင်းကွက်တစ်ကွက်ပင် ဖြစ်သည်။ ထိုသို့ လိမ်ချိုးလိုက်သည်နှင့် အရိုးအဆစ်လွဲပြီး အကြောများလည်း ကျိုးပြတ်သွားနိုင်သည်။

သို့ပေမဲ့ စတင်းတုံးမှာ တံတောင်ကို အောက်သို့နှိမ့်ချလိုက်ပြီး ဘာမှ မဖြစ်သလိုနှင့် ဘယ်လက်ဝါးစောင်းဖြင့် ချန့်ရှင်ပါး၏ခေါင်းကို ရိုက်ချလိုက်၏။

ချန့်ရှင်ပါးမှာ အငိုက်မိသွား၍ ရှောင်တိမ်းရန် မလွယ်တော့သဖြင့် ပခုံးဖြင့် လှမ်း၍ ကာလိုက်ရသည်။ 'ဘုန်း'ခနဲ ချန့်ရှင်ပါးမှာ နောက်သို့ ယိုင်လဲသွား၏။

ထိုအချိန်တွင် လန်ရက်ဆရာတော်၏ ကျာပွတ်မှာ စတင်းတုံး၏ နောက်ကြောကို နှစ်ချက်ဆက်တိုက် လွှဲရိုက်လိုက်၏။ စတင်းတုံးမှာ ဒဏ်ရာမရသော်လည်း နာကျင်သွားသဖြင့် အော်ကာ နောက်လှည့်၍ ကြာပွတ်ကို ဖမ်းဆုပ်လိုက်၏။ သူက ဆောင့်ဆွဲလိုက်ရာ လန်ရက်ဆရာတော်မှာ သူ့ဘက်သို့ ပါသွားသည်။ လန်ရက်ဆရာတော်က ကမန်းကတန်း လက်လွှတ်လိုက်ရာ စတင်းတုံးမှာ ရုတ်တရက် အရှိန်လွန်သွားပြီး 'ဘုန်း'ခနဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

ချန့်ရှင်ပါးက ချက်ချင်းခုန်အုပ်လိုက်၏။ စတင်းတုံးမှာ မြေကြီး



တွင် နှစ်ပတ်ခန့်လှိမ့်လိုက်ပြီး ချန့်ရှင်ပါးကို ဖက်လိုက်၏။ သူ့နောက်ကျောမှာ ချန့်ရှင်ပါး၏လက်သီးနှစ်ချက် အထိုးခံလိုက်ရသည်။

သို့သော် သူက နောက်ဆုံးတော့ ချန့်ရှင်ပါးကို မြေကြီးနှင့် ဖိထားနိုင်သည်။

လန်ရက်ဆရာတော်က ကျာပွတ်ကို ပြန်ကောက်ပြီး တုန်လှုပ်စွာဖြင့် သူတို့နှစ်ဦးကို ကြည့်နေ၏။

သူတို့နှစ်ဦးမှာ မြေကြီးတွင် လူးလိမ့်သတ်ပုတ်လျက်ရှိနေ၍ သူက ကျာပွတ်ဖြင့် မရိုက်ရဲတော့ချေ။

မကြာမီ ချန့်ရှင်ပါး၏ လက်နှစ်ဖက်မှာ အချုပ်ခံရပြီး စတင်းတုံးက တံတောင်ဆစ်ဖြင့် သူ၏ရင်ဝကို အားဖြင့် ဖိချနေသည်ကို တွေ့ရသည်။

လန်ရက်ဆရာတော်က ကမန်းကတန်း ကျာပွတ်ဖြင့် စတင်းတုံး၏နောက်စေ့ကို ရိုက်ချလိုက်သည်။

"အား ...."

စတင်းတုံးမှာ နာကျင်လွန်း၍ ချန့်ရှင်ပါးကို လွှတ်လိုက်ပြီး လန်ရက်ဆရာတော်အား လှည့်၍ တိုက်ခိုက်ရတော့သည်။

ကျိုရှင်းစန်းမှာ ဒီဘက်ကအခြေအနေကိုတွေ့၍ ကမန်းကတန်း ခုန်ကာ ချန့်ရှင်ပါးအား ပွေ့ထူလိုက်၏။ ချန့်ရှင်ပါး၏ မျက်နှာမှာ ဖူးရောင်နေသည်ကို တွေ့ရသည်။

"ဘယ်လိုနေသလဲ .... "

ချန့်ရှင်ပါးက အံကြိတ်၍ ....

"အရေးမကြီးပါဘူး .... အပေါ်ယံလောက်ပါပဲ .... "

သူက ထပ်မံ၍ ခုန်အုပ်လိုက်ပြန်သည်။ ထိုအချိန်တွင် ရှင်ဖုန်း

ရသေ့နှင့် လန်ရက်ဆရာတော်တို့မှာ ဘီလူးနှစ်ခြွာ၏ တိုက်ခိုက်ချက်ကို အလူးအလဲခုခံနေရပြီး နောက်သို့ တသွင်သွင် ဆုတ်နေရ၏။

ထိုစဉ် ရှင်ဖုန်းရသေ့က အော်၍ ....

"ချန်ရှင်ပါး .... ကျိုရှင်းခန်းတို့ဘက်ကို ရောက်အောင်လာခဲ့၊ တို့အားလုံး လက်တွဲပြီး တိုက်ခိုက်ကြမယ်ဟေ့ .... "

လန်ရက်ဆရာတော်က ကမန်းကတန်း အရက်ဖြင့် ဘီလူးနှစ်ခြွာ၏မျက်စိကို မှုတ်လိုက်၍ အတိုက်အခိုက်ကို ခေတ္တရပ်တန့်သွားစေ၏။

ထိုအခါ ချန်ရှင်ပါးနှင့် ကျိုရှင်းခန်းတို့က အားလုံး ရှင်ဖုန်းရသေ့အနားသို့ ပူးကပ်သွားကြသည်။

ချန်ရှင်ပါးက ချက်ချင်း လက်ဝါးစောင်းဖြင့် စတင်းချက်၏ခါးကို ခုတ်လိုက်ရာ ရုတ်တရက် ပခုံးတွင် နာကျင်သွားသဖြင့် ကြည့်လိုက်ရာ ပခုံးတွင် စတင်းချက်၏လက်သည်းတစ်ချက် ထိုးစိုက်ခြင်းကို ခံလိုက်ရကြောင်း တွေ့ရှိရသည်။

ရှင်ဖုန်းရသေ့က ကမန်းကတန်း ဆေးလုံးတစ်လုံးထုတ်၍ ချန်ရှင်ပါးအား ပစ်ပေးကာ အော်လိုက်၏။

"လက်သည်းမှာ အဆိပ်ရှိတယ် .... ဆေးကိုသောက်လိုက်"

ချန်ရှင်ပါးသည် ထိုစကားကို ကြားရသောအခါ တုန်လှုပ်သွားပြီး ဆေးလုံးကို ကမန်းကတန်း မျိုချလိုက်သည်။

ထိုအခါတွင် ကျိုရှင်းခန်းက ကိုယ်ဖော့သိုင်းပညာဖြင့် ခုန်၍ ရုတ်တရက် လက်ဆယ်ချောင်းကိုကွေးကာ .... သံလက်စွပ်များဖြင့် သံမဏိဘီလူး၏နောက်စေ့ကို ရိုက်ချလိုက်၏။

"အား .... "



စတင်းတုံးမှာ ခေါင်းကွဲလုမတတ် နာကျင်စွာ ခံစားလိုက်ရ၍ သူ၏လက်နှစ်ဖက်စလုံးကို အတင်းရမ်းလိုက်ရာ ကျိုရှင်းခန်းမှာ ကမန်းကတန်း နောက်သို့ ခုန်ဆုတ်လိုက်သည်။

ရှင်ဖုန်းရသေ့က အခွင့်ကောင်းယူကာ ဓားဖြင့် စတင်းတုံး၏ လက်မောင်းကို ထိုးချလိုက်သည်။ သို့သော် စတင်းတုံးမှာ ကြွက်သားကို ကျုံ့လိုက်ရာ ဓားသည် ဘေးသို့ လွဲချော်သွားသည်။ ရှင်ဖုန်းက ဓားဖြင့်ထိုးလျှင် သူ့အသားထဲသို့ ထိုးစိုက်နိုင်မည် မဟုတ်မှန်းသိ၍ အတွင်းအားထုတ်ကာ ဓားသွားဖြင့် သူ့ပခုံးတွင် ဆွဲခြစ်လိုက်သည်။

စတင်းတုံးမှာ အားခနဲ တစ်ချက်အော်လိုက်ပြီး ပခုံးတွင် သွေးယိုစီးကျလာတော့သည်။

ထိုအချိန်တွင် စတင်းချက်က အခွင့်ကောင်းယူ၍ ရှင်ဖုန်းရသေ့၏ ခေါင်းကို လက်သည်းဖြင့် ထိုးစိုက်ချလိုက်ရာ ရှင်ဖုန်းမှာ အချိန်မမီတော့သဖြင့် ခေါင်းကိုသာ ရှောင်တိမ်းခဲ့၏။ သူ့ပခုံးတွင် တစ်ချက် အကုတ်ခံလိုက်ရသည်။

သူက ကမန်းကတန်း နောက်ဆုတ်ခုန်ထွက်ပြီး ဆေးလုံးထုတ်ကာ ဆေးသောက်လိုက်ရ၏။

စတင်းတုံးမှာ ဘယ်ဘက်ပခုံးတွင် ဓားဒဏ်ရာတစ်ချက် ရခဲ့သဖြင့် ထိုဘယ်လက်ကို သိပ်မလှုပ်ရှားနိုင်တော့ချေ။

ကွမ်တုံလေးဖော်မှာ ဘီလူးနှစ်ခြွာ ဝိုင်းဝန်းခုခံတိုက်ခိုက်နေရသည်။

တဖြည်းဖြည်းနှင့် ရှင်ဖုန်းရသေ့နှင့် ချန်ရှင်ပါးတို့မှာ အော့အန်ချင်စိတ်များ ထွက်လာသည်။

တကယ်တော့ စတင်းချက်၏ လက်သည်းတွင်းရှိ အဆိပ်မှာ

မြေကျွန်းတွင်ရှိ အဆိပ်အပြင်းဆုံးမြွေ၏ အဆိပ်ဖြစ်သည်။ ရွှင်ဖုန်း၏ အဆိပ်ဖြေဆေးလုံးမှာ ကောင်းမွန်လှသော်လည်း လုံးဝမပျောက်ကင်းနိုင်ချေ။

ထို့ကြောင့် သူတို့နှစ်ဦးမှာ မူးဝေပြီး အော့အန်ချင်စိတ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

တဖြည်းဖြည်းနှင့် ကွမ်းတုံလေးဖော်မှာ ရှုံးနိမ့်လာခဲ့သည်။ ရွှင်ဖုန်းရသေ့မှာ အားကုန်ခုခံရင်း ရုတ်တရက် တစ်ချက်အော့အန်လိုက်သည်။

ထိုအခါကျမှ သူက သတိရလိုက်သည်။

သူက အော်၍ ....

"လန်ရက် .... ကျိုးရှင်းခန်း အပြင်ပိုင်းကနေတိုက်ခိုက်၊ လန်ရက်က အနက်နဲ့ သူတို့ရဲ့ မျက်စိကိုမှတ် .... ကျိုးရှင်းခန်းက လက်စွပ်နဲ့ သူတို့ရဲ့ နောက်ကျောကိုချ .... "

ထိုအခါ လန်ရက်ဆရာတော်နှင့် ကျိုးရှင်းခန်းမှာ ချက်ချင်း ဝိုင်းအပြင်သို့ ခုန်ထွက်လိုက်သည်။ လန်ရက်က ပါးစပ်ဟ၍ 'ဖူး'ခနဲ မှုတ်လိုက်ရာ စတင်းချက်မျက်နှာသို့ ဦးတည်သွား၏။

စတင်းချက်က ကမန်းကတန်း နောက်သို့ရှောင်ဆုတ်ပေးလိုက်ရသည်။

လန်ရက်က ထပ်၍ တစ်ခါမှုတ်လိုက်ပြန်ရာ အရက်များက စတင်းတုံး၏ မျက်စိဆီသို့ ကျရောက်လာပြန်သည်။ စတင်းတုံးက လက်နှစ်ဖက်ဖြင့် မျက်စိကို ကာထားလိုက်၏။ သူ့ကိုယ်လုံးပေါ်ရှိ ကြွက်သားများမှာ အလွန်မာကြော၍ သူက မကြောက်ချေ။

သို့သော် ထိုခဏတွင် ရွှင်ဖုန်းရသေ့က ဓားဖြင့် သုံးချက်ထိုး



လိုက်ရာ စတင်းတုံးမှာ အူယားဖားယားနှင့် ရှောင်တိမ်းလိုက်ရသည်။ သို့သော် 'ဘုန်း'ခနဲ သူ့နောက်ကျောတွင် ကျိုးရှင်းခန်း၏ လက်စွပ်နှစ်ကွင်း ပစ်ခတ်ခြင်းကို ခံလိုက်ရသည်။

"အား .... "

ထိုအခါ စတင်းတုံးမှာ နာကျင်လွန်း၍ ထအော်လိုက်မိသည်။ ရွှင်ဖုန်း၏ဓားမှာ လက်ခနဲ စတင်းတုံး၏ လည်မျိုသို့ ကျရောက်လာစဉ် စတင်းချက်က ခုန်အုပ်ရောက်ရှိလာပြီး တိုက်ခိုက်သဖြင့် ရွှင်ဖုန်းက ဓားကို ရုပ်သိမ်း၍ နောက်သို့ ဆုတ်လိုက်ရသည်။

စတင်းချက်နှင့် စတင်းတုံးတို့က ထပ်မံ၍ ခုန်အုပ်တိုက်ခိုက်ရန်ပြုသဖြင့် လန်ရက်ဆရာတော်က အရက်ဖြင့် သူတို့နှစ်ဦး၏ မျက်စိကို မှုတ်လိုက်ပြန်သည်။ ထိုအခါ ဘီလူးနှစ်မြွာမှာ နောက်သို့ ဆုတ်လိုက်ပြန်သည်။

သို့သော် အထိုအချိန်၌ ရွှင်ဖုန်းနှင့် ချန်ရွှင်ပါးမှာ တဖြည်းဖြည်းပို၍ မူးဝေအော့အန်ချင်ပြန်သည်။

တိုက်ပွဲမှာ ပို၍ပြင်းထန်လာသည်။ တစ်ချက်တွင် ရွှင်ဖုန်း၏ တောင်ဝှေးမှာ ဘီလူးနှစ်ကောင်ကို ရိုက်၍မထိဘဲ ထန်ရှောင်လန်းကို ဖူးကပ်ထားသော ကျောက်တုံးနှစ်တုံးကို ရိုက်မိပြီး .... ကျောက်တုံးများ ကြေမွပြီး ထန်ရှောင်လန်းမှာ ပြုတ်ကျခဲ့လေသည်။

ထန်ရှောင်လန်းက အော်၍ ....

"ရသေ့ကြီးရွှင်ဖုန်း .... ကျွန်တော့်ကို ကယ်ပါဦး .... "

ထန်ရှောင်လန်းမှာ စောစောတုန်းက အကြောပိတ်ခံထားရသော်လည်း အချိန်ကြာမြင့်လာ၍ တဖြည်းဖြည်းနှင့် အလိုအလျောက် ပြန်ပြေလာသည်။

နောက်ဆုံး .... ရွှင်ဖုန်းရသေ့ တောင်ဝှေးရိုက်ချက်ကြောင့် သူက ကျောက်တုံးကြားမှ ပြုကျခဲ့သဖြင့် အကြောမှာ ပြေသွားတော့သည်။

ရွှင်ဖုန်းက အော်၍ ....

"မင်းက ဘယ်သူလဲ .... "

ထန်ရှောင်လန်းက ခုန်ထလိုက်ပြီး အော်၍ ....

"ကျွန်တော်က ချူချင်းမွေးစားထားတဲ့ ကလေးလေ .... "

ရွှင်ဖုန်းက 'ဟာ'ခနဲဖြစ်သွားကာ ချက်ချင်း ဝိုင်းထဲမှ ခုန်ထွက်ကာ ထန်ရှောင်လန်းအနားသို့ ပြေးလာသည်။

"ဩော် .... မင်းက ဒီကိုရောက်နေတာကိုး .... "

ထန်ရှောင်လန်းက သူ့ခါးတွင်ရှိ နဂါးနိုင်ဓားကို ဆွဲထုတ်၍ ....

"ရသေ့ကြီး .... ဒီဓားကိုသုံးပါလား .... "

ချူချင်းမှာ ရွှင်ဖုန်းရသေ့နှင့် သူငယ်ချင်းဟောင်းဖြစ်၍ သူက မိမိ တစ်နေ့ကျလျှင် မတော်တဆ သေဆုံးခဲ့သောအခါ ထန်ရှောင်လန်းအား စောင့်ရှောက်ပေးပါဟု ကြိုတင်မှာကြားထား၏။ ရွှင်ဖုန်းရသေ့မှာ ထိုစဉ်က ထန်ရှောင်လန်း အသက်ဆယ်နှစ်ခန့်သာ ရှိသေးသဖြင့် ကြီးလာလျှင် ရုပ်ကို မှတ်မိနိုင်မည်မဟုတ်ကြောင်း ပြောခဲ့၏။ ထိုစဉ် ချူချင်းက နဂါးနိုင်ဓားကို ကိုင်ဆောင်သောလူမှာ ထန်ရှောင်လန်းပင်ဖြစ်ကြောင်း မှာကြားခဲ့သေးသည်။

အခု ရွှင်ဖုန်းရသေ့မှာ ထန်ရှောင်လန်း၏ရုပ်ကို အနည်းငယ် မှတ်မိလာသော်လည်း အခု ထန်ရှောင်လန်းက နဂါးနိုင်ဓားကို ထုတ်လိုက်တော့မှ သူက သေချာမှတ်မိသွားသည်။ သူတို့လေးဦး ထိုက်ဟန်တောင်ပေါ်သို့တက်စဉ်က .... ချူချင်း အသတ်ခံခဲ့ရသော သတင်းကို



ကြားသိခဲ့ရပြီးဖြစ်၏။

ထို့ကြောင့် သူက ထန်ရှောင်လန်းကို ရှာဖွေရင်း ထိုက်ဟန်တောင်အောက်သို့ ဆင်းလာခဲ့ကြ၏။

ရွှင်ဖုန်းရသေ့က ဓားကို လှမ်းယူလိုက်ပြီး .... ကြည့်လိုက်ရာ တကယ်ပင် နဂါးနိုင်ဓားမှန်း သေချာစွာ သိသွားသည်။ သူက အား တက်ဝမ်းသာစွာဖြင့် ဓားကို ဆွဲကိုင်ကာ ....

"ကောင်းပြီ .... မင်း ငါနဲ့လိုက်ခဲ့ .... "

ထိုစဉ် စတင်းချက်က လန်ရက်ဆရာတော်နှင့် ကျိုရှင်းခန်းတို့ကို နောက်ဆုတ်အောင် တိုက်ခိုက်လိုက်ပြီး အော်၍ ....

"ရသေ့စုတ် .... မင်းက ငါ့တပည့်ကို လုယူသွားတယ် ဟုတ်လား .... "

သူက ရုတ်တရက် ခုန်အုပ်ကာ ဘယ်လက်ဖြင့် ထန်ရှောင်လန်းအား ဆွဲကုတ်လိုက်ပြီး ညာလက်ဖြင့် ရွှင်ဖုန်းရသေ့အား ကုတ်ဆွဲလိုက်သည်။

ရွှင်ဖုန်းရသေ့က .... ဂါးနိုင်ဓားဖြင့် ထိုးလိုက်သည်။ သို့သော် စတင်းချက်က လေထဲတွင် ငှက်ကဲ့သို့ ဝဲ၍ ရှောင်လိုက်ပြီး လက်နှစ်ဖက်မှ နဂိုပုံအတိုင်း ဆက်လက်တိုက်ခိုက်လိုက်ပြန်သည်။

သို့သော် နဂါးနိုင်ဓားမှာ သာမန်ဓားမဟုတ်ဘဲ အလွန်ထက်မြက်ကောင်းမွန်လှလေရာ ရွှင်ဖုန်းရသေ့က အသာလေး တစ်ချက်ရမ်းလိုက်ရာ စတင်းချက်၏ ညာလက်တွင်ရှိ တစ်ပေခန့်ရှည်လျားသော လက်သည်းမှာ ထက်ပိုင်းပြတ်ထွက်သွား၏။

သို့သော် ဘယ်လက်မှာ ထန်ရှောင်လန်း၏ပခုံးကို ကုတ်ခြင်းလိုက်မိသည်။

ထန်ရှောင်လန်းမှာ နာကျင်လွန်း၍ 'အား'ဟု တစ်ချက် အော်လိုက်မိသည်။

ရှင်ဖုန်းရသေ့က ကမန်းကတန်း တိုက်ခိုက်လိုက်တော့မှ စတင်းချက်မှာ ထန်ရှောင်လန်းအား လွှတ်၍ နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

ထို့နောက် ရှင်ဖုန်းရသေ့က ဆေးလုံးထုတ်၍ ထန်ရှောင်လန်းအား ပစ်ပေးလိုက်၏။

ရှင်ဖုန်းရသေ့ကထန်ရှောင်လန်းအားပြန်တွေ့ရပြီဖြစ်၍ နောက်ဆက်လက် တိုက်ခိုက်ချင်စိတ် မရှိတော့ဘဲ ချက်ချင်း ထန်ရှောင်လန်းအား လက်ဆွဲ၍ ကျိုးရှင်းခန်းအနားသို့ ခုန်လိုက်သည်။ သူက ကျိုးရှင်းခန်းအား ....

"ကျိုးရှင်းခန်း .... မင်း သူ့ကိုခေါ်ပြီး အရင်သွားနှင့်၊ အနောက်တောင်ဘက်မှာရှိတဲ့ 'မင်ဆန်း'တောင်ကိုသွား .... "

ကျိုးရှင်းခန်းမှာ အလွန်အံ့ဩသွားသည်။ ဘာဖြစ်လို့ မင်ဆန်းတောင်ကို သွားခိုင်းရသနည်း။ သို့သော် ယခုအချိန်တွင် မေးရန်အချိန်မရှိ၍ သူက ထန်ရှောင်လန်းအား နောက်ကျောတွင်ပိုးကာ ခုန်၍ထွက်ပြေးသွားသည်။

ထိုစဉ် ရှင်ဖုန်းရသေ့က ဆက်၍ ...

"ချန်ရှင်ပါးနဲ့ လန်ရက် .... မင်းတို့လည်း သွားကြတော့ .... ငါ့ကို စောင့်မနေနဲ့ .... ငါ နောက်ကနေ လိုက်လာခဲ့မယ် .... "

သူက ပြောရင်း လက်ထဲရှိ နဂါးငွေခြင်းကို အားကုန်ထုတ်၍ ဝှေ့ရမ်းလိုက်ရာ စတင်းချက်နှင့် စတင်းတုံးတို့နှစ်ဦးမှာ ရုတ်တရက် ရှေ့မတိုးနိုင်ဘဲ တန့်သွား၏။ ထိုအချိန်တွင် ချန်ရှင်ပါးနှင့် လန်ရက်တို့သည် အခြားတစ်ဘက်မှ ပြေးဆင်းသွားသည်။ တစ်ဆက်တည်းပင် ရှင်ဖုန်းရသေ့လည်း သူတို့နောက်မှ လိုက်၍ ပြေးသွားတော့သည်။



တိုက်ပွဲကား ပြီးသွားလေပြီ။

စတင်းချက်က စတင်းတုံး၏ပခုံးရှိ ဒဏ်ရာကို စည်းပေးလိုက်ပြီးနောက် ....

"မင်း ဟိုရသေ့စုတ်နောက်ကို ဆက်လိုက်သွား .... ငါ လောရှည်နောက်ကိုလိုက်မယ် .... "

ဤသို့မှာရသည့်အကြောင်းရင်းကို စတင်းချက်သိ၏။ အကယ်၍ စတင်းတုံးမှာ ကျိုးရှင်းခန်းနောက်သို့ လိုက်၍မီမည်မဟုတ်ချေ။ ကျိုးရှင်းခန်းမှာ ကိုယ်ဖော့သိုင်းပညာမှာ စတင်းတုံးထက် အများကြီးသာလေသည်။

မိမိမှာမူ ကျိုးရှင်းခန်းလောက် ကိုယ်ဖော့သိုင်းပညာ မတော်သော်လည်း ကျိုးရှင်းခန်းမှာ လူတစ်ယောက် ထမ်းထားရသဖြင့် မိမိလိုက်လျှင် မှီနိုင်စရာအကြောင်းရှိသည်။

ထို့နောက်တွင် စတင်းချက်က ကျိုးရှင်းခန်းနောက်သို့ လိုက်သည်။

သို့သော် ကျိုးရှင်းခန်းမှာ ကြိုး၍ ပြေးခဲ့သဖြင့် စတင်းချက် နေ့ဝက်ခန့် ပြေးလိုက်သော်လည်း ကျိုးရှင်းခန်း၏ အရိပ်ကိုပင် မတွေ့ရတော့ချေ။

ဒုတိယနေ့ နေ့လယ်ရောက်သောအခါတွင် ကျိုးရှင်းခန်းမှာ မြို့လေးတစ်မြို့သို့ ရောက်လာခဲ့၏။

ထန်ရှောင်လန်း၏ ပခုံးတွင်ရှိ ဒဏ်ရာမှာ ပြန်၍ အဆိပ်တက်လာသဖြင့် ကျိုးရှင်းခန်းက တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်အနားယူ

၍ ထန်ရှောင်လန်းအား ကုသပေးရတော့သည်။ ဤတွင် ကျိုရှင်းခန်း ခေတ္တအနားရလေတော့သည်။

ရွှေနဂါး တည်းခိုခန်းပေတည်း။



အခန်း(၈)

## လက်တစ်ဖက်ပြတ်သီလရှင်ကြီး

ရွှေနဂါးတည်းခိုခန်း .... ။

ညနေစောင်းတွင် ကလေးငိုသံကြားရသဖြင့် ကျိုရှင်းခန်းက အခန်းထဲမှ ခေါင်းပြူ၍ ကြည့်လိုက်သည်။ စတင်းချက်က ဖုန်ရင်းကို ဆန့်ပြတ်တိုက်ကျွေးလျက်ရှိသည်ကို တွေ့ရှိရသည်။

လက်စသတ်တော့ စတင်းချက်လည်း ဤတည်းခိုခန်းတွင် လာရောက်တည်းခိုနေသည်ကိုး။ ကျိုရှင်းခန်း ခေါင်းပြူ၍ ထွက်ကြည့်လိုက်သည်ကို စတင်းချက်က တွေ့သွားသည်။ စတင်းချက်က ကလေးကို ကျောပိုးအိတ်တွင် ချိထည့်ထားလိုက်ပြီး ကျိုရှင်းခန်း၏ အခန်းဘက်သို့ ခြေလှမ်းကျဲဖြင့် လျှောက်လာသည်။

ထိုအခါ ကျိုရှင်းခန်းမှာ ချက်ချင်း ထန်ရှောင်လန်းကို ဆွဲယူ၍ ပြတင်းပေါက်မှ ခုန်ထွက်သွားလေသည်။

"ဝုန်း .... "

စတင်းချက်မှာ အခန်းတံခါးကို ရိုက်ချိုး၍ ဝင်ကြည့်လိုက်သော

အခါတွင် ကျိုရှင်းခန်းမှာ အဝေးသို့ ရောက်နေလေပြီ။

ထို့ကြောင့် သူက ဒေါသကြီးစွာဖြင့် အော်ဟစ်လိုက်သည်။

"မင်း ဘယ်လောက်ပြေးနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ကျိုရှင်းခန်းသည် အားသွန်၍သာ ဆက်ပြေးသည်။

နောက်ထပ်နှစ်ရက်ခန့် ကြာလာသောအခါ စတင်းချက်မှာ နောက်၌ ပြတ်ကျန်ခဲ့သည်။

နောက်ဆုံးတော့ သူတို့ မင်ဆန်းတောင်သို့ ရောက်လာ၏။ မင်ဆန်းတောင်မှာ တောထူထပ်သောတောင်ဖြစ်၍ အတော်လေး တက်ရခက်သည်။ ကျိုရှင်းခန်းမှာ တက်လေ တောနက်သို့ ရောက်လေ ဖြစ်လာ၏။

ညအချိန်ဖြစ်၍ ပို၍ခက်ခဲ၏။ အတန်ကြာ လျှောက်မိသောအခါ ရှေ့ဘက်တွင် ချိုင့်ဝှမ်းလေးတစ်ခု ခြားနေသည်ကို တွေ့ရသည်။ ထိုချိုင့်ဝှမ်း၏ တစ်ဘက်တွင် ရေတံခွန်လေးတစ်ခုက တောင်ကြားမှ ကျလျက်ရှိနေ၏။ လရောင်အောက်တွင် အလွန်သာယာလှပသည်။ သို့သော် ကျိုရှင်းခန်းသည် ထိုအလှအပကို ခံစားနိုင်သောအချိန် မရှိချေ။

သူက ထိုချိုင့်ဝှမ်းလေးကို ခုန်ကျော်ဖြတ်ရန်ပြင်လိုက်စဉ် ရုတ်တရက် တစ်ဘက်ကမ်းတွင် လူတစ်ယောက်ပေါ်လာ၏။

ကျိုရှင်းခန်းက သေချာကြည့်လိုက်သောအခါ မျက်လုံးပြူးသွားသည်။

ထိုလူမှာ အလွန်လှပသော မိန်းကလေးတစ်ဦး ဖြစ်နေ၏။ တောနက်ကြီးထဲတွင် ဤကဲ့သို့ ချောမောလှပသော မိန်းကလေးရှိလိမ့်မည်ကို သူ လုံးဝမထင်မိခဲ့ချေ။



ထိုမိန်းမပျိုလေးက ချိုလွင်သောအသံဖြင့် ....

"အစ်ကိုကြီး .... ဒီလောက် ညဥ့်နက်တာတောင် တောင်ပေါ်တက်ပြီး ဘာလုပ်မလို့လဲ .... "

ကျိုရှင်းခန်းက ....

"ဒါက ငါ့ရဲ့ကိစ္စပါ .... မင်း ဝင်မရှုပ်ပါနဲ့ .... "

ထိုမိန်းကလေးက တစ်ချက်ရယ်လိုက်ပြီး ....

"ကျွန်မတော့ ဝင်ရှုပ်မှာပဲ .... "

စကားမဆုံးမီ သူမသည် တစ်ဘက်မှ ခုန်ကူးလာသည်။ သူမ၏ ကိုယ်ဟန်မှာ အလွန်မြန်လှ၏။ ကျိုရှင်းခန်းက ကိုယ်ဖော့သိုင်းပညာကို အထွတ်အထိပ်တတ်ကျွမ်းသူကလေးဟုပင် စိတ်ထဲတွင် ကြိတ်၍ ချီးကျူးလိုက်ရ၏။

ကျိုရှင်းခန်းက အရိုအသေတစ်ချက် ပေးလိုက်ပြီး ....

"ဒီမှာ မိန်းကလေး .... မင်းရဲ့သိုင်းပညာက သိပ်တော်မှန်းသိပါတယ် .... ဒါပေမဲ့ ငါတို့က အသက်လုပြေးနေရတဲ့ လူတစ်ယောက်ဆိုတော့ ဒုက္ခမပေးပါနဲ့ .... "

ထိုမိန်းမပျိုလေး၏ မျက်လုံးမှာ ဝိုင်းစက်သွားပြီး အံ့ဩသောလေသံဖြင့် ....

"ဘာ .... ရှင်တို့က အသက်လုပြေးနေရတယ် .... ဘာဖြစ်လို့လဲ .... "

ကျိုရှင်းခန်းမှာ စိတ်ပူစွာဖြင့် ....

"ရန်သူက ငါတို့ရဲ့နောက်ကနေလိုက်လာနေတယ်မိန်းကလေး၊ ကျေးဇူးပြုပြီး ငါတို့ကို သွားခွင့်ပြုပါ .... "

မိန်းကလေးက ....

"မရဘူး .... "

ထိုစဉ် နောက်ဘက်၌ စတင်းချက်၏လေချွန်သံကို ကြားလိုက်ရသည်။

ကျိုရှင်းခန်းမှာ စကားဆက်မရှည်တော့ဘဲ .... ရုတ်တရက် မိန်းကလေးဘေးမှပတ်၍ ခုန်ထွက်လိုက်လေသည်။ သို့သော် သူခြေထောက် မြေကြီးသို့ ထိသောအချိန်တွင် မိန်းမပျိုလေးက ပြုံးစိစိနှင့် သူ့ရှေ့တွင် ရပ်ကာ လက်ဆန့်၍ တားထားသည်ကို တွေ့ရလေတော့၏။

ကျိုရှင်းခန်းမှာ ကိုယ်ဖော့သိုင်းပညာတွင် မိမိထက် တော်သူမရှိဟု ယူဆထားသဖြင့် အခု မိန်းမပျိုလေးက သူ့ကို ဟန့်တားနိုင်သည်ကို တွေ့ရသောအခါ မကျေမနပ်ဖြစ်သွားသည်။

သူသည် နောက်ထပ်တစ်ကြိမ် ခုန်ထွက်လိုက်ပြန်၏။ သို့သော် ဤတစ်ကြိမ်လည်း စောစောကလိုပင် မြေကြီးသို့ ပြန်ကျရောက်သောအချိန်တွင် မိန်းမပျိုလေးက သူ့ရှေ့တွင် ရပ်လျက်ရှိနေပြန်သည်။

မိန်းမပျိုလေးက ပြုံး၍ ....

"ရှင်က လူတစ်ယောက်လုံး ထမ်းထားရတာဆိုတော့ တစ်ပန်းရှုံးတာပေ့ါ .... လူကို အောက်ချပြီး ကျွန်မနဲ့ ပြိုင်ကြည့်ပါလား .... "

ကျိုရှင်းခန်းမှာ မိမိ၏ ကိုယ်ဖော့သိုင်းပညာကို အလွန်အထင်ကြီးသူဖြစ်၍ သူက အနိုင်ယူလိုစိတ် ပေါ်လာပြီး ထန်ရှောင်လန်းကို အောက်တွင်ချ၍ ရုတ်တရက် တောင်ကုန်းပေါ်သို့ ခုန်တက်လိုက်လေသည်။

ထိုစဉ် နားထဲ၌ 'ရှီး'ခနဲ လေဖြတ်သံ ကြားလိုက်ရပြီး အဖြူရောင်အရိပ်တစ်ခုက သူ့ဘေးမှဖြတ်၍ တောင်ကုန်းပေါ်သို့ ရောက်သွားသည်။ သေချာကြည့်လိုက်သောအခါ ထိုစောစောက မိန်းကလေးပင်ဖြစ်နေ၏။



သူမသည် တောင်ကုန်းထိပ်သို့ ရောက်သောအခါတွင် လက်ထဲမှလူကို ချလိုက်ပြီးမှ ပြုံး၍ ....

"ဘယ်လိုလဲ .... "

လက်စသတ်တော့ သူမက ထန်ရှောင်လန်းကို မွေ့ချီ၍ ခုန်တက်ခြင်းဖြစ်၏။ ဒီလိုဆိုတော့ ကျိုရှင်းခန်းက လုံးဝအရှုံးပေးရလေပြီ။

ကျိုရှင်းခန်းက စိတ်ပျက်စွာဖြင့် ....

"ငါ ရှုံးပါပြီ .... ဒီလောကမှာ ငါ့ထက် ကိုယ်ဖော့သိုင်းပညာတော်တဲ့လူ ရှိသေးတာကိုး .... "

ထိုမိန်းကလေးက ပြုံး၍ ....

"ရှင်လည်း မဆိုးပါဘူး .... "

ထို့နောက် သူမက ထန်ရှောင်လန်းအား ကြည့်၍ ....

"သူက ဘာဖြစ်လို့ ဒီလောက်တောင် ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့တာလဲ .... "

ထိုစဉ် လေချွန်သံမှာ နီးသထက် နီးလာလေပြီ။

ကျိုရှင်းခန်းမှာ ထခုန်လိုက်၏။

"ဟို .... ဘီလူးကြီး လိုက်လာပြီ .... ငါ ထွက်ပြေးရတော့မယ် .... "

တောင်ကုန်းအောက်နားတွင် လက်ရှစ်ဖက်ဘီလူး စတင်းချက် ထွက်ပေါ်လာချေပြီ။

သူက အော်၍ ....

"ကျိုရှင်းခန်း .... မင်း မိုးပေါ်တက်ပြေးလည်း ငါ လိုက်မယ်ကွ .... "

ထိုစဉ် မိန်းကလေးက ကျိဂင်းခန်းကို ဘေးသို့ဆွဲလိုက်၏။ ပြီးနောက် သူမက ထန်ရှောင်လန်းအား ကြည့်၍ ....

"ဒီလူက သူ့ကို လည်သည်းနဲ့ ဆွဲကုတ်တဲ့လူလား .... "

ထန်ရှောင်လန်းက ခေါင်းညိတ်၍ ....

"ဟုတ်တယ် .. ဘယ်လိုနိုင်ပုံမလဲ .... "

ထိုမိန်းကလေးက ဒေါသသံဖြင့် ....

"ကောင်းပြီ .... ငါ ရှင်တို့အတွက် သူ့ကို သင်ခန်းစာပေးလိုက်မယ် .... "

သူမက ထန်ရှောင်လန်းကို ကျိုရှင်းခန်းလက်ထဲသို့ အပ်လိုက်ပြီး ....

"သူ့ကို ကောင်းကောင်းစောင့်ရှောက်ပါ .... ထွက်ပြေးဖို့ မလိုပါဘူး .... ဒီနယ်မြေဟာ အန္တရာယ်နယ်မြေ မဟုတ်ဘူး .... "

သူမသည် ပြောရင်း ပေ့ါပါးစွာဖြင့် တောင်ကုန်းပေးမှ ခုန်ဆင်းလိုက်သည်။

စတင်းချက်မှာ ရုတ်တရက် မိန်းကလေးတစ်ဦးက သူ့ရှေ့တွင် ရပ်လိုက်သည်ကို တွေ့ရသောအခါ အော်၍ ....

"မင်း .... ဘေးကို မြန်မြန်ဖယ်စမ်း .... ငါ မင်းကို မသတ်ချင်ဘူး .... "

စတင်းချက်မှာ လူသတ်သမားဖြစ်သည်။ သာမန်လူဆိုလျှင် သူက သတ်မိမည်မှာ သေချာသည်။ ဒီမိန်းကလေးမှာ ရပ်ရည်ချောမောလှ၍ သူက မသတ်ရက်ဘဲ ဘေးဖယ်ခိုင်းခြင်း ဖြစ်၏။



မိန်းကလေးက ရယ်၍ ....

"ရှင်က ကျွန်မကို သတ်နိုင်လို့လား .... "

စတင်းချက်က အရေးမစိုက်ဘဲ ရှေ့သို့ ခုန်ထွက်လိုက်၏။ သို့သော် ခြေချလိုက်သည်နှင့် မိန်းကလေး၏အသံမှာ နားထဲ၌ ကြားလိုက်ရလေသည်။

"အပေါ်ကို မတက်ရဘူး .... "

စတင်းချက်သည် ဒေါသထွက်လာပြီး ....

"ကောင်းပြီ .... မင်းက သေချင်တယ်ဆိုတော့ ငါက ဆန္ဒဖြည့်ပေးရမှာပေ့ါ .... "

ပြောရင်း လက်ဆယ်ချောင်းက ရုတ်တရက် မိန်းကလေးခေါင်းကို ကုတ်ချလိုက်၏။ မိန်းကလေးက ရယ်လိုက်ပြီး ရုတ်တရက် ကိုယ်ဟန်ပျောက်သွား၏။

စတင်းချက်မှာ ဘယ်လက်က ရင်ဝတွင် ကာကွယ်ထား၍ ညာလက်က မိန်းကလေး၏ကိုယ်ကို လိုက်ရှာလိုက်။

ထိုစဉ် ဓားရောင် လက်ခနဲ ဖြစ်သွားပြီး မိန်းကလေးက ဓားကို ဆွဲထုတ်၍ 'ချက် .... ချက်' ဟု နှစ်ချက်ထိုးလိုက်၏။ မြန်လည်းမြန်၊ ပြင်းလည်းပြင်းသော သူမ၏ဓားသိုင်းမှာ ရှင်ဖုန်းရသေ့ကြီး၏ ဓားသိုင်းထက် ပိုသာဦးမည် ထင်ရ၏။

စတင်းချက်သည် တုန်လှုပ်သွားပြီး ချက်ချင်း သတိကြီးစွာထား၍ ဓားနှစ်ချက်ကို ရှောင်လိုက်ရ၏။ သူက သူမ၏ဓား ပြန်မရုပ်ခင် ကြားကာလတွင် ရုတ်တရက် ရှေ့သို့တက်၍ ညာလက်က သူမ၏ လက်ကောင်ဆစ်ကို မြှောက်ကိုက်လိုက်ပြီး ဘယ်လက်မှာ သူမ၏နံဘေးကို ဆွဲကုတ်လိုက်သည်။

ကျိုရှင်းခန်းသည် တိုက်ပွဲကိုကြည့်ပြီး သဲထိတ် ရင်ဖိုဖြစ်နေရ ပေ၌၏။

သို့သော် .... လက်သည်းများက မိန်းကလေး၏အကျီနားသို့ ရောက်ခဲ့သောအခါ ရုတ်တရက် ဓားရောင်မှာ လက်ခနဲ ဖြစ်သွားပြီး စတင်းချက်မှာ နောက်သို့ ကျွမ်းထိုး၍ ခုန်ထွက်သွားရ၏။ သူ၏ခေါင်း ထိပ်ရှိ ဆံပင်မှာ လက်တစ်ဆုပ်ခန့် ပြတ်သွားသည်။ မိန်းကလေးမှာ လည်း မိမိ၏နတ်သမီး ဓားသိုင်းကွက်အတွင်းမှ စတင်းချက်က လွတ် အောင်ရှောင်နိုင်ခဲ့သည်ကို တွေ့ရ၍ အတော်လေး အံ့သြသွားသည်။

စတင်းချက်သည်တစ်ကွက်ခံလိုက်ရသဖြင့် ရုတ်တရက် မတိုက် ရဲတော့ဘဲ ရပ်ကြည့်နေလိုက်၏။

မိန်းကလေးက ရယ်၍ ....

"ထပ်လာဦးလေ .... "

ထိုခဏတွင် စတင်းချက်က သိန်းငှက်တစ်ကောင်ကဲ့သို့ လေ ထဲတွင် ခုန်ဝဲကာ လက်ဆယ်ချောင်းက အပေါ်မှစီး၍ ထိုးစိုက်ချလိုက် ၏။ သို့သော် မိန်းကလေး၏ ဓားသိုင်းမှာ အလွန်ကောင်းမွန်လှသည်။ ဓားရောင်များသည် ပိုက်ကွန်သဖွယ် ဘေးသို့ ဖြာထွက်သွားပြီး အလယ် တွင် ပြန်စုသွား၏။ တစ်ခါတစ်ရံတော့ ဒီရေအလား တစ်လှိုင်းထက် တစ်လှိုင်း ကြီးမားပြင်းထန်စွာဖြင့် စတင်းချက်၏ ကိုယ်ပေါ်သို့ ကျ ရောက်သွားသည်။

ထိုအခါ စတင်းချက်မှာ သက်စွန့်ဆံဖျား ခုခံကာကွယ်နေရ တော့၏။

ကျိုရှင်းခန်းက ထိုအချင်းအရာကို တွေ့ရတော့မှ သက်ပြင်းချ လိုက်သည်။



စိတ်ထဲတွင် ....

"အစ်ကိုကြီးရဲ့ ဓားသိုင်းကို အတော်ဆုံးပဲလို့ ထင်နေတာ .... ဒီမိန်းကလေးရဲ့ ဓားသိုင်းက အစ်ကိုကြီးထက်တောင် ပိုတော်နေသေး တယ် .... အစ်ကိုကြီးက ငါ့ကို မင်ဆန်းတောင်ပေါ် ပြေးတက်နိုင်းတာ က ဒီမိန်းကလေးနဲ့များ ပတ်သက်နေသလား မသိဘူး .... "

"ဩ .... "

ထိုစဉ် အဝေးမှ လေချွန်သံတစ်ချက် ကြားလိုက်ရ၏။ ကျိုရှင်း ခန်းက ထိုလေချွန်သံကို ကြားလိုက်ရသည်နှင့် သံမဏိဘီလူး စတင်း တုံး၏ လေချွန်သံမှန်း သိသည်။ သူသည် အတော်လေး စိတ်ပူသွား၏။ ဘီလူးနှစ်မြွာ၏ အစွမ်းမှာ အံ့မခန်းဖြစ်သည် မဟုတ်ပါလား။

မိန်းကလေးသည် ရုတ်တရက် တစ်ချက်အော်လိုက်ပြီး ဓား ရောင် လက်ခနဲဖြစ်သွားပြီး စတင်းချက်၏ ပခုံးတွင် သွေးသံရဲသွား သည်။

စတင်းချက်မှာ ဆက်၍ မတိုက်ရဲတော့ဘဲ ခုန်ထွက်လိုက်၏။ မိန်းကလေး၏တိုက်ချက်မှာ သွက်လက်လှသည်။

ထန်ရှောင်လန်းက စတင်းချက် ထွက်ပြေးသည်ကို တွေ့ရသော အခါ အော်၍ ....

"သူ့နောက်ကျောက ကလေးကို ပြန်ထုတ်ပေးခိုင်းလိုက်ပါ"

ဟု အော်သံမဆုံးခင် တောင်ကုန်းအောက်မှ စတင်းတုံး ထွက် ပေါ်လာလေတော့သည်။

ကျိုရှင်းခန်းသည် နောက်သို့ လှမ်းကြည့်လိုက်သောအခါ သူ့ညီ အစ်ကိုသုံးယောက် လိုက်ပါလာသည်ကို မတွေ့ရချေ။

စတင်းချက်သည် သူ့ညီ ရောက်ရှိလာသည်ကို တွေ့ရသောအခါ

အားတက်သွားပြီး သူတို့ညီအစ်ကိုနှစ်ယောက်က ထိုမိန်းကလေးကို ဝိုင်းပိုက်ပြန်ကြသည်။ ထိုမိန်းကလေးမှာ ဓားကို ရင်ရှေ့တွင် ကန့်လန့်ဖြတ် ကာထားလိုက်ပြီး တည်ငြိမ်စွာနှင့် စောင့်ကြည့်နေလေသည်။

ကျိုရှင်းခန်းမှာ .... သူတို့ဘီလူးနှစ်မြွာ၏ အစွမ်းကို သိသဖြင့် မိန်းကလေးအတွက် ပူပန်နေမိသည်။ သူ သိ၏။ မိန်းကလေး၏ အရည်အချင်းနှင့်ဆိုလျှင် တစ်ဦးချင်း တိုက်ခိုက်လျှင် လုံးဝနိုင်ပေမည်။ နှစ်ဦးတစ်ဦး တိုက်ခိုက်လျှင်တော့ မိန်းကလေးမှာ ရုတ်တရက်တော့ မရှုံးနိုင်စေကာမူ အချိန်ကြာမြင့်လာခဲ့လျှင် အားပြတ်၍ ရှုံးနိမ့်မည်မှာ သေချာသည်။

နှစ်ဦးနှစ်ဘက်စလုံး အားစု၍ တိုက်ကွက်ကို ထုတ်ရန်ပြုသော အချိန်ကွင် ရုတ်တရက် တောင်ထိပ်ဘက်မှ သိန်းငှက်အော်သံကို ကြားလိုက်ရပြီး အဖြူနှင့် အမည်း သိန်းငှက်ကြီးနှစ်ကောင်က ဝဲပျံရောက်ရှိလာ၏။

ထိုအချိန်တွင် ရေတံခွန်ဘေးနား၌ လက်တစ်ဖက်ထဲရှိသော မယ်သီလရှင်အိုကြီးတစ်ပါး ဘယ်လိုလုပ် ရောက်ရှိလာမှန်း မသိချေ။

ထိုလက်တစ်ဘက်သာရှိသော မယ်သီလရှင်အဘွားကြီးက ....

"ငါ့တပည့်လေး .... ဘာတွေဖြစ်နေတာလဲ .... "

ကျိုရှင်းခန်းသည် အံ့ဩသောမြင်ကွင်းကို တွေ့ရှိရလေတော့သည်။

ဘီလူးနှစ်မြွာမှာ လက်တစ်ဖက် မယ်သီလရှင်အဘွားကြီးကို တွေ့ရသောအခါ ချက်ချင်း လှည့်၍ ထွက်ပြေးလေတော့သည်။

သူတို့သည် ပြေးရင်း အော်၍ ....

"အဘွားကြီး .... ခင်ဗျား သတ္တိရှိရင် ကြောင်သိန်းငှက်ကျွန်းကိုလာခဲ့ပါ .... "

မယ်သီလရှင်အဘွားကြီးက ....

"ဟင်း .... မင်းတို့ စောင့်နေပါ .... အချိန်တန်ရင် မင်းတို့ရဲ့ အသိုက်ကို ဖြိုမယ့်သူ ရောက်လာမှာပဲ .... "

ထိုအချိန်တွင် မိန်းမပျိုလေးက မယ်သီလရှင်အဘွားကြီး၏ ဘေးနားသို့ ပြေး၍ ပြုံးရွှင်စွာဖြင့် ....

"အဘွား .... ကျွန်မရဲ့ ဓားသိုင်းက ဘယ်လိုနေသလဲ၊ သိုင်းလောကထဲကို သွားလို့ဖြစ်ပြီလား .... "

မယ်သီလရှင်အဘွားကြီးက ....

"မင်းရဲ့ဓားသိုင်းက မင်းရဲ့ဂိုဏ်းတူအစ်ကိုကြီးတွေထက် သာနေပါပြီ .... ဒါပေမယ့် မင်းရဲ့ရန်သူက ဒီဘီလူးနှစ်မြွာထက် ဆယ်ဆ တော်နေသေးတယ် .... မင်း နောက်ထပ် သုံးလေးနှစ်လောက်ကျင့်ရင်တော့ ဘီလူးနှစ်မြွာက မင်းကို နိုင်မှာ မဟုတ်တော့ဘူး၊ ဒါပေမယ့် မင်းရဲ့ရန်သူကို ကလဲ့စားချေဖို့ဆိုတာတော့ မင်းကံပေါ်တည်တာပေါ့ကွယ် .... "

ပြောရင်း သူမက ကျိုရှင်းခန်းဘက်သို့ လျှောက်လာပြီး ပြုံး၍ ....

"ကျွန်မတို့ ဆရာတပည့်က စကားပြောဖို့ပဲ သတိရနေတယ်၊ ဧည့်သည်ကို ဧည့်ခံဖို့တောင် မေ့နေကြတာကိုး .... "

ကျိုရှင်းခန်းမှာ ဝမ်းသာအံ့ဩတုန်လှုပ်စွာဖြင့် မယ်သီလရှင်အဘွားကြီးကို ကြည့်လိုက်၏။ လက်စသတ်တော့ ဒီမယ်သီလရှင်ကြီးက သိုင်းလောကတွင် အလွန်နာမည်ကြီး၏။ ဝါအလွန်ကြီးသော သိုင်းဆရာမကြီး ဖြစ်သည်။

သူမသည် သိုင်းလောကတွင် သွားလာကျက်စားခြင်း အလွန်နည်းပါး၏။

သို့သော် သူမ သိုင်းလောကသို့ တစ်ခါရောက်ရှိတိုင်း သိုင်းလောကတစ်ခုလုံးကို တုန်လှုပ်သွားလေ့ရှိသည်။

မယ်သီလရှင်ကြီးမှာ အလွန်အသက်ကြီး၏။ ကျိုးရှင်းခန်း၊၊ ကာမန်းကတန်း အရိုအသေပေးလိုက်ပြီး သူနာမည်ကို ပြောပြလိုက်သည်။

"ကျွန်တော် ကျိုးရှင်းခန်းပါ ဆရာမကြီး .... "

"ကွမ်တုံလေးဖော်ဟာ .... တကယ့်မျိုးချစ်သိုင်းသမားတွေလို့ သိုင်းလောကမှာ ပြောနေကြတာ အခုတော့ တကယ်ပဲကိုး .... "

သူမက ထန်ရှောင်လန်းအား လက်ညှိုးထိုးပြလိုက်ပြီး ....

"သူ လက်ရှစ်ဖက်ဘီလူးရဲ့ လက်သည်ဒဏ်ကို ခံလိုက်ရတယ် ထင်တယ် .... "

ကျိုးရှင်းခန်းက ....

"ဟုတ်ပါတယ် ဆရာမကြီး .... ကယ်တင်ပေးပါ .... "

မယ်သီလရှင်ကြီးက ....

"မြွေဆိပ်လောက်တော့ ငါ ဖြေနိုင်ပါတယ် .... "

ထိုအချိန်တွင် ထန်ရှောင်လန်းမှာ အတော်လေး အဆိပ်တက်နေလေပြီ။

ကျိုးရှင်းခန်းက သူ့အနားသို့ကပ်၍ ....

"အခု စိတ်အေးသွားပြီ .... ဟိုဘီလူးနစ်ကောင် ထွက်ပြေးသွားပြီ .... "

ထန်ရှောင်လန်းက မျက်လုံးကိုမှေး၍ဖွင့်ကာ အသံတိုးဖြင့် ....



"ကျွန်တော့်ရဲ့ တူမလေးကော .... "

ကျိုးရှင်းခန်းက ....

"သူတို့လက်ထဲ ပါသွားပြီ .... "

ထန်ရှောင်လန်း မေ့သွားပြန်၏။ မယ်သီလရှင်ကြီးက ....

"အေး .... စေဇာစာတုန်းက ငါ သတိမေ့လျော့သွားလို့ အဲဒီကလေးမကို မကယ်လိုက်ရဘူး .... "

ထို့နောက် သူမက ....

"မင်း တို့တောင်ပေါ်တက်ခဲ့ပါ .... မင်းရဲ့မိတ်ဆွေတွေလည်း မကြာခင် ရောက်လာကြတော့မှာ .... "

ကျိုးရှင်းခန်းက သူ့မိတ်ဆွေမှာ ထိုနယ်တွင် ရန်ချူရင်းကလွဲရင် တခြားသူမရှိ။ ထို့ကြောင့် မယ်သီလရှင်၏စကားကို ကြားရသောအခါ အတော်လေး အံ့သြသွားသည်။

သူတို့ တောင်ပေါ်တက်လိုက်ကြသည်။

ထန်ရှောင်လန်းမှာ မိမိ ဘယ်လောက် သတိမေ့မျောသွားခဲ့သလဲမသိ။ သတိပြန်ရလာသောအခါတွင် ကျိုးရှင်းခန်း မိမိဘေးတွင် မရှိတော့ဘဲ မိမိသည် သန့်ရှင်းလှပသော အိပ်ခန်းတစ်ခုတွင်ရှိ ခုတင်ပေါ်၌ လဲလျောင်းနေသည်ကို တွေ့ရှိရလေတော့သည်။

သူ မှတ်မိသည်မှာ မိန်းကလေးက ဘီလူးကြီးကို တိုက်နိုက်ရင်း မိမိမှာ အဆိပ်တဖြည်းဖြည်းတက်လာ၍ မိမိအနားသို့ကပ်၍ စကားပြောခဲ့ပြီး တဖန် မိမိက မေ့မျောသွားခဲ့ပြန်၏။ အခုတော့ မိမိ ဤအခန်းသို့ ရောက်ရလေပြီ။

ထိုစဉ် အခန်းတံခါးပွင့်သွားပြီး မိန်းကလေးတစ်ယောက် ဝင်လာ၏။

သူမက ပြုံး၍ ....

"ဟေး .... မင်း သတိပြန်ရပြီကိုး .... "

ထန်ရှောင်လန်းက ....

"မမတို့ကို သိပ်ကျေးဇူးတင်တာပဲ .... ကျွန်တော့်အသက်ကို မမတို့ ကယ်လိုက်တာပဲ .... "

ထိုမိန်းကလေးက ရယ်၍ ....

"ငါ့ဆရာက မင်းကို ကယ်တာ .... ငါနဲ့မဆိုင်ဘူး .... ငါ့နာမည်က လီစက်လန်တဲ့ .... "

ထန်ရှောင်လန်းကလည်း သူ့ရဲ့နာမည်ကို ပြောပြလိုက်၏။ ပြီးနောက် သူမ၏မိဘကို မေးကြည့်သောအခါ လီစက်လန်က ....

"ငါ့အဘိုးက နာမည်ကျော်စာပေသမားကြီး လီကျိုလန်ပဲပေါ့၊ မင်း ငါ့အဘိုးရဲ့နာမည်ကို မကြားဖူးဘူးလား .... "

လီကျိုလန်သည် နာမည်ကြီးစာပေသမားဖြစ်သည်။ မန်ချူးများ နန်းတက်ချိန်တွင် သူ့အား ရာထူးပေး၍ ခန့်အပ်ခဲ့၏။ သို့သော် သူက လက်မခံဘဲ ဘုန်းကြီးဝတ်လိုက်၏။ တကယ်တော့ သူသည် မျိုးချစ်စိတ်ပြင်းထန်သော စာပေသမားတစ်ဦးသာဖြစ်သည်။

ထန်ရှောင်လန်းက သူမပြောသည်ကို ကြားရသောအခါ သူ့စိတ်ထဲတွင် စာပေသမားကြီးတစ်ဦး၏ မြေးက ဤကဲ့သို့ သိုင်းပညာကို တတ်ကျွမ်းနေသည်မှာ အံ့သြစရာဖြစ်နေသည်။

လီစက်လန်က ....

"မောင်လေး .... မင်းအသက် ဘယ်လောက်ရှိပြီလဲ .... "

ထန်ရှောင်လန်းက ....

"ဆယ့်ခြောက်နှစ်ပါ .... "



လီစက်လန်က ....

"မင်းအသက် ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာတောင် သိုင်းပညာဒီလောက်တော်နေတာ မဆိုးဘူး .... ဒါကြောင့် ငါ့ဆရာက မင်းကို ပြောတယ် .... ငါက မင်းထက် အသက်သုံးနှစ်ကြီးတယ်ဆိုတော့ မင်းနောင် ငါ့ကို မမလို့ပဲ ခေါ်ပေါ့ကွာ .... "

ထန်ရှောင်လန်း၏စိတ်ထဲတွင် ....

"သူက ငါ့ထက် အသက်သုံးလေးနှစ် ပိုကြီးတာတောင် ကွမ်တုံလေးဖော်နဲ့ ဘီလူးနှစ်မြွာတို့ထက်ပိုပြီးတော်နေတယ်၊ ငါ နောက်ထပ်ဆယ်နှစ်ထပ်ကျင့်တောင် သူ့ကို မှီနိုင်မှာ မဟုတ်ပါဘူး .... "

ထိုစဉ် တစ်ဘက်ခန်းမှ အသံတစ်ခုက ....

"ဟိုချာတိတ်လေး .... ဘာမှမဖြစ်တော့ဘူး မဟုတ်လား"

လီစက်လန်က ထူး၍ ....

"ဟုတ်တယ် ဘွားဘွား .... သူ ကောင်းသွားပြီ .... "

ထို့နောက် ထန်ရှောင်လန်းဘက်သို့ လှည့်၍ ....

"မင်း ခုတင်ပေါ်က ဆင်းပြီး လျှောက်ကြည့်ပါလား .... "

ထန်ရှောင်လန်းက လျှောက်ကြည့်ရာ .... အကောင်းပကတိအတိုင်း ဖြစ်နေသည်ကို တွေ့ရ၍ ဝမ်းသာသွားသည်။

သူက ....

"မမ .... ကျွန်တော့်ကို မမရဲ့ဆရာဆီ ခေါ်သွားပါလား .... ကျွန်တော် ဂါရဝပြုချင်ပါတယ် .... "

တစ်ဘက်ခန်းသို့ ရောက်သောအခါ ကျိုရှင်းခန်းကို တွေ့လိုက်ရသည်။

မယ်သီလရှင်ကြီးတစ်ပါးက အလယ်တွင်ထိုင်နေပြီး အခြား

တစ်ဘက်တွင် အဘိုးကြီးတစ်ဦး ရှိနေသေး၏။

ထိုစဉ် ကျိုရှင်းခန်းက ထန်ရှောင်လန်း ဝင်လာသည်ကို တွေ့လိုက်သောအခါ ....

"ထန်ရှောင်လန်း .... မင်းရဲ့အသက်ဟာ ဟောဒီ ဆရာမကြီးကြောင့် ပြန်ချမ်းသာရာရသွားတာ .... ကန်တော့လိုက်စမ်း .... "

ထန်ရှောင်လန်းက ချက်ချင်း ရှေ့သို့တက်ပြီး မယ်သီလရှင်ကြီးကို သုံးကြိမ်ဦးချကန်တော့လိုက်သည်။

မယ်သီလရှင်ကြီးက ပြုံး၍ ....

"ငါ့ရဲ့ကျေးဇူးချည်းပဲ မဟုတ်ပါဘူး .... မင်းရဲ့ဦးလေး ကျိုရှင်းခန်းက မင်းကို တစ်လမ်းလုံး ထမ်းပြေးလာခဲ့တာ .... မင်း သူ့ကိုလည်း ကျေးဇူးတင်သင့်တယ် .... "

ထန်ရှောင်လန်းက ချက်ချင်း ကျိုရှင်းခန်းကို ဦးချကန်တော့လိုက်ပြန်၏။

ထိုစဉ် လီစက်လန်က ဘေးနားတွင်ရှိသော အဘိုးကြီးအား ....

"ဦးလေးရန်ပုက ဒီလောက် ခရီးဝေးကနေ လာတယ်ဆိုတော့ အိမ်မှာ ဘာကိစ္စများ ဖြစ်နေလို့လဲ .... "

မယ်သီလရှင်ကြီးက ဝင်၍အဖြေပေးသည်။

လီစက်လန်က ကိုယ်တစ်ချက် တုန်ခါသွား၏။ ရန်ပုဆိုသော အဘိုးကြီးက ....

"မင်းအဖေ အသက်ကြီးလာလို့ အခုတလော ကျန်းမာရေး သိပ်မကောင်းဘူး .... ဒါကြောင့် သူက မင်းကို သိပ်တွေ့ချင်နေတယ်တဲ့ .... "

မယ်သီလရှင်ကြီးက ....



"လီစက်လန် .... မင်း ငါ့ဆီမှာ သိုင်းသင်တာ (၉)နှစ်ရှိသွားပြီ .... မင်းရဲ့သိုင်းပညာဟာ မင်းရဲ့ဂိုဏ်းတူအစ်ကိုကြီးတွေထက် သာနေတယ် .... ငါလည်း မင်းကို ထပ်သင်နိုင်စရာ သိုင်းပညာလည်း မရှိတော့ဘူး .... မင်း မနက်ဖြန် ပြန်လိုက်သွားတော့ .... "

လီစက်လန်မှာ စိတ်မကောင်းဖြစ်သွား၏။ မယ်သီလရှင်ကြီးက ....

"မင်း ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ .... မင်းက ငါ့တပည့်တွေထဲမှာ ငါ သဘောအကျဆုံးတပည့်ပဲ .... မင်း ငါ့ရဲ့ဆုံးမစကားတွေကို အမြဲတမ်းမှတ်ထားပါ .... မင်း အိမ်ပြန်ပြီးလို့ရှိရင် သိုင်းလောကထဲသွားပြီး မင်းရဲ့ဂိုဏ်းတူအစ်ကိုအကြီးဆုံးကိုရှာပါ .... သူ့ရဲ့အမူအရာကိုကြည့်ပါ .... သူဟာ တကယ်ပဲ တို့ကြားရတဲ့ သတင်းအတိုင်း တို့ဂိုဏ်းနဲ့ တို့လူမျိုးကို သစ္စာဖောက်တဲ့ အလုပ်လုပ်နေတယ်ဆိုရင်တော့ မင်း သူ့ရဲ့ခေါင်းကို ယူလာပြီး ငါ့ကိုလာပြပါ .... "

ကျိုရှင်းခန်းက ထိုစကားကို ကြားရသောအခါ အလွန်တုန်လှုပ်သွားသည်။

မယ်သီလရှင်ကြီး၏ တပည့်အကြီးအဆုံးက ဘယ်သူလဲ၊ မယ်သီလရှင်က ဘာဖြစ်လို့ သူ့ရဲ့တပည့်အငယ်ဆုံးကို လွှတ်ပြီး သတ်နိုင်းရတာလဲ။

ထိုအချိန်တွင် အပြင်ဘက်မှ လေချွန်သံရှည်များ ကြားလိုက်ရ၍ မယ်သီလရှင်အဘွားကြီးက မတ်တတ်ရပ်ကာ ....

"ဟင်း .... သူတို့လည်း လာကြပြီ .... "

တံခါးပွင့်သွား၍ လူသုံးယောက်ဝင်လာ၏။ မယ်သီလရှင်က ပြုံးရွှင်စွာဖြင့် နှုတ်ဆက်သည်။

"ရှင်ဖုန်းရသေ့ကြီး .... နေကောင်းတယ်နော် .... "

ထိုလူသုံးဦးမှာ ကွမ်တဲ့လေးဖော်မှ ကျန်သုံးဦးဖြစ်သည်။

ရှင်ဖုန်းရသေ့ကြီးက အခန်းထဲသို့ဝင်လိုက်ပြီး မယ်သီလရှင်ကြီးအား အရိုအသေပေး ဂါရဝပြုသည်။

"ဆရာမကြီးရဲ့ ကျေးဇူးကြောင့် ဘီလူးနှစ်ကောင် ထွက်ပြေးရတာပါ .... ကျွန်တော်တို့ ဘာမှမစွမ်းပါဘူး .... "

ကျိုရှင်းခန်း ယခုမှ သဘောပေါက်တော့၏။ သူ့အစ်ကိုကြီးက သူ့အား မင်ဆန်းတောင်သို့ ပြေးခိုင်းခြင်းမှာ ထိုဘီလူးနှစ်ကောင်ကို မယ်သီလရှင်ကြီးနှင့် ထိပ်တိုက်တွေ့ပေးလိုက်စေရန်သာ ဖြစ်ပေတော့သည်။

မယ်သီလရှင်ကြီးက ပြုံး၍ ....

"လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ငါ ရှစ်တံပ်ကုန်းကို အလည်သွားခဲ့တယ် .... ဟိုရောက်တော့ ဘီလူးနှစ်ကောင်နဲ့ သွားတိုးတယ် .... သူတို့က ငါနဲ့ သိုင်းပညာပြိုင်မယ် တကဲကဲလုပ်နေကြတယ် .... အဲဒီတုန်းက သူတို့ရဲ့ ဆိုးဝါးတဲ့ သတင်းတွေက မထွက်သေးတော့ ငါက သူတို့ကို တစ်ယောက်ပေါင်တစ်ဖက်စီကို ဓားနဲ့ တစ်ချက်စီထိုးလွှတ်လိုက်တယ်လေ .... ဒါကြောင့် သူတို့ ခြေတစ်ဖက်စီ ထော့နဲ့ ထော့နဲ့ ဖြစ်နေကြတာပေါ့ .... "

ရှင်ဖုန်းရသေ့က ....

"ဆရာမကြီးက သူတို့ကို ဓားနဲ့ထိုးထားခဲ့တာ တော်သေးတာ၊ နို့မို့ရင် ကျွန်တော်တို့အားလုံး သူ့လက်ချက်နဲ့ အသက်ထွက်မှာ သေချာတယ် .... "

သို့နှင့် သူက ဘီလူးနှစ်ကြွာက စတုတ္ထမင်းသားကွမ်ကျင်း၏



စေနိုင်းချက်ဖြင့် ထိုက်ဟန်တောင်သို့သွားကာ ဘုရင့်ပါးကွက်သားများကို ဦးဆောင်၍ မျိုးချစ်သိုင်းသမားများအား လိုက်လံသတ်ဖြတ်ခဲ့သည့် အကြောင်းကို ပြန်လည်ပြောပြလိုက်၏။

မယ်သီလရှင်ကြီးမှာ အံကြိတ်၍ ....

"ဒီလိုမှန်းသိရင် ငါ နီနေ့ သူတို့ကို ပြန်လွှတ်ပေးဖို့ မသင့်ဘူး၊ တစ်ခါတစ်ရံ သတင်းမရတာနာတာပဲ .... "

အတန်ကြာတော့မှ မယ်သီလရှင်ကြီးက ....

"မင်းတို့လေးယောက်က တောင်ပိုင်းဘက်ကို ရောက်သေးသလား .... "

ရှင်ဖုန်းရသေ့သည် ခေါင်းခါလိုက်၏။

မယ်သီလရှင်ကြီးက ....

"ငါ့ရဲ့တပည့်ကြီးက သိုင်းလောက,က လူဆိုးတွေနဲ့ ပူးပေါင်းပြီး မကောင်းမှုတွေ ပြုလုပ်နေတယ် .... ဒီသတင်းကိုကော ကြားသေးသလား .... "

ရှင်ဖုန်းရသေ့သည် ခေါင်းခါပြန်၏။

မယ်သီလရှင်ကြီးက ....

"ငါ မသေသေးခင်ဆိုရင်တော့ .... ဒီကောင်ကံ သိပ်လုပ်ရဲမှာမဟုတ်ဘူး .... ဒါပေမယ့် ငါသာသေသွားလို့ရှိရင်တော့ သူ့ကို ထိန်းချုပ်နိုင်မယ့်သူ ရှိမှာမဟုတ်ဘူး .... "

ရှင်ဖုန်းရသေ့သည် တုန်လှုပ်သွား၏။

တကယ်တော့ မယ်သီလရှင်ကြီးတွင် တပည့်ပေါင်းရှစ်ယောက်ရှိ၏။

လီစက်လန်မှာ အငယ်ဆုံးဖြစ် သူမသည် သိုင်းလောကသို့

မဆင်းသေးချေ။ ကျန်ခုနစ်ယောက်စလုံးမှာသိုင်းလောကထဲသို့ရောက်ရှိချက်ရှိနေကြ၏။ သူတို့သည် တရုတ်ပြည်တောင်ပိုင်းတွင် သွားလာလှုပ်ရှားလျက်ရှိသဖြင့် သိုင်းလောကမှ လူများသည် သူတို့ကို ကျန်းနန်းခုနစ်ဖော်ဟု ခေါ်တွင်ကြသည်။

သူတို့ခုနစ်ဦးတွင် တပည့်အကြီးမှာ လျောင်ရင်းဖြစ်၏။ သူ၏လက်နက်မှာ တောင်ဝှေးဖြစ်၏။ ထိုတောင်ဝှေးတစ်ချောင်းတည်းဖြင့် တောင်ပိုင်း ထိပ်သီးသိုင်းသမား ဆယ့်နှစ်ယောက်ကို အနိုင်ယူခဲ့သည်။ တောင်ပိုင်းသိုင်းလောကတွင် နာမည်ကြီးသွားလေသည်။ ကျန်းနန်းခုနစ်ဖော်မှာ ဆရာတစ်ဦးထဲမှ ထွက်လာကြသူများ ဖြစ်သော်လည်း သိုင်းပညာတွင် တစ်ဦးနှင့် တစ်ဦး မတူကြချေ။

နံပါတ်ခုနစ် ကန့်ဖုန်းချီသည် နာမည်အကြီးဆုံးဖြစ်သော်လည်း အတွင်းအားသိုင်းပညာမှာတော့ လျောင်ရင်းလောက် မတော်ချေ။ သူ့အောက်မှာ နံပါတ်(၅) ပေထိုက်ကုန်းဖြစ်၏။

နောက်ပြီး .... လူမင်တန်၊ လီချုမ်၊ ချူရှင်းတို့ ဖြစ်ကြ၏။ သူတို့ကတော့ သိုင်းပညာ မတော်ကြချေ။ လူမင်တန်နှင့် ချူရှင်းမှာ ကွမ်တုံသို့ တစ်ခါလာဖူး၏။

သူတို့သည် ရှင်ဖုန်းရသေ့နှင့်တွေ့၍ သိုင်းပညာချင်း ဖလှယ်ကြရာတွင် သိုင်းကွက်သုံးဆယ်အတွင်း ရှင်ဖုန်းရသေ့အား ရှုံးသွားခဲ့၏။

ထိုစဉ်တုန်းက ရှင်ဖုန်းရသေ့က ထိုသို့ စဉ်းစားလိုက်၏။

"မယ်သီလရှင်ကြီးရဲ့တပည့်တွေက ဘယ့်နှယ်လုပ် ဒီလောက်တောင် ညံ့နေရတာလဲ .... ဒီလိုဆိုရင် ဟိုတောင်ပိုင်းမှာ နာမည်ကျော်နေတဲ့ လျောင်ရင်းနဲ့ ကန့်ဖုန်းချီတို့လည်း သိပ်ဟုတ်မှာ မဟုတ်တော့



ပါဘူး .... "

သို့သော် မယ်သီလရှင်ကြီးကိုယ်တိုင် လျောင်ရင်းကို စိုးရိမ်ကြောင့်ကြဖြစ်သော လေသံဖြင့် ပြောသံကို ကြားရသောအခါတွင် အတော်လေး အံ့သြတုန်လှုပ်သွားခဲ့၏။

မယ်သီလရှင်ကြီးက လီစက်လန်ကို လက်ညှိုးထိုး၍ပြီးကာ....

"သူ ဒီနေ့ ဓားသိုင်းကို စမ်းကြည့်လိုက်တော့ လက်ရှစ်ဘက်ဘီလူးကို တစ်ယောက်ချင်း တိုက်ခိုက်ရင်ဆိုင်နိုင်ကြောင်း တွေ့လိုက်ရတာပဲ .... ဒါပေမယ့် နောက်ထပ် သုံးလေးနှစ်လောက် ထပ်ကျင့်မှ သူ့ရဲ့ဂိုဏ်းတူအစ်ကိုကြီး လျောင်ရင်းကို နိုင်ငံနိုင်မှာ .... "

ရှင်ဖုန်းရသေ့သည် ထိုစကားကို ကြားရသောအခါ ပို၍ တုန်လှုပ်အံ့သြသွား၏။

လီစက်လန်သည် အပျိုလေးအရွယ်သာရှိသေးသဖြင့် သူမ၏ဓားသိုင်းပညာ ဒီလောက်ကျွမ်းကျင် မြင့်မားလိမ့်မည်ကိုမယုံနိုင်အောင် ဖြစ်နေ၏။

ထိုစဉ် ကျိုရှင်းခန်းက ....

"အစ်ကိုကြီး .... ဒီနေ့ ဒီက ညီမလေးကယ်လို့ ကျွန်တော်တို့ လွတ်လာတာ .... "

ထိုအခါကျမှ ရှင်ဖုန်းရသေ့သည် ယုံကြည်သွားတော့၏။

မယ်သီလရှင်ကြီးက ဖြည်းညင်းစွာဖြင့် ....

"ဒီနှစ်နှစ်မှာ လျောင်ရင်းက စည်းဖောက်ပြီး မကောင်းမှုပြုနေတယ်ဆိုတဲ့သတင်း သဲ့သဲ့ကြားရတယ် .... ဒါကြောင့် ငါက လီစက်လန်ကို နတ်သမီးဓားသိုင်းကို သင်ပေးလိုက်တယ် .... တကယ်လို့ နောင်မှာ လျောင်ရင်းက တစ်သက်လုံး မိုက်နေဦးမယ်ဆိုရင် သူက လျောင်

ရင်းကို ငါကိုယ်စား ဆုံးမနိုင်တယ်ပေါ့ .... ဒါပေမယ့် သူ့ရဲ့သိုင်းအားကစ် သိပ်မပြည့်ဝသေးတော့ မင်းတို့လေးယောက်က လိုအပ်ရင် အကူအညီ ပေးကြပါ .... "

ကွမ်တုံလေးဖော်က ကတိပေးကြသည်။

ချန်ရှင်ပါးက ရယ်၍ ....

"လီစက်လန်က တောင်ပိုင်းကိုသွားမယ်ဆိုတော့ ကျွန်တော်တို့နဲ့ ဝေးသွားတာပေါ့ .... တကယ်လို့ သူသာ မြောက်ပိုင်းမှာ ဆက်နေမယ်ဆိုရင် ကျွန်တော်တို့လေးယောက်နဲ့ ပေါင်းပြီး နေပြည်တော်ကိုသွားပြီး နန်းတော်ထဲကို ဝင်ရှုပ်လိုက်ရင်တော့ ဘုရင်ကြီးတောင် ခေါင်းကိုက်သွားမှာ သေချာတယ် .... "

လီစက်လန်သည် ခေါင်းညိတ်၏။

"တစ်နေ့ကျရင် ဒီလိုဖြစ်လာမှာပါ .... "

ထိုအချိန်တွင် ရန်ပုအဘိုးကြီးက ပြုံး၍ ....

"ငါ့တူမလေးက အတော်စိတ်ကြီးတာပဲကိုး .... "

လီစက်လန်သည် မျက်နှာနီသွားပြီး စကားပြောင်း၍ ....

"ချန်ကျိုက်စွမ်းက အခု လူကြီးဖြစ်ရောပေါ့ .... သူက ဖေဖေ့ဆီမှာ စာသင်သေးသလား .... "

ရန်ပုက ....

"သူ အခု မင်းအဖေထက်တောင် ခေါင်းတစ်လုံး ပိုကြီးနေပြီ၊ သူက စာသိပ်ကြိုးစားတာ .... မင်းအဘိုးရဲ့ ပညာအမွေကို သူတစ်ယောက်ပဲ ဆက်ခံနိုင်မှာ .... "

ထန်ရှောင်လန်းသည် ဘေးနားတွင်ငေး၍ နားထောင်နေလေသည်။ သူက လီစက်လန်၏ လေသံတွင် ချန်ကျိုက်စွမ်းအပေါ် အလျှံ



သံယောဇဉ်ရှိကြောင်းသိသည်။

ထိုစဉ် ရွှင်ဖုန်းက သူ့ပခုံးကိုပုတ်၍ သက်ပြင်းချကာ ....

"ချူချင်းက ငါ့ရဲ့သူငယ်ချင်းပဲ .... သူက မင်းကို စောင့်ရှောက်ဖို့ ပြောထားတော့ ငါက မင်းကို ဂရုမစိုက်လို့ မဖြစ်ဘူး .... ဒါပေမယ့် ငါတို့လေးယောက်က သိုင်းလောကမှာ ပျောက်သွားနေတဲ့ လူဆိုတော့ .... နောက်ပြီး မင်းသားကွမ်ကျင်းကပါ ငါတို့ကိုလိုက်ပြီး ရန်ရှာနေသေးတယ်ဆိုတော့ အတည်တကျနေပြီး မင်းကို သိုင်းပညာ မသင်ပေးနိုင်သေးဘူး .... "

သူက စကားရပ်၍ မယ်သီလရှင်ကြီးအား ....

"ဆရာမကြီးက သူ့ကို တပည့်အဖြစ် လက်ခံလိုက်ပါလား"

ထန်ရှောင်လန်းက ဝမ်းသာသွားသည်။ မယ်သီလရှင်ကြီးအား ဦးချကန်တော့ရန်ပြင်စဉ် မယ်သီလရှင်ကြီးက ပြုံး၍ ....

"ငါ အသက်သိပ်ကြီးသွားပြီ .... လီစက်လန်ကို ငါ တပည့်အဖြစ် လက်ခံစဉ်က သူဟာ နောက်ဆုံးတစ်ယောက်လို့ ငါ ကတိပြုထားတယ် .... မြောက်ပိုင်းသိုင်းလောကမှာ နာမည်ကြီး သိုင်းဆရာ တစ်ယောက်ရှိသေးတာပဲ .... မင်းတို့ ဘာဖြစ်လို့ သူ့ဆီ မခေါ်သွားရတာလဲ .... "

ရွှင်ဖုန်းရှသေ့က ....

"ဆရာမကြီးပြောတာက သံလက်ဝါးလေးဘုရင် ရန်ချုံရင်းကို ပြောတာလား .... "

မယ်သီလရှင်က ....

"ဟုတ်တယ် .... "

ရွှင်ဖုန်းရှသေ့က စဉ်းစားလိုက်သည်။ ရန်ချုံရင်းသည် သိုင်း

ပညာမှာ မိမိထက်မည့်ချေ။ ထိုက်ဟန်တောင်တုန်းက သူက ဘီလူးနစ်ပြွာ၏လက်မှ လွတ်မြောက်ထွက်ပြေးနိုင်သည်ကို ကြည့်ခြင်းအားဖြင့် သိုင်းပညာမှာ မိမိတို့ထက် မည့်ကြောင်းသိသည်။ သူ မိမိတို့နှင့်လည်း သိကျွမ်းခင်မင်သဖြင့် ထန်ရှောင်လန်းကို သူ့ထံအပ်လျှင် သူက ငြင်းလိမ့်မည် မဟုတ်ချေ။

သို့နှင့် သူက ....

"ဆရာမကြီး ပြောတဲ့အတိုင်း ရန်ချုံရင်းဆီကိုပဲ ခေါ်သွားတော့မယ် ...."

ဒုတိယနေ့တွင် .... ကွမ်တုံလေးဖော်နှင့် လီစက်လန်တို့သည် တောင်ပေါ်မှ ဆင်းကြသည်။ တောင်အောက်သို့ ရောက်သောအခါတွင် လမ်းခွဲကြသည်။ ကွမ်တုံလေးဖော်က ထန်ရှောင်လန်းကိုခေါ်ဆောင်၍ ရန်ချုံရင်းထံသို့သွားသည်။ လီစက်လန်နှင့် ရန်ပုမှာ တောင်ပိုင်းရှိ သူ့မဏ္ဍာနေသို့ ပြန်သွားကြလေသည်။

❀ ✪ ❀



အခန်း(၉)

## ဆရာနှင့် တပည့်

ရန်ချုံရင်း၏အိမ်မှာ 'ဆန်းတုံးပြည်နယ်' 'တုံးဖိန်မြို့'တွင် ရှိသည်။ တုံးဖိန်မြို့တွင်ရှိ တုံးဖိန်ကြီးကို မျက်နှာပြု၍ အိမ်ဆောက်ထားခြင်း ဖြစ်သည်။ အလွန်မှ ရှုခင်းသာယာလှပသောနေရာဖြစ်သည်။

ထန်ရှောင်လန်းတို့ ရောက်ရှိလာသောအချိန်တွင် အိမ်ရှေ့ကွင်းပြင်၌မိန်းကလေးတစ်ယောက်ကလေးကိုင်းတစ်ခုကိုကိုင်၍ သံလောက်စာလုံးကို မိုးပေါ်သို့ ထောင်ပစ်လိုက်ပြီးနောက်၊ နောက်တစ်လုံးထပ်ပစ်လိုက်ရာ လေထဲတွင် တိုက်သွားသည်။ ထို့နောက် အဆက်မပြတ်ပစ်လိုက်ရာ လေထဲတွင် အချင်းချင်းထိသွား၍ အသံမျိုးစုံထွက်ပေါ်လာသည်။ လောက်စာလုံးများမှာ ပစ်လေများလေ အလွန်ကြည့်ကောင်းလှတော့သည်။

ရှင်ဖုန်းရသေ့က သက်ပြင်းချ၍ ....

"လေးဘုရင်ရဲ့သမီးဆိုလေတော့ တကယ်ပဲ ဒီလောက်တော်နေတော့မှာပေါ့ကွာ ...."

ထိုမိန်းကလေးက လှသံကြား၍ လှည့်ကြည့်လိုက်သောအခါတွင် ထန်ရှောင်လန်းကို တွေ့လိုက်၍ ခိခနဲရယ်ကာ ....

"ဟိုနေ့ညတုန်းက မင်းလန့်ပြီး မသေသွားပါဘူးနော်"

ရှင်ဖုန်းရသေ့က ....

"ရန်ချင်း .... မင်းအဖေကို သွားပြောလိုက် .... ကွမ်တုံလေးဖော်လာတယ်လို့ .... "

မိန်းကလေးမှာ ခုန်ပေါက်ပြီး အိမ်ထဲသို့ ပြန်ဝင်သွားသည်။

ရှင်ဖုန်းရသေ့က ....

"ရန်ချူရင်းမှာ ဒီသမီးတစ်ယောက်ပဲရှိတယ် .... သူ့ကိုချစ်လိုက်တာ တုန်နေတာပဲ .... "

ထိုအချိန်တွင် ရန်ချူရင်းသည် အိမ်ထဲမှ ထွက်လာ၏။ သူက ကွမ်တုံလေးဖော်ကို တွေ့ရသောအခါ ဝမ်းသာအားရစွာ အော်လေတော့၏။

"ဟေး .... မင်းတို့ ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာကြတာလဲကွ .... "

ပြောရင်း သူက ဟိုနေ့က ချန်ရှင်ပါးနှင့် ကျိုရှင်းခန်းတို့ ဝင်ရောက်ကယ်တင်သည့်အကြောင်းကို ကျေးဇူးတင်စကား ပြောလိုက်သည်။

ရန်ချင်းက ဘေးမှနေရယ်ကာ ....

"ဒီက အစ်ကိုလေးကလည်း ဟိုညတုန်းက အပ်ပုံနဲ့ပစ်ပြီး သမီးကို ကယ်လိုက်သေးတယ် .... အဖေလည်း သူ့ကို ကျေးဇူးတင်ဦးမှပေါ့ .... "

ရန်ချူရင်းက တဟားဟားရယ်၍ ....



"ဟုတ်သားပဲ .... ငါ့တူလေးရဲ့ အပ်ပျံကာ အတော်အစွမ်းထက်သားပဲ .... "

ရှင်ဖုန်းရသေ့က ထန်ရှောင်လန်းကို မျက်ရိပ်ပြလိုက်ရာ ထန်ရှောင်လန်းက ချက်ချင်းပင် ဒူးထောက်၍ သုံးကြိမ်ဦးချလိုက်သည်။

ရန်ချူရင်းက ကမန်းကတန်းဆွဲထူလိုက်ပြီး ....

"ဟ .... ဒါက ဘယ်လိုဖြစ်တာလဲ .... "

ရှင်ဖုန်းရသေ့က ....

"ဒီကောင်လေးမှာ မိုနိုစံရာမရှိလို့ အစ်ကိုကြီးပဲ သူ့ကို တပည့်အဖြစ် လက်ခံလိုက်ပါ .... "

ရန်ချူရင်းက ....

"ကဲ .... လာ .... အိမ်ထဲရောက်မှ ပြောကြတာပေါ့ .... "

ရန်ချူရင်းက အိမ်ထဲရောက်ပြီးသောအခါ ရှင်ဖုန်းကို ဘေးတစ်နေရာသို့ ဆွဲသွားပြီး အတန်ကြာ ဆွေးနွေးကြသည်။ နောက်မှ သူက ထန်ရှောင်လန်းဘက်သို့လှည့်၍ ....

"မင်း အရင်တုန်းက သင်ခဲ့တဲ့ပညာတွေကို ငါ့ကို ကစားပြစမ်း"

ထန်ရှောင်လန်းက ခါးထဲမှ နဂါးနိုင်ဓားကို ထုတ်လိုက်ပြီး အရိုအသေပေးကာ သူ၏ အမျိုးမျိုးသော ဓားသိုင်းကွက်များကို ကစားပြလိုက်သည်။

တစ်ခန်းလုံး ဓားရောင်ဖြင့် ဝင်းလက်သွားသည်။

ရန်ချူရင်းက ....

"ကဲ .... တော်ပြီ .... ရပ်တော့ .... "

သူက ထန်ရှောင်လန်းအား ကြည့်ကာ ....

"ဟိုညက မင်းက ငါ့သမီးကို ဝင်ကယ်ခဲ့တာရယ် .... ဒီမိုးကြိုး

ဓားသိုင်းကွက်ကြောင့်ရယ် .... ငါက မင်းကို တပည့်အဖြစ် လက်ခံလိုက်မယ် .... "

ထန်ရှောင်လန်းသည် ဝမ်းသာစွာဖြင့် ကွမ်တုံလေးဖော်ရှေ့တွင် ဆရာကို ဦးချကန်တော့လိုက်ပြန်သည်။

ရွှင်ဖုန်းရသေ့လည်း ဝမ်းသာသောလေသံဖြင့် ....

"အစ်ကိုကြီး .... ဆရာကောင်းတစ်ယောက်ရဖို့ဆိုတာ မလွယ်သလို၊ တပည့်ကောင်းတစ်ယောက် ရဖို့ဆိုတာလည်း မလွယ်ပါဘူး၊ ဒီကောင်လေးကိုတော့ ကျွန်တော် အာမခံရဲတယ် .... သူက တပည့်ကောင်းတစ်ယောက်ဖြစ်မှာ သေချာတယ် .... "

သို့နှင့် ရန်ချုံရင်းက ထန်ရှောင်လန်းမှာ သူ့တပည့်ဖြစ်၍ နာခံရမည့် စည်းမျဉ်းများကို ပြောပြသည်။ ခိုးဝှက်ခြင်း၊ လုယက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ မုဒိမ်းကျင့်ခြင်း စသည်ဖြင့် မကောင်းမှု ဒုစရိုက်များကို မပြုလုပ်ရဟု ပြော၏။ ၎င်းအထဲတွင် ဘုရင့်အမှုထမ်းများနှင့် သွားလာဆက်သွယ်ခြင်း မပြုရဟုလည်းပါသည်။

နောက်ဆုံး ရန်ချုံရင်းက ....

"မင်းရဲ့ ရာဇဝင်က ထူးဆန်းရှုပ်ထွေးတယ်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် ငါ အရေးမထားပါဘူး .... ငါလည်း မမေးတော့ဘူး .... ဒါပေမယ့် ဒီနေ့ကစပြီး မင်းက ဘာကိစ္စမဆို ငါ့ကို လုံးဝမကွယ်ဝှက်ရဘူးနော် .... "

ထန်ရှောင်လန်းသည် ခေါင်းညိတ်၍ ....

"ကျွန်တော့်ရဲ့ ရာဇဝင်ကိုတောင် ကျွန်တော် မသိဘူး .... ဒါပေမယ့် ဒီနေ့ကစပြီး ကျွန်တော် ဆရာရဲ့စကားကိုပဲ နားထောင်ပါ့မယ် .... "



ရန်ချုံရင်းက ....

"ကဲ .... မတ်တတ်ထ,တော့ .... ငါ့မှာ ဒီအသက် ဒီအရွယ်အထိ တပည့်တစ်ယောက်မှ မရှိခဲ့ဘူးသေးဘူး .... ဒီနေ့ကစပြီး မင်းက ရန်ချုံရင်းရဲ့အစ်ကိုဖြစ်သွားပြီ .... ရန်ချင်း .... မင်းရဲ့အစ်ကိုကို အရိုအသေပေးလိုက်စမ်း .... "

ရန်ချင်းက နှုတ်ခမ်းကို ကိုက်၍ ....

"သမီး သူနဲ့ ပညာစမ်းကြည့်ဦးမယ် .... သူက သမီးကိုနိုင်မှ သမီးက သူ့ကို အစ်ကိုလို့ခေါ်မှာပေ့ါ .... "

ထန်ရှောင်လန်းသည် ကမန်းကတန်းနှင့် ....

"ကျွန်တော့်သိုင်းပညာက သိပ်ညံ့တယ် ညီမလေး .... ဟုတ်ပါဘူး .... မမကို ဘယ်ယှဉ်ပြိုင်ရဲပါ့မလဲ .... "

ရန်ချုံရင်းသည် မျက်လုံးပြူးစိုက်၍ ....

"ရန်ချင်း .... မင်း မဆိုးချင်နဲ့ .... ဦးလေး ဘကြီးတွေရှေ့မှာ မရှက်ဘူးလား .... ထန်ရှောင်လန်း .... မင်းအသက် ဘယ်လောက်ရှိပြီလဲ .... "

ထန်ရှောင်လန်းက ....

"ဆယ့်ခြောက်နှစ်ပါ .... "

ရန်ချုံရင်းက ....

"မင်းက ရန်ချင်းထက် နှစ်နှစ်ပိုကြီးတယ် .... ကဲ .... ရန်ချင်း၊ စကားများမနေနဲ့ .... မင်းရဲ့အစ်ကိုကို အရိုအသေပေးလိုက်စမ်း"

ရန်ချင်းသည် လျှာလေးထုတ်ကာ ....

"ကန်တော့ရဦးမလား .... "

ရန်ချုံရင်းသည် အော်၍ အမိန့်ပေးသည်။

"မြန်မြန်ကန်တော့လိုက် .... "

သူမသည် ဒူးထောက်လိုက်ပြီး ကန်တော့လိုက်၏။ ထန်ရှောင်လန်းသည် ကမန်းကတန်းဆွဲထူလိုက်သည်။ ရန်ချင်းက ရုတ်တရက် ထန်ရှောင်လန်း၏ လက်ကို တွန်းလိုက်ရာ ထန်ရှောင်လန်းမှာ သတိမထားလိုက်မိ၍ လဲကျလုမတတ် ဖြစ်သွားလေသည်။

ရန်ချုံရင်းသည် ရွှင်ဖုန်းရသေ့ကြီးအား ပြုံးပြကာ ....

"အစ်ကိုကြီးတို့ကတော့ ကျုပ်ကို ရယ်ကြတော့မှာပဲ၊ ကျုပ်ရဲ့ သမီးလေးဟာ ငယ်ငယ်ကတည်းက အမေမရှိတော့ ကျုပ်က အလိုလိုက်လို့ ဒီလောက်ထိတောင် ဆိုးနေတာ .... အခု အသက်ဆယ့်လေးနှစ်တောင်ရှိနေပြီ .... ကလေးစိတ် မပျောက်သေးဘူး .... "

ထို့နောက် သူသည် ထန်ရှောင်လန်းဘက်သို့ လှည့်၍ ....

"တို့ဂိုဏ်းရဲ့ သိုင်းပညာက အခြေခံကို သိပ်အလေးထားတယ်၊ မင်းရဲ့ဓားသိုင်းက မဆိုးပေမယ့် အခြေခံသိပ်မကောင်းဘူး၊ ဒါကြောင့် မနက်ဖြန်ကစပြီး မင်းက မြင်းထိုင်တာတို့၊ ကမ္ဘာ့ရှာန်းထိုင်တာတို့၊ ခြေကန်နည်းတွေ၊ ဒါတွေကအစ တစ်ခုချင်း ပြန်သင်သွားမယ် .... မင်းက သိုင်းဆရာကြီးတွေဆီမှာ သင်ဖူးတဲ့ လူဆိုတော့ ငါ အခုသင်မဲ့ပုံစံကို ဘယ်လိုသဘောရသလဲ .... မင်း ပြောနိုင်ပါတယ် .... "

ထန်ရှောင်လန်းက ရုတ်တရက် ....

"ကျွန်တော် မနက်အချိန်မှာ သိုင်းသင်ပြီး၊ ညအချိန်မှာ စာသင်ချင်တယ် .... "

ကွမ်တုံလေးဖော်မှာ ထိုစကားကို ကြားရသောအခါ အံ့ဩသွားကြ၏။ သိုင်းသင်သည်မှာ ခြေ၊ လက်၊ ဓား၊ တုတ် စသည်တို့ကိုသာ သင်ပေးလေ့ရှိ၏။ ဒီလို စာပေသင်ကြားခြင်းမျိုးကို တစ်ခါမှ မတွေ့ဖူး



တပည့်များက ဤကဲ့သို့ တောင်းဆိုခြင်းမျိုးကို တစ်ခါမှ မတွေ့ရှိခဲ့ပေ။

ရန်ချုံရင်းသည် ထိုစကားကိုကြားရ၍ တစ်ချက်ကြောင်သွားပြီး နောက်မှ အားရပါးရ ရယ်ချလိုက်တော့၏။

သူသည် ရယ်ရင်း ....

"ဖြစ်တယ် .... မင်းစကားကို ငါ သဘောသိပ်တွေ့တာပဲ .... ငါက ဒီလိုတပည့်မျိုးမှ သဘောကျတယ် .... သိုင်းသမားတစ်ယောက်ဆိုတာ စာပေလည်း တတ်ကျွမ်းရမယ် .... နို့မို့ တကယ့်လူကြမ်းဓားသမားဖြစ်နေတော့မှာပေါ့ .... အခု ငါ့သမီးလေးကို ကြည့်လေ .... သိုင်းပညာလေး နည်းနည်းတတ်တာနဲ့ တကယ့်လူရိုင်းမလေးကျနေတာပဲ .... ဒါကြောင့် မနက်ဖြန်ကစပြီး ငါ ဆရာတစ်ယောက်ခေါ်လာပြီး သူတို့နှစ်ယောက်စလုံး စာသင်နိုင်းမယ် .... "

ရန်ချုံရင်းမှာ စိတ်တိုင်းကျ တပည့်တစ်ယောက်ရ၍ အတော်လေး ဝမ်းသာနေ၏။ သူ့သမီးအား ထန်ရှောင်လန်းကို အတွင်းခန်းသို့ ခေါ်သွားစေပြီး ထန်ရှောင်လန်းရမည့် အခန်းကို ပြသနိုင်းလိုက်၏။

သူသည် ကွမ်တုံလေးဖော်နှင့် စကားစမြည်ပြောဆို၍ နောက်ဆုံး သူတို့ပြန်ကြတော့မှ သူသည် အတွင်းခန်းသို့ဝင်၍ ထန်ရှောင်လန်းကို ရှာလိုက်၏။

သို့သော် ရှာမတွေ့ချေ။ နောက်ဆုံး တစ်ဘက်ခြံဝင်းထဲမှ လက်သီးထိုးသံ၊ လက်ဝါးစောင်းခုတ်သံများ ကြားရ၍ သူက ပြေးသွားကြည့်ရာ မိမိ၏သမီးက လက်ဝါးစောင်းဖြင့် ထန်ရှောင်လန်းအား အဆက်မပြတ် တိုက်ခိုက်လျက်ရှိနေသည်ကို တွေ့ရလေသည်။

တကယ်တော့ ရန်ချင်းမှာ ကလေးစိတ်ဖြစ်၍ သူမ၏အဖေက တပည့်တစ်ယောက်လက်ခံပြီး သူမ၏အစ်ကို ဖြစ်ရသည်ကို မကျေနပ်

ချေ။ ထို့ကြောင့် သူမက ထန်ရှောင်လန်းအား အခန်းပြပြီးနောက် သူလက်ကိုဆွဲ၍ခေါ်သည်။

"ဟော့ .... နင်နဲ့ ငါ နောက်ဘက်က ခြံထဲကို သွားကြရအောင်"

ထန်ရှောင်လန်းမှာ မလိုက်ဘဲမနေရဲချေ။ နောက်ဘက်ခြံဝင်းသို့ ရောက်သောအခါ သူမက မျက်နှာကိုတင်း၍ ....

"ဟင့် .... ဖေဖေက ပြောတယ် .... နင့်ရဲ့ဓားသိုင်းက သိပ်တော်တယ်ဆို .... ငါက လက်နှစ်ဖက်နဲ့ပဲ နင့်ရဲ့ဓားသိုင်းကို စမ်းသပ်ချင်တယ် .... "

ထန်ရှောင်လန်း လန့်ဖျပ်သွားသည်။

"ညီမလေးရဲ့သိုင်းပညာက တော်တာပါ .... အစ်ကို အရှုံးပေးပါတယ် .... စမ်းကြည့်မနေပါနဲ့တော့ .... "

ရန်ချင်းက ....

"နေပါဦး .... ငါ ပြောလို့မပြီးသေးဘူး .... ငါ ရှုံးလို့ရှိရင် ငါ နင့်ကို ဦးသုံးကြိမ်ချမယ် .... ငါသာ နိုင်လို့ရှိရင်တော့ နင့်ဓား ငါ့ကိုပေးရမယ် .... "

ထန်ရှောင်လန်းမှာ ချွေးသီးချွေးပေါက်များ ကျလာပြီး လက်ခါ၍ ....

"ဘယ်ဖြစ်မလဲ .... ဒီလိုဘယ်ဖြစ်မလဲ .... "

ရန်ချင်းက ....

"နင်က ဒီလောက်တောင် သတ္တိနည်းသလား .... နင့်ဓား ငါ့လက်ထဲပါသွားမှာစိုးနေလို့လား .... "

ထန်ရှောင်လန်းမှာ ဖြောင့်မတ်သူဖြစ်၍ အခု ဒီလိုညီမလေးနှင့် တွေ့ရသောအခါ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေ၏။ ရန်ချင်းက ရှေ့သို့



ထပ်တိုးလာပြီး ....

"ဘယ်လိုလဲ .... "

ထန်ရှောင်လန်းက အံကြိတ်၍ ခါးမှဓားကို ဖြုတ်လိုက်ပြီး ....

"ညီမလေးကို ဒီဓား လက်ဆောင်ပေးပါတယ် .... "

သူက ထိုသို့ပြောလိုက်သော်လည်း အသံမှာ တုန်ယင်လျက်ရှိနေ၏။

ရန်ချင်းက မျက်မှောင်ကုတ်၍ ....

"ဟင် .... ဘယ်သူကများ နင့်ကို လက်ဆောင်ပေးခိုင်းလို့လဲ၊ ဓားသာ ဆွဲထုတ်စမ်းပါ .... ငါရှုံးရင် နင့်ကို ဦးချကန်တော့မယ်"

ထန်ရှောင်လန်းသည် ရန်ချင်းကို လုံးဝမတိုက်ရဲချေ။ ရန်ချင်းသာ တစ်ခုခုဖြစ်သွားလျှင် သူ့ဘဝ ရေစုန်မျောတော့မည်ကို သိသည်။ ထို့ကြောင့် ချွေးသီးချွေးပေါက်ကြီးများကျလျက် ခုခံရုံသာ ခုခံနေရတော့သည်။

ရန်ချင်းက ....

"ကဲ .... တိုက်စမ်း .... ဒီလိုချည်း ခံခုမနေစမ်းပါနဲ့ .... ပြန်တိုက်စမ်းပါ .... ပြန်တိုက်ဖို့ပဲလိုတယ် .... "

ရန်ချင်းသည် မါးစပ်ကလည်းပြော၊ လက်ကလည်း အဆက်မပြတ် တိုက်ခိုက်နေသည်။

ရန်ချင်း၏ခြေထောက်က ထန်ရှောင်လန်း၏ဦးခေါင်းအနီးမှ ဖြတ်ကျော်သွား၏။

ထန်ရှောင်လန်း မျက်ဖြူဆိုက်နေပေပြီ။

သူက တောင်းပန်လိုက်၏။

"မလုပ်ပါနဲ့ ညီမလေးရယ် .... အစ်ကို တောင်းပန်ပါတယ်"

ထိုစဉ် ရန်ချူရင်း၏ မိုးခြိမ်းသံကဲ့သို့သော အသံကြီး ထွက်ပေါ်လာသည်။

"တော်ကြစမ်း .... "

ရန်ချူရင်း လွန်စွာဒေါသထွက်နေလေပြီ။ သူ့သမီး၏ ကျူးလွန်မှုကို သူ သိလိုက်၍ ဩဇာဒေါသဖြစ်နေခြင်းပင်။ ရန်ချင်းသည် ထန်ရှောင်လန်းကို ရန်လိုတိုက်ခိုက်နေကြောင်း သူ သိသည်။ အခြားသူဆိုလျှင်တော့ လက်ပါသွားပေပြီ။

"ရန်ချင်း .... နင့်ကို တစ်ခါတည်း ရိုက်သတ်မှ အေးတော့မယ် ထင်တယ် .... "

ရန်ချင်းသည် သူ့ဖခင် ဩဇာလောက် ဒေါသတကြီး အော်သည်ကို မတွေ့ဖူးချေ။

ထို့ကြောင့် တုန်ခါသွားလေ၏။

သူမ အလွန်ကြောက်သွားသည်။

ထိုစဉ် ထန်ရှောင်လန်းသည် မောမောပန်းပန်း ခုခံနေရင်းမှ ဒူးထောက်ထိုင်ချပြီး ရန်ချူရင်းကို တောင်းပန်လေတော့သည်။

"ဆရာကြီး .... ကျွန်တော့်ကို အပြစ်ပေးပါ ခင်ဗျာ၊ ကျွန်တော်က ညီမလေးရဲ့ပညာကိုသိချင်လို့ ကျွန်တော်က တောင်းဆိုတာပါ .... ဒါကြောင့် သူက တိုက်တာပါ ဆရာကြီး .... "

"ဘာ .... "

ရန်ချူရင်းက အော်လိုက်၏။

ထန်ရှောင်လန်း ဆက်မပြောရဲတော့ချေ။

"ဆရာကြီး .... ကျွန်တော့်ကို အပြစ်ပေးပါ .... ကျွန်တော့်ကို အပြစ်ပေးပါ .... "



သူသည် ထိုစကားသာ ထပ်တလဲလဲပြောနေတော့၏။

ရန်ချူရင်းသည် အဖြစ်အမှန်ကို သိလိုက်လေပြီ။ ထန်ရှောင်လန်းသည် သူ့သမီး ရန်ချင်းကို ကာကွယ်နေလေပြီ။ သူ သက်ပြင်းချမိ၏။

ရန်ချင်းကို အော်လိုက်သည်။

"သွားစမ်း .... နောက်တစ်ခါ ဒါမျိုးလုပ်ရင် သေပြီသာမှတ်"

ရန်ချင်းသည် သူ့အပြစ်နှင့်သူ ခပ်ကုတ်ကုတ်ကလေး ထွက်သွားတော့သည်။ ရန်ချူရင်းက သူ့ကို အသာအယာထူမပြီး ပခုံးကို အသာပုတ် လိုက်၏။

"ထန်ရှောင်လန်း .... မင်းရဲ့ညီမလေးက အသက်ငယ်သေးတယ်ဆိုတော့ မင်းက သူ့ကို နည်းနည်းအလိုလိုက်ပေါ့ကွာ၊ ကဲ .... မင်းလည်း အတော်ပင်ပန်းနေပြီ .... အခန်းထဲပြန်ပြီး အနားယူလိုက်တော့ .... "

ထိုအချိန်မှစပြီး ထန်ရှောင်လန်းမှာ ရန်ချူရင်း၏အိမ်၌ပင် နေလိုက်တော့သည်။ မနက်ပိုင်းတွင် သိုင်းပညာသင်ကြားပြီး ညနေချိန်တွင် စာဖတ်၏။

အစပထမတွင် ရန်ချင်းက သူ့ကို ရန်ရှာမည်ကိုစိုးရိမ်နေ၏။ သို့သော် ရန်ချင်းမှာ ဟိုနေ့တုန်းက သူမအဖေ၏ရှေ့၌ ထန်ရှောင်လန်းက သူမအတွက် ကာကွယ်ပြောပေးသဖြင့် သူ့အား အတော်လေး ကျေးဇူးတင်သွားသည်။ သူမသည် စိတ်ဆတ်သော်လည်း ထန်ရှောင်လန်းကို ရန်မရှာတော့ချေ။ သို့နှင့် သူတို့နှစ်ယောက်မှာ အတူတူသိုင်းပညာသင်၊ အတူတူစာဖန်ရင်းနှင့် ငါးနှစ်ကျော်လာခဲ့လေတော့သည်။

ထိုငါးနှစ်အတွင်း ထန်ရှောင်လန်းမှာ အတော်လေး တိုးတက်လာခဲ့၏။ ရန်ချူရင်း၏ အတွင်းအားသိုင်းပညာမှာ စစ်မှန်သော သိုင်း

ပညာဖြစ်၍ ထန်ရှောင်လန်းမှာ အခြေခိုင်သွားသည်။ သူ၏ မိုးကြိုးစား သိုင်းကွက်မှာလည်း အရင်ကထက် အများကြီး ကျွမ်းကျင်လာခဲ့၏။

လက်ဝါးစောင်းသိုင်းနှင့် လေးကိုင်းသိုင်းတွင်မူ ထန်ရှောင်လန်းက ရန်ချင်းထက်တော့ အနည်းငယ်ညံ့သည်။ သို့သော် အရင်တုန်းက လိုတော့ မခုခံနိုင်သည် မဟုတ်တော့ချေ။

ရန်ချင်းမှာလည်း အရင်လိုမဟုတ်တော့ဘဲ ထန်ရှောင်လန်း အပေါ် အများကြီးခင်မင်ရင်းနှီးလာသည်။

အခုအချိန်တွင် ထန်ရှောင်လန်းမှာ အသက်(၂၁)နှစ်ရှိပြီး .... ရန်ချင်းမှာ ဆယ့်ကိုးနှစ်ခန့်ရှိလေပြီ။

ရန်ချုံရင်းမှာ ထိုလူငယ်နှစ်ယောက်ကိုကြည့်ရင်း စိတ်တွင် တစ်မျိုးခံစားလာရ၍ တစ်နေ့တွင် သူက သူ့သမီးကို တိတ်တဆိတ်ခေါ်၍ မေးလိုက်သည်။

"မင်းရဲ့အစ်ကိုကြီးကို မင်း ဘယ်လိုသဘောရသလဲ .... "

ရန်ချင်းက ....

"ဘာဖြစ်လို့လဲ .... အဖေက ဘာဖြစ်လို့ ဒီလိုမေးရတာလဲ"

ရန်ချုံရင်းက ရယ်၍ ....

"ငပေါမလေး .... မင်းအခု အသက်မငယ်တော့ဘူး .... မင်းက ကိုယ့်အိမ်ထောင်နဲ့ကိုယ်ရှိသင့်ပြီ .... မင်းအစ်ကိုကြီးကို မင်း ဘယ်လို ထင်သလဲ .... ငါကြည့်ရတာတော့ သူဟာ အတော်လေးဖြောင့်မတ် ရိုးသားတဲ့ လူငယ်ပဲ .... "

ရန်ချင်း၏မျက်နှာမှာ နီရဲသွားသည်။ သူမက ....

"သမီး ဒါတွေမသိဘူး .... သူက သမီးကိုတောင် မနိုင်,နိုင်သေး ဘဲနဲ့ .... "



ရန်ချုံရင်းမှာ ပြုံး၍ ဘာမှဆက်မပြောတော့ချေ။ စိတ်ထဲတွင် ကောင်း သမီးထန်ရှောင်လန်း၏ သိုင်းပညာကို သဘောမကျသေး၍ဖြစ် မည်ဟု တွေးလိုက်မိသည်။ သူသည် လူငယ်များကိုစောင့်ကြည့်ရန် ဆုံးဖြတ်လိုက်လေ၏။

❀ ✪ ❀

အခန်း(၁၀)

## အချစ်၏နောက်ကွယ်

ရန်ချို့ရင်းမှာ ထန်ရှောင်လန်းကို အလွန်သဘောကျနေသည်။ သို့သော် သမီးက သဘောမကျသည်ကို တွေ့ရသောအခါ သူက မပြောတော့ချေ။

သို့သော် သူ မသိချေ။ သူ့သမီးက တကယ်တော့ ထန်ရှောင်လန်းကို အလွန်ချစ်ကြိုက်နေသည်။

ရန်ချင်းနှင့် ထန်ရှောင်လန်းမှာ ငါးနှစ်တိုင် အတူတကွ နေထိုင်လာခဲ့ရာ သူမက တစ်နေ့တခြား ထန်ရှောင်လန်းအပေါ် ခွဲခွာ၍မနေနိုင်တော့ချေ။ သို့သော် သူ မသိချေ။ သံယောဇဉ်မှာ ချစ်စိတ်ပင်ဖြစ်သည်။

နောက်ဆုံး သူမအဖေက သူမ၏အိမ်ထောင်ရေးကို ပြောသောအခါကျမှ သူမ၏စိတ်များ လန့်နိုးလာသည်။ သို့သော် ရုတ်တရက် သူမက ဘာပြောရမှန်းမသိ၍ ပါးစပ်ထဲမှ ဗွတ်ပြောလိုက်ရာ သူမအဖေ နှုတ်ဆိတ်သွားသည်။



ယနေ့ နေ့လယ်တွင် ရန်ချင်းမှာ စာဖတ်ခန်းသို့ လျှောက်သွားသည်။

အခန်းထဲတွင် ထန်ရှောင်လန်းက စာဖတ်လျက်ရှိနေသည်ကို တွေ့ရ၏။ သူမက မျက်နှာထူပူလျက်ရှိနေ၏။ ရင်ထဲ၌လည်း ခုန်လျက်ရှိနေ၏။ သူမက စိတ်ကို အတတ်နိုင်ဆုံးထိန်း၍ စာဖတ်ရန် ကြိုးစားသော်လည်း မရချေ။ သူမက ထန်ရှောင်လန်းကို ချောင်းကြည့်လိုက်၏။

သို့သော် သူက သူမရောက်ရှိလာမှန်းတောင် မသိသလို။

ရန်ချင်းက စာအုပ်ကို ခုံပေါ်သို့ပစ်ချလိုက်ပြီး တဟီးဟီးရယ်၍ ....

"အစ်ကိုကြီး .... တို့ တောင်ပေါ်တက်ကြရအောင် .... "

ထန်ရှောင်လန်းက အံ့ဩသွားသည်။

"ဒီနေ့ ဘာစိတ်ကူးပေါက်လို့ တောင်ပေါ်တက်ချင်ရတာလဲ ညီမလေး .... "

ရန်ချင်းက ....

"ကျွန်မ တက်ချင်လို့တက်တာပေါ့ .... အစ်ကိုကြီးက မလိုက်ချင်ဘူးလား .... "

ထိုစကားကြားရသောအခါ ထန်ရှောင်လန်းမှာ မတတ်သာတော့ဘဲ ထ၍ ....

"ကောင်းပါပြီ .... ညီမလေး သွားချင်တယ်ဆိုရင် အစ်ကို လိုက်ပို့ပါမယ် .... "

ရန်ချင်းက လေးကိုင်းနှင့် လောက်စာလုံးများကိုယူ၍ ထွက်လာတော့၏။

ရန်ချင်းတို့အိမ်၏နောက်ဘက်တွင် တောင်ဖြစ်၍ သူတို့က အမြဲတမ်း တောင်ပေါ်တက်လေ့ရှိ၏။ တောင်ပေါ်တွင် ရှုခင်းအလွန်လှပ၍ ထန်ရှောင်လန်းမှာ တောင်ပေါ်သို့ရောက်သောအခါတွင် စိတ်ရွှင်သွားသည်။

ထိုအချိန်တွင် ရန်ချင်းက သစ်ပင်ပေါ်တွင် တီတီတာတာနှင့် တေးဆိုနေသော ငှက်ကလေးနှစ်ကောင်ကို ပစ်ချလိုက်၏။ ထန်ရှောင်လန်းက ....

"ငှက်ကလေးတွေ သီချင်းဆိုနေတာ ဒီလောက်နားထောင်ကောင်းတာ ညီမလေးက ဘာဖြစ်လို့ ပစ်ချရတာလဲ .... "

ခါတိုင်းအချိန်ဆိုလျှင် ရန်ချင်းမှာ ဒေါသပေါက်ကွဲပေတော့မည်။ သို့သော် ယနေ့ကျတော့ သူမသည် ပြုံး၍ ....

"အစ်ကိုကြီး မသိဘဲ လျှောက်မပြောပါနဲ့ .... ကျွန်မပစ်တဲ့နည်းက အရှင်ပစ်တာ .... အသေပစ်တာ မဟုတ်ဘူး .... ငှက်ကလေးရဲ့ အတောင်ကို ချိန်ပစ်တာ .... ဒါပေမဲ့ အရိုးဘာမှမဖြစ်ဘူး .... တော်ကြာလောက်ဆိုရင် သူတို့ ထပြီးပျံနိုင်မှာပေါ့ .... "

ထန်ရှောင်လန်းသည်ငှက်ကလေးနှစ်ကောင်ကို ကောက်ကြည့်လိုက်ရာ ငှက်လေးများမှာ ဘာမှမဖြစ်ဘဲ ခုန်ဆွ ခုန်ဆွ ပြုလုပ်နေသည်ကို တွေ့ရ၏။ အတောင်မှာ အားမရှိသေး၍ မပျံနိုင်ခြင်း ဖြစ်သည်။ အတန်ကြာလျှင်တော့ သူတို့ ကောင်းမွန်စွာ ပျံသန်းနိုင်ပေလိမ့်မည်။

ထန်ရှောင်လန်းမှာ သူမနှင့် ငါးနှစ်တိတိ နေလာခဲ့၏။ သူမ၏ လေးကိုင်းပစ်နည်း ဒီလောက်တော်လိမ့်မည်ဟု မထင်ခဲ့ချေ။ ထို့ကြောင့် သူသည် သူမကို အကြီးအကျယ် အထင်ကြီးသွားလေတော့၏။

ထိုစဉ် တောင်ကြားလမ်းမှ လူနှစ်ယောက် လျှောက်ထွက်လာ



သည်ကို တွေ့ရ၏။ တစ်ယောက်မှာ လူကြီးဖြစ်၍၊ ကျန်တစ်ယောက်မှာမူ လူငယ်ဖြစ်၏။ သူတို့နှစ်ဦးမှာ ပြုံးစိစိနှင့် မိမိတို့အား ကြည့်နေသည်ကို တွေ့ရ၏။

ရန်ချင်းမှာ လူစိမ်းများကို တွေ့သောအခါ စိတ်ထဲ သိပ်မပျော်တော့ချေ။

သို့သော် ထန်ရှောင်လန်း၏မျက်နှာတွင် မိမိကို အလွန်အထင်ကြီးသွားသော အမူအရာပေါ်လွင်နေသည်ကို တွေ့ရ၍ သူမသည် နောက်ထပ် တစ်ချက်ပစ်ပြလိုက်၏။

သို့သော် သူမ ပစ်လိုက်သည်နှင့် ထိုဘေးနားမှ ရပ်ကြည့်နေသော လူငယ်က လက်တစ်ချက်လှုပ်သည်ကို ထန်ရှောင်လန်း တွေ့လိုက်၏။

ရန်ချင်း၏ လောက်စာလုံးမှာ ရှိုးခနဲ ပျံတက်သွားပြီး သစ်ပင်တွင် နားနေသော ငှက်ကလေးကို မထိမှန်ဘဲ ဘေးနားရှိ သစ်ကိုင်းကိုသာ ထိမှန်သွား၏။ ရန်ချင်းမှာ ဤကဲ့သို့အဖြစ်မျိုး တစ်ခါမျှ မကြုံခဲ့ရ၍ မျက်နှာနီရဲသွား၏။

သူမသည် အံ့သြလျက်ရှိနေစဉ် ထန်ရှောင်လန်းက ရှေ့သို့ တစ်လှမ်းတက်ပြီး ....

"ဒီက နောင်ကြီးရဲ့ ပစ်ခတ်နည်းက သိပ်တော်တာပဲ .... "

လက်စသတ်တော့ရန်ချင်းပစ်လိုက်စဉ်ထိုလူငယ်သည် အလွန်သေးငယ်သော လျှို့ဝှက်လက်နက်လေးဖြင့် ပစ်လိုက်ရာ လောက်စာလုံး ထိမှန်ပြီး ဘေးသို့ ယိုင်သွားသဖြင့် ငှက်ကလေးကို မထိမှန်ခဲ့ခြင်း ဖြစ်လေသည်။ ရန်ချင်းမှာ ငှက်ကိုသာ သတိထားနေသောကြောင့် လုံးဝ မသိလိုက်ချေ။

ထိုလူငယ်မှာ ထန်ရှောင်လန်း ပြောလိုက်သည်ကို ကြားသောအခါ ပါးစပ်ဟ၍ စကားပြောရန်ပြင်စဉ် ရုတ်တရက် ရန်ချင်းသည် လေးကိုင်းကိုဆွဲ၍ မြားသီးမြားပေါက်ပမာ ဆက်တိုက် ခြောက်လုံးခန့် လူငယ်ထံသို့ ပစ်လွှတ်လိုက်လေသည်။

လူငယ်သည် ကမန်းကတန်းရှောင်တိမ်းရင်း အင်္ကျီလက်စဖြင့် လောက်စာလုံးများကို ဘေးသို့ ခါထုတ်ပစ်ရ၏။

သူက အော်ကာ ....

"ဟေ့ .... ဒီမိန်းကလေးက တယ်ဆိုးပါလား .... "

ရုတ်တရက် လောက်စာလုံးတစ်လုံးသည် နှုတ်ခမ်းကို ထိမှန်သွား၏။

သွားများမှာလည်း ယိုင်နဲ့သွားလေတော့သည်။

လူကြီးသည် အစတော့ ပြုံးစိစိနှင့် ဘေးနားတွင် ရပ်၍ကြည့်နေရာ လူငယ်ကို ထိမှန်သောအခါကျမှ ခုန်ထွက်လာပြီး လူငယ်ကို ထူလိုက်၏။

"တော်တော်နာသွားသလား .... "

လူငယ်သည် နာကျင်ခြင်းကို အောင့်ခံကာ ....

"အရေးမကြီးပါဘူး .... "

သူသည် သွေးများကို ထွေးထုတ်လိုက်သည်။ တော်သေးသည်။ ရှေ့သွားမကျိုးခဲ့ချေ။

"ငါ့ဘာသာ ငှက်ပစ်တာ မင်းတို့နဲ့ ဘာဆိုင်လို့လဲ .... မင်းတို့က ဒီမှာလာပြီး ပညာပြချင်ရတာလဲ .... ဟင်း .... ဘုန်းကြီးရှေ့မှာ စာပြချင်လို့ ဘယ်ရမလဲ .... အခု ကိုယ့်အပြစ်နဲ့ ကိုယ်ခံပေါ့ .... "

ရုတ်တရက် လူကြီးသည် တဟားဟားရယ်ပြီး ....



"အစ်ကိုကြီး .... မတွေ့ရတာကြာပြီ .... နေကောင်းတယ်နော် .... "

ရန်ချင်းသည် ရုတ်တရက် ကြောင်၍ လှည့်ကြည့်လိုက်ရာ တောင်ကုန်းအောက်မှ လူတစ်ယောက် လျှင်မြန်စွာ ပြေးတက်လာသည်ကို တွေ့ရလေသည်။

ထိုလူမှာ မိမိအဖေ ဖြစ်နေ၏။

ရန်ချင်းသည် သူမ၏အဖေ တက်လာသည်ကို တွေ့ရသောအခါ ငြိမ်သွားသည်။

ရန်ချုံရင်းသည် သူတို့အနားသို့ ရောက်သောအခါ ရန်ချင်းအား မေးလိုက်လေ၏။

"ရန်ချင်း .... မင်းက ဘာပြဿနာရှာပြန်ပြီလဲ .... "

ရန်ချင်းသည် မဖြေရဲသဖြင့် ခေါင်းငုံ့နေလိုက်၏။

ရန်ချုံရင်းမှာ သူ့သမီးကို ချစ်လွန်းသဖြင့် ဆက်မပြောတော့ဘဲ ထိုလူကြီးနှင့် လူငယ်တို့ဘက်သို့ လှည့်၍ ဝမ်းသာအားရသောအသံဖြင့်

"မင်းရဲ့သားတောင် ဒီလောက်ကြီးလာပြီနော် .... သူ့နာမည်က ကျိုထိကျ မဟုတ်လား .... "

ထိုလူငယ်က ရှေ့တိုးပြီး အရိုအသေပေးလိုက်၏။လူကြီးက ....

"အစ်ကိုကြီး .... ဒီနေ့ ကျွန်တော်နဲ့ ကျွန်တော့်သား ရောက်လာလိမ့်မယ်လို့ လုံးဝမထင်ဘူး မဟုတ်လား .... "

ရန်ချုံရင်းက တဟားဟားရယ်ပြီး ....

"ဘယ်ထင်ပါ့မလဲ .... တစ်ယောက်နဲ့ တစ်ယောက် ဆယ်နှစ်ကျော်တောင် ကွဲလာခဲ့ကြတာ .... ကဲ .... လာ .... အိမ်ကို သွားကြစို့၊ ကိုရောက်မှ လူငယ်ချင်း မိတ်ဆက်ပေးရမှာပေါ့ .... "

တကယ်တော့ ထိုလူကြီးနှင့် လူငယ်နှစ်ယောက်မှာ လက်ထပ်ရန်အတွက် လာရောက်ပြောဆိုခြင်း ဖြစ်သည်။ ထိုလူကြီးမှာ ကျားပုံကျိုမင်တောင်ဖြစ်၍ ရန်ချုံရင်းနှင့် အလွန်ခင်မင်သည်။ သူ့သား ကျိုထိကျူမှာ ရန်ချင်းထက် အသက်လေးနှစ်ကြီးသည်။ သူတို့မှာ ငယ်စဉ်ကတည်းက အတူတူနေလာခဲ့ရာ ရန်ချင်း ခုနစ်နှစ်အရွယ်ရောက်သောအခါကျမှ ကျိုမင်တောင်က သူ့သားကိုခေါ်၍ ခရီးဝေးသို့ ထွက်ခွာသွားခဲ့သည်။

ထွက်သွားခါနီးအချိန်တွင် ကျိုမင်တောင်က ရန်ချုံရင်းအားပြုံး၍ ....

"ကျုပ်တို့သားသမီးနှစ်ယောက်ကတော့ အတော်လေး ခင်မင်ပုံရတယ် .... ဒီတစ်ခါ ခရီးထွက်တာ ဘယ်လောက်ကြာမှ ပြန်ရောက်လာနိုင်မလဲ မသိဘူး .... ကျွန်တော်တို့သားအဖနှစ်ယောက်သာ ဘေးမသီရန်မခဘဲ ပြန်ရောက်လာခဲ့လို့ရှိရင် အစ်ကိုကြီးသမီးကို ကျုပ်သားနဲ့ လက်ထပ်ခွင့်ပေးပါ .... "

'ဟု ပြောခဲ့ဖူးသည်။

ရန်ချုံရင်းမှာ ပြုံး၍ သဘောတူခဲ့သည်။ သို့သော် သူငယ်ချင်းနှစ်ယောက် ဆယ်နှစ်ကျော် ကွဲကွာခဲ့ပြီး ရန်ချုံရင်းမှာလည်း ထိုကိစ္စကို မေ့ပျောက်သွားခဲ့သည်။ ရန်ချုံရင်းမှာလည်း ကျိုထိကျူကို လုံးဝမမှတ်မိတော့ချေ။

ရန်ချင်းမှာ ကျိုထိကျူကို လောက်စာလုံးဖြင့် ပစ်မိသဖြင့် စိတ်ထဲတွင် သူ့မအဖေ ကြိမ်းမောင်းခံရမည်ကို စိုးရိမ်နေသည်။ ဒုတိယနေ့မနက် သူ့မအဖေအား သွားရောက်၍ အရိုအသေပေးသောအခါတွင် သူ့မအဖေ့မျက်နှာတွင် ပြုံးစိစိဖြစ်နေသည်ကို တွေ့ရ၍ အံ့သြသွားမိ၏။



ရန်ချုံရင်းက ပြုံး၍ ....

"ရန်ချင်း .... မင်းရဲ့ငယ်သူငယ်ချင်း ရောက်လာပြီလေ .... ဘာဖြစ်လို့ သူ့ကို သွားကစားဖို့ မခေါ်ရတာလဲ .... "

ရန်ချင်းက ခေါင်းလေးစောင်းပြီး ရယ်ကာ ....

"ဟင် .... အဖေကလည်း .... ကလေးမှ မဟုတ်တော့တာ"

ရန်ချုံရင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ ....

"ဟုတ်သားပဲ .... အခု သမီးက အသက်ဆယ့်ကိုးနှစ်တောင်ရှိနေပြီပဲ .... ကျိုထိကျူလည်း လူကြီးဖြစ်လာပြီ .... သူက သူ့အဖေရဲ့ သိုင်းပညာကို အားလုံးတတ်ကျွမ်းနေတာ မဆိုးဘူးနော် .... သမီး သူ့ကို ဘယ်လိုသဘောရသလဲ .... "

ရန်ချင်းက မျက်မှောင်ကုတ်၍ ....

"အဖေက ဘာဖြစ်လို့ ဒီစကားကို မေးရတာလဲ .... "

ရန်ချုံရင်းက ....

"မင်းရဲ့ဘကြီး ကျိုမင်တောင်က မင်းကို ချွေးမတော်ချင်လို့ တဲ့ .... "

ရန်ချင်းမှာ မျက်နှာပျက်သွားပြီး ချက်ချင်းခေါင်းခါ၍ ....

"ဟင့်အင်း .... ကျွန်မ သူ့ကို မယူဘူး .... "

ရန်ချုံရင်း အံ့သြသွားသည်။

"သမီးလေး .... မင်း မငယ်တော့ဘူး .... ဒီလို ကလေးစိတ်မကုန်လို့ မဖြစ်တော့ဘူး .... ဖေဖေက မင်းကို တစ်သက်လုံး မစောင့်ရှောက်နိုင်ဘူး .... မင်းလည်း နားလည်ဖို့ကောင်းတယ် .... ကျိုမင်တောင်တို့သားအဖနဲ့ ဖေဖေတို့က ငယ်သူငယ်ချင်းတွေ .... ကျိုထိကျူကလည်း အဖက်ဖက်ကတော်တယ် .... မင်းက ဘာများမကြိုက်စရာ

ရှိသေးလို့လဲ .... "

ရန်ချင်းမှာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိတော့ချေ။ သူမအဖေက အတည်ပေါက်ပြောနေသည်ကို တွေ့ရသောအခါ သူမက ခါတိုင်းလို နွဲ့ဆိုးမလုပ်ရဲတော့။

နောက်ဆုံး သူမက အားတင်း၍ ....

"သမီး သူနဲ့ လက်မထပ်ချင်ဘူး .... "

ရန်ချူရင်းက သူ့သမီး၏မျက်နှာတွင် လျှို့ဝှက်သောအမူအရာကို တွေ့ရှိရသဖြင့် ရင်တစ်ချက်လှုပ်ရှားသွားပြီး သူက ....

"ကောင်းပြီ .... ငါ မင်းကို မေးမယ် .... မင်းက ဘာဖြစ်လို့ ကျိုထိကျုံနဲ့ လက်မထပ်ချင်ရတာလဲ .... မင်းက ဘယ်သူ့ကို သဘောကျသလဲ .... "

ရန်ချင်းက ရုတ်တရက် ခိခနဲရယ်လိုက်ပြီး ....

"အဖေက သမီးရဲ့စိတ်ကို ကြည့်တာနဲ့ မသိဘူးလား .... သမီးမှာ အစောကြီးကတည်းက ချစ်သူရှိနေပြီပဲ .... "

ရန်ချူရင်းမှာ မျက်လုံးပြူးကာ ဆက်မေးမြန်းရန်ပြင်စဉ် ရန်ချင်းမှာ မျက်နှာကိုအုပ်၍ အခန်းထဲမှ ပြေးထွက်သွားသည်။ သူမ ရှက်ရယ်ရယ်ပြီး ပြေးထွက်သွားခြင်းဖြစ်သည်။

ရန်ချူရင်းမှာ စဉ်းစားလိုက်သည်။ လက်စသတ်တော့ ဒီကောင်မလေးက သူ့ရဲ့အစ်ကိုကို သဘောကျနေတာကိုး။ ဤအခါကျမှ သူ သဘောပေါက်သွားတော့သည်။

ကျိုမင်တောင်တို့သားအဖမှာ ပြန်သွားပြီဖြစ်သည်။

သူ့ကို ဒီကိစ္စနှင့် ပတ်သက်၍ ကျိုမင်တောင်ကို အချိန်ဆွဲပြီး ပြောရပေတော့မည်။



ရန်ချင်းမှာ ယခုမှ သူ့အဖေက သူ့ကို သူများနှင့် အတင်းပေးစားမည်ကို စိုးရိမ်၍ အရဲစွန့်ပြီး ဖွင့်ပြောလိုက်ခြင်း ဖြစ်လေတော့သည်။

မမျှော်လင့်ဘဲ ထိုစကားကို ထန်ရှောင်လန်းက ကြားသွားခဲ့သည်။ သူကလည်း ရန်ချူရင်းအား မင်္ဂလာနှုတ်ခွန်းဆက်ရန်လာခြင်းဖြစ်၍ သူတို့သားအဖနှစ်ယောက်၏စကားကို ကြားရခြင်းဖြစ်သည်။ ရန်ချင်းမှာ ရှက်စနိုးဖြင့် မျက်နှာကိုအုပ်၍ ပြေးထွက်သွားခြင်းဖြစ်သဖြင့် သူက ဘေးတွင်ကွယ်နေသော ထန်ရှောင်လန်းကို မတွေ့ခြင်းဖြစ်သည်။

ထန်ရှောင်လန်းမှာ .... စိတ်မတည်မငြိမ်နှင့် အပြင်ဘက်သို့ လျှောက်ထွက်လာခဲ့သည်။ သူက အနောက်ဘက် တောင်ပေါ်သို့ တက်၍ ရေကန်ကြီးကို အပေါ်မှစီးကြည့်ကာ ငေးမောနေမိသည်။ သူသည် ရန်ချင်းနှင့် ငါးနှစ်တိတိ အတူတူနေထိုင်လာခဲ့ပြီးဖြစ်၍ အတော်လေး သံယောဇဉ်ရှိသည်။ သို့သော် .... သူက သူမကို နွဲ့ဆိုးဆိုးသော ညီမလေးတစ်ယောက်လိုသာ ချစ်ခဲ့မိသည်။ သူသည် အခုအချိန်၌ အချစ်ရေးကို မစဉ်းစားရဲသေးချေ။ မိမိ၏ဘဝမှာ ပဲ့မရှိသောလှေလို သမုဒ္ဒရာထဲတွင် လွင့်မျောနေသောဘဝမျိုးဖြစ်၏။ ထို့ကြောင့် သူက အချစ်စိတ်ကို မထားရဲ၊ စဉ်းတောင်မစဉ်းစားခဲ့ပေ။

အခု ရန်ချင်း၏စကားကို ကြားရသောအခါ သူမက မိမိကို ချစ်နေမှန်း သူ သိသွားသည်။ သူက သူမ၏စိတ်ကို ကောင်းကောင်းသိ၏။ သူမသည် အလွန်စိတ်ကြီးသူဖြစ်ပြီး သူမရလိုသောပစ္စည်းကို မရခဲ့လျှင် အကြီးအကျယ် ပြဿနာတက်ပေလိမ့်မည်။

သူသည် အတန်တန်စဉ်းစားပြီးနောက် ဆုံးဖြတ်ချက်ချလိုက်လေသည်။

ထိုညသန်းခေါင်အချိန်တွင် သူက စာတစ်စောင်ရေး၍ ချည်ထားလိုက်ပြီး သူ၏အဝတ်အစားနှင့် ဓားများကိုယူ၍ သူ ငါးနှစ်ကျော်နေလာခဲ့သော အိမ်ကြီးကို တိတ်တဆိတ် စွန့်ခွာခဲ့လေတော့သည်။

ရန်ချင်းသည် ရင်ဖွင့်၍ ဖခင်ဖြစ်သူအား ပြောလိုက်ပြီးနောက်တွင် သူမသည် ရှက်၍ ထိုနေ့တစ်နေ့လုံး အခန်းထဲ၌သာ ပုန်းနေသည်။ ရှက်လည်းရှက်၊ ဝမ်းလည်းသာ၏။ သူမ သိ၏။ သူမအဖေသည် သူ့ကိုသိပ်ချစ်သဖြင့် ဒီကိစ္စကိုတော့ အဖေကိုယ်တိုင် အစ်ကိုထန်ရှောင်လန်းအား သွားမေးမည်မှာ သေချာသည်။ အစ်ကိုကတော့ လုံးဝမျှော်လင့်မည်မဟုတ်။ အဖေ့ရဲ့စကားကိုကြားရင်တော့ ဘယ်လောက်ဝမ်းသာလိုက်မလဲမသိ။

သို့သော် ထန်ရှောင်လန်းက သူမကို မချစ်မနှစ်သက်ဖြစ်လိမ့်မည်ဟု လုံးဝမထင်မိချေ။ ထန်ရှောင်လန်းကတော့ သူ့ကို ညီမလေးတစ်ယောက်အဖြစ်သာ သဘောထားသည်။

သူမဖေဖေက တစ်ညလုံး သူ့ကို လာမရှာချေ။ နောက်တစ်နေ့နံနက်သို့ရောက်သောအခါ သူမက မအောင့်နိုင်တော့ဘဲ အပြင်သို့ထွက်လာသည်။ ထိုအချိန်တွင်သူမအဖေသည် ပန်းခြံထဲ၌ လက်နောက်ပစ်၍ တစ်ယောက်တည်းလမ်းလျှောက်နေသည်ကို တွေ့ရ၏။ မျက်နှာမှာလည်း ညှိုးနွမ်းလျက်ရှိနေသည်။

သူမက တုန်လှုပ်သွားပြီး ....

"အဖေ .... နေမကောင်းဘူးလား ... "

ရန်ချိုရင်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"ထန်ရှောင်လန်း အိမ်ကထွက်သွားပြီ .... "

ရန်ချင်းသည် လန့်ဖျပ်၍ ထခုန်လိုက်ပြီး ....



"တကယ် .... "

ရန်ချိုရင်းသည် အိတ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်၍ သူမကို ပေးကာ ....

"သမီး ဒီစာကိုပဲ ဖတ်ကြည့်ပေါ့ .... "

ထိုစာသည် ထန်ရှောင်လန်းရေးခဲ့သော စာဖြစ်၏။ စာထဲတွင် သူသည် ရန်ချိုရင်းအား (၅)နှစ်(၅)မိုး သူ့ကို သားအရင်းတစ်ယောက်လိုဆက်ဆံပြီး သိုင်းပညာသင်ကြားပေးခဲ့သည်ကိုတစ်သက်လုံးကျေးဇူးမမေ့နိုင်ကြောင်း၊ ပြီးနောက် ထိုနေ့က ရန်ချိုရင်းနှင့် ရန်ချင်းတို့အခန်းထဲတွင် ပြောနေကြသည့် စကားကို ကြားခဲ့ကြောင်း။ သူက သွယ်ဝိုက်၍ ရန်ချင်းကို ညီမလေးအရင်းတစ်ယောက်လိုချစ်၍ ကျိုထိကျုနှင့် လက်ထပ်ပေးမည့်ကိစ္စကို သဘောတူကြောင်း။ သူ အခု လူလားမြောက်ပြီဖြစ်၍ သိုင်းလောကသို့သွားပြီး အတွေ့အကြုံရယူရမည်ဖြစ်၍ ထွက်သွားကြောင်း ရေးသားထားသည်။

ရန်ချင်းက ထိုစာကိုဖတ်ပြီးသောအခါ နှုတ်ခမ်းစူ၍ ....

"ဖေဖေ .... သမီး သူ့ကို သွားရှာမယ် .... "

ရန်ချိုရင်းက ....

"သမီး .... သူများမလုပ်ချင်တဲ့ကိစ္စကို သမီးက အတင်းအကျပ်သွားလုပ်နိုင်းလို့ ဘယ်အကျိုးရှိမှာလဲ .... "

ရန်ချင်းက အံကြိတ်၍ ....

"ဘယ်သူက သူ့ကို အတင်းအကျပ် လုပ်နိုင်းမှာမို့လို့လဲ .... သမီး အိမ်မှာပဲနေရတာ ပျင်းလို့ပါ .... "

ရန်ချိုရင်းက သက်ပြင်းချ၍ ....

"ကောင်းပါတယ်လေ .... သမီး သဘောပဲ .... "

ရန်ချုံရင်းသည် သမီးမျက်နှာ ညိုသည်ကို မကြည့်လိုပေ။ ထို့ကြောင့် သဘောတူလိုက်လေတော့၏။



အခန်း(၁၁)

## အိမ်တွင်းရေး

'ဆန်းတုံး' ရေလက်ကြား၏ ပင်လယ်ဝါအနီးတွင် လူငယ်တစ်ယောက်သည် ကမ်းစပ်မှ ပင်လယ်တွင်းရှိ ရွက်လှေကြီးများကို ကြည့်ရှုငေးမောနေသည်။

ထိုလူငယ်ကား သူ့ဆရာအိမ်မှ ခိုးထွက်လာခဲ့သော ထန်ရှောင်လန်းပင် ဖြစ်၏။ ဤအချိန်မှာ တစ်လခန့်ကြာမြင့်ခဲ့လေပြီ။

သူသည် ရန်ချုံရင်းအိမ်မှ ထွက်လာပြီးနောက် နေပြည်တော်သို့ သွား၍ သူ့မရီး စွမ်လင့်ရှာကို သွားရောက်ရှာဖွေရန် စဉ်းစားခဲ့၏။ သို့သော် မိမိ၏သိုင်းပညာမှာ ဘီလူးနှစ်မြွာတို့နှင့် မယှဉ်နိုင်မှန်းသိ၍ နေပြည်တော်သို့သွားလျှင် ဘုရင့်ပါးကွက်သားများနှင့် တွေ့မည်ကိုစိုးရိမ်ရ၏။ ထိုအခါတွင် စွမ်လင့်ရှာကို မကယ်နိုင်ရုံတင်မက မိမိအသက်ပင် ပါသွားပေဦးမည်။

ထို့ကြောင့် နောက်ဆုံး သူက ကွမ်တုံသို့သွားပြီး ကွမ်တုံလေးဖော်ကို သွားရောက်ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

သူသည် ကမ်းစပ်နားရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စားသောက်နေစဉ် ရုတ်တရက် စစ်သည်တော်တစ်စု ရောက်လာပြီး သူ့ကို စစ်ဆေးမေးမြန်း၏။ ထန်ရှောင်လန်က ....

"ကျွန်တော်က ခရီးသည်ပါ .... ဒီမှာ ဆွေမျိုးမရှိပါဘူး .... "

ထိုအခါ စစ်သည်တစ်ဦးက ခနဲ့ပြုံးဖြင့် ....

"ဟင် .... မင်းက အခုမှ ဟန်ဆောင်မနေနဲ့ .... မင်းလုပ်ခဲ့တဲ့ အပြစ်ကို မင်းအခုမှ ဖုံးလို့မရဘူးကွ .... "

သူက ပြောရင်း သံကြိုးဆွဲထုတ်၍ ထန်ရှောင်လန်၏ လည်ပင်းကို ရစ်ပတ်ရန် ကြိုးစားလိုက်သည်။ ထန်ရှောင်လန်က ငုံ့၍ ရှောင်လိုက်၏။

ထိုစစ်သည်က အော်၍ ....

"ဩော် .... မင်းက ခုခံချင်သေးတယ်ပေါ့ .... "

ပြောရင်း သံတုတ်ကို ဆွဲထုတ်ပြီး ထန်ရှောင်လန်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် .... ရုတ်တရက် လူတစ်ယောက် အော်၍ ထွက်လာသည်။

"ရပ်လိုက်ကြစမ်း .... "

ထိုစစ်သည်က ဒေါသဖြင့် ထွက်လာသောလူငယ်ကို ....

"မင်းက ဘာကောင်မို့လို့ ဝင်ရှုပ်ချင်တာလဲ .... မင်းကော ထောင်ထဲသွားချင်လို့လား .... "

ထန်ရှောင်လန်းမှာ တစ်ချိန်လုံး ဘာမှနားမလည် ဖြစ်နေ၏။ သူက ဒီစစ်သည်တွေက ဘာအတွက်ကြောင့် သူ့ကို ဖမ်းချင်ရသည်ကို မသိချေ။

ထိုစဉ် လူငယ်က ရင်ခွင်ထဲမှ ကျောက်ဖြင့်ပြုလုပ်ထားသော



ယပ်တောင်ကို ထုတ်၍ဖြန့်ကာ ဟန်ပါပါနှင့် ခပ်လိုက်သည်။

"မင်းတို့အားလုံး ပြန်ကြပါ .... ဒီလူက ငါ့ရဲ့သူငယ်ချင်းပါ .... မင်းတို့လိုချင်တဲ့ တရားခံက သူ မဟုတ်ဘူးဆိုတာ ငါ အာမခံတယ်"

ထိုစစ်သည်က လူငယ်၏လက်ထဲတွင် ကိုင်ထားသော ယပ်တောင်ကို တွေ့ရသောအခါ ချက်ချင်းမျက်နှာပျက်သွားပြီး အရိုအသေ တစ်ချက်ပေးကာ သူ့လူများကိုခေါ်၍ လျှင်မြန်စွာထွက်သွားလေတော့သည်။

ထန်ရှောင်လန်းက ထိုအချင်းအရာကို တွေ့ရသောအခါ အံ့သြသွား၏။ သူက ထိုလူငယ်ကို ကျေးဇူးတင်စကား ပြောလိုက်သည်။

ထိုစဉ် စားသောက်ဆိုင်တွင်းရှိ လူများ၏ ပြောဆိုသံအမျိုးမျိုးကို ကြားရ၏။ စားပွဲထိုးလေးက ....

"ဟင် .... မုဒိမ်းကျင့်သမားကိုဖမ်းတာ ဆိုင်ပေါ်အထိတောင် တက်ဖမ်းတယ်တဲ့ .... "

ခရီးသည်တစ်ဦးက ....

"သူတို့က မျက်စိမပါတာကျနေတာဘဲ .... ဒီလို ရိုးရိုးသားသား လူငယ်လေးကိုများ မုဒိမ်းသမားလို့ ထင်သေးတယ် .... "

နောက်တစ်ဦးက ....

"တကယ်တော့ သူတို့လည်း ဒီမုဒိမ်းသမားအတွက်နဲ့ ခေါင်းကိုက်နေကြပါပြီ .... ဒီရက်အတွင်း အမှုက ဆက်တိုက်ဖြစ်နေတာ၊ နာမည်ကြီးပိုင်းက သမီးပျိုတချို့တောင်ပါသွားတယ် .... ဒီမုဒိမ်းသမားက သိုင်းလည်း သိပ်တော်တယ်ဆိုတော့ ဘယ်လိုမှ မဖမ်းနိုင်ကြဘူးပေါ့ .... "

ထိုစကားများကို ကြားတော့မှ ထန်ရှောင်လန်း သဘောပေါက်

သွား၏။ လက်စသတ်တော့ သူ့ကို မုဒိမ်းသမားဟုထင်ပြီး ဖမ်းရန်ကြိုးစားနေခြင်းပေကိုး။

သူ၏မျက်နှာမှာ နီရဲသွား...ည်။ သူက မချိပြုံးဖြင့် ထိုလူငယ်အား ....

"ဩော် .... သူတို့က ကျွန်တော့်ကို မုဒိမ်းသမားထင်ပြီး ဖမ်းကြတာကိုး .... ဒီမှာ မုဒိမ်းမှုဖြစ်နေလို့လား .... "

ထိုလူငယ်က ပြုံး၍ ....

"ဟုတ်တယ် .... အခုတလော ဒီလူဆိုး သိပ်သောင်းကျန်းနေတယ် .... ဒါကြောင့် သူတို့က တွေ့ရာလူကို လျှောက်ဖမ်းနေတာပေါ့၊ သူတို့အဖို့ ဘယ်လူပဲဖြစ်ဖြစ် တရားခံအဖြစ် ဖမ်းရမယ်လေ .... "

ထန်ရှောင်လန်းမှာ ထိုလူငယ် ဝင်ရောက်ကူညီပေး၍ စာရင်းမရှုပ်သဖြင့် လူငယ်အား အတော်လေးကျေးဇူးတင်လိုက်မိ၏။ သူက လူငယ်အား မိမိ၏နာမည်ကို ပြောပြလိုက်သည်။

လူငယ်က ....

"ကျုပ်နာမည်က 'ဝမ်ကျွန်းရိ' ပါ .... ခင်ဗျားကို ကြည့်ရတာ သိုင်းလောက,ကလူပဲ ထင်တယ် .... ခင်ဗျားခါးထဲက ဓားက အတော်ကောင်းပုံရတယ် .... "

ထန်ရှောင်လန်းက ကမန်းကတန်းနှင့် ....

"ကျွန်တော်က မဖြစ်စလောက် သိုင်းပညာလေးသာ သင်ဖူးတာပါ .... ဓားသိုင်းသိပ်မတတ်ပါဘူး .... "

လူငယ်က ပြုံး၍ ....

"ခင်ဗျားရဲ့ဓားကို ကျုပ် ကြည့်ခွင့်ရှိသလား .... "

ထန်ရှောင်လန်းမှာ အတော်လေးအကြံအိုက်သွား၏။ ဒီနဂါးနိုင်



ဓားကို ချူရင်း သူ့ကိုပေးစဉ်က သေချာမှာကြားထား၏။ အရမ်းထုတ်မပြရန်နှင့် ဓားကို ကိုယ့်ဘေး၌ အမြဲတမ်းထားရှိရန်ဖြစ်၏။

အခု ဒီလူငယ်က ကြည့်ရှုရန် တောင်းသောအခါ သူက ဘယ်လိုလုပ်ရမှန်းမသိချေ။ ပြရခက်၊ မပြရခက်ဖြစ်နေသည်။

ထိုစဉ် ရုတ်တရက် ဆိုင်ဝမှ လူနှစ်ယောက် လျှောက်ဝင်လာသည်။ ရှေ့ဆုံးတစ်ယောက်မှာ အသက်(၅၀)ကျော် မိန်းမကြီးဖြစ်၍၊ နောက်တစ်ယောက်မှာ အသက်(၂၀)နီးပါးရှိ မိန်းမပျိုလေးဖြစ်၏။ သူတို့နှစ်ယောက်သည် ထန်ရှောင်လန်း၏နံဘေးမှ ဖြတ်လျှောက်သွားပြီး အော်၍ ....

"ဟေး .... ဆိုင်ရှင် .... အရက်တစ်အိုး ရောင်းစမ်းပါဦး"

အသံမှာ အလွန်ကျယ်လောင်လှသဖြင့် တစ်ဆိုင်လုံးရှိလူများက သူတို့နှစ်ယောက်ကို ဝိုင်းကြည့်ကြသည်။ ထန်ရှောင်လန်းလည်း ကြည့်လိုက်မိ၏။ ထိုမိန်းမနှစ်ယောက်မှာ ဘယ်သူ့ကိုမှ အရေးမစိုက်သလိုရှိနေ၏။ ဆိုင်ရှင်မှာ ကမန်းကတန်း အရက်တစ်အိုး ထုတ်ပေးရသည်။

ထို့နောက် မိန်းမနှစ်ယောက်သည် ထန်ရှောင်လန်း၏ဘေးမှ ဖြတ်၍ ဆိုင်အပြင်သို့ ထွက်သွားကြသည်။

သူတို့နှစ်ယောက် ပျောက်သွားတော့မှ ဝမ်းကျွန်းရိက စောစောက စကားကို ဆက်ပြန်၏။

"ကိုထန်ရှောင်လန်း .... ခင်ဗျားရဲ့ဓားကို ကျုပ် ခဏလောက် ကြည့်ခွင့်ပေးပါလား .... "

ထန်ရှောင်လန်းမှာ မတတ်သာတော့ဘဲ ခါးတွင်ချိတ်ထားသောဓားကို ထုတ်ပေးရန် ပြင်လိုက်သည်။ သူ့လက်က ဓားကိုစမ်းကြည့်

လိုက်သောအခါတွင် ရုတ်တရက် အလန့်တကြား ထအော်လိုက်သည်။

"ဟင် .... ကျွန်တော့်ဓား ပျောက်သွားပြီ .... "

ဝမ်ကျွန်းရိက လှမ်းကြည့်လိုက်သောအခါ တကယ်ပင် ဓားမှာ ခါးတွင်မရှိတော့ချေ။

ထန်ရှောင်လန်းမှာ မိမိ၏နဂါးနိုင်ဓား ပျောက်သွားသည်ကို သိရသောအခါမှ စောစောက မိန်းမကြီးနှင့် မိန်းမပျိုလေးကို သတိရလိုက်မိ၏။ သူတို့ မိမိဘေးမှ ဖြတ်သွားစဉ်က နှိုက်ယူသွားဟန်တူ၏။ ထို့ကြောင့် သူက ဝမ်ကျွန်းရိကို ကမန်းကတန်း နှုတ်ဆက်၍ မား သောက်ဆိုင်အပြင်ဘက်သို့ ပြေးထွက်သွားသည်။ သို့သော် စောစောက မိန်းမနှစ်ယောက်၏ အရိပ်အယောင်ကို မတွေ့ရတော့ချေ။

ထန်ရှောင်လန်းမှာ ရန်ချူရင်းထံတွင် (၅)နှစ်တိတိ သိုင်းပညာ သင်လာခဲ့ရာ လေးကိုင်းစစ်ပညာကို အတော်လေးကျွမ်းကျင်ခဲ့ပြီဖြစ် သည်။ အထူးသဖြင့် သူ အသုံးပြုလေ့ရှိသော အပ်ပုံလျှို့ဝှက်လက်နက် လေးမှာ လောက်စာလုံးသစ်တာထက် ပို၍ ခက်ခဲသည်။ ထိုအပ်ပုံပစ် နည်းသည် မျက်စိအလွန်လျင်ရပေသည်။

အခု သူလိုလူမျိုးက ဓားနှိုက်သွားတာတောင် လုံးဝမသိခဲ့ရ သည်ကို ကြည့်ခြင်းဖြင့် စောစောက မိန်းမကြီး၏ သိုင်းပညာမှာ ဘယ် လောက်မြင့်မားနေသည်ကို မပြောတတ်တော့ချေ။

ထန်ရှောင်လန်းမှာ သူ၏နဂါးနိုင်ဓား အနှိုက်ခံလိုက်ရသဖြင့် အလွန်ပင် စိတ်ဆင်းရဲသွားကာ ခြေဦးတည့်ရာ လျှောက်သွားလေ တော့သည်။ နောက်ဆုံး ရှာမတွေ့သောအခါ သူသည် မိမိ၏တည်းခို ခန်းသို့ ပြန်သွားရလေတော့၏။

သူက အခန်းတံခါးဖွင့်၍ ဝင်လိုက်သောအခါ လွတ်ခနဲ အော်



လိုက်မိ၏။

အဘယ့်ကြောင့်ဆိုသော် မိမိ၏ခုတင်ခေါင်းရင်းတွင် မိမိ၏နဂါး ဓား ချိတ်ဆွဲထားသည်ကို တွေ့ရသောကြောင့်ပေတည်း။ ထိုဓားနှင့် အတူ စာရွက်တစ်ရွက် ရှိနေသည်။ စာရွက်ပေါ်တွင် ....

"နောက်(၃)ရက်မြောက် သန်းခေါင်အချိန်တွင် ထင်ဟန်ဘုရား ကျောင်းမှာ ငါနဲ့လာတွေ့ပါ .... "

ထန်ရှောင်လန်းမှာ ထိုစာရွက်ကိုကိုင်ရင်း .... ငေးကြောင်နေမိ သည်။ ဒီလူက ဘာသဘောလဲ။ ဓားကိုခိုးသွားပြီး ပြန်ပေးတယ်။ နောက်ပြီး (၃)ရက်အကြာမှာ တွေ့ဖို့ချိန်းသေးတယ်။ သို့သော် .... တကယ်လို့ ဒီလူသာ လူဆိုးဆိုလျှင် သူ့ဓားကို ပြန်ပေးစရာအကြောင်း မရှိချေ။

ထိုညတွင် ထန်ရှောင်လန်းမှာ မည်သို့မျှ အိပ်၍ မပျော်နိုင်ခဲ့ ချေ။ ထို့ကြောင့် နောက်ဆုံး သူက အိပ်ရာမှထ၍ ဓားကို ခါးတွင်ချိတ် ကာ ကမ်းနားဘက်သို့ လေညင်းခံထွက်လာခဲ့တော့သည်။

အတန်ကြာလျှောက်လာမိသောအခါ ကမ်းစပ်တွင် တံငါလှေ တစ်စင်းဆိုက်နေသည်ကို တွေ့ရ၏။ တံငါလှေထိပ်တွင် မိန်းမပျိုလေး တစ်ယောက် ထိုင်နေသည်။ ထန်ရှောင်လန်းက စိတ်ထဲတွင် အံ့ဩနေ မိ၏။ ဤမျှလောက် ညဉ့်နက်သည်အထိ ဤတံငါသည်မလေး အဘယ့် ကြောင့် မအိပ်လေသနည်း။

ထို့နောက် မိန်းမပျိုလေးသည် လေးလံစွာ သက်ပြင်းတစ်ချက် ချလိုက်ပြီး လှေဝမ်းထဲသို့ လျှောက်ဝင်သွားသည်ကို တွေ့လိုက်ရသည်။

ထိုစဉ် ခပ်လှမ်းလှမ်းရှိ အမှောင်ရိပ်မှ လူတစ်ယောက်သည် တံငါလှေနားသို့ ချဉ်းကပ်လာသည်ကို တွေ့ရလေ၏။ ထိုလူမှာ လူငယ်

ဖြစ်ပြီး ရုပ်ရည်ချောမောဟန်ရှိပြီး သူသည် တံငါလှေအနီး၌ ရှိတုံချတုံ ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုအခါ ထန်ရှောင်လန်းသည် ရုတ်တရက် နေ့လယ်တုန်းက အဖြစ်အပျက်ကို သတိရလာသည်။ ဒီလူငယ်သည် မုဒိမ်းသမားများ လား၊ သူသည် ဒီတံငါလှေထဲက မိန်းမပျိုလေးကို မျက်စိကျနေလို့ လား။ ထိုအချက်ကို စဉ်းစားလိုက်သောအခါတွင် ထန်ရှောင်လန်းမှာ စိုးရိမ်စိတ်များ ဖြစ်ပေါ်လာတော့သည်။ သူသည် အပ်ပုံ့ကို လက်တွင် အဆင်သင့် ဆုပ်ကိုင်လိုက်ပြီး မှောင်ရိပ်ထဲတွင် ဝင်ခို၍ လူငယ်၏လှုပ် ရှားမှုကို ကြည့်လိုက်သည်။

လူငယ်သည် အတန်ကြာ တွေဝေနေပြီး ရုတ်တရက် လှေပေါ် သို့ ခုန်တက်လိုက်သည်။

ထန်ရှောင်လန်းသည် မနေသာတော့ဘဲ အမှောင်ထဲမှ ခုန် ထွက်၍ အော်ကာ ....

"မုဒိမ်းသမားဗျို့ .... "

သူသည် အော်၍ အပ်ပုံ့ကို ပစ်လွှတ်လိုက်၏။ သို့သော် ထိုလူ ငယ်က ကိုယ်ကို အသာလေးတိမ်းရှောင်လိုက်ရာ လုံးဝမထိခဲ့ချေ။

လူငယ်သည် ထန်ရှောင်လန်းကို အရေးမစိုက်။ လှေဝမ်းထဲကို ငုံ့ကြည့်ကာ အော်ခေါ်လျက်ရှိနေလေသည်။

"ညီမလေး .... ညီမလေး .... ထွက်ခဲ့လေ .... "

ရုတ်တရက် လှေဝမ်းထဲမှ လူတစ်ယောက် ထွက်လာပြီး 'ချက် ချက်' ဆက်တိုက် ဓားဖြင့် လူငယ်ကို ခုတ်လိုက်၏။ ထိုလူမှာ တံငါ သည် အဘိုးကြီးဖြစ်နေလေသည်။ သူသည် လူငယ်ကို ဓားဖြင့်ခုတ်ရင်း ပါးစပ်မှလည်းအော်၍ ....



"ထွီ .... အရှက်မရှိတဲ့ကောင် .... မင်းက အခုထက်ထိ လိုက် နှောင့်ယှက်တုန်းပဲလား .... "

လူငယ်၏လက်ထဲတွင် မည်သည့်လက်နက်မှ မရှိချေ။ သူသည် ပြန်ခုခံခြင်းလည်းမပြုဘဲ အဘိုးကြီး၏ ခုတ်ချက်ကိုသာ ရှောင်တိမ်းနေ သည်။ ပါးစပ်ကလည်း အော်လျက်ရှိနေ၏။

"ညီမလေး .... ရီလန်း .... ညီမလေး .... "

ထိုစဉ် လှေထဲမှ ငိုသံနှင့်အတူ မိန်းမပျိုလေးတစ်ဦး ခုန်ထွက် လာပြီး ငို၍ ....

"ပေထိုက်ကုန်း ရှင်ပြန်သွားပါတော့ .... "

တံငါသည် အဘိုးကြီးက ဒေါသဖြင့် သူ့သမီးအား အော်၍ပြော သည်။

"အထဲပြန်ဝင်သွားစမ်း .... "

လူငယ်သည် အဘိုးကြီး၏ဓားခုတ်ချက် သုံးချက်ကို ရှောင်လိုက် ပြီး ရုတ်တရက် မိန်းမပျိုလေးအနားသို့ ခုန်ကပ်လိုက်၏။

ထန်ရှောင်လန်းသည် ဘာမှစဉ်းစားမနေတော့ဘဲ တံငါလှေ ပေါ်သို့ ခုန်တက်လိုက်သည်။ သူက တံငါသည် အဘိုးကြီးနှင့် မိန်းမပျို လေးဘက်မှ ဝင်ရောက်ကူညီရန် စိတ်ပိုင်းဖြတ်လိုက်ခြင်း ဖြစ်၏။

သို့သော် ထိုအချိန်တွင် တံငါသည် အဘိုးကြီးက လူငယ်ကို တိုက်ခိုက်ပြန်၏။

လူငယ်က တုန်ယင်သောအသံဖြင့် ....

"ဘကြီးက ဒီလောက်ပဲ မေတ္တာကင်းမဲ့နေသလား .... "

အဘိုးကြီးက အော်၍ ....

"ပေထိုက်ကုန်း .... မင်း ဘာမှမပြောနဲ့ .... မင်း ဒီကနေ

မထွက်ခွာဘူးဆိုရင် ငါက မင်းကို မောင်းထုတ်ရမှာပဲ .... "

ပြောရင်း ဓားကိုဝှေ့ရမ်း၍ တိုက်ခိုက်ပြန်၏။ ထန်းရှောင်လန်းမှာ ဘေးနားတွင်ရပ်နေသဖြင့် လေလှိုင်းများက သူ၏အင်္ကျီကို တဖျပ်ဖျပ် ရိုက်ခတ်သွားစေခဲ့၏။ အဘိုးကြီး၏ဓားသိုင်းမှာ ကွမ်းတံလေးဖော်ထက် ညံ့မည်မထင်ချေ။

ပေထိုက်ကုန်းက ဆွေးမြည့်စွာအော်၍ ပြောလေ၏။

"ညီမလေး .... ရီလန် .... တို့ ဒီဘဝတော့ တစ်သက်လုံး မတွေ့နိုင်တော့ဘူး .... "

ရုတ်တရက် တံငါသည်မလေးသည် သူမအဖေ၏ စကားကို နားမထောင်နိုင်တော့ဘဲ လှေဝမ်းဗိုက်မှ ခုန်တက်လာပြန်၏။

အဘိုးကြီးသည် သူ့သမီး လှေပေါ်သို့ မရောက်ခင် ပြင်းထန်သော တိုက်ကွက်ဖြင့် ပေထိုက်ကုန်းခေါ် လူငယ်အား အပြီးသုတ်သင်ရန် ကြိုးစားလိုက်သည်။

ထိုစဉ် ကုန်းပေါ်မှ အသံတစ်ခုက ....

"ရပ်လိုက်ကြ .... "

ထိုအသံနှင့်အတူ နောက်ထပ် လူငယ်တစ်ယောက်သည် လှေပေါ်သို့ခုန်၍ ရောက်ရှိလာ၏။ သူသည် ရောက်ရှိလာသည်နှင့် တံငါသည် အဘိုးကြီး၏ လက်ထဲမှ ဓားကို လုယူလိုက်သည်။

အဘိုးကြီးသည် သိုင်းလောကတွင် ဤမျှလောက်ကြာအောင် သွားလာခဲ့ရာတွင် တစ်ခါမျှ ဤကဲ့သို့ တစ်ကွက်ထဲနှင့် လက်နက်လုခံရသောအဖြစ်မျိုး မကြုံခဲ့ဘူးချေ။ အခုတော့ ထိုရောက်လာသော လူငယ်က မည်ကဲ့သို့ပြုလိုက်သည်မသိ။ ဓားမှာ သူ့လက်ထဲသို့ပါသွားတော့သည်။



အဘိုးကြီးမှာ တုန်လှုပ်သွားကာ ဒေါသမထွက်ရဲတော့ချေ။ သူက အေးစက်သောလေသံဖြင့် ....

"ဟင် .... ပေထိုက်ကုန်း .... မင်းက အဖော်တွေ ဘာတွေ ခေါ်လာတာကိုး .... မင်းက ငါ့သမီးကိုလုဖို့ စိတ်ပိုင်းဖြတ်လိုက်ပြီပေါ့"

ထန်ရှောင်လန်းမှာ အခုမှ စိတ်တည်ငြိမ်သွားတော့၏။ နောက်မှ ရောက်လာသော အင်္ကျီဖြူလူငယ်ကို ကြည့်လိုက်သောအခါ ထိုလူငယ်မှာ ပထမလူငယ်ထက် ပို၍ ရုပ်ရည်ချောမောနေသည်ကို တွေ့ရ၏။ ထိုလူငယ်၏ရုပ်ရည်ကို သူက တစ်နေရာမှာ တွေ့ဖူးသလိုရှိနေ၏။ သို့သော် ဘယ်လိုမှ စဉ်းစား၍မရခဲ့ချေ။

နောက်လာသော လူငယ်သည် ဖြည်းညင်းစွာဖြင့် ....

"ဘကြီး .... ခဏနေပါဦး .... ကျုပ် သူ့ကိုမေးလိုက်ဦးမယ်"

သူက ပထလူငယ်အား လက်ညှိုးထိုး၍မေးသည်။

"ခင်ဗျားနာမည်က ကိုပေထိုက်ကုန်း ဟုတ်လား၊ ဘယ်သူ့ရဲ့ တပည့်လဲ .... "

ပထမလူငယ်က ဟန်မပျက်ဘဲပြန်ဖြေသည်။

"ကျုပ်နာမည်က ပေထိုက်ကုန်းပဲ .... ကျုပ်က လက်တစ်ဘက်မယ်တော်ကြီးရဲ့တပည့်ပါ .... ကျုန်းနန်းခုနစ်ဖော်မှာ ကျုပ်က နံပါတ်ငါးပဲ .... မိတ်ဆွေက ဘာများပြောစရာရှိလို့လဲ .... "

ဒုတိယလူငယ်၏မျက်နှာမှာ အနည်းငယ်တင်းမာသွားသည်။ သူက ....

"လက်တစ်ဘက်မယ်တော်ကြီးက စည်းကမ်းသိပ်ကြီးတယ်၊ ခင်ဗျားက အခု ဒီလှေပေါ်တက်ပြီး ဘာလုပ်မလို့လဲ .... "

ပေထိုက်ကုန်းက လေသံမပြောင်းဘဲ ....

"ခင်ဗျား ကျုပ်ကို ဝင်ကူညီခဲ့တာကို ကျုပ် ကျေးဇူးတင်ပါတယ် .... ဒါပေမယ့် ကျုပ်ဆရာနဲ့ ကျုပ်နဲ့ ဂိုဏ်းတူညီအစ်ကိုတွေကလွဲရင် ဘယ်သူကမှ ကျုပ်တို့ဂိုဏ်းရဲ့ စည်းမျဉ်းနဲ့ ကျုပ်ကို ခြိမ်းခြောက်လို့မရပါဘူး .... ကျုပ် ပေထိုက်ကုန်းဟာ ဘယ်အခါမှ မတရားမလုပ်ခဲ့ဘူး .... "

ထန်ရှောင်လန်းသည် မအောင့်နိုင်ဘဲ ဝင်၍ ....

"ဒီမြို့မှာ ဖြစ်ပွားနေတဲ့ မုဒိမ်းမှုက ခင်ဗျားလုပ်တာ မဟုတ်ဘူးလား .... "

"ဘာ .... မုဒိမ်းမှု .... "

ပေထိုက်ကုန်းသည် တဟားဟားရယ်ပြီး တံငါသည်မလေးအား လက်ညှိုးထိုး၍ ....

"ခင်ဗျား သူ့ကို သွားမေးကြည့်ပါလား .... သူက ကျုပ်ရဲ့ဇနီးလောင်းဗျ .... "

လှေပေါ်မှ မိန်းမပျိုလေးမှာ အငိုတိတ်သွားပြီဖြစ်၏။ သူမက အသံတိုးဖြင့် ....

"ကျွန်မတို့အိမ်ရဲ့ အတွင်းရေးကိစ္စနဲ့ အစ်ကိုကြီးတို့ကို အနှောင့်အယှက်ပေးမိတာ ကျွန်မ တောင်းပန်ပါတယ် .... "

အဘိုးကြီးက သူမကို လှေစမ်းထဲသို့ တွန်းလိုက်ပြီး ....

"အထဲကိုဝင်လိုက်စမ်း .... "

အကျီဖြူလူငယ်သည် တစ်ချက်ပြုံးလိုက်ပြီး ....

"ဩော် .... သူက တကယ်ပဲ ခင်ဗျားရဲ့ဇနီးလောင်းကိုး .... ဒီလိုဆိုရင် ယောက္ခမလောင်းနဲ့ သမက်လောင်း ဘာဖြစ်လို့ ဓားချင်းခုတ်နေကြရတာလဲ .... "



အဘိုးကြီးသည် မျက်နှာကို တင်းထားသလို၊ ပေထိုက်ကုန်းသည်လည်း ပါးစပ်ပိတ်ထား၏။

အကျီဖြူလူငယ်က ပေထိုက်ကုန်းဘက်သို့လှည့်၍ ....

"လက်တစ်ဘက်မယ်သီလရှင်ကြီးရဲ့ စည်းမျဉ်းထဲမှာ နံပါတ်ရှစ်စည်းမျဉ်းက ဘာလဲ .... "

ပေထိုက်ကုန်းသည် ကြောင်သွား၏။ ထိုနံပါတ်ရှစ်စည်းမျဉ်းမှာ သိုင်းပညာကို အားကိုး၍ ဘဝင်မမြင့်ရ၊ မကြွားဝါရဖြစ်၏။ သူ့စိတ်ထဲတွင် အတော်လေး အံ့သြသွား၏။

"ဒီလူငယ်က ဘယ့်နှယ်လုပ် ငါ့ဂိုဏ်းရဲ့ စည်းမျဉ်းတွေ သိနေပါလိမ့်၊ ငါ သိုင်းလောကထဲ ရောက်ပြီးတဲ့နောက် ဆရာက နောက်ထပ်တပည့်မတစ်ယောက် လက်ခံလိုက်တယ်လို့ ကြားရတယ် .... သူက လီစက်လန်တဲ့ .... ဒီနှစ်မှာ သူလည်း သိုင်းလောကမှာ နာမည်ထွက်လာပြီး ဒါပေမယ့် ငါက သူ့ကို တစ်ခါမှ မတွေ့ဖူးဘူး .... ကျနော်ဂိုဏ်းတူညီအစ်ကို ခြောက်ယောက်ကိုတော့ ငါသိတယ် .... သူကများ"

တကယ်တော့ လက်တစ်ဖက်မယ်သီလရှင်ကြီးတွင် လီစက်လန်၏အရင် ယောကျ်ားတပည့်ခုနစ်ယောက်ရှိ၏။ တပည့်အကြီးမှာ လျှောင်ရင်းဖြစ်ပြီး၊ ချူရွှင်း၊ လူမင်တန်၊ ချောင်လင်းဖူ၊ ပေထိုက်ကုန်း၊ လီချွမ်၊ ကန့်ဖုန်းချီတို့ ဖြစ်ကြ၏။

လီစက်လန် ရောက်လာသောအချိန်တွင် ကန့်ဖုန်းချီသိုင်းပညာမစုံသေး၍ သိုင်းလောကထဲသို့ မသွားသေးချေ။ ကျန်လူများမှာ သိုင်းလောကထဲသို့ ရောက်ရှိကုန်ကြလေပြီ။ ထို့ကြောင့် ကန့်ဖုန်းချီ တစ်ဦးတည်းသာ လီစက်လန်ကို တွေ့ဖူး၏။ ကန့်ဖုန်းချီသည် လီစက်လန်ရောက်ရှိလာပြီး သုံးနှစ်မြောက်မှ သိုင်းလောကထဲသို့ ရောက်ရှိခဲ့သည်။

ထို့ကြောင့် သိုင်းလောကတွင် ကျန်းနန်းခုနစ်ဖော်ဟူသော နာမည် ကျော်လာခဲ့၏။

ကျန်းနန်းခုနစ်ဖော်တွင် တပည့်ကြီး လျှောင်ရင်းမှာ သိုင်းပညာ အတော်ဆုံးဖြစ်၏။ ကန့်ဖုန်းရှီမှာ နာမည်အကျော်ဆုံးဖြစ်သော်လည်း သိုင်းပညာတွင်မူ ဒုတိယဖြစ်၏။ ပေထိုက်ကုန်းမှာ တတိယဖြစ်၏။

အခု ပေထိုက်ကုန်းက ထိုလူငယ်ကို သံသယရှိလာသဖြင့် သူ၏ လေသံမှာလည်း အနည်းငယ်ပျော့လာကာ ....

"ခင်ဗျားရဲ့နာမည်ကို မသိရဘူးလား .... "

လူငယ်သည် ပြုံး၍ပြောသည်။

"ကျုပ်က နာမည်ကျော် မဟုတ်ပါဘူး .... ကျုပ်နာမည်ကို ခင်ဗျား ကြားဘူးမှာ မဟုတ်ဘူး .... လီစွမ်းတဲ့ .... "

ထန်ရှောင်လန်းမှာ ဘေးတွင်ရပ်၍ သူတို့နှစ်ဦး စကားပြောနေသည်ကို နားထောင်နေ၏။ လူငယ်၏အသံကို သူက ကြားဖူးသလိုရှိ၏။ မိန်းကလေးအသံနှင့်တူနေ၍ သူသည်ပင် လီစက်လန် ဟန်ဆောင်ထားသလား။ သို့သော် လူငယ်၏အားမာန်ဝင့်ပုံပန်းကို တွေ့ရသော အခါ သူ့ထင်မြင်ချက်မှာ ယိမ်းယိုင်လာပြန်၏။

ပေထိုက်ကုန်းနှင့် တံငါသည် အဘိုးကြီးလည်း ကြောင်သွား၏။ သူတို့ကလည်း ဒီနာမည်ကို ကြားဘူးဟန်မတူချေ။

လူငယ်က ဆက်ပြောသည်။

"တကယ်တော့ ဘကြီးနဲ့ ပေထိုက်ကုန်းတို့ရဲ့ကိစ္စက အိမ်တွင်း ရေးကိစ္စဆိုတော့ ကျုပ်တို့ ဝင်မစွက်သင့်ပါဘူး .... ဒါပေမယ့် ဆွေမျိုး သားချင်း ဓားတုတ်ဆွဲတာမျိုးတော့ မလုပ်သင့်ကြဘူး .... "

ထိုအခါ တံငါသည်အဘိုးကြီးသည် ချောင်းတစ်ချက်ဟန့်၍ ....



"ကျုပ်တို့ သားအဖနှစ်ယောက်နဲ့ ပေထိုက်ကုန်းရဲ့ကြားမှာရှိတဲ့ ပြဿနာကို လီစွမ်က ဖြေရှင်းပေးတယ်ဆိုတော့ အခု လောလောဆယ် တော့ ရပ်လိုက်ကြတာပေါ့ .... မနက်ဖြန်ကျရင် ကျုပ်တို့အိမ်ကို အား လုံးလာကြပြီး ထပ်ဆွေးနွေးကြစေချင်ပါတယ် .... "

လီစွမ်က ....

"ဘကြီးရဲ့အိမ်က ဘယ်မှာလဲ .... "

အဘိုးကြီးက ဝင့်ကြွားသလိုမျိုးပြောသည်။

"ထင်ရင်ကျွန်းမှာပါ .... "

လီစွမ်သည် စိတ်တစ်ချက်လှုပ်ရှားသွားသည်။

"ဘကြီးရဲ့နာမည်ကကော .... "

အဘိုးကြီးက မဖြေခင် ပေထိုက်ကုန်းက ဝင်၍ ....

"ကျုပ်ရဲ့ယောက္ခမလောင်းကြီးက ပင်လယ်ဘုရင် 'ရိစော' တဲ့"

လီစွမ်သည် ကမန်းကတန်း အရိုအသေပေးဂါရဝပြုလိုက်ကာ

"သြော် .... ဘကြီးက ပင်လယ်ဘုရင် ရိစောကိုး .... တွေ့ရ တာ ဝမ်းသာပါတယ် ခင်ဗျာ .... "

ထန်ရှောင်လန်းသည် ပင်လယ်ဘုရင် ရိစောဆိုသော နာမည် ကို မကြားဘူးချေ။

ထိုစဉ် အဘိုးကြီးက ထန်ရှောင်လန်းဘက်သို့ လှည့်၍ ....

"ဒီက မောင်ရင်လည်း လာခဲ့ပေါ့ .... မောင်ရင်က ကျုပ်တို့ ဘက်က ကူညီပေးခဲ့တာကိုး .... မောင်ရင့်နာမည်ကကော .... နောက် ပြီး ဘယ်သူ့တပည့်လဲ .... "

ထန်ရှောင်လန်းသည် ကမန်းကတန်း ....

"ကျွန်တော့်နာမည်က ထန်ရှောင်လန်းပါ .... ကျွန်တော့်ဆရာ

က သံလက်ဝါးလေးဘုရင် ရန်ချုံရင်းပါပဲ .... "

လီစွမ်က 'ဪ' ဟု တစ်ချက်ထူးလိုက်ပြီး ထန်ရှောင်လန်းကို ပြုံးစိစိနှင့် တစ်ချက်ကြည့်လိုက်သည်။

လီစွမ်က ....

"အချိန်မစောတော့ဘူး .... ကျုပ် သွားတော့မယ် .... "

ပေထိုက်ကုန်းကလည်း ....

"ကျုပ်လည်း ခင်ဗျားနဲ့ လိုက်ခဲ့မယ်လေ .... "

ထိုအခါ ထန်ရှောင်လန်းလည်း နှုတ်ဆက်ထွက်ခွာသွားလေတော့၏။

တစဉ်(၁)ပြီး၏။

တစဉ်(၂)ကိုဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်